City MAGAZINE

Vol- 244, 2017





City MAGAZINE

VOL - 244, 2017

အယ်ဒီတာချုပ်

ကိုရာဇာ

အမှုဆောင်အရာရှိ

စောလှဦး

အကြံပေးအယ်ဒီတာ

ဖိုးမောင်သက်

အယ်ဒီတာ

ကိုစော(ပထဝီဝင်)

စာပြင်

သင်မိုးနီ၊ အောင်ကျော်

မျက်နှာပုံးနှင့်အတွင်းဒီဇိုင်း

MOE-Z

စာစီစာရိုက်

မြတ်မြတ်၊ သျှင်မင်း

ဓာတ်ပုံ

သန့်စင်၊ စောသိန်းဝင်း

ပန်းချီသရုပ်ဖော်

အေကျော်စွာ၊ ဝင်းသိန်း၊ ဆု၊ ဝင်းတင်

ပုံနှိပ်ထုတ်ဝေသူ

ဦးသစ္စာ

ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(ဝင္ဂ၅၃၇)

ပုံနှိပ်တိုက်

မြို့တော်ပုံနှိပ်တိုက်မြဲ(ဝဝ၅၈၃)

ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်၊

ကြည့်မြင်တိုင်မြို့နယ်။

ပြန့်ချိရေး

ကျော်မင်းထိုက်၊ အောင်မျိုးသန့်၊

ဖုန်း - ဝ၉၂၅၄၂၁၉၇၇၊ ဝ၉-၄၂၁၁၂၉၇၉

မြို့တော်မဂ္ဂဇင်း

ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်

ကြည့်မြင်တိုင်မြို့နယ်။

ဖုန်း ဝ၁-၅၀၃၆၇၀၊

ဖက်(စ်) ဝ၁-၅၀၃၆၂၆

Email: yangoncitynews@gmail.com

တန်ဖိုး

၂၀၀၀ ကျပ်

အုပ်ရေ

၂၀၀၀





City MAGAZINE

content

VOL:244,2017

EDITORIAL NOTE

4

POEM

5 အမေ့နားကပ်ကလေး မြင်းမူမောင်နိုင်မိုး
6 ခရီးဖော် မောင်စိမ်းနောင်(လယ်ဝေး)
7 သံဝေနိယ ကျော်စောဟန်
8 အမေတတ်စွမ်းပါမူ မောင်လွမ်းနိုင်(စံပယ်ငုံ)
22 အချိန်မီ မင်းသစ်ဝင်း(ကျောက်တံခါး)
23 ရွှေနှင့်ကြေး မနောသစ်(ပခုက္ကူ)
24 အဖြူအမည်း လမ်းမလွဲနှင့် မင်းမောင်နွယ်(မွန်ဌာနီ)
92 သစ္စာနောင်ပိုး မေတ္တာမိုးနှင့် ထူးကြီးမြင့်ကျော်ကျော်
93 လောကလိုအပ်ချက် မိုးထက်ကြယ်
94 အရွယ်လွန် စွဲရန်ခက် မြေလတ်မောင်ချစ်ဖူး

CARTOON

9 ကိုရိုး
10 မောင်မောင်ညွှတ်
11 အောင်အောင်ထွေး
12 သန်းနိုင်
29 ကျော်ကိုကို
73 ဇော်တီ
74 စောဟန်
98 ရိန်းသော်
99 မြေရိုင်း
100 ရန်ကြီးအောင်

CITY ARTICLE

13 ရန်ကုန်မြူနီစီပါယ်အဖွဲ့၏ ၁၉၄၃ခုနှစ် စစ်ပြီးခေတ် အရွေ့များ မြူလင်း
36 ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီအကြောင်း သိကောင်းစရာကဏ္ဍ ကိုစော

RELIGION

17 တဘောင်နိမိတ်၊ ခေါင်အတိတ်ဖြင့် အောင်ဟိတ်တွင်ပြီး ရှင်ပင်ကျော်ဟည်း ခြောက်ထပ်ကြီး မောင်မြတ်မွန်(ဆူးလေ)

EXPERIENCE ESSAY

47 အုတ်ဖို၊ နဂရ အရှေ့ဒီသာတွင်မှ မေ့မရတဲ့ မေလ၏ နွေတစ်ည ရဲဘော်တင်ရှိန်
82 ကနဒ္ဓနိုင်ငံပြိပ် ကံညွှန့်လှိုင်(တောင်ကြီး)
101 ဘုရားကျောင်းဆောင်ကလေး ရွှေသုနဲ(စီးပွားရေးစာတွဲသိုလ်)

ARTICLE

25 မြန်မာ့စီးပွားရေးမူဝါဒများနဲ့ ရှေ့ဆက်ရမယ့်ခရီး ဇော်ဟိန်း
54 ဆီကိုလည်းစား၊ ကျန်းမာအောင်လည်း နေပါ သိပ္ပံစာရေးဆရာ ကိုကိုအောင်











PHOTO

78 မြန်မာနိုင်ငံဓာတ်ပုံအသင်း လစဉ်ဓာတ်ပုံပြိုင်ပွဲများ သန့်စင်

CELEBRITY

111 *Celebrity and Showbiz* ကိုသားကြီး

SHORT STORY

30 ခါးချင်ခါး၊ ချိုချင်ချို ဆင်ဖြူကျွန်းအောင်သိန်း
41 သူတော်ကောင်းဆိုသည်မှာ မစန္ဒာ
58 တမာရိပ်က ကြိုနေမယ် သောင်းဝေဦး
75 အစွန်းထွက်တန်ဖိုး ဘသက်ဆွေ
87 အရက်ကွဲသောနေ့ ကိုဇော်
106 သင်ထောက်ကူသုံး - အသုံးလုံး မကျေးဥ
115 အစုန်နှင့်အဆန် ပုံသဏ္ဌာန်ချင်းမတူ မန္တယ်(ကလော)
123 ချိန်းတဲ့ညမှာ ရေနံမြေ မောင်မောင်ကြည်
127 သစ္စာစကား ဇွဲကပင်ကြားစေ မိုးပန်းမွန်(ရာမည)

YOUTH

134 ထူးချွန်ထက်မြက်လိုသူများအတွက် လက်ဆောင်မွန် ကိုစော(ပထဝီဝင်)

JOKE

46, 57, 72, 86, 97, 105, 122 မောင်သီဟ

HEALTH

95 သတိပြုကွယ် ဆောင်းအခါဝယ် ဒေါက်တာရဲကို

LONG STORY



138 မေတ္တာရှင်မလေး ကျိန်း မောင်သီဟ















ရေးဦးစကား

ယခုတလော အရှိန်သေစပြုနေသော ရသစာပေနှင့် ပတ်သက်၍
ပြန်လည်နိုးထအောင် ကြိုးပမ်းဆောင်ရွက်မှုများကို
တွေ့မြင်ကြားသိနေရသည်။ စင်စစ် မြန်မာစာပေလောကတွင်
သုတစာပေများ လိုအပ်သလို၊ ရသစာပေများလည်း
အချိုးညီစွာ ရှိသင့်သည်။ အထူးသဖြင့်
သုတမပီသသော သုတစာပေများ၊ ရသမမြောက်သော စာပေများကို
ဖယ်ရှားရေးသည် ကျွန်ုပ်တို့ စာပေသမားများ၏ တာဝန်ဟု
မှတ်ယူရမည်သာ။ အတုလွှမ်းလျှင် အစစ်ပျောက်နိုင်သဖြင့်
အစစ်ပေါ်ထွက်ရေးသည် အတုပပျောက်ရေးအတွက်
အဓိကကျသည်ဟု မြင်ပါသည်။
မြန်မာစာပေတွင် ရသကိုးပါး ဟူ၍ရှိသည်။
"ချစ်၊ ရွှင်၊ သနား၊ တည်ကြား၊ ကြမ်းကြုတ်၊
စက်ဆုပ်၊ ကြောက်ရွံ့၊ ရဲဝံ့၊ အံ့သြ၊ နောအရသာ" ဟူ၍ ရှိသည်။
အစာအာဟာရတွင် အရသာခြောက်ပါးဖြင့် စီမံဖန်တီးသကဲ့သို့
စာအာဟာရတွင် ရသကိုးပါးဖြင့် ခြယ်မှုန်းရမည်သာဖြစ်သည်။
စာတစ်ပုဒ်တွင် ယင်း ရသကိုးမျိုးလုံး ပါရမည်မဟုတ်။
ရသတစ်မျိုး၊ နှစ်မျိုးပါလျှင် လုံလောက်ပြီဟု ဆိုချင်သည်။
ယင်း ခံယူချက်ဖြင့် City Magazine ကို စီစဉ်ထားပါသည်။
စာဖတ်သူ၊ စာချစ်မိတ်ဆွေများ၊ ဝေဖန်အကဲပြုကြပါကုန်။ ။

အယ်ဒီတာချုပ်



အမေ့နားကပ်ကလေး

အမေဆုံးသော်
ညှိုးချုံးကြာနွယ်၊ ပမာနယ်သို့
ရက်လည်ပြီးက၊ ဆုံစည်းကြလျက်
မောင်နမတစ်စု၊ ညီညွတ်မှုဖြင့်
စုကာဝေးကာ၊ တိုင်ပင်ပါလျက်
နှစ်ဖြာ မိဘ၊ ထားရစ်ကြသည့်
ရွှေစလေးများ၊ ခွဲဝေငြားသော်
"များလှတန်ကြေး၊ ဆွဲကြိုးလေးကို
အထွေးနမ၊ ယူလိုက်ပါလေ
အစ်မကြီးကား၊ ပတ္တမြားလက်စွပ်
ဝတ်ဆင်ဖို့ရာ၊ ယူလိုက်ပါလေ
ကျန်ကာနေသေး၊ နားကပ်လေးကို
ပေးနိုင်ပါက၊ လိုချင်လှဟု"
ဆန္ဒဖွင့်ဆို၊ အကျွန်ုကိုလျှင်
ညီအစ်ကိုမောင်နမ၊ သဘောမျှ၍
ရခဲ့ပါပေ၊ မြတ်အမေပင်
အမေပန်တဲ့ နားကပ်ကလေး။

သြော် . . .အဖေ့မေတ္တာ၊ နက်ရှိုင်းစွာကို
အမေ့ သစ္စာ၊ ခိုင်မြဲစွာနှင့်
နှစ်ဖြာဂဟေ၊ ပေါင်းစပ်လေသည့်
ရွှေနားကပ်လေး၊ ငယ်သေးသေးကို
ငွေကြေး နှင့်စပ်၊ ဖိုးမဖြတ်နိုင်
လေးမြတ် ကြည်ဖြူ၊ ကျွန်တော်ယူ၏
ယူခဲ့ပြီးလျှင်၊ ဘုရားစင်ဝယ်
ထွဋ်တင်မြတ်နိုး၊ ဝိတိမိုးဖြင့်
ရှိခိုးတိုင်းသာ၊ ကြည်နူးပါရ
နောင်ခါ တစ်နေ့၊ ငွေးကြေးပြေပြည်)လျှင်
အမေ့ဂုဏ်ရည်၊ လွမ်းစေတိုကို
တည်ထားဦးမည်၊ မျော်မှန်းရည်၏
ထိုဆဲ ထိုခါ၊ ဌာပနာဝယ်
ကောင်းစွာထည့်သွင်း၊ ပူဇော်နှင်းမည်
ရင်တွင်းဆန္ဒ၊ လွန်ပြင်းပြလျက်
အမျှ ရစေ၊ သုံးကြိမ်ဝေသည်
အမေ ယခု၊ မြင်အောင်ရှာလျက်
သာဓုခေါ်နိုင် ပါစေသော် . . .။ ။

ကျော်ကြီးကြောအောင်
နားမှာ အမေ၊ ပန်ခဲ့ပေသည်
ရွှေချိန်နည်းပါး၊ တစ်ပဲသားခန့်
ကြွားအောင် သွန်းခတ်၊ ပါးလုပ်လုပ်တည့်
နားကပ် ကလေး မှန်သေးသေး။

အဖေ့လက်ဆောင်၊ ချစ်သက်နှောင်ဖို့
အိမ်ထောင်ဦးက၊ အမေရသတဲ့
ရွှေကပါးပါး၊ ကျောက်ကကြွား လျက်
ငွေသားတန်ခြေ၊ မများပေလည်း
အမေ့ဂုဏ်ယူ၊ ချစ်ကြည်ဖြူသည်
ကြင်သူပေးတဲ့ နားကပ်ကလေး။

(၂)
စွေးသွားကျောင်းသူ။ ပွဲလမ်းများမှာ
အခြား စိန် ရွှေ၊ မထိန်ဝေလည်း
အဖေ ဆင်ပေး၊ နားကပ်လေးနှင့်
မွေးမေ တင့်တယ် ခဲ့ပါသည်။

သားရေး သမီးရေး၊ လူမှုရေးနှင့်
အရေးစုံစေ့၊ သုံးရလေ့သော်
အဖေဝင်ငွေ၊ မပိုလေ၍
ရွှေချိန်စီးစီး၊ နားကပ်ကြီးကို
ထပ်ပြီး အဖေ၊ မဆင်လေလည်း
အမေ ကျေနပ်ခဲ့ပါသည်။

သမီးသားတွေ၊ စီးပွားဝေလျက်
အခြေသင့်မှု၊ ဖွံ့ဖြိုးကြသော်
"ဝတ်ပါ အမေ၊ ရွှေဆွဲကြိုးကလေး
ဆင်ပါ အမေ၊ ရွှေလက်စွပ်ကလေး"
ပေးကြ ထောက်ကြ၊ ကန်တော့ကြသော်
ရွှင်ပျဝမ်းသာ၊ လက်ခံပါလည်း
နားမှာဆင်အပ်၊
နားကပ်ကလေး၊ အဟန့်သေး၍
ပေးမည့် အသစ်၊ ဆိုသည်ဖြစ်သော်
အသစ်မလို၊ အဟောင်းကိုသာ
"ဝိ၍ နှစ်သက်၊ မချတ်ရက်"တဲ့
တစ်သက်မသွေ၊ အသက်သေထိ
အမေမြတ်နိုး ခဲ့ရသည်။

မြင်းမူမောင်နိုင်မိုး

ခရီးဖော်



မုန်တိုင်းလေပြင်း၊ မာန်ဖြင့်ခွင်းလည်း
ထုံသင်းနံ့သာ၊ မွှေးကြိုးစွာကို
ဘယ်ခါဆောင်ယူခဲ့သနည်း။

လေမွေသော့သွမ်း၊ စရိုက်ကြမ်းလည်း
ထုံမွှမ်းနံ့သာ၊ မွှေးကြိုးစွာကို
ဘယ်ခါဆောင်ယူခဲ့သနည်း။

လေပြင်းမုန်တိုင်း၊ အသွင်ရိုင်းသည်
ခုတ်ပိုင်းထိုးနှက်၊ ပင်သစ်ရွက်နှင့်
ဖျက်ခဲ့အို့းအိမ်၊ အကြိမ်ကြိမ်လျှင်
စိုးရိမ်သောက၊ အဝဝတို့
ဒုက္ခကိုသာ ပေးလေ၏။

လေမွေလေ့၊ မှုဟန်ငွေ့ကား
တွေ့ရာကြိုကြိုက်၊ မိုက်သရိုက်ကို
မွေ့ပိုက်သိမ်းကျုံး၊ တဝုန်းဝုန်းနှင့်
ဖုန်လုံးသာမှု၊ ကျိုးမရဘဲ
အလှဖျက်ဆီးတတ်လေ၏။

လေညင်းလေပြည်၊ ဆော်သွေးသည်၌
ချိုကြည်ထုံသင်း၊ ပန်းသတင်းကို
ဆောင်နှင်းသယ်ယူ၊ မွှေးပျံ့ကြိုးအောင်
ဇမ္ဗူဌာန၊ ဤလောကတွင်
အေးမြရွှင်ပြုံး၊ စိတ်နလုံးတို့
သိမ်းကျုံးမွေ့ထွေး၊ မေတ္တာပေးသော်
လေးစားထိုက်ပေသည်တကား။

တွေ့ဆုံခဏ၊ လူဘဝ၌
လောဘ ဒေါသ၊ မာန်မာနသည်
ဒုက္ခပေးရာ၊ လေပြင်းသာတည့်
ဘယ်ခါမဆို၊ မိမိကိုယ်လျှင်
နဂိုသဘော၊ ပြန်စစ်ကြောရင်း
ချစ်သောလေပြည်၊ ပမာတည်လျက်
ရှေ့ဆီခရီး ဆက်ကြဘုံ။ ။

မောင်စိမ်းနောင်(လယ်ဝေး)



သံဝေဂနိယ

အစွန်းတရား ထိုနစ်ပါး
ဖယ်ရှားသည့် မဏ္ဍိမာ
ဓမ္မစကြာ မြတ်တရား
ဟောကြားနေရာ၊
ဓိဂဒါ ဟေမဝါ
ယုန်စန္ဒာ ထွက်ပြူစ
နေစကြာ မြန်းခိုခ
ဂေါရာဆီ ဝင်ခါစ
"လ" "နေ" ပြိုင်ပ။။

လနင့်နေ တူပြိုင်လင်း
တိမ်ကင်းလို့ လရောင်ပြူ
ငါးဘိကူ့ ခဝပ်တွာ
နာကြားခံယူ၊
တရားရ ရဟန္တာဆူဆူ
ကျွတ်ဆုယူ ကြွချီလှမ်း
မြတ်နိမ့္ဘူ အမတနန်း
သီးသီးကြွမြန်း။။

ဝါကျွတ်အဓိ ဟေမာန်ဦး
ကြည်နူးခဲ့ ဓိဂဒါ
ကျောင်းတော်ရာ အုတ်ခဲများ
ထင်ရှားခိုင်မာ၊
အာသောက ကျောက်တိုင်နေရာ
လုံခြုံစွာ ကာရံထား
ဟောကြားရာ အနတ္တတရား
"ဓမ္မခ"ဘွဲ့ထင်ရှား
စေတီတည်ထား။။

ဗုဒ္ဓဝင် အတီတ
ဒေသက ခိုင်ခိုင်မာ
မြတ်နိုးစရာ တုမန္ဓိင်း
သဓိုင်းသေချာ၊
ခုများတော့ နိုင်ငံတကာ
လေ့လာစရာ ခရီးသွား
ရေးဟောင်းပမာ မှတ်ယူထား
တို့များမှာ သံဝေဂတရား
ထပ်ထပ်သာမှား။။

ကျော်စောဟန်

အမေတတ်စွမ်းပါမူ

တစ်အိုးကွဲပျက်၊ တစ်အိုးအက်က
ဖြည့်စွက်အမေပေးပါသည်။

တစ်ရုပ်လူခိုး၊ တစ်ရုပ်ကျိုးက
ဖြည့်တိုးအမေပေးပါသည်။

တစ်အုပ်ပျက်သုဉ်း၊ တစ်အုပ်ဆုံးက
ဖြည့်သုံးအမေပေးပါသည်။

တစ်မှင့်ညှိုးသွေ့၊ တစ်မှင့်ကြွေလျှင်
ဖြည့်စွက်အမေပေးပါသည်။

အို - အမေရယ်
ချစ်ပင်လယ်ရေ
ဘောင်ဘင်ဝေဘီ၊ ရင်မချိမို့
မွေးမိချစ်သား၊ နှလုံးသားကို
အစားထိုးဖြေသိမ့် ပေးပါဦးနော်။

မောင်လွမ်းနိုင်(စံပယ်ငုံ)



CITY CARTOON



CITY CARTOON



CITY CARTOON



CITY CARTOON





ရန်ကုန်မြို့နေစီပါယ်အဖွဲ့၏ ၁၉၇၃ခုနှစ် စစ်ပြီးခေတ်အရွေ့များ

မြို့လင်း



လွတ်လပ်ရေးလှုပ်ရှားမှုများကို ဖော်ပြကြသောအခါ ဖက်ဆစ်ဂျပန်ကျူးကျော်မှုကာလဟူ၍ သုံးစွဲရေးသားခြင်းများကို တွေ့ရှိရပါသည်။ ရန်ကုန်မြို့နေစီပါယ်အဖွဲ့အတွက်မူ ထိုကာလသည် မြို့နေစီပါယ်အဖွဲ့၏ လုပ်ငန်းလှည့်ပတ်ငွေများ ပျောက်ဆုံးရသောအချိန်ဟု တည့်တည့်မတ်မတ်ပြောနိုင်သော ကာလဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ၊ ဆင်းမလားမြို့သို့ အင်္ဂလိပ်ကို လိုနီအစိုးရနှင့် အတူ ရန်ကုန်မြို့နေစီပါယ်ကော်ပိုရေးရှင်းမှ အရာရှိကြီးများနှင့် ကော်ပိုရေးရှင်းပိုင်ငွေများ ပါသွားသည်ကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ၊ ဆင်းမလားမြို့တွင် ကိုလိုနီအစိုးရသည် ၁၉၄၃ ခုနှစ်၊ ရန်ကုန် မြို့နေစီပါယ်ကော်ပိုရေးရှင်း(ရပ်ဆိုင်းရေး) အက်ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခဲ့ပါသည်။

ယင်း အက်ဥပဒေအရ မြို့နေစီပါယ် ဂေါပကအဖွဲ့ (Trustees)ကို ဖွဲ့ကာ၊ မြို့နေစီပါယ်ပိုင်ငွေများကို ထိန်းသိမ်းခဲ့ပါသည်။ အဆိုပါ ငွေများမှာ သိန်း ၈၀ ကျော်ရှိခဲ့သော်လည်း အောက်ဖော်ပြပါ အသုံးစရိတ်များကို ယင်းငွေများထဲမှ ကျခံခဲ့ရပါသည်။

(က) အိန္ဒိယပြည်သို့ လိုက်ပါရာတွင်ပါရှိသော မြို့နေစီပါယ်အရာထမ်း၊ အမှုထမ်းများအတွက် လစာငွေ၊

(ခ) ကြွေးရှင်များအား ပေးဆပ်ရသည့်အတိုးငွေ၊

(ဂ) စစ်အတွင်း အချိန်စေ့သောကြွေးများ ပြန်ဆပ်ရသောငွေ၊

(ဃ) စစ်အတွင်း အငြိမ်းစားယူသည့် မြို့နေစီပါယ်၊ အရာထမ်းအမှုထမ်းများအား ပေးရသည့် ဆုငွေ၊ ကရုဏာကြေးနှင့် ၎င်းတို့စုဆောင်းထားသည့်ငွေများ။

(င) အထွေထွေကုန်ကျစရိတ်ငွေများဟူ၍ ဖြစ်ပါသည်။

စာရင်းများအရ ရန်ကုန်မြို့နေစီပါယ်ကော်ပိုရေးရှင်းထံ အပ်နှံထားသည့် ငွေစာရင်း

ကျပ် ၎ သိန်းကျော်မှအပ၊ (Existing) ထိန်းသိမ်းငွေကျပ် ၈၄ သိန်းကျော်မှာ (Closing Balance) စာရင်းပိတ် လက်ကျန်အနေဖြင့် ၁၉၄၉၂ ကျပ်သာ ကျန်ရှိသည်ကိုတွေ့ရသဖြင့် အသစ်ဖွဲ့စည်းထားသော ရန်ကုန်မြူနီစီပါယ်အဖွဲ့အနေဖြင့် လည်ပတ်ငွေ မကျန်ရှိသလောက်ပင် ဖြစ်ခဲ့ရကြောင်း တွေ့ရပါသည်။ ကောက်ချက်ချကြည့်မည်ဆိုပါက ၁၉၄၃ ခုနှစ်တွင် ရန်ကုန်မြူနီစီပါယ် ကော်ပိုရေးရှင်း(ရပ်ဆိုင်းရေး) အက်ဥပဒေအရ၊ ရန်ကုန်မြူနီစီပါယ် ကော်ပိုရေးရှင်း လုပ်ငန်းများမှာ အစိုးရနှင့်အတူ အိန္ဒိယသို့ လိုက်ပါသွားခဲ့သည်ဟု ဆိုရပါလိမ့်မည်။ ထို့ကြောင့် ၁၉၄၅ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် ဗိုလ်မှူးကြီးနေဝင်း (ဗိုလ်ချုပ်ကြီးနေဝင်း)၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ) ခေါင်းဆောင်သော မြန်မာ့တပ်မတော်က ရန်ကုန်မြို့ကို သိမ်းပိုက်နိုင်ခဲ့သည်။ ထို့ကြောင့် အင်္ဂလိပ်ကိုလိုနီတို့လည်း ရန်ကုန်မြို့သို့ ပြန်လည်ဝင်ရောက်လာနိုင်ခဲ့လေသည်။

ထိုအချိန်မှစ၍ CAS (B) ကတ်စ်ဘီစစ်အုပ်ချုပ်ရေး ဖြစ်လာခဲ့သည်။ စစ်အုပ်ချုပ်ရေးက ၁၉၄၅ ခုနှစ်၊ မေလတွင် ''ရန်ကုန်မြူနီစီပါယ်အဖွဲ့''ကို ဖွဲ့စည်းပေးခဲ့သည်။ သို့သော် ရန်ကုန်မြူနီစီပါယ်အဖွဲ့၌ အဖွဲ့ပိုင် လက်ကျန်ငွေမရှိခဲ့သဖြင့်၊ ရန်ကုန်မြူနီစီပါယ် ကော်ပိုရေးရှင်းအဖြစ် သီးခြားလုပ်ငန်းများ ဆောင်ရွက်ခဲ့နိုင်ခြင်းမရှိဘဲ မြို့ကိုအုပ်ချုပ်သော **ကာနယ်ရန်နက်** (Col.Renneth) ကပင် ၃၁-၁၀-၁၉၄၅ နေ့အထိ ပေါင်းရုံး၍ အုပ်ချုပ်စီမံခန့်ခွဲခဲ့သည်ကို တွေ့ရှိရပါသည်။

စစ်အုပ်ချုပ်ရေး ရပ်ဆိုင်းပြီး၊ ဘုရင်ခံ ဆာဒေါ်မန်စမစ် (Sir.Dorman Smith) ၏လက်ထက် ဆာပေါ်ထွန်းအစိုးရသည် ၁၉၄၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှအစပြု၍ အစိုးရခန့် မြူနီစီပါယ်လူကြီး ၁၅ ဦးဖြင့် ကြားဖြတ်မြူနီစီပါယ်အဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပါသည်။ အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် မြူနီစီပါယ်မင်းကြီး ဦးစိုးညွန့်အား တာဝန်ပေးအပ်ခဲ့ပါသည်။

ပေးကားပေး၏ မရရှိ

ကက်(စ်)ဘီ CAS(B) စစ်အုပ်ချုပ်ရေးမှ ဘုရင်ခံအုပ်ချုပ်သော ကိုလိုနီအစိုးရ ရန်ကုန်မြူနီစီပါယ်အဖွဲ့အား မြူနီစီပါယ် ပြန်လည်ထူထောင်ရေးအတွက် အင်္ဂလိပ်စတာလင်ပေါင် (၂၊၇)သန်း (မြန်မာကျပ်ငွေတန်ဖိုး သိန်း၂၀၀)ကျော် ထုတ်ပေးခဲ့ကြောင်း တွေ့ရသဖြင့် ထူထောင်ရေးလုပ်ငန်းများအား လေ့လာစူးစမ်းသောအခါ အဖြေကတစ်မျိုးထွက်လာပါသည်။ ရန်ကုန်မြူနီစီပါယ်အဖွဲ့အား ''ပေးကားပေး၏ မရ'' ဆိုသည့်အချက်ကို အဖြေထွက်လာပါသည်။ မြန်မာငွေ သိန်း ၂၀၀ ကျော်မှာ မြန်မာကျပ်ငွေ(သို့မဟုတ်) စတာလင်ပေါင်ငွေ မဟုတ်မူဘဲ၊ စစ်လက်ကျန် ပစ္စည်းများကို တန်ဖိုးသင့်ကာ ပေးခြင်းသာဖြစ်ကြောင်း သိရှိရပါသည်။ စစ်လက်ကျန်ပစ္စည်းများမှာ အများအားဖြင့် ပေါက်တူး၊ တူးရွင်း၊ ကတ္တရာစေး၊ ခြင်းတောင်း၊ သဲပုံးများ။ လက်တွေ့လုပ်ငန်းများနှင့် အံဝင်ခွင်ကျမှုမဖြစ်သော အခြားပစ္စည်းများသာဖြစ်သဖြင့် အလုပ်ဖြစ်ခဲ့ခြင်း မရှိခဲ့ပေ။ ထို့ကြောင့် စည်ပင်သာယာရေးလုပ်ငန်းများ ထူးခြားတိုးတက်မှုရှိစေရန် ဆောင်ရွက်ခဲ့ခြင်း မရှိခဲ့ပေ။

တဖန် ၁၉၄၃ ခုနှစ်၊ အိန္ဒိယနိုင်ငံ ဆင်းမလားမြို့တွင် ပြဋ္ဌာန်းခဲ့သော ရန်ကုန်မြူနီစီပါယ် ကော်ပိုရေးရှင်း(ရပ်ဆိုင်းရေး) အက်ဥပဒေကိုလည်း ပြန်လည်အသက်သွင်းလာကြောင်း တွေ့ရှိရလေသည်။ ထို အက်ဥပဒေအရ အစိုးရက ဦးထွန်းအုန်ကို (CEO)-Chief Executive Officer အမှုဆောင်အရာရှိချုပ်အဖြစ် ခန့်အပ်ပြီး မြူနီစီပါယ်ကော်ပိုရေးရှင်း၏ အာဏာအားလုံးကို အပ်နှင်းဆောင်ရွက်စေခဲ့ပါသည်။

ဤနေရာ၌ ထိုခေတ် ထိုအချိန်က ပြဋ္ဌာန်းခဲ့သော ဥပဒေအရ စောဒကတက်မှုများ ရှိခဲ့သည်ကို ဗဟုသုတအလို့ငှာ နမူနာအဖြစ် ထုတ်နုတ်ဖော်ပြလိုက်ပါသည်။



ပြန်လည်ဖွဲ့စည်းလိုက်သော ရန်ကုန်မြူနီစီပယ်အဖွဲ့၏ အမှုဆောင် အရာရှိချုပ် (CEO) ဦးထွန်းအုန်သည် တစ်နည်းအားဖြင့် မြူနီစီပယ်ကော်ပိုရေးရှင်း၏ လုပ်ပိုင်ခွင့်အာဏာအားလုံးကို အပ်နှင်းခံခဲ့ရာတွင် မြူနီစီပယ်၏ လုပ်ငန်းဆိုင်ရာအချို့ကိုမူ အမှုဆောင်အရာရှိချုပ်အနေဖြင့် မဟုတ်ဘဲ၊ မြူနီစီပယ်မင်းကြီး (The Commissoner) ကသာလျှင် ဆောင်ရွက်သည့်ကိစ္စမျိုး ရှိလာခဲ့ရာ ရန်ကုန်မြူနီစီပယ်ကော်ပိုရေးရှင်း(ရပ်ဆိုင်းရေး) အက်ဥပဒေများအရ ဦးထွန်းအုန်အနေဖြင့် မိမိကိုယ်ကို မြူနီစီပယ်မင်းကြီးအဖြစ် ခန့်ထားနိုင်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ ကြိုတင်သဘောတူညီချက်ရယူလျက် မိမိကိုယ်ကို အမှုဆောင်အရာရှိချုပ်အပြင် မြူနီစီပယ်မင်းကြီး (The Commisioner) အဖြစ် ခန့်ထားခဲ့ရာမှ အဆိုပါစောဒကတက်သော အမှုအခင်းဖြစ်ခဲ့ရခြင်းဖြစ်ပါသည်။ ဖြစ်ပုံမှာ မင်းကြီးဦးထွန်းအုန်သည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်စွဲဖြင့် မြူနီစီပယ်အခွန်အကောက်ဆိုင်ရာ၌ ပါဝင်သော ''ပစ္စည်းခွန်'' ကောက်ခံခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကြေညာချက်ဖြင့် ထုတ်ပြန်ခဲ့ပါသည်–

ကြေညာချက်တွင် ပစ္စည်းခွန်အမျိုးအစားတွင်ပါဝင်သည့်–

(က) အထွေထွေခွန်

(ခ) မီးခွန်

(ဂ) ရေခွန်

(ဃ) မိလ္လာခွန်များကို ရာခိုင်နှုန်းများဖြင့်သတ်မှတ်ကာ အဆိုတိုးမြှင့် ကောက်ခံရန်နှင့် ကောက်ခံမည့်အချိန်မှာ ၁၉၄၈ ခု၊ ဇွန်လ ၁ ရက်နေ့မှ အစပြုမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါ ကြေညာချက်ကြောင့် ဦးထွေး(ခေါ်) A.E Madhari အေအီး–မဒါရီဆိုသူက တရားလွှတ်တော်ချုပ်ထံ တရားမမှုဖြင့် အမှုဆောင်အရာရှိချုပ် ဦးထွန်းအုန်နှင့် ရာဖြတ်အရာရှိ Mr.NB Sen Gupta မစွတာအန်ဘီဆင်ဂုပတားတို့အား တရားစွဲဆိုခဲ့ပါသည်။

ဦးထွေးသည် တရားလွှတ်တော်ချုပ်ထံ အောက်ပါတို့ကို လျှောက်ထားခဲ့ရာ အကျဉ်းအားဖြင့် ဖော်ပြရပါလျှင်–

(က) ဦးထွန်းအုန်သည် ၁၉၄၃ ခုနှစ်၊ ရန်ကုန်မြူနီစီပယ်ကော်ပိုရေးရှင်း(ရပ်ဆိုင်းရေး)ဥပဒေအရ၊ အမှုဆောင်အရာရှိအဖြစ် အစိုးရကခန့်ထားခဲ့ရာ လွတ်လပ်ရေးရသည့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့၌ အစိုးရအပြောင်းအလဲဖြစ်၍ သက်တမ်းကုန်ခဲ့ပြီဖြစ်၍၊ မြူနီစီပယ်အဖွဲ့၏ အာဏာကို ကျင့်သုံးခွင့်မရှိ၍ ကြေညာချက်မှာ တရားမဝင်ကြောင်း။

(ခ) ဦးထွန်းအုန်သည် ရန်ကုန်မြူနီစီပယ်အဖွဲ့မှ ရန်ကုန်မြူနီစီပယ်အက်ဥပဒေ(၁၉၂၂)၏ ပုဒ်မ(၂၇)ခန့်အပ်သည့် မြူမင်းကြီး (The Comissioner) မဟုတ်သောကြောင့် အခွန်စည်းကြပ်နိုင်သော အခွင့်အာဏာမရှိကြောင်း။

(ဂ) အဓိကမှာ ၁၉၄၇–၁၉၄၈ ရသုံးမှန်းခြေ ငွေစာရင်းအရ လိုငွေ/ပိုငွေအပေါ်၌ ပစ္စည်းခွန်ကို နှုန်းထားမြှင့်တင်ရန် ကိစ္စကို ဆောင်ရွက်ရန်ရှိသော်လည်း မြူနီစီပယ်မင်းကြီးအဖြစ် တရားမဝင်သော ဦးထွန်းအုန်မှ ရသုံးမှန်းခြေငွေစာရင်းပြုစုခဲ့ခြင်းမပြုဘဲ ပစ္စည်းခွန်နှုန်းထားတိုးမြှင့်ရန် ကြေညာခြင်းမှာ တရားမဝင်ကြောင်း ဟူ၍ ဖြစ်ပါသည်။

သို့သော်လည်း အထက်ကနဦးတွင် အမှုဆောင်အရာရှိ ဦးထွန်းအုန်သည် မြူမင်းကြီးအဖြစ် မိမိကိုယ်ကို ခန့်အပ်ရာတွင် စနစ်တကျဆောင်ရွက်ခဲ့ပါကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ထို့ကြောင့် တရားလွှတ်တော်ချုပ်က ယင်းအမှုကို ကြားနာပြုလုပ်ကာ အောက်ပါအတိုင်း စီရင်ချက်ချမှတ်ခဲ့ပါသည်။

– ၁၉၄၃ ခုနှစ်၊ ရန်ကုန်မြူနီစီပယ်(ရပ်ဆိုင်းရေး)အက်ဥပဒေမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိခဲ့သော်လည်း ယင်း အက်ဥပဒေအနေဖြင့် (Existing Laws) တည်ဆဲဥပဒေများအရ ပျက်ပြယ်ခြင်းမရှိခြင်းကြောင့် ဦးထွန်းအုန်သည် အမှုဆောင်အရာရှိချုပ်အဖြစ် တရားဝင်တည်ဆဲဖြစ်သည်။





- ထို့ပြင် ယခင်မင်းကြီးဟောင်း ဦးစိုးညွှန့်သည် ၁၉၄၇-၄၈ ဘဏ္ဍာရေးနှစ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းကို ရေးဆွဲတင်ပြခဲ့သဖြင့် မြူမင်းကြီး အမှုဆောင်အရာရှိ ချုပ် ဦးထွန်းအုန်အနေဖြင့် ပစ္စည်းခွန်တိုးမြှင့်စည်းကြပ်ရန် ကြေညာခြင်းမှာ ဥပဒေအရ တရားဝင်ကြောင်း စီရင်ချက်ချမှတ်ခဲ့ပါသည်။

ဤနမူနာကိစ္စကို ဖော်ပြရခြင်းမှာ အကြောင်းရှိပါသည်- အစိုးရအပြောင်းအလဲ ဖြစ်ပေါ်ချိန်ကာလများတွင် ဥပဒေကို မည်ကဲ့သို့ကျင့်သုံးရန် နားလည်ကြသော တတ်သိပညာရှင်များအနေဖြင့် အစိုးရသစ်အပေါ်တွင် မိမိကျွမ်းကျင်နားလည်သောနေရာမှ အားဖြည့်ကူညီရန်ဖြစ်သော်လည်း ယခုဖော်ပြသကဲ့သို့ ဥပဒေ၏ အားနည်းချက်များကို အကြောင်းပြုကာ တရားစွဲခြင်း၊ စွပ်စွဲပြစ်တင်ခြင်း၊ သတင်းမီဒီယာများမှ ပွင့်ခြင်း စသောကိစ္စများ လုပ်ဆောင်တတ်မှုများမှာ ရှေးယခင်ကတည်းကပင်ရှိခဲ့ကြောင်း ဗဟုသုတအလို့ငှာ နမူနာထုတ်ပြခြင်းဖြစ်ပါသည်။

ထိုကဲ့သို့ အခြေအနေများလွန်မြောက်ပြီး ပစ္စည်းခွန်ကောက်ခံနှုန်းကို နှစ်ဆတိုးမြှင့်သည့်နှစ်၌ ၉၇ သိန်းကျော် ရရှိသည့်တိုင် ထူထောင်ရေးဆိုင်ရာ မြူနီစီပါယ်လုပ်ငန်းများမှ ငွေလည်ပတ်မှုမကောင်းခဲ့ကြောင်း တွေ့ရပါသည်။ မှတ်တမ်းများအရ ဖော်ပြထားသည်မှာ ရန်ကုန်မြို့သည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း စစ်ဘေးစစ်ဒဏ် များစွာခံခဲ့ရသည်။ ဂျပန်မဝင်မီ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်နေ့မှစ၍ ၁၉၄၅၊ မေလ ၁ရက် တပ်မတော်က ရန်ကုန်မြို့ကို ပြန်လည်သိမ်းယူခြင်းမပြုမီအထိ ဂျပန်နှင့် အင်္ဂလိပ်ကိုလိုနီများ၏ ပုံးဒဏ်ကို အကြိမ်ကြိမ်အဖန်ဖန် ခံခဲ့ရပါသည်။ ထို့ကြောင့် ရန်ကုန်မြို့တွင်း တိုက်တာနေအိမ်အများအပြား ပျက်စီးခဲ့ကြရသည်။ အင်္ဂလိပ်မပြေးမီ ရန်ကုန်မြို့မှ တရုတ်ပြည်သို့ ထောင်ပေါင်းများစွာသော လော်ရီကားများဖြင့် ပစ္စည်းများကို တင်ပို့ခဲ့ခြင်းကြောင့်လည်း စစ်အတွင်း၌ ရန်ကုန်မြို့တွင်း လမ်းများပျက်စီးပြီး၊ ဂျပန်ခေတ် လေးလံသော ယာဉ်အမျိုးမျိုးကို ရန်ကုန်မြို့တွင်းလမ်းပေါ်သို့ ကန့်သတ်မှုမရှိဘဲ မောင်းနှင်အသုံးပြုခဲ့သောကြောင့် ခံနိုင်ရည်ဝန်ထက်ပိုထမ်းခဲ့ရသောကြောင့် လမ်းများပျက်စီးခဲ့ကြရသည်။ ရန်ကုန်မြို့၏ လမ်းများမှာ ထိုအကြောင်းတို့ကြောင့် ပျက်စီးသင့်သည်ထက်ပို၍ ပျက်စီးခဲ့ရသည်ဟု ဆိုပါသည်။

တည်ဆောက်ရန်လိုအပ်သော ထိုအချိန်က အခြေအနေများ

ထို့ကြောင့် ရန်ကုန်မြို့ကြီးမှာ အောက်ပါအချက်များ လိုအပ်နေခဲ့ပါသည်-

(က) ရန်ကုန်မြူနီစီပါယ်လမ်းများမှာ ပြင်ဆင်ရေးအပြင်၊ ရေနှင့် မိလ္လာမြောင်းများပြုပြင်ရေး၊ ရေပိုက်များ လဲလှယ်ပြုပြင်ရေး။

(ခ) ပျက်စီးယိုယွင်းနေသော(ဥပမာ-ဗိုလ်ချုပ်ဈေးသစ်)မြူနီစီပါယ်ပိုင် အဆောက်အအုံများပြင်ဆင်ရေး။

(ဂ) အမှိုက်နှင့် မိလ္လာ နေ့စဉ်စွန့်ပစ်နိုင်ရေး။

(ဃ) လေယူတ်စက်ရုံ၊ ရေကူးရေစက်ရုံပြုပြင်ရေး၊ အသစ်တည်ဆောက်နိုင်ရေး။

(င) လုပ်ငန်းသုံး မော်တော်ယာဉ်များပြုပြင်ရေး၊ အသစ်ထပ်မံ ဝယ်ယူနိုင်ရေး။

(စ) **လမ်းဘေးဈေးဆိုင်များနှင့် ကျူးကျော်တဲအိမ်များမှ မည်သည့်အခွန်မျှ ပေးဆောင်ခြင်းမရှိဘဲ** မြူနီစီပါယ်ရေများ အသုံးပြုနေခြင်း၊ အမှိုက်နှင့် မိလ္လာများ သယ်ပေးနေခြင်းအတွက် စည်းကမ်းဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး။

အစရှိသည်များအတွက် ရန်ကုန်မြူနီစီပါယ်အဖွဲ့မှာ ဝန်နှင့်အားမမျှသောကာလဟု ဆိုနိုင်ခဲ့ပါသည်။

စိတ်သက်သာရာရစေခဲ့သည်မှာ အစိုးရက (၁၉၄၈-၄၆ မှ ၁၉၄၇-၄၈) ဘဏ္ဍာရေးနှစ်အတွင်း ငွေကျပ် ၁၉၈ သိန်း ထုတ်ချေးခဲ့၍သာ လုပ်ငန်းလည်ပတ်နိုင်ခဲ့သည်ဟု ဆိုနိုင်ခဲ့ပါသည်။ အတိအကျဆိုရပါလျှင် ၃နှစ်အတွင်း ရန်ကုန်မြူနီစီပါယ်က အစိုးရထံမှ ချေးငွေ (၂၂၆·၇၈) သိန်းမျှ ရယူခဲ့ရပါသည်။

ဖော်ပြပါ အခြေအနေများသည် ဂျပန်အဝင်/ဂျပန်အထွက်နှင့် အင်္ဂလိပ်အဝင် လွတ်လပ်ရေးမရမီအထိ ရန်ကုန်မြူနီစီပါယ်အဖွဲ့၏ ခရီးကြမ်းအရွေ့များဟု ဆိုနိုင်ပါသည်။

မြူလင်း



တဘောဓိနိမိတ်၊ ခါဇိအတိတ်ဖြင့် အောဇိဟိတ်တွဲပြီး ရှင်ပဇ္ဇောဟဉ်း

ခြောက်ထပ်ကြီး

မောင်မြတ်မွန်(ဆူးဇေယ)

ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ရွေးဟောင်းလက်ရာ အဆောက်အအုံများစာရင်းတွင် ပါဝင်နေသလို ယဉ်ကျေးမှုဝန်ကြီးဌာန၏ ရွေးဟောင်းအထိမ်းအမှတ်ဓုန်မှာပါ ပါဝင်နေသော 'ခြောက်ထပ်ကြီး ရွှေသာလျောင်း' ရုပ်ပွားတော်မြတ်ကြီးသည် ရန်ကုန်မြို့၏ ပထမဦးဆုံး အင်္ဂတေရုပ်ပွားတော်ဖြစ်သည့် ငါးထပ်ကြီး ရုပ်ပွားတော်နှင့် ရွှေဂုံတိုင်လမ်းခြားကာ၊ ဗဟန်းမြို့နယ်အတွင်း တည်ထားကိုးကွယ်ထားခြင်း ဖြစ်သည်။ 'ငါးထပ်ကြီးနောက်၊ ခြောက်ထပ်ကြီးရောက်' ဟူသော တဘောဓိနိမိတ်ဖြင့် ဒုတိယမြောက်အင်္ဂတေ ရုပ်တုတော်အဖြစ် တည်ထားကိုးကွယ်ခြင်း ဖြစ်သည်။





လက်ရှိ ခြောက်ထပ်ကြီး ရွှေသာလျောင်း ရုပ်ရှင်တော်မြတ်၏ ပုံတော်မှာ 'တောင်လွဲသာလျောင်း'စာချိုးဖြင့် တည်ထားကိုးကွယ်ခြင်းဖြစ်သည်။ သာလျောင်းလေးပါးအား 'သမာပတ်၊ နိဗ္ဗာန်၊ ဧည့်ခံ၊ မေးစက်၊ လေးချက်ခါညောင်း၊ သာလျောင်းရှေ့ဖျား၊ ဦးခေါင်းထားသည်၊ ရုပ်ပွားသခင်၊ မြတ်အရှင်' ဟု လက်ာသွယ်၍ မှတ်တမ်းပြုထားသည်။ 'ရှင်ပင်ကျော်ဟည်း၊ ခြောက်ထပ်ကြီး၊ ရွှေသာလျောင်းပုံတော်သည်ကား' ဝေနေယျတို့အား တရားဝမ္မဟောဖော်ညွှန်ပြသည့် 'သာရဏီယ သြဝါဒကထာ မြွက်ကြားနေဟန်' ပုံတော်ပင် ဖြစ်ပါပေသည်။

ဒုတိယမြောက် အင်္ဂတေရုပ်ပွားတော် မူလခြောက်ထပ်ကြီးပုံတော်

ရှင်ပင်ကျော်ဟည်း၊ ခြောက်ထပ်ကြီး ရုပ်တုတော်ကို မြတ်ဘုရားရွှေတိဂုံတို့၏ အရှေ့မြောက်ဘက် 'တာငါးရာ'ခန့် ကွာဝေးသည့် တောင်ကုန်းမူပေါ်တွင် တည်ထားကိုးကွယ်သည်။ ခြောက်ထပ်ကြီးဘုရား တည်ထားကိုးကွယ်ခြင်းနှင့် ခြောက်ထပ်ကြီးဘွဲ့မည်ရာ ရရှိလာခြင်းတို့သည် 'မဟာသက္ကအတုလမာရိအောင်' ဘွဲတော်ဆောင်သည့် 'ငါးထပ်ကြီးဘုရားသမိုင်း'နှင့် ဆက်နွယ်လျက် ရှိပေသည်။ ဒုတိယမြောက် အင်္ဂတေရုပ်ပွားတော်ဖြစ်သည့် မူလခြောက်ထပ်ကြီး ရုပ်ပွားတော်ကို သူဌေးကြီး ဆာဘိုးသာနှင့် ဇနီးဒေါ်ပုတို့က ကောဇာသက္ကရာဇ်-၁၂၆၉/ခရစ် ၁၉၀၇ ခုနှစ်တွင် စတင်တည်ထားခဲ့သည်။ ပန်းရန်သမားများ၏ မကျွမ်းကျင်မှုကြောင့် 'အချိုးကျနသပ္ပါယ်မှု'မရှိခဲ့၍ ပုံစံကို ပြုပြင်တည်ဆောက်ရန် 'မိုးပွင့်ဆရာတော် ဘုရားကြီး'ထံ သြဝါဒခံယူခဲ့သည်။ ပုံစံအချိုးမကျသည့် မူလခြောက်ထပ်ကြီး ရုပ်ပွားတော်သည် 'မဟာဗုဒ္ဓါရာမ'ဘွဲ့တော်ရသည်။ မူလခြောက်ထပ်ကြီး ရုပ်ပွားတော်တည်ထားစဉ်က ရွှေဂုံတိုင်လမ်း မဖောက်လုပ်ရသေး၍ အရှေ့တောင်ကြီး အဝန်းအဝိုင်းသည် တောစိုးရုက္ခမူ ပင်မြင့်ပင်စောက်များကြောင့် ကင်မွန်းစခန်းမှ ကျိုက်ထီးရိုးဘုရားဖူးသွားရသည့် တောစခန်းနှင့် အလားတူပေသည်။ ထို့အတွက် ဘုရားဒါယကာ ဆာဘိုးသာသည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် 'ပတ္တာခြံ' ဝယ်ယူနေထိုင်ခဲ့ရသည့် သမိုင်းပုံရိပ်အဖြစ် ရွှေဂုံတိုင်လမ်းဖောက်လုပ်သောအခါ 'ဆာဘိုးသာခြံ' အမည်တွင်ခဲ့သည့် ကားမှတ်တိုင်ပင် ရှိခဲ့ဖူးလေသည်။

'မဟာဗုဒ္ဓါရာမ'ဘွဲ့တော်ရသော မူလခြောက်ထပ်ကြီးရုပ်ပွားတော်သည် တောင်ကြောမြေအနေအထားအတိုင်း အနောက်မြောက်ယွန်းယွန်းသို့ ဦးခေါင်းတော်ပြုလျက် အရှေ့တောင်ထောင့်သို့ ခြေပြုထားသည့် ပုံတော်ဖြစ်သည်။ မျက်နှာတော်သည် အနောက်တောင်ထောင့်အရပ်သို့ လှည့်နေကာ၊ အုံးတော်၌ လက်တော်ထောက်လျက် ခန္ဓာကိုယ်တစ်ပိုင်းလဲ၊ တစ်ပိုင်းမတ်နေသော 'ဧည့်ခံ'ပုံတော်အဖြစ် ထုဆစ်ပုံဖော်ရမည် ဖြစ်သော်လည်း ထုဆစ်ပုံဖော်မှု အချိုးစနစ်မကျသောကြောင့် အဝေးမှဖူးမြင်ပါက 'တင်ပလ္လင်ခွေ'(ထိုင်တော်မူ)ရုပ်တော်အသွင်ဖြင့် တွေ့ခဲ့ကြရသည်။ ထို အချိုးစနစ်ပုံစံမကျသည့် ရုပ်ပွားတော်ကြီးကို ငါးထပ်ကြီးဘုရား၏ အရှေ့မြောက်ဘက် ကုန်းတန်းပေါ်ရှိ မြေအကျယ်အဝန်း (၄၊၂၅) ဧကပေါ်တွင် ဥဏ်တော်အတောင် ၁၂၀၊ အလျား ပေ ၁၈၀ ရှိသည့် ရွှေသာလျောင်း ရုပ်ရှင်တော်ကြီးအဖြစ် တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ပေသည်။ တောတောင်အတွင်း တည်ထားသည့် အချိုးစနစ်မကျသော အင်္ဂတေရုပ်တုတော်ကြီးကို ဗဟန်းကန်တော်ကြီးဘက်မှ ငါးထပ်ကြီးဘုရားဖူးလာသူများက

ရှင်ပင်ကျော်ဟည်း၊ ခြောက်ထပ်ကြီး ရုပ်တုတော်ကို မြတ်ဘုရားရွှေတိဂုံတို့၏ အရှေ့မြောက်ဘက် 'တာငါးရာ'ခန့် ကွာဝေးသည့် တောင်ကုန်းမူပေါ်တွင် တည်ထားကိုးကွယ်သည်။



'အရှေ့မြောက်ဘက် တောင်ကုန်းပေါ်တွင် မားမားထီးထီး တွေ့မြင်ရ၍ လှမ်းမျှော်ဖူးရင်း အသွားအလာခက်ခဲလှ၍ ဘုရားဖူးတစ်ယောက်မျှမရှိသည်ကို တွေ့မြင်ရသောကြောင့် 'ခြောက်ကပ်'နေမှုကို အကြောင်းပြုကာ 'ခြောက်ကပ်ကြီးဘုရား'ဟု အမည်ပြောင်ဖြင့် ခေါ်ဝေါ်ခဲ့ကြသည်။ ထိုသို့အပြောင်အပြက် ခေါ်ဝေါ်သုံးနှုန်းခဲ့ရာမှ စတင်ကာ 'ငါးထပ်ကြီးနောက်၊ ခြောက်ထပ်ကြီးရောက်'ဟူသော တဘောင်နိမိတ်ဖြင့် ရန်ကုန်မြို့ကြီးတွင် ဒုတိယမြောက် အဂ်တေရုပ်တုတော်မြတ်ကြီး ပေါ်ထွန်းတော်မူလာခြင်း ဖြစ်ပါပေသည်။

ရွှေခုံ/ဂုံတိုင်လမ်းဖောက်လုပ်ရန်အတွက် "ဘုရားမြေ"ကို ဖဲ့ပေးခဲ့ရ

ခြောက်ထပ်ကြီး ရုပ်တုတော်မြတ်တည်ထားကိုးကွယ်ရန် ဘုရားဒါယကာကြီး 'ဆာဘိုးသာ' ဝယ်ယူလှူဒါန်းခဲ့သည့် မြေအကျယ်အဝန်း(၄၊ ၂၅)ကေပေါ်တွင် ဘုရားကျောင်းကန်ဟူသော အညမညဖြင့် မဟာဗုဒ္ဓါရာမဘွဲ့မည်ရ ရုပ်တုတော်ကြီး၏ အခြံအရံဖြစ်သည့် 'ဘုရားကြီးကျောင်းတိုက်'ပါ တည်ရှိခဲ့သည်။

ကောဇာ ၁၂၉၈/ခရစ် ၁၉၃၆ ခုနှစ်တွင် ရွှေခုံ/ဂုံတိုင်လမ်းမကြီး ဖောက်လုပ်ရန်အတွက် 'လမ်းနယ်'သတ်မှတ်ရန် တိုင်းတာရာ၌ ဘုရားကြီးကျောင်းတိုက်တည်ရာမြေပါဝင်သွားသည်။ ထို့ကြောင့် ကျောင်းတိုက်ကြီး ပြိုကျမသွားစေရန် ရွှံ့ညွန့်ပွက်အိုင်ကြီးအား မြေဖို့ပြီး နံရံထိန်း Retaining Wall ပါ ပြုလုပ်ပေးခဲ့ရသည်။ (မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ တစ်ခြမ်းပဲ့ဗလီမျက်နှာစာကို အထက်ပန်းဆိုးတန်းလမ်း ဖောက်လုပ်ရန်အတွက် ဖဲ့ပေးခဲ့စဉ်က 'ဘဏ္ဍာစားမြေ' ပြန်ပေးခဲ့ဖူးသည်။) သို့ရာတွင် ဘုရားကြီး ကျောင်းတိုက်ရှိ စာသင်သား သံဃာတော် ၅၀၀ ကျော်အတွက် စာသင်တိုက်များ ဆောက်လုပ်ရန် မြေဘဏ္ဍာစား မရခဲ့သောကြောင့် ဘုရားကြီးကုန်းတော်နှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိနေသည့် ကုလားသူဌေး ဒါဝတ်(Darwood) ပိုင် မြောက်ဘက်နှင့် အနောက်ဘက်ရှိ မြေအကျယ်အဝန်း (၁၅.၁၅)ကေကို တစ်ဇကေလျှင် ရူပီး ၂၆၂၅နှုန်းဖြင့် ဝယ်ယူခဲ့ရသည်။ (မဟာစည်သာသနာ့ရိပ်သာတည်ရာ မြေကိုလည်း ကုလားသူဌေး 'ဟာမစ်တစ်'ပိုင်မြေကို မြန်မာသူဌေးကြီး ဆာဦးသွင်က ဝယ်ယူလှူဒါန်းခဲ့ရသည်။ မဟာစည်သာသနာ့ရိပ်သာတည်ရာဖြစ်၍ သာသနာ့ရိပ်သာလမ်း။ သာသနာ့ရိပ်သာမှတ်တိုင်ဟု အမည်ပေးထားသော်လည်း ဗုဒ္ဓဘာသာများ အပါအဝင်က 'ဟာမစ်တစ်'မှတ်တိုင်ဟုသာ ခေါ်ဝေါ်နေကြလေသည်။)

ကုလားသူဌေး ဒါဝတ်ထံမှ ဝယ်ယူသည့် မြေအပါအဝင် ကျောင်းမြေပရဝုဏ်မှာ (၁၇၈က)ကျော် ကျယ်ဝန်းလာသည့် အတွက် ဘုရားကြီးရင်ပြင်တော်ပေါ်မှ ကျောင်းဟောင်းများအား ရွှေ့ပြောင်းဆောက်လုပ်ရာတွင် စောင်းတန်း၊ နတ်လမ်းများပါ ထည့်သွင်းဆောက်လုပ်ပေးခဲ့၍ ဘုရားကြီးရင်ပြင်တော်သည် ပိုမိုကျယ်ဝန်း

မီးရထားမင်းကြီး ဦးကြည်ဝင်း၊ ပြည်သူ့အိုးအိမ်ဘုတ်အဖွဲ့ (NHB) အင်ဂျင်နီယာချုပ် ဦးကျော်စိန်တို့အဖွဲ့က 'အင်ဂျင်နီယာရုထောင့်မှ စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို . . .

လာသည့်အပြင် ကျောင်း၊ တန်ဆောင်း၊ စောင်းတန်း၊ နတ်လမ်းများဖြင့် ဝန်းရံလိုက်၍ ပိုမိုဝေဆာ တင့်တယ်ထည်ဝါလာလေသည်။ ရင်ပြင်တော် ကျယ်ဝန်းစိုပြေ တင့်တယ်လာပြီးနောက်တွင် ပုပန်းမကျဖြစ်နေရရှာသော ရုပ်တုတော်ကြီးအား ပြုပြင်တည်ဆောက်ရန် မိုးညှင်းတောရဆရာတော် ဘုရားကြီး၏ တိုက်တွန်းချက် ဩဝါဒနှင့် အညီ ကောဇာ–၁၃၁၅၊ ခရစ် ၁၉၅၃ ခုနှစ်တွင် 'သတိုးသီရိသုဝမ္မ ဆာဦးသွင်၊ မဟာသီရိသုဝမ္မ ဟသံတဦးမြနှင့် ချုပ်သင်းဦးဘတင်တို့ ဦးဆောင်ပါဝင်သော' ခြောက်ထပ်ကြီးဘုရား ပြန်လည်ပြုပြင်ရေးအဖွဲ့ကို အဖွဲ့ဝင် ၉ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ထိုအဖွဲ့က ပြန်လည်ပြုပြင်ရေးကို အဓိပ်းကြီး ၃ ပိုင်းပြုပြင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ (၁) အသစ်ပြုပြင် တည်ထားကိုးကွယ်မည့် ပုံတော်ကို ပန်းချီဆရာအား ပုံဖော်ရေးဆွဲခိုင်းခြင်း၊ (၂) လိုအပ်မည့် သံထည်ပစ္စည်းများနှင့် ခန့်မှန်းကုန်ကျမည့်ငွေကို အင်ဂျင်နီယာများအား တွက်ချက်တင်ပြခိုင်းခြင်း၊ (၃) ရဟန်းရှင်လူပြည်သူတို့အား ငွေအား၊ လူအား၊ အကြံဉာဏ်အားတို့ဖြင့် ပိုင်းဝန်းပုံပိုးကူညီပါရန် နှိုးဆော်စာ ထုတ်ပြန်ခြင်းတို့ကို ဦးစွာစီမံဆောင်ရွက်ခဲ့ကြသည်။ ပုပန်းမကျသော ဘုရားကြီး၏ ပကတိအခြေအနေအား မီးရထားမင်းကြီး ဦးကြည်ဝင်း၊ ပြည်သူ့အိုးအိမ်ဘုတ်အဖွဲ့ (NHB) အင်ဂျင်နီယာချုပ် ဦးကျော်စိန်တို့အဖွဲ့က 'အင်ဂျင်နီယာရှုထောင့်မှ စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို အသေးစိတ်အချက်အလက်များဖြင့် နိုင်ငံတော်ပိနည်းဝိရိယဆရာတော်ကြီးများထံ တင်ပြလျှောက်ထားခဲ့ကြသည်။ ဆရာတော်ကြီးများက သက်တော်ထင်ရှားမဟုတ်သည့် အဝိဉာဏကခြောက်ထပ်ကြီး ရုပ်တုတော်မြတ်၌ မှီတွယ်ပေါက်ရောက်နေသော ပျက်စီးခြင်းအန္တရာယ်အစစ်ဖြစ်လတ္တံကုန်သော ညောင်ပင်တို့ကို သုတ်သင်ရှင်းလင်းပြီးလျှင် လူအများတို့ ကြည်ညိုဖွယ်ကို တကယ်ဖြစ်စေရန် စိတ်ကောင်းစိတ်မြတ်ဖြင့် ပြုပြင်ကုန်သောသူတို့သည် 'ဆရာဇီဝက,က ဘုရားရှင်၏ ခြေမတော်ကို ဓားဖြင့်ခွဲ၍ သွေးစိမ်းအားထုတ်ပစ်ရာ၌ များစွာသော ကုသိုလ်တိုးပွားသည်မည်သကဲ့သို့ ခြောက်ထပ်ကြီးရုပ်တုတော်ကို တင့်တယ်သပ်ပိယ်ကြည်ညိုဖွယ်ဖြစ်အောင် ပြုပြင်ခြင်း



ကြောင့် များစွာသော ကုသိုလ်တိုးပွားစေသည် မည်ပေ၏''ဟု မှတ်သားဖွယ်ရာ 'ဩဝါဒကထာ'ကို ချီးမြှင့်ခဲ့ပေသည်။

ရှင်ပင်ကျော်ဟည်း - ခြောက်ထပ်ကြီး၏ အတိုင်းအထွာ၊ ပမာဏတော်များ

'ဓနုတ်ရှင်ပင်၊ သောင်မတင်'ဟု ပင်လယ်ဝတွင် တည်ထားကိုးကွယ်သည့် 'ဓနုတ်စေတီတော်'၏ ဝိသေသကို လက်ာသွယ်ပေးထားသကဲ့သို့ အသစ်ပြန်လည် ပြုပြင်တည်ဆောက်ကိုးကွယ်မည့် ခြောက်ထပ်ကြီး ရွှေသာလျောင်း ရုပ်ရှင်တော်မြတ်ကြီးတွင် ဖူးမြော်ကြည်ညိုရမည့် ဝိသေသအဖြာဖြာကိုလည်း လက်ာသွယ်ကာ မှတ်တမ်းပြုပေးထားသည်ကား– 'ရှင်ပင်ကျော်ဟည်း၊ ခြောက်ထပ်ကြီး၊ မငြိုးရွှမောဖွယ်၊ သက်တော်ဝိညာဉ်ရှိသောသွင်၊ ကြည်လင်လွန်တင့်တယ်၊ သူရိန်နတ်မင်း၊ ဖူးမြော်ခြင်း၊ မယွင်းခံသည့်နှယ်၊ ထို့ကြောင့်သာပင်၊ မြတ်စောရှင်၊ တိုင်းခွင်လွန်ကြီးကျယ်'ဟု ဖြစ်သည်။ အဟောင်းကိုပြုပြင်ပြီး အသစ်တည်ထားကိုးကွယ်မည့် 'ရှင်ပင်သာလျောင်း'တွင် ဖူးမြော်ရမည့် ပုံသဏ္ဌာန်ကို မြင်ကွင်းကျယ်ဖြင့် မြင်လာရလေအောင် စာပန်းချီ ခြယ်မှုန်းပေးထားခြင်းလည်း ဖြစ်ပေသည်။


ထိုသို့ မငြိုးရွှမောဖွယ်ဖြစ်ကာ၊ သက်တော်ထင်ရှား မြတ်ဘုရားအား ဖူးမြော်ပူဇော်ရသည့်အလား ပုံစံထားတည်ဆောက်သည့် ရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်ရန် ပုံပန်းမကျသော အုတ်အင်္ဂတေရုပ်တုတော်ဟောင်းအား ကောဇာ ၁၃၁၉/ခရစ် ၁၉၅၇ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့တွင် စတင်ဖြိုဖျက်ခဲ့သည်။ အသစ်တည်ထား ကိုးကွယ်မည့် 'ရွှေသာလျောင်း ရုပ်တုတော်မြတ်ကြီး ကိန်းဝပ်စံပယ်ရန် သံတန်ဆောင်းတော်ကြီး' တည်ဆောက်ရန် (၃၀-၄-၅၈)နေ့၌ စာချုပ်ချုပ်ဆိုပြီး (၃၀-၇-၅၈)နေ့တွင် 'ပန္နက်တင်မင်္ဂလာ' ဆင်ယင်ကျင်းပခဲ့သည်။ ဂန္ဓကုဋီ သံတန်ဆောင်းတော်ကြီးသည် အလျားပေ ၂၈၀၊ အနံပေ ၉၀ နှင့် အမြင့်ပေ ၆၅ရှိကာ၊ ကာလတန်ဖိုးအားဖြင့် ကုန်ကျစရိတ်အရပ်ရပ်မှာ ကျပ် ၆သိန်းကျော်မျှသာ ရှိခဲ့ပေသည်။



ခံ့ညားထည်ဝါကျယ်ဝန်းလှသည့် ဂန္ဓကုဋီသံတန်ဆောင်းကြီးအတွင်း ကိန်းဝပ်စံပယ်နေသည့် ခြောက်ထပ်ကြီး ရွှေသာလျောင်း ရုပ်ရှင်တော်မြတ်ကြီး၏ အတိုင်းအထွာပမာဏတော်များမှာကား ရွှေသာလျောင်း ရုပ်ရှင်တော်မြတ်ကြီး၏ ဥဇ္ဈာတော် အလျားမှာ ၂၁၆ ပေ၊ ဥဇ္ဈာတော် အမြင့်မှာ ၅၈ ပေ၊ ရောင်လွှဲတော်အမြင့်မှာ ၈ပေ၊ ရောင်လွှဲတော်လုံးပတ်မှာ ၄၈ ပေ၊ ဖလက်မတို့ ဖြစ်ကြပေသည်။ ရွှေသာလျောင်း ရုပ်ရှင်တော်မြတ်ကြီးစံရာ ပလ္လင်တော်ကြီးသည် အလျားပေ ၂၃၀၊ ပလ္လင်တော်ကြီး၏ အကျယ်(အနံ)မှာ ပေ ၅၀ ဖြစ်ကာ၊ ပလ္လင်တော်ကြီး၏ အမြင့်မှာကား ၅၅ပေဖြစ်လေသည်။ ရွှေသာလျောင်း ရုပ်ရှင်တော်မြတ်ကြီး၏ ဝတ္ထုကံမြေအပိုင်းအခြားမှာကား အရှေ့မှအနောက်သို့ အလျား ၃၄၆ ပေနှင့် တောင်မှမြောက်(အနံ)သည် ၂၁၃ ပေ ဖြစ်လေသည်။

ဘက်စုံမွမ်းမံ တည်ဆောက်ရေးကာလတွင် ခြောက်ထပ်ကြီး ရွှေသာလျောင်း ရုပ်ရှင်တော်မြတ်ကြီး ကျောဘက်ပတ်လည်ရှိ ကုန်းမြေကို မြေထိန်းနံရံတည်ဆောက်ပေးကာ၊ တိုးချဲ့တန်ဆောင်းတော်ကြီး တည်ဆောက်ပေးထားပြီး လေသာဆောင်ကို မြန်မာမှုအမွမ်းအပြောက်များဖြစ်သည့် 'ပန်းတမော့၊ ကြာမှောက်၊ ကြာလန်၊ စိန်တောင်၊ ပန်းတောင်များ'ဖြင့် ထုဆစ်ခြယ်သပေးထားသည်။ တန်ဆောင်းတော်ကြီးပတ်လည်ကိုလည်း 'မဟာရံတံတိုင်း'ဖြင့် ကာရံပေးထားသည်။ ရွှေခုံ/ဂုံတိုင်လမ်းမကြီးဘေးတွင်ရှိသည့် ဘုရားကြီးကျောင်းတိုက် မုခ်ဦးအတက် (ဥပစာ)တွင်လည်း ခံ့ညားထည်ဝါသော နာရီစင်ကြီးကို လှပဝေဆာ၊ ပန်းပဒေသာတို့ ဖူးပွင့်ဝေစည်နေသည့် ပန်းခြံအတွင်း တည်ဆောက်ပေးထားသည်။ သာရဏီယဩဝါဒကထာ မြွက်ကြားနေဟန် လှပတင့်တယ်စွာ ထုဆစ်ပုံဖော်ပေးထားသော ခြောက်ထပ်ကြီးရွှေသာလျောင်း ရုပ်ပွားတော်မြတ်ကြီးအား အာရုံကြည်လင် ဖူးမြင်နိုင်မည့် ဂန္ဓကုဋီ သံတန်ဆောင်းတော်ကြီးအတွင်း ခန်းလုံးပြည့်ကို ညစ်ကြေးမခရလေအောင် ကြွေပြားများခင်းပေးထားသကဲ့သို့ နိုင်ငံခြားခရီးသည်များ သီးခြင်းဝင်ရောက် ဖူးမြော်ခွင့်ရအောင် ဆောင်ရွက်ပေးထားသည်များကိုပါ ထူးခြားစွာတွေ့မြင်ခဲ့ရပါကြောင်း မှတ်တမ်းပြု၍ တင်ပြလိုက်ရပေသတည်း။

မောင်မြတ်မွန်(ဆူးလေ)



အခ်ိန္မီ

သာပါရဲ့ ငွေလမင်း
သင်းပါရဲ့ ပန်းဝတ်ရည်
စိုပြည်တဲ့ အလှတရား။
ရေကြည်ရာ မြက်နရာမှာ
သနွေတည်ကာ တွက်ရကာနှင့်
ငါးမွှက်ရာ ငါးစာချ
ဘဝနေ့များ။

မြင့်တစ်တန် နိမ့်တစ်ခါ
သာတစ်ပြန် မှောင်တစ်ချက်
ကံလှည့်ကွက် နှင်စေရာ။
စုန်ရေ ဆန်ရေနှင့်
လှိုင်းထန်လေ မွေတဲ့လမ်း
လှမ်းရခါခါ။
ခါးတစ်လှည့် ချိုတစ်ခါ
ငိရယ်ကာ မာန်တင်း။
ဘဝရဲ့ မိုးမချုပ်ခင်
ကာမဂုဏ် မျိုးပြုတ်အောင်
ကြိုးရွှဲကိုရှင်း။ ။

မင်းသစ်ဝင်း(ကျောက်တံခါး)

ရွေနှင့်ကြေး

လောကတွင် နေထိုင်ငြားသည့်
လူသားပေါင်းများစွာဝယ်။
သုစရိုက်အကျင့်အကြံအား
မှားများကြသူတွေအလယ်။
ဒုစရိုက်အသွယ်သွယ်
ဖက်တွယ်နေသူတွေလည်းရှိ။
ခွဲခြားကာသိမြင်ရေး
တွေးရှုဖွယ်တည့်။

အယုတ် အလတ် အမြတ်ရောနှောထားသည့်
လူသားတို့ စိတ်သန္တာန်။
အပေါ်ယံကြည့်ပါက
တူမျှသဏ္ဌာန်။
ပကတိအမှန်
သိမြင်ရန်အရေး။
ရွေနှင့်ကြေးသာဓကနှင့်
နှိုင်းဆချင့်တွေး။



ရွေနှင့်ကြေးသဘာဝ
အရောင်အဆင်းကတူသလိုလို။
သို့သော်လည်းဆန်းစစ်မှု
ပြုကြမည်ဆို။
ရွေရတနာဂုဏ်ရည်ကို
ကြေးဆိုသည်တုမရ။
မှတ်ကျောက်တင်ခွဲခြားလျှင်
ကွဲပြားမည်ပ။

ရွေနှင့်ကြေး ဖိုးအနှဲ့
နှိုင်းတုမရကွာခြားပမာ။
လူကောင်းနှင့်လူဆိုး
တန်ဖိုးကကွာ။
ဘဝလမ်းတစ်လျှောက်သာစေရာ
ရွေပမာလူကိုပေါင်းဖက်။
ရွေယောင်ဆောင်ကြေးအလှနှင့်
လူဘဝရင်သန်ငြားသူ
ရောင်ရှားတစ်သက်။ ။

မနောသစ်(ပခုက္ကူ)

အဖြူအမည်း လမ်းမလွဲနှင့်

စံပယ်ဖြူမွေး၊ ကြူကြူမွှေးသည်
မိုးအေးအေးမှာ . . .ဖွားမွှင့်လာ။

ဝါထိန်ဝိတောက်၊ မွေးကြိုင်လှောက်သည်
ပေါပေါက်မွှင့်လာ . . .နွေမိန်ခါ။


ဆောင်းလဘုရင်၊ ငွေရောင်ဆင်သည်
သဇင်ကြူမွှေး . . .နှင်းဖွေးဖွေးမှာ။

စံပယ် သဇင်၊ ဝါကျင်ဝိတောက်
ကြိုင်လှောက်မွေးကြူ၊ သွင်မတူကြ။

အလှကိုယ်စီ၊ သူရောသိနှင့်
ညီတူညီမျှ၊ သမရောထွေး
တစ်သွေးတစ်သား၊ ရောထားမရ
ကွဲပြားမတူ၊ သူဟန်မူနှင့်။

လူတို့မှာလည်း၊ ထို့တူပဲလေ
ကွဲပြားမတူ၊ အဖြူ အမည်း
ဆင်းရဲချမ်းသာ၊ လိမ္မာဆိုးဓိုက်
စရိုက်ကွဲပြား၊ တစ်သွေးသားတည်း
ရောထားမရ၊ သူကထူးနှင့်
လှပရုပ်ဆိုး၊ ဤနှစ်မျိုးရှိ
အကျိုးအပြစ်၊ အချစ်အမုန်း
အပြုံးအငို၊ အချိုအခါး
လားလားမတူ၊ ရွေးချယ်ယူကြ
"အဖြူအမည်း၊ လမ်းမလွဲနှင့်"
ဝမ်းနည်းဝမ်းသာ . . .ဓမ္မတာ။ ။
အလင်းလမ်းမှ . . .ချဉ်းကပ်ပါ။ ။
နှစ်ဖြာကိုယ်စီတိ . . .ချမ်းသာမှာ။ ။

မင်းမောင်နွယ်(မွန်ဌာနီ)





မြန်မာ့စီးပွားရေး ပုံဝါဒများနှင့် ရွေ့ဆက်ရမယ့်ခရီး

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟာ ဆယ်စုနှစ်၊ ရာစုနှစ်ပေါင်းများစွာကတည်းက ပထဝီမြေပြင်အနေအထားအရ ကမ္ဘာ့မြေပြင်ပေါ် တည်ရှိလာခဲ့တာဖြစ်ပါတယ်။ ရေပြင် မြေပြင် အနေအထားများ ပြောင်းလဲသွားခဲ့ပေမယ့် အိန္ဒိယတိုက်ငယ်နဲ့ ဆက်စပ်တဲ့ အာရှတိုက်ကြီးရဲ့ အရှေ့တောင် အရပ်မှာ အမည်သညာ အခေါ်အဝေါ်အမျိုးမျိုးနဲ့ ဖြစ်တည်လာခဲ့ပါတယ်။ သမိုင်းဦး ဘုံမြေ ခေတ်မှသည် သမိုင်းတင်သော ကာလများကို ဖြတ်သန်းပြီး ယနေ့ကာလ ရောက်တဲ့အထိ မပျောက်မပျက်၊ တည်ရှိဆဲဖြစ်ပါတယ်။ နောင်မှာလည်း အခွန့်ရှည်ကြာ တည်တံ့နေဦးမှာ ဖြစ်ပါတယ်။



အေဒီ ၁ ရာစုမှ ၈ ရာစုအထိ နှုတ်ပြောသမိုင်းများနဲ့ ရောထွေးနေတဲ့ ပျူခေတ်၊ ၎င်းမှ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်စတဲ့ ပဒေသရာဇ်ခေတ်တစ်လျှောက် မင်းနေပြည်တော် အမျိုးမျိုး ပေါ်ပေါက်ခဲ့ရာမှာ ၁၈၈၅ ခုနှစ် အင်္ဂလိပ်–မြန်မာစစ်ပွဲအပြီး၊ မြန်မာ့ထီးရိုးအညွှန့်ကျိုးသွားတာနဲ့အတူ ရတနာပုံ မင်းနေပြည်တော်ဟာလည်း ကွယ်ပျောက်ခဲ့ရပါတယ်။ ဗြိတိသျှတို့ အုပ်စိုးခဲ့သည်မှစလို့ ရန်ကုန်မြို့ဟာ အစိုးရမင်းများ ရုံးစိုက်ရာ မြို့တော် ဖြစ်ခဲ့ပါတယ်။ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့၊ ဗြိတိသျှအလံကို ရုပ်သိမ်းပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံကို ရန်ကုန်မြို့မှာ လွှင့်ထူရင်း လွတ်လပ်ရေးကြေညာစာတမ်းကို ထုတ်ပြန်ကြေညာခဲ့ကြပါတယ်။

ဗြိတိသျှကိုလိုနီဘဝမှ လွတ်မြောက်လာတဲ့ မြန်မာနိုင်ငံကို ဖဆပလအစိုးရ၊ အိမ်စောင့်အစိုးရ၊ ပထစ အစိုးရ၊ တော်လှန်ရေးကောင်စီ အစိုးရ၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီအစိုးရ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရ စသည်ဖြင့် အစိုးရအဖွဲ့အသီးသီးတို့က လက်ဆင့်ကမ်း၊ လက်လွှဲအုပ်ချုပ်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံရဲ့မြို့တော် ရန်ကုန်ဟာ ၂၀၀၀ ပြည့်နှစ်ယွန်းယွန်းအထိ နိုင်ငံတော် အစိုးရရုံးစိုက်ရာမြို့တော် ဖြစ်ခဲ့ပါသေးတယ်။ နောက်ပိုင်းမှာ နေပြည်တော်မြို့သစ် ပေါ်ပေါက်လာခဲ့ပြီး မြို့တော်အခေါ်အဝေါ်များလည်း ပြောင်းလဲလာပါတယ်။ နေပြည်တော်ကို ဗဟိုအစိုးရရုံးစိုက်ရာ အုပ်ချုပ်မှုမြို့တော် အဖြစ်လည်းကောင်း၊ ရန်ကုန်မြို့ကို စီးပွားရေးလုပ်ငန်းများ အခြေပြုရာ စီးပွားရေးမြို့တော်အဖြစ်လည်းကောင်း သတ်မှတ်ခေါ်ဆိုခဲ့ကြပါတယ်။ ၂၀၁၀ ပြည့်နှစ် ပါတီစုံ



ဒီမိုကရေစီ ရွေးကောက်ပွဲအနိုင်ရ၊ ပြည်ထောင်စု ကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ပြည်ထောင်စုအစိုးရအဖွဲ့ကို ဖွဲ့စည်းပြီး နေပြည်တော်မှာပဲ လွှတ်တော်သုံးရပ်နဲ့တကွ အထိုင်ချလိုက်တဲ့အခါ မြန်မာနိုင်ငံရဲ့ မြို့တော်ဟာ နေပြည်တော်ဖြစ်သွားပြီ။ ရန်ကုန်မြို့ကတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရုံးစိုက်ရာ တိုင်းမြို့ကြီးတစ်ခုအဖြစ်ကို ရောက်ရှိသွားခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ ဒေသန္တရဖွဲ့စည်းပုံဟာ တစ်မူထူးခြားပြီး အနည်းငယ်ရှုပ်ထွေးတယ်လို့ ဆိုနိုင်ပါတယ်။ တိုင်းဒေသကြီးနဲ့ လူမျိုးနွယ်စုကိုအခြေခံပြီး မှည့်ခေါ်ထားတဲ့ ပြည်နယ်တွေအပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ အထူးဒေသ စတာတွေပေါင်းစပ်ပါဝင်နေပါတယ်။ မျိုးနွယ်စုအမည်ခံ ပြည်နယ်တွေမှာ အဲဒီ မျိုးနွယ်စုဝင်တွေသာမက တခြား ပြည်ထောင်စုဖွား တိုင်းရင်းသားတွေလည်း ရောထွေးနေထိုင်ကြတာ တွေ့ရပါတယ်။ တိုင်းဒေသကြီးတွေထဲက စစ်ကိုင်းတိုင်းဒေသကြီး ဆိုရင်လည်း တိုင်းမြို့ကြီးဖြစ်တဲ့ စစ်ကိုင်းမြို့ဟာ မန္တလေး၊ အမရပူရနဲ့ တစ်ဆက်တည်းလို ဖြစ်ရုံမျှမက အလားအလာအားဖြင့် မုံရွာမြို့ကိုကျော်လွန်ပြီး ဖွံ့ဖြိုးတိုးတက်ဖို့ မရှိမဖြင့်ဘူးဖြစ်နေပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနက တိုင်းမြို့ကြီးအဖြစ် တရားဝင်ထုတ်ပြန်ထားခြင်း မရှိပေမယ့် မုံရွာမြို့ဟာ လက်တွေ့ဘဝမှာ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ အချက်အခြာကျတဲ့ မြို့ကြီးဖြစ်နေပါတယ်။ တိုင်းဒေသကြီးတွေထဲမှာ တိုင်းပြည်ရဲ့ စီးပွားရေးကို အားဖြည့်ပေးနိုင်တဲ့ ကူးသန်းရောင်းဝယ်ရေး တိုင်းဒေသကြီး သုံးခုက တော့ ရန်ကုန်၊ မန္တလေးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးတို့ ဖြစ်ပါတယ်။ အဲဒီမှာလည်း အသွင်သဏ္ဌာန် အခြေခံအားဖြင့် မတူညီတာတွေ ရှိနေပါသေးတယ်။ တိုင်းမြို့ကြီးတွေဖြစ်တဲ့ ရန်ကုန်မြို့ဟာ ပင်လယ်ထွက်ပေါက်ကို ပိုင်ဆိုင်ထားပြီး ကုန်းလမ်းသာမက ရေကြောင်း၊ လေကြောင်း ကူးသန်းနိုင်စွမ်းရှိတဲ့ စီးပွားရေးဗဟိုချက်မမြို့ကြီး ဖြစ်ပါတယ်။ မန္တလေးမြို့ကတော့ ယဉ်ကျေးမှု အမွေအနှစ်များစွာကို ထိန်းသိမ်းထားရုံပြီး ကုန်းလမ်းကွန်ရက် ဖြန့်ကျက်ထားရာ မြို့ကြီးဖြစ်ပါတယ်။ စစ်ကိုင်း မုံရွာမြို့များလည်း အလားတူ အထက်အောက် ဆက်သွယ်ရေးလမ်းကြောင်းများ ကောင်းမွန်တဲ့ စီးပွားရေးမြို့ကြီးတွေလို့ ဆိုရပါမယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ စီးပွားရေးနဲ့ အထွေထွေ ဖွံ့ဖြိုးတိုးတက်ရေးကို စောင့်ရှောက်မယ်ဆိုရင် ပြည်နယ်နဲ့တိုင်းဒေသကြီးတွေရဲ့ မတူကွဲပြားတဲ့အချက်တွေကို အထူးအလေးထား စဉ်းစားကြဖို့လိုအပ်ပါတယ်။ မိုက်ကယ်ဂျိုအဆင့် ဒေသန္တရစီးပွားရေးမူတွေနဲ့ အမျိုးသား စီးပွားရေးမူဝါဒကို ချိတ်ဆက်နိုင်မှသာ လက်တွေ့ကျပြီး မြန်ဆန်တဲ့ စီးပွားဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို အခြေခံပြီး အစိုးရသစ်အဖြစ် ဖွဲ့စည်းခဲ့တဲ့ အမျိုးသား ဒီမိုကရေစီအစိုးရရဲ့ ဗွေဆော်ဦးနှစ်၊ ၂၀၁၆ ခုနှစ်အတွင်းမှာ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်အရေး စတဲ့အရေးကဏ္ဍတွေ ဆိုင်ရာ အတိုးအဆုတ်၊ အတက်အကျတွေ ထင်ထင်ရှားရှား ဖြစ်ပေါ်ခဲ့ပါတယ်။ နိုင်ငံရေး

မြန်မာနိုင်ငံရဲ့ အေးဆေးရဖွဲ့စည်းပုံဟာ တစ်မူထူးခြားပြီး အနည်းငယ်ရှုပ်ထွေးတယ်လို့ ဆိုနိုင်ပါတယ်။ တိုင်းဒေသကြီးနဲ့ လူမျိုးနွယ်စုကိုအခြေခံပြီး မှည့်ခေါ်ထားတဲ့ ပြည်နယ်တွေအပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ အထူးဒေသ စတာတွေ ပေါင်းစပ်ပါဝင်နေပါတယ်။



ကဏ္ဍမှာ ၂၁ ရာစု ပင်လုံညီလာခံနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေ အရှိန်အဟုန်မြင့်လာသလို နိုင်ငံရေးနဲ့ တွဲစပ်နေတဲ့ စစ်ရေးအခြေအနေတွေကလည်း ရခိုင်ပြည်နယ်နဲ့ မြန်မာနိုင်ငံရဲ့ အရှေ့မြောက်ဒေသ လက်နက်ကိုင်အကြမ်းဖက် တိုက်ခိုက်မှုတွေကြောင့် တင်းမာပြင်းထန်နေတာတွေ့ရပါတယ်။ စီးပွားရေးပိုင်းမှာ အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းတွေ၊ ပြည်နယ်နဲ့တိုင်းဒေသကြီး စက်မှုဇုန်တွေ၊ ကျောက်ဖြူ၊ ထားဝယ်၊ သီလဝါအထူးစီးပွားရေးဇုန်တွေ ဖော်ဆောင်ရာမှာ ဟန်ချက်ညီဖို့ လိုအပ်ချက်တွေရှိနေတဲ့အပြင်၊ အမေရိကန် ဒေါ်လာငွေလဲနှုန်း မြင့်တက်လာတာ၊ စပါးစျေး ကျဆင်းတာ၊ ပို့ကုန်ပမာဏ လျော့ပြီး သွင်းကုန်ပမာဏ ကြီးမားနေတာ၊ မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းတဲ့အတွက် ပုံဆောင်ငွေဖောင်းပွမှု ဖြစ်ပေါ်နေတာ၊ ကုန်စျေးနှုန်းကြီးမြင့်တာ စတဲ့ပြဿနာတွေ ဖြစ်ပေါ်လျက်ရှိနေပါတယ်။ အလားတူပဲ ပညာရေး၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင် အရေးတွေမှာလည်း ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်ပြီး ပိတ်တန်တာပိတ်၊ ထိန်းတန်တာ ထိန်း၊ ဖြေလျှော့သင့်တာဖြေလျှော့ ဆိုသလို ဝိုင်းဝန်းဆောင်ရွက်နေကြပေမယ့် ထင်သာမြင်သာ ဖွံ့ဖြိုးတိုးတက်လာတဲ့အဆင့်ကို မရောက်နိုင်သေးတာကိုလည်း သဘာဝကျစွာ တွေ့မြင်နေရပါတယ်။ စိုက်ပျိုးရေး သဘောအရပြောရရင် ၂၀၁၆ ခုနှစ်ဟာ မြန်မာနိုင်ငံဆိုတဲ့ တောရိုင်းမြေကို ခုတ်ထွင်ရှင်းလင်း၊ ပေါင်းသင်မြေဆွ၊ ထွန်ထယ်ချတဲ့ ကာလလို့ ဆိုရပါမယ်။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အစိုးရရဲ့ ကျန်ရှိနေတဲ့ လေးနှစ်တာ သက်တမ်းကာလအတွင်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး နှစ်တို၊ နှစ်ရှည်၊ နှစ်ချင်းသီးနှံပင်တွေ ဖြစ်ထွန်းလာအောင် စိုက်ပျိုးကြရမှာ ဖြစ်ပါတယ်။


ဆိုခဲ့ပြီးတဲ့ ပြည်နယ်နဲ့တိုင်းဒေသကြီးတွေအနက် နေပြည်တော်ကောင်စီနယ်မြေဟာ မူဝါဒချမှတ်ရာအရပ်ဖြစ်ပြီး ကျန်ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေဟာ မူဝါဒကို ဒေသန္တရနဲ့ ကိုက်ညီအောင် ထပ်ဆင့်အကောင်အထည်ဖော်ရာ ရပ်ဝန်းများဖြစ်တဲ့အပြင် လိုအပ်ရင်လိုအပ်သလို အမိန့်ညွှန်ကြားချက် ထုတ်ပြန်ကာ လုပ်ငန်းဖော်ဆောင်ကြရပါတယ်။ ရန်ကုန်တိုင်းဒေသကြီးနဲ့ ရန်ကုန်မြို့ကတော့ ကျန်တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအားလုံးထဲမှာ အချက်အခြာအကျဆုံးဖြစ်သလို တိုင်းပြည်ရဲ့ အရေးကဏ္ဍအားလုံး အကျုံးဝင်တဲ့ဒေသ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ လူပ်ရှားဆောင်ရွက်မှုတွေဟာ ကျန် ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေရဲ့ ရှေ့ပြေးဖြစ်တယ်လို့ ဆိုနိုင်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုရဲ့ ပြယုဂ်သဖွယ်လည်း ဖြစ်နေပါတယ်။ ရန်ကုန်မြို့နဲ့ ပဲခူး၊ ပုသိမ်၊ ပြည်မြို့စတဲ့ မြို့ပြတွေကို ဆက်စပ်ယူရင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုကို ပေါင်းစပ်ဖော်ဆောင်နေတာ တွေ့မြင်ရပါတယ်။ လတ်တလောမှာတော့ ရန်ကုန်မြို့ရဲ့ ယာဉ်ကြောကြပ်တည်းမှု၊ လူဦးရေနဲ့ အိမ်ရာအဆောက်အဦ မမျှတမှု၊ ငွေကြေးဖောင်းပွမှု၊ ကုန်စျေးနှုန်း ကြီးမြင့်လာမှုစတဲ့ စီးပွားရေး၊ လူမှုရေး အကြပ်အတည်းတွေကို ရင်ဆိုင်နေရဆဲဖြစ်ပါတယ်။ ဒါတွေကို ဖြေရှင်းရာမှာ ဒေသဆိုင်ရာ အစိုးရအဖွဲ့အစည်းရဲ့ လုပ်ပိုင်ခွင့် ဘောင်အတွင်းက ဥပဒေနဲ့အညီ လုပ်ဆောင်နိုင်တာတွေရှိသလို၊ နေပြည်တော်ကောင်စီနယ်မြေမှာရှိတဲ့ လွှတ်တော်အသီးသီးနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲချမှတ်ပေးနိုင်မှု၊ ဥပဒေပြဋ္ဌာန်းပေးနိုင်မှုတွေအပေါ်မှာ တည်မှီဆောင်ရွက်ကြရမှာတွေလည်း ရှိနေပါတယ်။

ရန်ကုန်တိုင်းဒေသကြီး အပါအဝင် မြန်မာနိုင်ငံအဝန်းအဝိုင်းတစ်ခုလုံး ထိုက်သင့်တဲ့ ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် စီးပွားရေးနဲ့ ဆက်နွယ်နေတဲ့ အချက်တွေကို လိုအပ်သလို ပြုပြင်ကြရမှာဖြစ်ပါတယ်။ နိုင်ငံရေး တည်ငြိမ်မှု၊ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နိုင်မှုတွေကို ဇောင်းပေးဆောင်ရွက်ရင်း စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်စေရပါမယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ စီးပွားရေးမူဝါဒတွေဖြစ်တဲ့ ငွေကြေးစနစ်၊ ဘဏ္ဍာရေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒတွေကို ပြင်ဆင်ကြရမှာဖြစ်သလို လိုငွေပြဘတ်ဂျက်နဲ့အတူ နိုင်ငံခြားငွေ လဲလှယ်မှုနှုန်း၊ ကုန်သွယ်မှုရှင်းတမ်း၊ ကျပ်ငွေဖောင်းပွမှုနဲ့ ဘဏ်အတိုးနှုန်း စတာတွေကို ထိန်းညှိပေးကြရပါလိမ့်မယ်။ ဒါမှသာ စျေးကွက်စီးပွားရေးရဲ့ ပြည်တွင်း၊ ပြည်ပ ဝယ်လိုအား၊ ရောင်းလိုအားတို့ဟာ အားမျှခြေအနေအထားကို ရောက်ရှိလာပြီး ကုန်စျေးနှုန်းတည်ငြိမ်မှုကို ဖြစ်ပေါ်စေနိုင်ပါလိမ့်မယ်။ ပြည်သူတွေရဲ့ စားဝတ်နေရေးကို အတန်းတစ်ခုရောက်အောင် မြှင့်တင်ထိန်းကျောင်းပေးနိုင်ပြီဆိုရင် တိုင်းပြည်ရဲ့ ရှေ့ဆက်ရမယ့် ခရီးလမ်းကြောင်းဟာ အကောင်းဘက်ကို ဦးတည်သွားပြီဖြစ်ကြောင်း ရေးသားလိုက်ရပါတယ်။

ဇော်ဟိန်း



CITY CARTOON



ဆင်ဖြာကျွန်း ဒေါ်သိန်း ဘိုးအုံဘိုး၊ အိုးအုံကြီး



(၁)

အကို့လစာငွေကိုသာ မှီခိုနေရလျှင် မအေးပျိုတို့ သားအမိ ၄ယောက် ရေချည်းသောက်နေရသည်မှာ ကြာပြီ။

အကို့လစာက အငယ်တန်းစာရေးလစာ၊ အကိုဝတ်လိုက်လျှင် တက်ထရွန် တက်ထရက်နှင့် အင်းလေး။ ပိုးကြူ တွဲကြူ တို့မှ။ သည်တော့ အကို့အသုံးစားရိတ်ထဲသို့ မအေးပျိုကပင် ဝင်၍ဆောင်းဆောင်းပေးရသည်။

ယောကျ်ားတို့၏သစ္စာသည် ဖွဲပုံပေါ်၌ စိုက်သော လုံသဖွယ် ယိမ်းယိုင်မတည်ဟု မအေးပျို ကြားဖူး၏။ ယောကျ်ား၏ သစ္စာတရားမှာ ရေထဲကငါးလို တွက်ဆရန်ခက်သည်။ ဤသို့လည်း မအေးပျို မှတ်ဖူးသည်။ ဤသည်က တစ်ချက်။ သူတေပုံမျိုး၊ ပေပုံမျိုး၊ လေပုံမျိုးနှင့် ရတဲ့လစာနှင့် အိမ်ထောင်တစ်ခု၏ သာယာစွာရပ်တည်နိုင်ရေးမှာ မျှော်၍မလွယ်။ ချစ်၍ယူကြပြီးမှ သူ့ကို ရန်လုပ်နေလျှင် လူကြားရုံသာရှိမည်။ ဤသည်က တဝ။

သားသားကြီးကို ကိုယ်ဝန်ရှိချိန်တွင် ကုန်စည်ဈေးနှုန်းများ ကသိကအောက် ဖြစ်လာသည်။ မရမဖြစ် အလျင်လိုသောပစ္စည်းကို မှောင်ခိုဈေးတွင် မတန်တဆ ပေးဝယ်ရသောအခါ အကို့လစာ ဘာသွား သုံးမည်နည်း။ သူ့လစာကို အကုန်အပ်သည်ပဲ ဆိုဦးတော့၊ ခရီးစရိတ်က နှုတ်ရမည်။ ဤသည်က တစ်ကြောင်း။

လူလွှဲ လူပျံတစ်ယောက်ကို ချစ်မိ၊ ယူမိပြီ။ ဤသည်ဤသည်တို့ကို တွက်ချက်မိပြီဆိုတော့ မအေးပျိုသည် ကိုယ့်ဘက်က ဝင်ငွေရှိအောင်လုပ်မှဟု ဆုံးဖြတ်ခဲ့ရတော့သည်။ ပဲပြုတ်ရောင်းမည်လား . . . ထင်း



ပြဿနာ၊ ပဲပြဿနာ၊ အဆိုးဆုံးက ဆော်ဒါ အခက်တည်း။

ဘိန်းမုန့်…အဓိကကုန်ကြမ်းမှာ ဆန်မာ။ ဤအရာကို ဆင်းရဲသားက အားကိုးစားသည်။ အများစားသော ဆန်မာနှင့်မှ ဖြစ်သော ဘိန်းမုန့်မှာလည်း ထင်းနှင့် ဆော်ဒါ ပြဿနာမလွတ်။ ဘာရှိသေးသနည်း။ မုန့်ဟင်းခါး၊ ခေါက်မုန့်၊ လက်သုတ်၊ ကောက်ညင်းပေါင်း၊ ကောက်ညင်းထုပ်။ ဟင်းချက်ပြီး အရပ်ထဲလည်ရောင်း။ ဟုတ်ပြီ။ မအေးပျိုတစ်ယောက်တည်း နိုင်ပါမည်လား။ အရပ်ထဲလည်ပြီး ဈေးရောင်းခိုက် ကလေးကို အကုံကြည့်မည်လား။

မအေးပျိုသည် အကို့ကို ချစ်ရုံသာချစ်သည်။ အားမထားချင်။ အားထားသလို ဖြစ်မလာတော့ အထင်သေးရမည်၊ စိတ်ကွက်ရမည်။ အကို့ကို အထင်မသေးလို၊ စိတ်မကွက်လို။

ကလေးတစ်ယောက်သာလျှင် ဗိုက်ထဲ၌ ရှိစဉ်တွင် မအေးပျိုကြုံ၍တွက်သည်မှာ ''ကလေးတွေက တစ်ယောက်ပြီး တစ်ယောက်လာမယ်၊ ကလေးတစ်ဖက်၊ အိမ်မှုဝန်တာတစ်ဖက်နဲ့ အိုးမကွာ၊ အိမ်မကွာ နိုင်နိုင်နင်းနင်း ဝင်ငွေရအောင် လုပ်လို့ဖြစ်တာ ဘာရှိလဲ''

ယင်းသို့ အပြီးအစီးတွက်၏။ ကြံ၏။ အဆင်သင့်ပင် အကိုမွေးထားသော ကြက်တည်မောင်နှံက စတင်ဥအုစရာ မြို့ရှာလေရောထင့်။ အိမ်ပေါ်တက်လာသည်။

အသံသာရုံကလွဲ၍ ဥသေးခြင်း၊ အကောင်သေးခြင်းကြောင့် ဘာမျှအသုံးမကျ။ မအေးပျိုတ၏ စပယ်ရုံကို မရမကဖျက်ဆီးသော ကြက်တည်မောင်နှံသည် သည်တစ်ချက်တော့ မအေးပျိုကို အကျိုးပြုလေပြီ။

''ဟုတ်ပီ၊ ဥစားကြက် မွေးမယ်''

ကြက်မွေးမြူနည်းစာအုပ် သုံးအုပ်လောက် ဖတ်သည်။ လက်တွေ့ မွေးနေသူများထံ မေးမြန်းသည်။ လက်သမား နှစ်ယောက်ကို နေ့စားခဖြင့်ငှားပြီး တဲတစ်လုံးဆောက်သည်။ တစ်ရာ . . .ကြက်ပေါက်တစ်ရာအတွက် တဲဖြစ်သည်။

မိုးမကျမီတစ်လက အလုပ်စတင်လိုက်ရာ မိုးကုန်သည်နှင့် ဥများမြင်ရလေ၏။ ကြက်တစ်ရာထဲမှ အဖတွေခွဲထုတ်လိုက်သော် အမ ၆၀ ကျန်သည်။ တစ်နေ့ ဥ ၄၀ လောက်ရ၍ ကြက်စာဝယ်ယူရေး၊ ကြက်စာလုပ်ရေးနှင့် ပြေးလွှားသယ်ပို့ရေး အတွက် အကို့ကိုချော့ရသည်မှအပ အခက်အခဲမရှိ။ ကြက်ဆေးလိုလျှင် အကို့ကို မှာရသည်။ ကြက်မမာလျှင် အရပ်ထဲ၌ ကြက်ဒေါက်တာရမ်းတုပ်တွေရှိ၏။

အကို့ကို ချစ်သည့်အတွက် မအေးပျိုကိုယ့်အားကိုယ်ကိုးခဲ့ပါသည်။ အကို့လစာထဲက တစ်ပြားမှမစားရသည့်အပြင် မအေးပျိုက ဖြည့်ရသေး၏။ ယနေ့ဆိုလျှင် တဲကြီးကို ချဲ့ထွင်၍ ဥကြက်မချည်း သုံးရာတိတိရှိနေပြီ။

(၂)

''အေးရဲကြက်တွေလို ငွေမထွက်ပေမယ့် အကို့ကြက်တွေက သုတိသာယာဖြစ်ပါတယ်ကွာ''

အကိုက သူ၏ တည်ကြက်တစ်စုံမှ ပေါက်သော ကြက်တွေကိုကြည့်ကာ ကာကွယ်စကား၊ ထေးဖာစကားဆိုသည်။ အကို ပြောသည်ကို မအေးပျိုသဘောတူပါသည်။ အိမ်ဝင်းအိမ်စပ်၌ အစာရှာဖွေလှုပ်ရှားနေသော တည်အုပ်မှာ ဒေလီယာပန်း အဆုပ်အဆုပ်ကြီးတွေ ကြဲဖြန့်ထားတာနှင့်တူ၏။ ကြည့်မငြီး။

ကြက်မကြီးက ကလေးတွေအတွက် အယက်အပက်သန်သလို၊ ကြက်မကြီးမှ ပေါက်ခဲ့သော ကြက်သားအုပ်မတွေက လည်း ယက်လွန်းဖျက်လွန်းသည်ပင်။ ကြက်ဖကလေးတွေက အသွေးစုံ၊ အရောင်စုံဖြင့် လှသည်။ ဇော်မွားပန်းရောင်စုံခင်းနှင့်တူသည်။ သရက်ထည် ပန်းတောနှင့်တူ၏။ ရွှက်လှပင်သုတေသီ၏ ခြံနှင့်လည်းတူသည်။

အဖကလေးတွေက အသံသာကာ အဆင်းလှသမို့ မအေးပျို နှစ်သက်ချင်ပေမယ့် ကြက်သားအုပ်မကလေးတွေကိုတော့ ငြိုငြင်ချင်၏။ ဥစားကြက်ခြံကို သတိမထားလျှင် တည်ကြက်သားအုပ်မများသည် ကလေးတပြုံကြီးကိုခေါ်၍ ခြံထဲကိုဝင်သည်။ ဒင်းတို့ ကိုယ်ကလေးတွေကသေး၍ ဝင်နိုင်၏။ ဒင်းတို့ဝင်မိလျှင် ကြက်ဥတွေကွဲ၊ ကြက်တင်းတွေမှောက်၊ ဥကြက်မတွေ တော်တော်နှင့် အော်၍မပြီး။ သို့သော် အကိုယုယသော တည်များမို့ မအေးပျို မပစ်ခတ်ရက်။

ကြက်မတွေ အဆက်မပြတ်အော်ပြီဆိုလျှင် အိပ်နေသော နို့စို့ကလေးက နိုးတော့သည်။ ငိုတော့သည်။ သည်ကောင် ငိုပြီဆိုပါက ထမင်းဟင်းကိစ္စ၊ လျှော်ဖွပ်သည့်ကိစ္စ၊ ကြက်စာကိစ္စ၊ ဘာမျှမလုပ်ရတော့။ အလုပ်ပျက်လေလေ ကြက်သားအုပ်မတွေကို စိတ်ထ လေလေ၊ သို့သော် အမုန်းကို လက်ဖြင့် ရုပ်လုံးမဖော်မိ။

နှင်းဆီကလေး သုံးလေးပင် စိုက်ထားမည်။ ဘုရားမတင်ရသည့်တိုင်အောင် အိုးလှ၏။ အပင်လှ၏။ လူမပန်စေရကာမူ ကြည့်ရသည်မှာ ကျက်သရေရှိသည်။ သည်အသိဖြင့် နှင်းဆီငါးမျိုးကို အိုးငါးလုံးနှင့် ဝယ်ထား၏။ တည်ကြက်သားအုပ်မတွေ၏ ရန်ကို သိ၍ ခါးလောက်မြင့်သော ခြံကာထားပါလျက် ခြံထဲဝင်၏။ အိုးပေါ်တက်သည်။ အားယူစ နှင်းဆီပင်ကလေးတွေ ကျွတ်ထွက်ကုန်အောင် ယက်ပစ်၏။

တောက်–မအေးပျို စိတ်ဆိုးလိုက်သည့်ဖြစ်ခြင်း။ တုတ်ရှည်ရှည်နှင့် သိမ်းပစ်ရလျှင် တစ်ကောင်နှစ်ကောင်တော့ ကျိုးပေမည်။ တုတ်ဖြင့်ရွယ်ပြီးကာမှ တုတ်ချ၍ လက်ဖြင့် ခြောက်လှန့်သည်။ သူတို့အပြစ်နှင့် သူတို့မို့ အလန့်တကြားပြေးရာ ကြက်သားအုပ်မတစ်ကောင်မှာ ခြံကပ်နှင့်ညပ်နေ၏။ စိတ်ဆိုးလျက်နှင့်ပင် မအေးပျို သည်ကြက်မကို လွှတ်ပေးပြီး ခြေနာကို ဆေးလိမ်းပေးလိုက်ရသေးသည်။

မအေးပျိုသည် နှင်းဆီပင်ကလေးတွေကို ပြန်စိုက်ရင်းက ''ဥလည်းမစားရ၊ အသားလည်းမစားရနဲ့၊ အကိုတို့များ ဘာဖြစ်လို့များ မွေးချင်ရပါလိမ့်''ဟု ဒေါသဖြေရင်း ရေရွတ်လေ၏။

(၃)

ညက အကိုအိမ်ပြန်မလာပေ။ ဝင်ငွေလစာကို မအပ်သည့်တိုင်အောင် ရုံးဆင်းချိန် အတိအကျကြီး မဟုတ်ပေမင့် သားမယားရှိရာ ကိုယ့်အိမ်ကိုယ့်ယာကိုတော့ အချိန်မှန်ပြန်သင့်သည်။

သန်းခေါင်သန်းလွဲမှ ပြန်လိုပြန်နှင့် နည်းနည်းတော့ လွန်ပြီထင်ပါလျက်နှင့် သူဘာသာသူသိပြီး တကယ်သိသောစိတ် ဖြစ်ပေါ်မှ ပြုပြင်လို့လွယ်တာပဲဟု ထင်နေဆဲလုံးဝပြန်မလာပြီ။ ကားပဲတိုက်သလား။ ခိုက်

ရန်ဒေါသပဲ ဖြစ်ပွားသလား။ အချုပ်အနှောင်ပဲ ခံရသလား။ အသတ်ပဲခံရသလား စသည်ဖြင့် လင်ကိုချစ်သောမယားမှာ တွေးပူရ၏။

နောက်တစ်နေ့ ညနေကျတော့ သူက ဘာမျှမချွတ်ယွင်းသည့်အတိုင်း ပြန်လာလိုက်သည်မှာ ကြော့ကြော့ကလေး၊ အပြုံးမပျက်၊ အရယ်မပျက်၊ မအေးပျိုကလည်း ကြည်သာစွာပင် ဆီးကြိုသည်။

သည်မှာ သူအလိုက်သိဖို့ကောင်း၏။ ကိုယ်က ချွတ်ယွင်းပျက်ကွက်နေလေသူ။ ညတုန်းက ဘယ်အကြောင်းကြောင့် ဘယ်လိုကဘယ်လိုဖြစ်သည် စသဖြင့် ပြောမည်လားဟု မအေးပျိုစောင့်၏။ သို့သော် သူမပြော။ ချက်ချင်းမပြော၍ ညတွင်ပြောမည်လားဟု စောင့်ဆိုင်းသည်။ အိပ်ပျော်သွားသည်အထိ အိမ်ပြန်မရောက်သည့်အကြောင်းကို စကားမဟပါလေ။

(၄)

ဟော–ယနေ့ညလည်း အကို ပြန်မရောက်ပြန်ချေ။ ချစ်လင်ပြန်မရောက်တော့ မအေးပျိုပူပန်ရ၏။ အိမ်အတွက် မပူရ၍ ဖဲတွေဘာတွေများ ကစားတတ်နေပြီလား။ အရက်များကော စတင်သောက်လေပြီလား။

မိုးလင်းသည်ဆိုလျှင် ကြက်တွေက ဦးစွာ ဆာလောင်ကြလေပြီ။ ကြက်စာထည့်နေစဉ် သမီးကြီးက ကျယ်လောင်စွာအော်သည်။

''မေမေရေ···မောင်လေး··မောင်လေး''

သမီးကြီးသည် အထိတ်တလန့်နှင့် ဆက်လက်မအော်နိုင်ရှာ။ မအေးပျို ဘာမျှမစဉ်းစားအား။ ကြက်စာတောင်းကိုပစ်ချကာ အိမ်ထဲသို့ပြေးဝင်လာသည်။ နို့စို့ကောင်သည် အိအိအသံထွက်လျက် မေးထိုးကာ တက်နေ၏။ သူကို နို့ညှာမကဖက်၍ နှစ်ယောက်လုံးကို အကြီးမက ပွေ့ထားသည်။

''သား··သားလေး''

မအေးပျို ဘယ်လိုအသက်ရှူမိသည်မသိ။ ကလေး၏ငယ်ထိပ်ကိုလည်း မူတ်၏။ အိမ်နီးချင်းတွေကိုလည်း အော်ခေါ်သည်။

ပန်းညိုရွက်ချေ၍ တေ့သူကတေ့၊ ကြက်သွန်ဥကိုဖောက်၍ ခေါင်းကမူတ်သူမူတ်၊ သကျည်းအထက်နားတွင် အလုံးရှိသည်ဆိုကာ ထောက်သူကထောက်နှင့် ဘယ်ဟာကြောင့်ရယ်မသိ။ ကလေးအတက်ကျသွား၏။

''ဒီကောင် ဘယ်လိုဖြစ်တာလဲ၊ တစ်ခါမှ မတက်ဖူးပါဘူး၊ အခုမှဖြစ်ရတယ်လို့ဟယ်''

''ကိုယ်လည်းမပူပါဘူးရှင်၊ အခုတက်မှ ကိုယ်လည်း တစ်ခါတည်းပူလာတာပါ''

ကလေးသည်တက်သည့်ဒဏ်ကြောင့် ညည်းညူရင်း မှိန်းနေလေသည်။ ကိုယ်ကား တဖြည်းဖြည်းတိုး၍ ပူလာ၏။

''ထပ်တက်မှာစိုးရတယ် အေးပျို၊ ကိုယ်ကလည်း ခြစ်နေပဲ''

အတွေ့အကြုံရှိပြီးသော မိန်းမတစ်ယောက်က သတိပေးသည့်ခဏတွင် မအေးပျိုသည် ကလေးနှစ်ယောက်နှင့် အိမ်ကို အိမ်နီးချင်းများ၏လက်သို့အပ်ကာ ကလေးဆေးရုံသို့ပြေးခဲ့၏။ အရေးဆိုလျှင် တက္ကစီဘယ်ဟာမှမလာ။

''အို–တက္ကစီပေါ်မှာ ကလေးတက်နေမှ ကူဖော်လောင်ဖက်မရှိနဲ့ ခက်နေမယ်''

မအေးပျိုသည် ဟီးနိုးအသေးတစ်စင်းပေါ်သို့ လုတက်သည်။ ကျပ်နေပြည့်နေသော ကားပေါ်တွင် ခေါင်းပေါ်က ကိုင်စရာတန်းမပါတာ ဆိုးလှ၏။ ရုတ်တရက်ထိုးရပ်၊ ရုတ်တရက် အရှိန်လျှော့လျှင် ကလေးကို လက်နှစ်ဖက်ဖြင့် ပွေ့ထားရသော မအေးပျိုမှာ လူအုပ်ပေါ်သို့ ပစ်လဲသည်။

တအင်အင်မြည်နေသော ကလေးကို ပွေ့လျက် လဲမလို၊ ပြိုမလဲဖြစ်နေသော မိန်းကလေးတစ်ယောက်အား ပင်နီတိုက်ပုံနှင့် လူကလည်း ကြောင်တောင်ကြည့်နေ၏။ မြင်းချေးရောင် တက်ထရက်တိုက်ပုံနှင့် လူရည်မွန်ကြီးက မမြင်ယောင်ဆောင်သည်။ လမ်းသရဲလိုလို၊ ဘာလိုလို ပုံပန်းမကောင်းသော စုတ်ချွန်းချွန်း ပေကပ်ကပ်ကောင်လေးတစ်ယောက်က ''အစ်မ ဒီမှာထိုင်ပါ'' ဆိုကာ နေရာပေး၍ တော်တော့သည်။ မအေးပျို ကျေးဇူးတင်စကား မဆိုအား။ ဆေးရုံသို့ မြန်မြန်ရောက်ချင်နေ၏။

ကီလိုလမ်းရောက်တော့ ကားပြောင်းစီးရသည်။ သို့သော် ကားက မလာ။ လာပြန်တော့ လူအပြည့်။ ရပ်မပေး၍ မလိုက်ရ။

မအေးပျို မစောင့်နိုင်။ ဆိုက်ကား ငှားရသည်။ မိုးရွာလာတော့မှ မိမိမှာ ထီးမပါကြောင်း သတိရ၏။ ဆိုက်ကားဆရာသာ ထီးမရှိသော ငမွဲဖြစ်လျှင် မအေးပျိုအခက်။

မအေးပျို၏ ဆိုက်ကားရှေ့တွင် ဟီးနိုးဘတ်စ်ကြီးတစ်စင်းက လာပိတ်နေသည်။ ဆိုက်ကားဆရာ ကျော်မတက်နိုင်မီ လေးဘီးတစ်စင်းက ဆိုက်ကားကိုကျော်တက်၏။ ဟီးနိုးက မှတ်တိုင်မှခွာရာ လေးဘီး တန့်သွားသည်။ ဖျပ်ခနဲ လေးဘီးပေါ် လှမ်းအကြည့်ဝယ် မအေးပျိုမျက်လုံးထဲမှာ မီးတောက်သွား၏။ နားထင်နားရင်းတွေ ပူတက်လာသည်။

ကြည့်ပါအုံး···အကို···အကို။

ဟုတ်ပါသည်။ အကို။ မအေးပျိုထက် ငယ်ပုံရသော မိန်းမတစ်ယောက်နှင့် ဒူးချင်းတေ့၊ နဖူးချင်းထိပြီး တပြုံးပြုံးနှင့် အကြည့်တွေ့သွားလိုက်ကြတာ။

ဟင်–သည်မှာမူ ကလေးတစ်ဖက်၊ အိမ်တစ်ဖက်၊ မွေးမြူရေးတစ်ဖက်နှင့်။ သူကတော့ သားမေ့၊ မယားမေ့။ ယခုဖောက်ပြန်နေပြီ။ အစဉ်တစိုက် တာဝန်ပျက်ကွက်ခြင်းကို သတိမရ၊ မပြုပြင်။ တိုး၍ဆိုးသည်။ ဆိုးသည်ထက် ဆိုးပြီ။

လစာမအပ်သည်ကို ကြည်ဖြူ၏။



အလယ်ကျူးသည်ကိုလည်း မအေးပျို ခွင့်လွှတ်၏။ အစဉ်တစိုက် လင်ခင်ပွန်းမဆန်သော ပျက်ကွက်မှုကို ခွင့်လွှတ်နိုင်ပေမယ့် ကိုယ့်ထံမှာထားသော အချစ်တရားကို သူတစ်ပါးထံ ခွဲဝက်ပြီဆိုခြင်းကို ခွင့်မလွှတ်နိုင်။

ပျောက်သွားသော လေးဘီးကားကို ကြည့်ရင်း မအေးပျို မျက်ရည်ကျလာသည်။ အကို့ကိုချစ်၍ အစစအရာရာ မအေးပျို ခွင့်လွှတ်ခဲ့ပြီ။ မအေးပျိုချစ်သလို အကိုကလည်း ပြန်ချစ်ရမည်။ ရာနှုန်းပြည့် ချစ်ရမည်။ အကို့အချစ်မှာ ရာနှုန်း ၅၀ လျော့ပြီ။ မအေးပျို၏ အသည်း ဖျတ်ဖျတ်လူးလေပြီ။

ဆေးရုံကို ဘယ်ပုံရောက်သည်မသိ။ အိမ်သို့ ဘတ်စ်ဖြင့် ပြန်သလား၊ တက္ကစီဖြင့် ပြန်သလား။ မအေးပျို အမှတ်မထားနိုင်ပါတော့ပြီ။

(၅)

အငယ်ကလည်း အငယ်ဆုံး။ သမီးတွေကြားထဲက သား။ သည်သား၏သတင်းကို အကိုသည် လမ်းထိပ်ကပင် ကြားခဲ့ဟန်ရှိသည်။

''သားရေ...သား။ သား နေမကောင်း လို့ဆို၊ ဖေဖေမရှိတုန်းမှ ဖြစ်ရသလား သားရယ်''

အကိုသည် အသံတုန်ဖြင့် ရေရွတ်လျက် အိမ်ပေါ်သို့ပြေးတက်လာ၏။

''သားလာ ဖေဖေ့ဆီလာ...သား''



သူသည် သားကိုပွေ့၏။ ကျောကိုစမ်းသည်။ လက်ကိုနမ်းသည်။ နဖူးကို ပါးနှင့် ကပ်ထား၏။

''အခုတော့ အေးနေပါကလား''

''ဖေဖေ...ဖေဖေ''

ကျန်ကလေးများကလည်း တညင်သားအမိတစ်အုပ်ကို အစာကျွေးနေရာက အကို့ထံပြေးလာကြသည်။ ပခုံးကိုဖက်သူဖက်၊ ဇက်ကို ခွသူခွနှင့်။

အကိုသည် ကလေးတွေကို မမာန်မဲပါ။ ကလေးတွေကို တပြုံးပြုံးနှင့် ကြည့်သည်။ တစ်ယောက်စီ၏ နဖူးကလေးတွေကို နမ်းသည်။

''နေကောင်းရဲ့လား''မေးကာ နဖူးကလေးတွေကို စမ်း၏။

ကလေးများနှင့်အကို့ကို မအေးပျိုသည် တွေတွေကလေးစိုက်ကြည့်နေသည်။ ကလေးတွေနှင့် လုံးလားထွေးလား ဖြစ်နေသော အကို၊ တပြုံးပြုံးနှင့် မွှေးမွှေးပေးနေသော အကို့။

မအေးပျို၏ရင်မှာ ချမ်းမြသည်။ မွှေးအေးသော ပန်းတောမှာ အမောဖြေရသလို ဖြစ်သွားသည်။ သို့သော် စိတ်သည် ဖျပ်ခနဲ လူပ်ရှားလျက် ကြည်လဲ့သော မျက်လုံးအစုံမှ မျက်ရည်ပေါက်များ လိမ့်ဆင်းလာတော့၏။

''ဟင်...အေး ငိုနေတယ်''

အကိုသည် ထိတ်လန့်စွာဆိုသည်။ အံ့သြသလိုလိုနှင့် မျက်လုံးပြူးသွားရာက ဆက်၍မေးပြန်သည်။

''အေး...ဘာဖြစ်တာလဲဟင်၊ ဘာဖြစ်လို့ ငိုတာလဲဟင်၊ အေး..အေး''

ပခုံးကိုကိုင်လူပ်ကာ အကိုက ပျာပျာသလဲ မေးလာပြန်တော့ မအေးပျို ဝိုလို့ဝမ်းနည်းရပေမယ့် အံ့ကိုကြိတ်၍ မျက်ရည်သုတ်လိုက်၏။ အကို့လက်များကိုလည်း ညင်သာစွာဖယ်ချလိုက်ပြီး အကို့ကို စူးစိုက်ကြည့်သည်။ ဩော်–သနားစရာ အကိုပါလား။ သူ ဘာမှမလုပ်သလို မျက်နှာငယ်လေးနှင့်...။

''အကို''

''ဘာလဲ အေးရယ်၊ အေး ငိုတာမြင်ရတော့ အကိုဝမ်းနည်းတယ်ကွာ''

မအေးပျို၏အသံက ထန်၏။ ဤသည်ကို အကို မရိပ်မိသည်လား။ ရိပ်မိသိရှိသည်

လား။ သို့သော် အကို့အသံကမူ ထုံးစံအတိုင်း ညင်သာပျော့ပျောင်းလေသည်။

''ကလေးတွေကို အကို ချစ်သလား ဟင်''

''ချစ်တာပေါ့ အေးရယ်၊ ဘယ့်နယ် ပြောပါလိမ့်''

''အေးကိုကော ချစ်သေးလား အကို''

အကိုကပြုံးလေသည်။ မအေးပျိုအား စူးစူးစမ်းစမ်းကြည့်သည်။ အေး..ဘာတွေ ပြောနေပါလိမ့်ဟု..။

''ဟင်–အကို၊ အေးကို ချစ်သေးရဲ့လား''

''ကနေ့မှ ဘာတွေ့လာပြီး ထူးထူးဆန်းဆန်းတွေ မေးနေတာလဲကွာ၊ ချစ်တယ်၊ ရှေးကအတိုင်း။ အရင်ကအတိုင်း ချစ်တယ်၊ သိပ်ချစ်တယ်၊ ကဲ––ကျေနပ်ပြီလား''

ပြုံးရုံမက အကိုရယ်မောရလေပြီ။ သို့တစေ မအေးပျိုက မရယ်မောချေ။

''မနက်တုန်းက သားလေးကိုကလေးဆေးရုံ သွားအပို့မှာ အကိုနဲ့ မိန်းမတစ်ယောက်ကို လေးဘီးကားပေါ်မှာ မြင်လိုက်တယ်၊ အကိုကသာ အကြည့်ဖုံးနေလို့ မမြင်ပေမယ့် အေးတို့က မြင်လိုက်တယ်''

''ဟို...ဟို...အာ...အဲဒါ...အေးမျက်စိ''

အကိုက ငြင်းကွယ်သောစကားကို သုံးပေမယ့် ထစ်အသည်၊ မျက်နှာပျက်သည် တို့က အကို့စကား မမှန်ရာကို ဆိုမည်ဟု ဖော်ပြနေကြသည်။

''အေးကို မကွယ်ပါနဲ့အကို။ အေး အပေါ်မှာ ထားတဲ့အချစ်ကို အကိုဟာ သူတစ်ပါးကို ခွဲဝေပေးခဲ့ပြီ၊ အကိုနဲ့ အိမ်ထောင်ရေးသက်တမ်းတစ်လျှောက်လုံးမှာ အေး အစဉ်ခွင့်လွှတ်တာကို အခွင့်ကောင်းယူတာလား အကို''

''ဒါက ဒီလိုပါ အေးရယ်''

''ကလေးတွေရဲ့ခေါင်းကိုနေမူအောင် အကို့လက်ဝါးနဲ့ ကာပါအကို၊ ဒီအိမ်ကြီးကို နေမူအောင်တော့ လက်ဝါးနဲ့ကာလို့ မရပါဘူး။ အကို အပြည့်အဝချစ်တဲ့ အကို့ သားသမီးတွေနဲ့ နေခဲ့ပါ၊ အေးအပေါ်မှာ မချစ်တော့တဲ့ အကိုနဲ့တော့ အေး မနေတော့ဘူး''

မအေးပျိုက ချာကနဲလှည့်၍ အခန်းထဲသို့ ဝင်ခဲ့သည်။ သူအသင့်ပြင်ထားသော

ကြည့်စမ်း၊

ကြက်အချင်းချင်းမှာတောင်

တန်းမစေ့တဲ့ တညင်မက

သူ့ရင်သွေးအတွက်

ရဲရင့်လိုက်တာ၊

သတ္တိပြောင်လိုက်တာ၊

ခွန်အားကြီးလိုက်တာ...

အဝတ်သေတ္တာနှင့် လက်ဆွဲခြင်းက အခန်းထဲမှာအသင့်။

''အေး–အေး။ အကို့ကို ဒီလို တစ်ဖက်သတ် မရက်စက်ပါနဲ့ကွာ''

အကိုက ကလေးကိုပွေ့လျက် အခန်းထဲသို့ ပြေးဝင်လာငြား မအေးပျိုက ပစ္စည်းများဆွဲ၍ အခန်းထဲမှထွက်လာပြီ။

''အေး။ ဒီလိုမလုပ်နဲ့လေ၊ အကို ရှင်းပြပါရစေအုံး၊ အကိုနဲ့ ဒီမိန်းမဟာ အဆက်အသွယ် မရှိပါဘူး။ ကားမရနိုင်လို့ 'ဆုံ'ပီး စီးလာရတာပါ''

''အေး အရမ်းမစွပ်စွဲဘူး အကို၊ ဘာမှ မပတ်သက်ရင် အကိုက ရှေ့ခန်းမှာ စီးပါတော့လား၊ ပီးတော့ ရယ်ရယ်မောမောနဲ့ ဒူးကိုကိုင်လိုက်၊ လက်နဲ့ပုတ်လိုက်၊ အို..ဖယ်ပါ''

အကို ဆွံ့အသည့်အခိုက် မအေးပျိုသည် အကို့အား ညင်သာစွာတိုး၍ဆင်းလာသည်။

''မေမေ...မေမေ''

သမီးနို့ညှာက ပြေးလိုက်လာ၏။

''သမီးတို့ကို အပြည့်အဝချစ်တဲ့ ဖေဖေဆီ သွားပါကွယ်၊ မေမေသွားမယ်''

မအေးပျိုအိမ်ပေါ်မှဆင်းခါနီး၌ ချိုးသိန်း တစ်ကောင်သည် အရှိန်ပြင်းစွာ ထိုးဆင်းလာသည်။ ကြက်မကြီးသည်အန္တရာယ်တွေ့သော အသံပေးကာ အတောင်ဖြန့်၍ ဝပ်လိုက်၏။ ကြက်ကလေးတွေ အတောင်အောက်သို့ ပြေးဝင်စဉ် ချိုးသိန်း၏ ခြေကြားမှာ တစ်ကောင်ပါသွားသည်။

ကြက်မကြီးသည် 'ကတော်သံ' တစ်ချက်ပေးပြီး လေထဲသို့ပြန်တက်ကာ ချိုးသိန်း၏အမြီးကို ခွပ်ချလိုက်၏။ ဖြုံဖြုံလုံးလုံးကလေးသည် ယက်ကန်ယက်ကန်နှင့် ကျလာသည်။ ကြက်မကြီးလည်း ချက်ချင်း ပျံဆင်းလာသော ချိုးသိန်းလက်မှလွတ်သော ကြက်ကလေးအနားတွင် အဆက်မပြတ် အော်ဟစ်နေ၏။ ကျန်သော ကြက်ကလေးတွေက ကြက်မကြီးထံသို့ပြေးသွားကြသည်။

မအေးပျိုသည် သေတ္တာနှင့်ခြင်းကို ချကာ ပြေးသွား၏။ အမွေးတွေပွလျက် ကြက်မကြီး ရန်စောင့်နေသည့်ကြားက ကြက်ကလေးကို ကောက်ယူကြည့်သည်။ တော်သေးရဲ့ ဘာမျှမဖြစ်။ သို့သော် အမွေးတွေ ပွပြီး မအေးပျိုအား ကြက်မကြီးက လှမ်းခွပ်သဖြင့် ထရပ်လိုက်သည်။ သခင်ကို ခွပ်ရကောင်းလားဟု မအေးပျို စိတ်မဆိုး။

''ကြည့်စမ်း၊ ကြက်အချင်းချင်းမှာတောင် တန်းမစေ့တဲ့ တညင်မက သူ့ရင်သွေးအတွက် ရဲရင့်လိုက်တာ၊ သတ္တိပြောင်လိုက်တာ၊ ခွန်အားကြီးလိုက်တာ''

မအေးပျို၏ရင်မှာ တဖျတ်ဖျတ် ခါလာသည်။ နာကျင်လာသည်။

''အကိုမကောင်းတာနဲ့ ငါ့ရင်သွေးတွေကို ပစ်ထားခဲ့ရင် ငါဟာ...အို''

အိမ်ခါးပန်းနှာသို့ မအေးပျိုရောက်သောအခါ သမီးကြီးက အိမ်ပေါ်မှ ဆီးဖက်သည်။

''မေမေ့ဟာတွေကို သမီးသိမ်းထားလိုက်ပီ၊ မေမေ မရှိရင် သမီးတို့ ဘယ်သူနဲ့ နေရမှာလဲ မေမေရယ်၊ ဖေဖေက သွားချင်ရာ လျှောက်သွားနေမှာ''

မအေးပျိုသည် စကားတတ်သော သမီးကြီးကို ဖက်ထားလိုက်စဉ် မျက်ရည်ပူများက အန်ကျလာရပြန်သည်။

ဆင်ဖြူကျွန်းအောင်သိန်း

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအကြောင်း သိကောင်းစရာကလေး

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း နေထိုင်လျက်ရှိတဲ့ ပြည်သူများနဲ့ လုပ်ငန်းရှင်များ၊ အိမ်ပိုင်၊ မြေပိုင်ရှင်များအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဖွဲ့စည်းထားသောရှိသော ဌာနများမှ ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းများအကြောင်းကို သိရှိ၊ မှတ်သား၊ လေ့လာနိုင်ရန်နဲ့ ရှင်းရှင်းလင်းလင်း သိရှိနားလည်စေရန်တို့အတွက် ဒီကဏ္ဍလေးကို စတင်ဖွင့်လှစ်လိုက်ပါတယ်။

မြူနီစီပါယ်(ဝါ) စည်ပင်သာယာအခွန်အခများသည်ကား ယခုမှမဟုတ် ရှေးအခါကာလများကပင် ကောက်ခံခဲ့ရသည်သာ ဖြစ်၏။

၁၈၇၄ ခုနှစ် မြူနီစီပါယ်ဥပဒေနှင့် ၁၉၉၂ ခုနှစ် ရန်ကုန်မြူနီစီပါယ်အက်ဥပဒေများအရ–

''စည်ပင်သာယာကော်မတီအနေဖြင့် အိမ်၊ မြေ၊ လှေ၊ လှည်း၊ ယာဉ်၊ တိရစ္ဆာန်များအတွက် အခွန်ကောက်ခံခွင့်၊ ဈေး၊ သားသတ်ရုံနှင့် ဆိပ်ကမ်းများအတွက် လိုင်စင်များ ချပေးခွင့်တို့ရှိသည်။ ထို့အပြင် ရေခွန်၊ မီးခွန်၊ သန့်ရှင်းရေးခွန်များ ကောက်ခံခွင့်လည်းရှိသည်။ ယင်းအခွန်များအနက် အိမ်ခွန်၊ သန့်ရှင်းရေးခွန်၊ မီးခွန်၊ ရေခွန်တို့ကို စုစည်း၍ ပစ္စည်းခွန် (Property) ဟုခေါ်ပြီး ထိုပစ္စည်းခွန်စည်းကြပ်ရေးအား ရာပြတ်ဌာန (Assessor's Department) ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့၏''။

ယနေ့ မြို့တော်သူမြို့တော်သားများ သိပ်နားမလည် သဘောမပေါက်ကြသည့် အခွန်အခများမှာ အများအားဖြင့် ရာပြတ်ဌာနမှ စည်းကြပ်သည့် ပစ္စည်းခွန် (Property Tax) များက အဓိကဟု ထင်ပါ၏။ ထို့ကြောင့် ရာပြတ်ဌာနနှင့်ဆိုင်သည်များကို ဦးစွာတင်ပြလိုပါသည်။

ရာပြတ်ဆိုသည့် အဓိပ္ပါယ်

ရာပြတ်ဆိုသည်မှာ ပဂ္ဂလိကနှင့် အဖွဲ့အစည်းများပိုင် မရွေ့မပြောင်းနိုင်သည့် မြေနှင့်အဆောက်အအုံပေါ်၌ ရာပြတ်တန်ဖိုးသတ်မှတ်၍ လအလိုက်၊ နှစ်အလိုက် အခွန်ကောက်ခံနိုင်ရေးအတွက် ပစ္စည်းတန်ဖိုး သတ်မှတ်ခြင်းဖြစ်ပါသည်။ ယင်းပစ္စည်းတန်ဖိုးအား သတ်မှတ်ဆုံးဖြတ်ပေးသူ (Assessor) ဟု အဓိပ္ပါယ်ရပြီး ယင်းမြေနှင့် အိမ်တန်ဖိုးများဖြတ်ဆို၍ အခွန်စည်းကြပ်ရသော ဌာနသည် ယခု စည်းကြပ်ရေးဆောင်ရွက်နေသည့် ရာပြတ်ဌာန (Assessor's Department) ပင် ဖြစ်သည်။

လူနေအဆောက်အအုံ/အခန်းများ၊ ကိုယ်ပိုင်ဈေးများ၊ ဆိုင်ခန်းများ၊ ပဂ္ဂလိကရုံးရှင်ရုံများ၊ ကပွဲများ၊ ကုမ္ပဏီရုံး၊ ပဂ္ဂလိကဆေးရုံ ဆေးခန်းများ၊ စက်ရုံ၊ အလုပ်ရုံများ၊ ကုန်တိုက်များ၊ ကွန်ဒို‌မီနီယမ်၊ ပလာဇာ၊ တာဝါများ၊ ကိုယ်ပိုင်ကျောင်းများ၊ အပန်းဖြေစခန်းများ၊ ဂေါက်ကွင်းများ၊ Shopping Mall များ၊ အဆင့်မြင့် လူနေ အဆောက်အအုံ၊ စီးပွားရေးအဆောက်အအုံများ၊ Hyper Market များ၊ ပဂ္ဂလိကပိုင် စက်သုံးဆီအရောင်းဆိုင်များ၊ ပဂ္ဂလိကဘဏ် များ၊ စီးပွားရေးဇုန်ရှိ အဆောက်အအုံ/အခန်းများ၊ ကားအရောင်း ပြခန်းများကို စည်းကြပ်ဆောင်ရွက်ပါသည်။

၂၀၁၃ ခုနှစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေ ပုဒ်မ–၂၊ ပုဒ်မခွဲ(ဖ)တွင် အခွန်ဆိုသည်မှာ ဤဥပဒေအရ စည်းကြပ်သည့် အခွန်အရပ်ရပ်ကိုဆိုသည်ဟု ဖော်ပြပြီး ပုဒ်မခွဲ(ဘ)တွင် ပစ္စည်းခွန်ဆိုသည်မှာ မြေဖြစ်စေ၊ အဆောက်အအုံဖြစ်စေ၊ မြေနှင့် အဆောက်အအုံဖြစ်စေ ၎င်းတို့၏ နှစ်စဉ်တန်ဖိုးအပေါ် သတ်မှတ်သော ရာခိုင်နှုန်းဖြင့် ကောက်ခံသော အခွန်ကိုဆိုသည်။ ယင်းစကားရပ်တွင် အထွေထွေခွန်၊ မီးခွန်၊ ရေခွန်၊ အမှိုက်နှင့် အညစ်အကြေးခွန်တို့ ပါဝင်သည်။

(က) **အထွေထွေခွန်**

အထွေထွေခွန်ဆိုသည်မှာ အများပြည်သူဆိုင်ရာ လမ်းများ၊ တံတားများ၊ ရေမြောင်းများ၊ ဈေးများ၊ ပန်းခြံများ၊ အားကစားကွင်းစသည်များ တည်ဆောက်ခြင်း၊ ဖောက်လုပ်ခြင်း၊ ပြုပြင်ထိမ်းသိမ်းခြင်းတို့အတွက် ကုန်ကျစရိတ်များ ကာမိစေရန် စည်းကြပ်သည့် အခွန်ကို ဆိုသည်။

(ခ) **မီးခွန်**

မီးခွန်ဆိုသည်မှာ အများပြည်သူဆိုင်ရာ လမ်းများ၊ တံတားများ

တွင် မီးထွန်းပေးခြင်းအတွက် စရိတ်ကျခံနိုင်စေရန် စည်းကြပ်ကောက်ခံသော အခွန်ကိုဆိုသည်။

(ဂ) **ရေခွန်**

ရေခွန်ဆိုသည်မှာ ကော်မတီက ရေဖြန့်ဝေပေးခြင်းအတွက် ကောက်ခံသည့် အခွန်ကိုဆိုသည်။

(ဃ) **အမှိုက်နှင့် အညစ်အကြေးခွန်**

အမှိုက်နှင့် အညစ်အကြေးခွန်ဆိုသည်မှာ အမှိုက်နှင့် အညစ်အကြေးများ စုစည်းသိမ်းဆည်းခြင်း၊ စွန့်ပစ်ခြင်း၊ ဖျက်ဆီးခြင်း၊ မိလ္လာသန့်စင်ခြင်း လုပ်ငန်းများနှင့် ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများရှင်းလင်းခြင်းတို့အတွက် ဆောင်ရွက်ရသည့် စရိတ်များအား ကျခံနိုင်စေရန် စည်းကြပ်သည့်အခွန်ကို ဆိုသည်။

နှစ်စဉ်တန်ဖိုး။ နှစ်စဉ်တန်ဖိုးဆိုသည်မှာ ပစ္စည်းခွန်စည်းကြပ်မည့် မြေနှင့် အဆောက်အအုံကို အသုံးအဆောင် ပရိဘောဂမပါဝင်ဘဲ ငှားရမ်းပါက တစ်နှစ်အတွက်ရရှိနိုင်မည်ဟု မျှော်မှန်းထားသော တန်ဖိုးငွေကိုဆိုသည်။ ယင်းစကားရပ်တွင် ပစ္စည်းခွန်စည်းကြပ်မည့် မြေနှင့် အဆောက်အအုံ၏ တန်ဖိုးအပေါ် ကော်မတီက အခါအားလျော်စွာ သတ်မှတ်သည့် ရာခိုင်နှုန်းအရ ရရှိမည့်တန်ဖိုးငွေလည်း ပါဝင်သည်။

မည်သည်တို့ကို စည်းကြပ်ပါသလဲ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ၊ နည်းဥပဒေများအရ မြေနှင့်အဆောက်အအုံများ၏ နှစ်စဉ်တန်ဖိုး၏ ၂၀%အား အထွေထွေခွန်၊ ၅%အား မီးခွန်၊ ၁၂%အား ရေခွန်နှင့် ၁၅% အား အမှိုက်နှင့် အညစ်အကြေးခွန် စည်းကြပ်နိုင်ပြီး ယခုအခါ ပုဂ္ဂလိကပိုင်မြေနှင့် အဆောက်အအုံများအပေါ် အထွေထွေခွန် ၈%နှင့် မီးခွန် ၅%၊ အချို့မြို့နယ်များတွင် ရေခွန်နှုန်းနိမ့် ၃.၂၅%သာ စည်းကြပ်ပြီး ဌာနဆိုင်ရာ အဆောက်အအုံများတွင် အမှိုက်နှင့် အညစ်အကြေးခွန် ၆.၅% မှ ၈.၅%ထိ စည်းကြပ်ပါသည်။

ပစ္စည်းခွန်စည်းကြပ်သည့် အမျိုးအစားခွဲခြားပုံ

ပစ္စည်းခွန်စည်းကြပ်သည့် အမျိုးအစားများမှာ ပုဂ္ဂလိကပိုင်၊ အစိုးရပိုင်နှင့် အဖွဲ့အစည်းများပိုင် အဆောက်အအုံနှင့် မြေများ ဖြစ်ပါသည်။

ပစ္စည်းခွန်စည်းကြပ်ခြင်းမှ
လွတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်သည့် ပစ္စည်းများ

(က) အများပြည်သူတို့ ဘုရားရှိခိုးရန်သက်သက် လက်ရှိနေထိုင်သည့် အဆောက်အအုံနှင့်မြေများ(ကျောင်းတိုက်များ ဘုရားဝတ်ပြုရှိခိုးရန်မဟုတ်ဘဲ အဆိုပါ ကျောင်းတိုက်ပိုင်အဆောက်အအုံ၊ မြေယာအစိတ်အပိုင်းတစ်ခုခုကို အခကြေးငွေဖြင့် ငှားရမ်းလျှင် အခွန်စည်းကြပ်ခွင့်ရှိသည်။)

(ခ) စည်ပင်သာယာရေးကော်မတီ လက်ဝယ်ပိုင်ဆိုင်ထားသည့်

(သို့) လွှဲအပ်ထားသောမြေနှင့် အဆောက်အအုံများ၊

(ဂ) လူသေအလောင်းသင်္ဂြိုလ်ရာ သုသာန်မြေများ၊

(ဃ) နိုင်ငံတော်အစိုးရ၏ အမိန့်တစ်စုံတစ်ရာပါရှိပါက လူတစ်ဦး၊ လူမျိုး(သို့)ပစ္စည်းတစ်စုံတစ်ရာအပေါ် အခွန်ငွေအားလုံး(သို့) တစ်စိတ် တစ်ဒေသကို လျော့ပေါ့ပေးသည်။

(င) ဆင်းရဲနွမ်းပါးသဖြင့် အခွန်မပေးဆောင်နိုင်ဟု ယူဆရသည့် မည်သူကိုမဆို အခွန်တစ်စုံတစ်ရာ ပေးဆောင်ခြင်းမှ တစ်နှစ်ထက်မပိုသည့် ကာလအပိုင်းအခြားအတွင်း အခွန်ငွေအားလုံးကိုဖြစ်စေ (သို့) တချို့တစ်ဝက်ကိုဖြစ်စေ လွတ်ငြိမ်းချမ်းသာခွင့် ပေးနိုင်ပါသည်။

ပစ္စည်းခွန်စည်းကြပ်ရန် ရာပြတ်တန်ဖိုးသတ်မှတ်ခြင်း

ပစ္စည်းခွန်ကို တစ်နှစ်အတွက်တန်ဖိုး (Annual Value) အပေါ် အခြေခံ၍ တွက်ချက်ရသည်ဟု ပြဋ္ဌာန်းထားပါသည်။ တစ်နှစ်အတွက် တန်ဖိုးဆိုသည်မှာ အခွန်းစည်းကြပ်ထိုက်သည့် အဆောက်အအုံနှင့် မြေများအား တစ်နှစ်ငှားရမ်းလျှင် ရနိုင်မည်ဟု မျှော်လင့်ဖွယ်ရှိသော ငှားရမ်းခပေါင်းကို ဆိုလိုကြောင်း ပြဋ္ဌာန်းထားပါသည်။ တစ်နှစ်အတွက် အခွန်စည်းကြပ်ပေးသည့် အစိုးရအဆောက်အအုံများကို တစ်နှစ်အတွက် တန်ဖိုးကိုအခြေခံ၍ ပစ္စည်းခွန်တွက်ချက်ပြီး (၆)လ (နှစ်ဝက်) တစ်ကြိမ်စည်းကြပ်သည့် ပုဂ္ဂလိကပိုင် အဆောက်အအုံများကိုမူ တစ်လအတွက် တန်ဖိုး(သို့) လစဉ် ရာပြတ်တန်ဖိုး (Monthly Rateable Value) ကို အခြေခံ၍ ပစ္စည်းခွန်ကို တွက်ချက်ပါသည်။ နှစ်စဉ်တန်ဖိုးနှင့် လစဉ်တန်ဖိုးများ သတ်မှတ်ရာတွင် အဆောက်အအုံ တစ်စတုရန်းပေနှင့် မြေတစ်စတုရန်းပေတို့၏ တန်ဖိုးနှုန်းထားများအပေါ် အခြေခံ၍ အဆောက်အအုံတန်ဖိုး၏ (၆%)၊ မြေတန်ဖိုး၏ (၃%)ဖြင့် နှစ်စဉ်(သို့) လစဉ် ရာပြတ်တန်ဖိုး တွက်ချက်ပါသည်။ ယင်းသို့ တွက်ချက်သတ်မှတ်ပြီးမှ အောက်ပါပစ္စည်းခွန်များဖြစ်သည့် အထွေထွေခွန်ကို (၈%)၊ မီးခွန်ကို (၅%)၊ စုစုပေါင်း (၁၃%)ဖြင့် သတ်မှတ်နှုန်းထားအတိုင်း ပစ္စည်းခွန်စည်းကြပ်ရပါသည်။

သာမန်လူနေအဆောက်အအုံစည်းကြပ်ခြင်း

လူနေထိုင်ရုံသက်သက် အသုံးပြုသည့် ပုဂ္ဂလိကပိုင်မြေနှင့် အဆောက်အအုံများကို စည်းကြပ်ခြင်းဖြစ်ပါသည်။ လမ်းအကျဉ်းအကျယ်၊ အဆောက်အအုံ အမျိုးအစားများဖြစ်သော တိုက် (RC)၊ အုတ်နံကပ်၊ ပျဉ်/သွပ်ဖြင့် ဆောက်လုပ်သည့်အပေါ် ပထမတန်းစား၊ ဒုတိယတန်းစား၊ တတိယတန်းစား မြို့နယ်များအလိုက် အဆောက်အအုံ တစ်စတုရန်းပေနှုန်းထား။ မြေ တစ်စတုရန်းပေနှုန်းထားများဖြင့် တွက်ချက်စည်းကြပ်ပါသည်။

ကွင်းဆင်းစစ်ဆေးခြင်း

(က) မြေပိုင်ဆိုင်မှု၊ မြေအမျိုးအစား၊ မြေအတိုင်းအတာ၊

(ခ) အဆောက်အအုံ ပိုင်ဆိုင်မှု၊ အဆောက်အအုံ အမျိုးအစား၊ အတိုင်းအတာ၊

(ဂ) အဆောက်အအုံတည်နေရာ၊ လူနေထိုင်မှု ရှိ/မရှိ၊ အိမ်ငှားရမ်းထားခြင်း ရှိ/မရှိ၊

(ဃ) အဆောက်အအုံကို စည်ပင်သာယာမှ ဆောက်လုပ်ခွင့်ပြုမိန့် ရယူထားခြင်း ရှိ/မရှိ၊

(င) အဆောက်အအုံ၏ ခြံဝင်းအတွင်း စက်ရုံ၊ အလုပ်ရုံ၊ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခြင်း ရှိ/မရှိ စသဖြင့် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရပါသည်။

အကြောင်းကြားစာ(နှိုးတစ်)ပေးပို့ခြင်း

ကွင်းဆင်းစစ်ဆေးချက်အပေါ်မူတည်၍ တွက်ချက်ရရှိလာသည့် ပေးဆောင်ရန် ပစ္စည်းခွန်အား အခွန်ထမ်းသို့ မည်သည့်

ကာလမှစ၍ အခွန်ငွေမည်မျှ စည်းကြပ်ပါကြောင်း အကြောင်းကြားပါသည်။ အခွန်စည်းကြပ်မှုအပေါ် တစ်စုံတစ်ရာ ကန့်ကွက်လိုပါက အိမ်သစ် (New House) ဖြစ်ပါက ရက်ပေါင်း (၂၀)အတွင်း လည်းကောင်း၊ အခါအားလျော်စွာ အခွန်လျှော့၊ အခွန်တိုး (Occasionally Revise) ဖြစ်ပါက ရက်ပေါင်း (၃၀)အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း အခွန်ထမ်းပြည်သူထံ တစ်စုံတစ်ရာ ကန့်ကွက်ချက်ရှိလာပါက အဆိုပါ ကန့်ကွက်ချက်အပေါ် ပြန်လည်စိစစ်၍ စည်းကြပ်မှုကိုပြင်ဆင်သင့်လျှင် ပြင်ဆင်ပေးခြင်း၊ ပြင်ဆင်ပေးရန်မလိုပါက ကန့်ကွက်ချက်အပေါ် ဆောင်ရွက်ရန်မဖြစ်နိုင်ကြောင်း ပြန်ကြားပါသည်။

ပစ္စည်းခွန်ပြေစာထုတ်ပေခြင်း/ကောက်ခံခြင်း

အခွန်ထမ်းပြေစာများကို ခွဲတမ်းအမှတ်၊ အခွန်ထမ်း အမည်၊ လိပ်စာ၊ စည်းကြပ်သည့် ဘဏ္ဍာနှစ် (၆)လပတ် ပစ္စည်းခွန်ငွေ ဖော်ပြလျက် စီမံရေးရာဌာနက သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးထံ အကြောင်းကြားပေးပို့ပြီး ပြေစာများ လာရောက်ထုတ်ယူစေ၍ အခွန်ထမ်းများထံ ဝန်ထမ်းများဖြင့် ရပ်ကွက်အလိုက် ကောက်ခံစေပါသည်။

ပစ္စည်းခွန်ပြေစာများ အကြောင်းအမျိုးမျိုးကြောင့် ကောက်ခံမရလျှင်

ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ခြင်း၊ ပြန်လည် ကွင်းဆင်း စစ်ဆေးစေခြင်းတို့ကို ဆောင်ရွက်၍ ပယ်ဖျက်သင့်သည်များကို စနစ်တကျ ပယ်ဖျက်ပါသည်။

အဆောက်အအုံများ မီးလောင်ကျွမ်းခြင်း၊ ဖျက်သိမ်းပြောင်းရွှေ့ခြင်း၊ နေရပ်လိပ်စာ၊ အခွန်ထမ်းအမည် လွဲမှားခြင်း၊ အဆောက်အအုံသစ် ဆောက်လုပ်ရန်အတွက် အဆောက်အအုံဟောင်းအား ဖျက်သိမ်းခြင်း၊ သဘာဝဘေးအန္တရာယ် တစ်မျိုးမျိုးကြောင့် အဆောက်အအုံပျက်စီးခြင်းတို့ကြောင့် ကောက်ခံမရရှိပါက ယင်းတို့ကို အချိန်နှင့်တပြေးညီ ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ရပါသည်။ ယင်း ကောက်ခံမရနိုင်သည့် ပစ္စည်းခွန်ပြေစာများကို စည်းကြပ်မှု မြို့နယ်ခွဲ ပုံစာရင်းမှ ပယ်ဖျက်ခြင်းတို့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရပါသည်။

ပယ်ဖျက်ပေးရန် သင့်လျော်ကြောင်း စစ်ဆေးတွေ့ရှိမှုအတိုင်း ယင်းအဆောက်အအုံများကို မှီရာကာလတွင် ပယ်ဖျက်နိုင်ရေး အဆင့်ဆင့်တင်ပြပြီး ခွင့်ပြုမိန့်ရလျှင် ယင်းအဆောက်အအုံများ၏ အခွန်ငွေများကို စာရင်းမှ ပယ်ဖျက်ပေးပါသည်။

လမ်းအမည်/အိမ်နံပါတ်များ သတ်မှတ်ပေးခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်ကြီးအား ခေတ်မီအဆင့်မြင့်မြို့တော်ကြီး ဖြစ်လာစေရန် မြို့အတွင်းရှိ လမ်းများ၊ အဆောက်အအုံအသီးသီး၏ အမည်၊ နံပါတ်များ စနစ်တကျသတ်မှတ် ဆောင်ရွက်ရပါသည်။

များပြားလာသည့် လမ်းများ၊ အဆောက်အအုံများကို အမည် နံပါတ်များသတ်မှတ်ရာတွင် လွဲမှားမှုမရှိစေရေး၊ အုပ်ချုပ်ရေး၊ ဆက်သွယ်ရေး လွယ်ကူမှန်ကန်မှုရှိရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ရာပြတ်ဌာနတို့ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရပါသည်။

လမ်းအမည်ပေးခြင်းကို ယခုအခါ လမ်း/တံတား(အင်ဂျင်နီယာဌာန)မှ ဆောင်ရွက်ပြီး၊ အိမ်နံပါတ်ပေးခြင်းကို မြို့သစ်၊ ရပ်ကွက်အသစ်များ ထပ်မံတိုးချဲ့ဆောက်လုပ်ခြင်း၊ ပြည်သူလူထုမှ အိမ်နံပါတ် သတ်မှတ်ပေးရန် လျှောက်ထားတင်ပြလာလျှင် ရာပြတ်ဌာနမှ ဆောင်ရွက်ပေးပါသည်။

အခွန်ထမ်းအမည်ပြောင်းလဲပေးခြင်း

ဌာနမှ စည်းကြပ်သော ပစ္စည်းခွန်ပြေစာတွင် မြေနှင့် အဆောက်အအုံအား အမှန်တကယ်ပိုင်ဆိုင်သူ၏ အမည်ဖြင့် ထွက်ရှိနေမှသာ ပစ္စည်းခွန်ကောက်ခံရာတွင်လည်းကောင်း၊ အဆောက်အအုံပြင်ဆင်၊ တိုးချဲ့အသစ်ဆောက်လုပ်ရာတွင် လည်းကောင်း၊ ရေဆက်သွယ်ခြင်း၊ ရေစက်တပ်ဆင်ခြင်း၊ တိုက်ခန်း၊ အဆောက်အအုံတွင် စီးပွားရေးလုပ်ငန်း ဖွင့်လှစ်လုပ်ကိုင်ရန် လိုင်စင်လျှောက်ထားခြင်း၊ မြို့တော်ဘဏ်မှ ငွေချေးယူခြင်းတို့ ဆောင်ရွက်ရာ၌ လွယ်ကူလျင်မြန်ချောမွေ့မည် ဖြစ်ပါသည်။ ပြည်သူလူထုမှ တင်ပြလျှောက်ထားလာသော အခွန်ထမ်းအမည်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြောင်းလဲဆောင်ရွက်ပေးပါသည်။

အခွန်ပေးဆောင်ရန်တာဝန်မည်သူမှာ ရှိပါသလဲ

ပစ္စည်းခွန်များပေးဆောင်ရန်အတွက် အမှန်စည်းကြပ်သော မြေနှင့် အဆောက်အအုံပိုင်ရှင်(သို့) နေထိုင်သူတို့ အခွန်ပေးဆောင်ရန် တာဝန်ရှိသည်။

တန်ဖိုးဖြတ်ခြင်းစနစ်များ

ပစ္စည်းတန်ဖိုးဖြတ်ခြင်း နည်းစနစ်(၅)မျိုးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) Comparison Method

(ခ) Cost Method

(ဂ) Investment Method

(ဃ) Profit Method

(င) Residual Method များဖြင့် ဈေးကွက်နှင့်ပတ်သက်သည့် စီးပွားရေးအချက်အလက်များ၊ ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်အနေအထားတို့အပေါ်မူတည်၍ နှစ်စဉ်/လစဉ် တန်ဖိုးကိုသတ်မှတ်ပါသည်။ မြေနှင့်ပတ်သက်၍ အခြေခံအချက်အလက်များ(မြေပိုင်ဆိုင်မှု၊ မြေအမျိုးအစားနှင့် မြေသုံးစွဲမှုများ)အဆောက်အအုံနှင့် ပတ်သက်၍ အခြေခံအချက်အလက်များ(ပုံသဏ္ဌာန်အရွယ်အစား၊ အတိုင်းအတာ၊ အသုံးပြုသည့် ပစ္စည်းအမျိုးအစားများ)ကို အသေးစိတ်စိစစ်၍ စည်းကြပ်သည့်စနစ်နှင့်အညီ

(က) ဝင်ငွေခွန် ၁၀% လျှော့၍ ကျန်ငွေပေါ်တွင်

(ခ) အဆောက်အအုံ ပြုပြင်မွမ်းမံစရိတ် ၂၅%လျှော့၍ ကျန်ငွေပေါ်တွင်

(ဂ) အထွေထွေစရိတ် ၂၅% စသည့် သက်သာခွင့်များကို လျှော့ပေါ့နှုတ်ပယ်ပြီး လစဉ် ရာပြတ်တန်ဖိုးသတ်မှတ်၍ သတ်မှတ်ရာခိုင်နှုန်းအတိုင်း တွက်ချက်ပြီး ဘဏ္ဍာရေးနှစ်အလိုက်/ကာလအပိုင်းအခြားအလိုက် စည်းကြပ်ဆောင်ရွက်လျက်ရှိပါသည်။

စက်ရုံ၊ အလုပ်ရုံများအပေါ် ပစ္စည်းခွန်စည်းကြပ်ခြင်း

နည်းဥပဒေအခန်း(၃)၊ နည်းဥပဒေ(၁၈)အရ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်းရှိ မြေနှင့် အဆောက်အအုံများအပေါ်

ပစ္စည်းခွန်စည်းကြပ်ခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် နည်းစနစ်များနှင့် နှုန်းစဉ်တန်ဖိုးကို သတ်မှတ်ရမည်။ အဆိုပါ မြေနှင့် အဆောက်အအုံများတွင် စီးပွားရေးလုပ်ငန်းအလို့ငှာ စက်ယန္တရား (သို့မဟုတ်) စက်မှုကိရိယာများ တပ်ဆင်ထားပါက ယင်းတို့ကို နှုန်းစဉ်တန်ဖိုး သတ်မှတ်ရာ၌ ထည့်သွင်းတွက်ချက်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။

ပစ္စည်းခွန်စည်းကြပ်ရန် လိုအပ်ချက်များ

အောက်ပါအချက်အလက်များ။ စာရွက်စာတမ်းများ။ ဓာတ်ပုံမိတ္တူများ လိုအပ်ပါသည်–

(က) အဆောက်အအုံတစ်ခုစီ၏ အတိုင်းအတာ/အမျိုးအစား
(ခ) မြေအကျယ်အဝန်းနှင့် အမျိုးအစား
(ဂ) မြေဂရန်ဓာတ်ပုံမိတ္တူ
(ဃ) အသုံးပြုသော စက်ပစ္စည်းများစာရင်းနှင့် ခန့်မှန်းတန်ဖိုး
(င) မြို့တော်စည်ပင်လုပ်ငန်းလိုင်စင် ဓာတ်ပုံမိတ္တူ
(စ) ကုမ္ပဏီမှတ်ပုံတင်ဓာတ်ပုံမိတ္တူ
(ဆ) Form VI,XXVI ဓာတ်ပုံမိတ္တူ
(ဇ) မြေနှင့် အဆောက်အအုံတို့ကို ငှားရမ်းခြင်း ဖြစ်ပါက ငှားရမ်းစာချုပ်ဓာတ်ပုံမိတ္တူများ

ပစ္စည်းခွန်တွက်ချက်ခြင်း

အောက်ပါအတိုင်း ပစ္စည်းခွန်တွက်ချက်ပါသည်–

(က) မြေ၏ နှုန်းစဉ်တန်ဖိုး = မြေ၏တန်ဖိုး x ၃%
(ခ) အဆောက်အအုံ၏ နှုန်းစဉ်တန်ဖိုး = အ/အုံတန်ဖိုး x ၆%
(ဂ) စက်ပစ္စည်း၏နှုန်းစဉ်တန်ဖိုး = စက်ပစ္စည်းတန်ဖိုး x ၆%
(ဃ) နှုန်းစဉ်တန်ဖိုးစုစုပေါင်း = မြေ၏နှုန်းစဉ်တန်ဖိုး +
အ/အုံ၏ နှုန်းစဉ်တန်ဖိုး +
စက်ပစ္စည်း၏ နှုန်းစဉ်တန်ဖိုး
(င) ကျသင့်ပစ္စည်းခွန် = နှုန်းစဉ်တန်ဖိုးစုစုပေါင်း x ၁၃%
အထွေထွေခွန် ၈% = နှုန်းစဉ်တန်ဖိုးစုစုပေါင်း x ၈%
မီးခွန် ၅% = နှုန်းစဉ်တန်ဖိုးစုစုပေါင်း x ၅%
စုစုပေါင်းပစ္စည်းခွန် ၁၃% = အထွေထွေခွန် ၈%
+ မီးခွန် ၅%

ပစ္စည်းခွန်စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်း

ပစ္စည်းခွန်များတွက်ချက်၍ အတည်ပြုချက်ရရှိပါက ဤ ရုံးမှတ်ပုံတင်စာအုပ်တွင် စာရင်းထည့်သွင်း၍ ပစ္စည်းခွန်စည်းကြပ်ပြီး အခွန်ပေးဆောင်ရန် နှိုးဆော်စာပေးပို့ ဆောင်ရွက်ရပါသည်။

ပစ္စည်းခွန်စည်းကြပ်ရာတွင် ဘဏ္ဍာရေးနှစ် တစ်နှစ်အတွက် တစ်ကြိမ်သာစည်းကြပ်ကောက်ခံပါသည်။ ကျသင့်ငွေအား ဌာနသို့ တိုက်ရိုက်ဆက်သွယ်ပေးဆောင်ရန် ဖြစ်ပါသည်။ မှတ်ပုံတင်စာအုပ်တွင် စာရင်းသွင်း မှတ်တမ်းတင်ထား၍ နှုန်းစဉ်ပေးဆောင်ရန် အခွန်ထမ်းတွင် တာဝန်ရှိပါသည်။

လုပ်ငန်းရှင်များမှ တင်ပြရန်လိုအပ်ခြင်း

အကြောင်းတစ်ခုခုကြောင့် လုပ်ငန်းမလည်ပတ်နိုင်၍ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းများပိတ်သိမ်းပါက လုပ်ငန်းပိတ်သိမ်းကြောင်း တင်ပြလွှာနှင့်အတူ သက်ဆိုင်ရာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ၏ ထောက်ခံချက်ရယူတင်ပြရန် လိုအပ်ပါသည်။

စီးပွားရေးလုပ်ငန်းအတွက် အသုံးပြုသော စက်ရုံ၊ အလုပ်ရုံ ပိုင်ရှင်(သို့မဟုတ်)အသုံးပြုသူသည်–

(က) လုပ်ငန်းသဘာဝအလျောက် စက်ရုံ၊ အလုပ်ရုံ ပိတ်ထားရသည့် အချိန်ကာလအတွက် ပစ္စည်းခွန်လျှော့ပေါ့ရန် (သို့မဟုတ်) ပြန်အမ်းရန် တောင်းခံပိုင်ခွင့်မရှိစေရ။
(ခ) လုပ်ငန်းသဘာဝနှင့် လုံးဝပတ်သက်ခြင်းမရှိဘဲ စက်ရုံ၊ အလုပ်ရုံ၊ ပိတ်ထားရလျှင် အဆိုပါပိတ်ရက်များအတွက် ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပစ္စည်းခွန် လျှော့ပေါ့ရန်(သို့မဟုတ်) ပြန်အမ်းရန် တောင်းခံပိုင်ခွင့်ရှိသည်။

အကယ်၍ လုပ်ငန်းပိတ်သိမ်းကြောင်း တင်ပြခြင်းမရှိပါက နှစ်စဉ် ပစ္စည်းခွန် ဆက်လက်စည်းကြပ်မှု မှတ်ပုံတင်စာအုပ်တွင် ကြွေးကျန်အဖြစ် ကျန်ရှိနေမည်ဖြစ်သဖြင့် လုပ်ငန်းပိတ်သိမ်းပါက ပိတ်သိမ်းချိန်မှစ၍ ဌာနသို့ မပျက်မကွက် ဆက်သွယ်တင်ပြရန် လိုအပ်ပါသည်။

အစိုးရဌာနဆိုင်ရာမြေနှင့် အဆောက်အအုံများအပေါ် ပစ္စည်းခွန်စည်းကြပ်ခြင်း

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ အစိုးရဌာနဆိုင်ရာမြေ၊ အဆောက်အအုံများနှင့် အဖွဲ့အစည်းများပိုင် မြေနှင့် အဆောက်အအုံများအား ဘဏ္ဍာနှစ်အလိုက် ပစ္စည်းခွန်ကို အောက်ပါအတိုင်း စည်းကြပ်ပါသည်–

ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (စ)အရ အစိုးရဌာန၊ အဖွဲ့အစည်းပိုင်မြေနှင့် အဆောက်အအုံပေါ်တွင် အခွန်အခစည်းကြပ်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့်ညှိနှိုင်းပြီး စည်းကြပ်ကောက်ခံရမည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က မြို့တော်နယ်နိမိတ်အတွင်း နှုန်းစဉ်ရရှိသော အရပ်ရပ်အခွန်ဝင်ငွေစုစုပေါင်း၏ ၅%နှင့်ညီမျှသော ငွေကို ပစ္စည်းခွန်အဖြစ် စည်းကြပ်ရမည်။

သာမန်နှုန်းဖြင့် အသုံးပြုသော ဌာနဆိုင်ရာမြေနှင့် အဆောက်အအုံများအပေါ်တွင် ပစ္စည်းခွန်စည်းကြပ်ရာတွင် အောက်ပါ အချက်အလက်များပေးပို့ရန် လိုအပ်ပါသည်–

(က) အဆောက်အအုံအမျိုးအစား
(ခ) အဆောက်အအုံအကျယ်အဝန်း (အလျား x အနံ)
(ဂ) အသုံးပြုပုံ(စက်ပစ္စည်းတန်ဖိုး)
(ဃ) မြေအကျယ်အဝန်း (အလျား x အနံ)
(င) အဆောက်အအုံတည်နေရာ လိပ်စာအပြည့်အစုံ

ပစ္စည်းခွန်တွက်ချက်ရန် လမ်းအမျိုးအစား၊ အဆောက်အအုံအမျိုးအစားများ၊ မြို့နယ်အတန်းအစားခွဲခြားခြင်း

လမ်းအမျိုးအစား – လမ်းမကြီး၊ လမ်းကျယ်၊ လမ်းကျဉ်း၊ ၅၀'အထက်၊ ၃၀'မှ ၅၀'၊ ၃၀'အောက်၊

အဆောက်အအုံအမျိုးအစား – တိုက်၊ အုတ်နံကပ်၊ ပျဉ်/သွပ်၊ မျှော/ဝါး/ဝနို

မြို့နယ်အတန်းအစား – မြို့တွင်းမြို့နယ် – **ပထမတန်းစားမြို့နယ်**
မြို့ပြင်(ကျန်မြို့နယ်)– **ဒုတိယတန်းစားမြို့နယ်၊ တတိယတန်းစားမြို့နယ်**

ဟိုတယ်၊ မိုတယ်၊ အင်းများ။ Apartment, Tower, Residence များ၊ လုံးချင်းငှား အဆောက်အအုံများအပေါ် ပစ္စည်းခွန်စည်းကြပ်ကောက်ခံခြင်း

နည်းဥပဒေပုဒ်မ (၁၇) အရ ပစ္စည်းခွန်စည်းကြပ်ပါသည်။

ဟိုတယ်၊ မိုတယ်၊ အင်းများအပေါ် ပစ္စည်းခွန်စည်းကြပ်ခြင်း

သက်ဆိုင်ရာဟိုတယ်၊ မိုတယ်၊ အင်းများ၏ လစဉ် ဟိုတယ်/ခရီးသို့ ပေးပို့သည့် အရှုံးအမြတ်စာရင်းတွင်ပါရှိသည့် အခန်းငှားရမ်းခ ဝင်ငွေအပေါ် အောက်ဖော်ပြပါအတိုင်း သက်သာခွင့်များ နှုတ်ပယ်ပေးပြီး အသားတင်ကျန်ငွေအပေါ် ၆% အရ ပစ္စည်းခွန်စည်းကြပ်ပါသည်–

လျှော့ပေါ့သက်သာခွင့်များပေးခြင်း

(က) ဝင်ငွေခွန် ၁၀%
(ခ) ကုန်သွယ်လုပ်ငန်းခွန် ၁၀%
(ဂ) ဝန်ဆောင်ခ ၁၀%
(ဃ) မြေ(သို့)အဆောက်အအုံပိုင်ရှင်သို့ ပေးရသည့် ငှားရမ်းခ
(င) ဘဏ်ဝန်ဆောင်ခ ၄%
(စ) အသားတင်ကျန်ငွေ
(ဆ) ပစ္စည်းခွန် = အသားတင်ကျန်ငွေ၏ ၆%

Apartment များအပေါ် ပစ္စည်းခွန်စည်းကြပ်ခြင်း

နိုင်ငံခြားသားများ ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံသည့် Apartment, Tower, Residence များ၏ လစဉ်အခန်းငှားရမ်းခဝင်ငွေမှ သက်ဆိုင်ရာသို့ပေးရသော မြေငှားရမ်းခနှုတ်ပယ်၍ ကျန်ငွေအပေါ် အောက်ဖော်ပြပါအတိုင်း သက်သာခွင့်များ နှုတ်ပယ်၍ နိုင်ငံခြားငွေဖြင့် စည်းကြပ်ပါသည်–

လျှော့ပေါ့သက်သာခွင့်ပေးခြင်း

(က) ဝင်ငွေခွန် ၁၀%
(ခ) ကျန်ငွေအပေါ် အဆောက်အအုံပြုပြင်စရိတ် ၂၅%
(ဂ) ကျန်ငွေအပေါ် အထွေထွေစရိတ် ၂၅%
(ဃ) ကျန်ငွေအပေါ် ဝန်ဆောင်စရိတ် ၂၀%

အသားတင်ကျန်ငွေအပေါ် လစဉ်ရာပြတ်တန်ဖိုး သတ်မှတ်၍ ပစ္စည်းခွန်ကို ၁၃%၊ (အထွေထွေခွန် ၈%၊ မီးခွန် ၅%) တွက်ချက်၍ စည်းကြပ်ပါသည်။

လုံးချင်းငှား အဆောက်အအုံများအပေါ် ပစ္စည်းခွန်စည်းကြပ်ခြင်း

လုံးချင်းငှား အဆောက်အအုံများ၊ ငှားရမ်းထားပါက ငှားရမ်းခရရှိငွေအပေါ် အောက်ဖော်ပြပါ သက်သာခွင့်များ နှုတ်ပယ်ပေးပြီး ပစ္စည်းခွန်စည်းကြပ်ပါသည်–

လျှော့ပေါ့သက်သာခွင့်များပေးခြင်း

(က) ဝင်ငွေခွန် ၁၀%
(ခ) ကျန်ငွေအပေါ် အဆောက်အအုံပြုပြင်စရိတ် ၂၅%
(ဂ) ကျန်ငွေအပေါ် အထွေထွေစရိတ် ၂၅%

အသားတင်ကျန်ငွေအပေါ် လစဉ်ရာပြတ်တန်ဖိုး သတ်မှတ်၍ ၁၃% (အထွေထွေခွန် ၈% နှင့် မီးခွန် ၅%)ဖြင့် တွက်ချက်၍ စည်းကြပ်ပါသည်။

သာမန်အဆောက်အအုံအဖြစ် ပစ္စည်းခွန်စည်းကြပ်ခြင်း

ဟိုတယ်၊ မိုတယ်၊ အင်း၊ Apartment, Tower, Residence များ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုံးချင်းငှားအဆောက်အအုံများ ငှားရမ်းမှုရပ်စဲပါက ယင်းအဆောက်အအုံများအပေါ် သာမန်အဆောက်အအုံအဖြစ် ပစ္စည်းခွန် ဆက်လက်စည်းကြပ်ပါသည်။

ကြိတ်နှုန်းဖြင့် ပစ္စည်းခွန်စည်းကြပ်ခြင်း

ဟိုတယ်၊ မိုတယ်၊ အင်း၊ Apartment, Tower, Residence များသည် လုပ်ငန်းလိုင်စင် ပြန်လည်အပ်နှံခြင်းမရှိသေးဘဲ ပြုပြင်ခြင်း၊ မွမ်းမံခြင်း၊ တိုးချဲ့ခြင်း၊ လုပ်ငန်းခေတ္တ ရပ်နားထားရခြင်းများကြောင့် အခန်းငှားရမ်းခ မရရှိသေးသော ကာလများကို ကြိတ်နှုန်းဖြင့် ပစ္စည်းခွန် စည်းကြပ်ကောက်ခံပါသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ၂၀၁၃ ခုနှစ်၊ ဥပဒေအခန်း(၁၂)၊ ပုဒ်မ (၃၁–ဂ)

ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်းရှိ မြေနှင့် အဆောက်အအုံများအပေါ် ပစ္စည်းခွန်စည်းကြပ်ခြင်းနှင့် စပ်လျဉ်း၍ မြေနှင့် အဆောက်အအုံများတွင် စီးပွားရေးလုပ်ငန်းအလို့ငှာ စက်ယန္တရား(သို့မဟုတ်)စက်မှုကိရိယာများ တပ်ဆင်ထားပါက ယင်းတို့ကို နှစ်စဉ်တန်ဖိုး သတ်မှတ်ရာ၌ ထည့်သွင်းတွက်ချက်ရမည်။

၂၀၁၃ ခုနှစ်၊ ဥပဒေအခန်း (၁၂)၊ ပုဒ်မ (၃၁–စ)

ကော်မတီသည် အစိုးရဌာနအဖွဲ့အစည်းပိုင်မြေနှင့် အဆောက်အအုံပေါ်တွင် အခွန်အခစည်းကြပ်ခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့်ညှိနှိုင်းပြီး စည်းကြပ်ကောက်ခံရမည်။

၂၀၁၃ ခုနှစ်၊ ဥပဒေအခန်း (၁၂) ပုဒ်မ (၃၃)

ကော်မတီသည် သတ်မှတ်ထားသည့် ဘဏ္ဍာရေးနှစ်အတွင်း အခွန်အခကြွေးကျန်တို့နှင့်စပ်လျဉ်း၍ အခွန်အခကြွေးကျန်များကို မြေခွန်မပေ ကျန်ငွေကဲ့သို့ အရကောက်ခံနိုင်သည်။

သိလိုသည်များ မေးမြန်းစုံစမ်းနိုင်ပါသည့် ဆက်သွယ်ရန်လိပ်စာ/ဖုန်းနံပါတ်

ဌာနစုမှူး – ၀၁–၃၇၈၂၂၁
ဌာနခွဲမှူး – ၀၉–၅၁၄၄ ၇၉၃၁
လက်ထောက်ဌာနမှူး – ၀၁–၃၇၄၄၇၃၊ ၀၁–၃၈၁၇၅၊ ၀၉–၂၅၀၂၈၃၇၃၂
ဒုတိယဌာနမှူး – ၀၁–၃၈၁၈၁၃
ဌာနမှူး – ၀၁–၂၄၃၆၇၁၊ ၀၁–၂၄၈၁၁၂ (Ext:–၃၀၁)

ဆက်သွယ်ရန်ဌာန

ရာပြတ်ဌာန၊ မြို့တော်ဘဏ်(တတိယထပ်)၊ (စတုတ္ထထပ်)နှင့် (ပဥ္စမထပ်) စည်ပင်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။



ပင်နီ

အစ်ကိုကြီးဆိုသူမှာ..

''သူခိုးဗျို့..သူခိုး..သူခိုး''

''လိုက်...လိုက် ဟိုဘက်ပြေးတယ်...လိုက်''

''ချစ်အောင်ရေ...မဲလုံးရေ၊ အဲဒီရှေ့က ဆီးပီးပိတ်ပါဟာ၊ ငါ---မသား သူခိုးကို''

အသံကို အရင်ကြားပြီး အိပ်ပျော်ရာမှ နိုးတာလား။ နိုးလာပြီးမှ ထိုအသံတွေကို ကြားတာလား၊ ခင်သက်မော်သည် သူ့ ကိုယ်သူ အသေအချာ မသိလိုက် ချေ။ လူနှင့်စိတ်နှင့် ကပ်မိသော အချိန်တွင်တော့ ရင်တွေ တဒုန်း ဒုန်းခုန်ကာ ထိတ်လန့်နေမိပြီဖြစ် သည်။

''မအေ--သူခိုး၊ သေချင်လို့ ခိုးတဲ့သူခိုး။ ညာစရာမလိုဘူး ဟဲ့နော်၊ တစ်ခါတည်း မသာပေါ်ပေးလိုက်''

''ဘုရား...ဘုရား''

ခင်သက်မော်က သူ့ရင်ဘတ် သူဖိရင်း သံဗုဒ္ဓေဂါထာကို အလိုလိုရွတ်မိပြီးသား ဖြစ်နေသည်။ စားပွဲပေါ်မှ နာရီလေးကို ခေါင်းထောင်ကြည့်လိုက်တော့ အမှောင်ထဲမှာ လင်းနေသော ဒိုင်ခွက်နှင့် လက်တံလေးများက နှစ်နာရီမှ ဆယ်မိနစ် စွန်းနေပြီဖြစ်ကြောင်းကို ညွှန်ပြနေသည်။

တကယ့်ကို အိပ်ကောင်းသည်၊ အိပ်မောကျသည့်အချိန်ဖြစ်သည်။ အင်း– သူဖိုးဆိုတာကလည်း အိမ်ရှင်အိပ်ကောင်းမှ သူက ဖိုးကောင်းတော့မှာပေါ့ဟု ယောင်မှားမှား တွေးနေမိစဉ် တစ်ဖက်ခုတင်တွင်အိပ်နေသော အိမ်ဖော်မလေး မိထွေးက ''မိရင်တော့ သတ်ကြတော့မယ် ထင်တယ်၊ ကျွန်မ ကြောက်တယ် မမလေးရဲ့''ဟု တုန်တုန်ယင်ယင်နှင့် လှမ်းပြောသည်။

''အေး–ငါလည်းကြောက်တာပဲ''

ဟိုဖက်လမ်းက လူငယ်လူရွယ်တွေ အလွန်စည်းလုံးကြပြီး အတော်လေးလည်း သွေးဆိုးကြလေသည်။ အရင်လကပင် သူဖိုးတစ်ယောက်ကို ဖမ်းမိကြသေးသည်။ သူဖိုးကိုဖမ်း၍ ချုပ်ထားပြီး တစ်ယောက်တစ်လက် ဝိုင်း၍ လက်စွမ်းပြကြသည်မှာ အသက်မျော့မျော့သာ ကျန်တော့သည်ဟု ကြားသိရသည်။

''ဟော''

ခြံစည်းရိုးကိုကျော်ပြီး ခုန်ချလိုက်သောအသံကသိပ်မကျယ်လှသော်လည်း ခင်သက်မော် အသေအချာ ကြားလိုက်သည်။ ကြားလိုက်သည်နှင့် တစ်ပြိုင်နက်တည်း ''ဟဲ့ ဘယ်သူလဲ''ဟု အလန့်လန့်အဖျပ်ဖျပ် ဖြစ်သွားစဉ် အိမ်ဘေးမှကပ်ပြီး တဖုတ်ဖုတ် ပြေးသွားသောအသံက ခြံနောက်ဘက်သို့ ရောက်သွားလေသည်။

''မမလေး...ကြားလား''

''အေး''

''သူဖိုးထင်တယ်''

''အေး''

မထွေး၏အသံတွေကတုန်နေသည်။ ခင်သက်မော်ကတော့ အသံပင် ကောင်းကောင်း မထွက်။ စိတ်ထဲတွင်တော့ ''သူဖိုး သူဖို့။ ခြံနောက်ဘက်ကို ဝင်ပြေးပြီ''ဟု အသံကုန်အော်နေမိပြီး လူကတော့ မွေ့ရာနှင့် ကျော တစ်သားတည်းနေအောင် ကပ်ထားမိလေသည်။

''မအေ သူဖိုး၊ ဒီနားတင် ပျောက်သွားတယ်''

''ဒီခြံထဲ ဝင်သွားလား မသိဘူး''

''မြောင်းထဲဆင်းပြီး စိမ်ချင်လည်း စိမ်နေမှာ၊ သက်ဝေအောင် ဒီမှာ မီးလာထိုးစမ်း။ ချစ်မောင် မင်းလက်ထဲက ဝါးလုံးနဲ့ မြောင်းထဲမွှေကြည့်စမ်း။ တွေ့ရင် အသေသာရိုက်သတ်''

''ဘုရား...ဘုရား''

ခင်သက်မော်က သူ့ ရင်ဘတ် သူဖိရင်း ဘုရားတမိပြန်သည်။ သည်လူအုပ်၏ လက်ထဲသို့ ရောက်သွားလျှင် ကိုရွှေသူဖိုး ကျန်းမာရေးအခြေအနေသည် ချက်ချင်းကြီးဆိုးရွားသွားနိုင်ပါသည်။

''ငါတော့ ခြံထဲဝင်ပြေးတယ် ထင်တာပဲ၊ အိမ်ရှင်တို့ အိမ်ရှင်တို့''

ထိုအသံသည် သက်ဝေအောင်၏ အသံဖြစ်သည်ကို ခင်သက်မော် မှတ်မိသည်။ လူပုံကလေးက ဖြူဖြူသွယ်သွယ် ပျော့ပျော့နွဲ့နွဲ့နှင့် နူးညံ့ဟန်ရှိသော်လည်း လက်ရဲဇက်ရဲနှင့် တုတ်တစ်ပြက်၊ ဓားတစ်ပြက် လုပ်တတ်ကြောင်း သိထားရသည်။ ဟိုတစ်ခါတုန်းက မိသော သူဖိုးကိုလည်း လက်သီးနှင့် ထိုးရုံမက ဓားနှင့်ပါခုတ်မည် လုပ်နေသေးကြောင်း ကြားခဲ့ရသေးသည်။

''မမလေး...ကျွန်မတော့ သေးပေါက်ချင်နေပြီ''

မထွေး၏အသံက ငိုသံပါနေသည်။ သူခုတင်ပေါ်မှ လိုမ့်ဆင်းလာပြီး ခင်သက်မော်၏ ခုတင်ဘေးတွင် လာပြီးဝပ်နေသည်။

''အိမ်ရှင်တို့..အိမ်ရှင်တို့''

''ဟော...ဟော ခေါ်နေပြန်ပြီ၊ ဒုက္ခပါပဲ၊ သေတော့မှာပဲ''

''ဘာဖြစ်လို့ ငါတို့က သေရမှာလဲဟဲ့၊ အရေးထဲ''

စိတ်တိုလာသော ခင်သက်မော်က ငေါက်ဆတ်ဆတ်ပြောရင်း အိပ်ရာပေါ်မှ ထရန်ဟန်ပြင်သည်။ သို့သော် ရင်တွေက တဆတ်ဆတ်ခုန်နေပြီး မောဟိုက်ဟိုက် ဖြစ်နေ၍ လှုပ်ပင် မလှုပ်နိုင်ဘဲ အားအင်တွေ ကုန်ခမ်းနေသလို ခံစားနေရသည်။

''ကျွန်မတို့ သေမှာမဟုတ်ပါဘူး၊ သူဖိုး...မမလေးရဲ့၊ သူဖိုး သေမှာ''

ခင်သက်မော်၏လက်မောင်းကို အားကိုးတကြီးနှင့် လာပြီး ဆုပ်ကိုင်ထားသော မထွေး၏ လက်များက တုန်ယင်အေးစက်နေသည်။ သူက အင်မတန် အသည်းငယ်တတ်သူဖြစ်သည်။ ဈေးသွားလျှင်ပင် ငါးစိမ်းသည်က ငါးအရှင်လတ်လတ်များကို တခွပ်ခွပ်ထုနေပြီဆိုပါက ထိုအနားတွင် ကြာရှည်မနေတော့ဘဲ ကျောခိုင်းပြေးတတ်သူ ဖြစ်သည်။

''အိမ်ရှင်တို့..အိမ်ရှင်တို့''

''ဟော–ဟော– ခေါ်နေပြန်ပြီ''

''အသာနေစမ်းပါ မထွေးရယ်၊ နင်ကလည်း ငါတို့တွေ အသာငြိမ်နေလိုက်ရင် ပြီးတာပဲ၊ ခြံတံခါးကိုတော့ သူတို့ အတင်းကျော်မဝင်ပါဘူး''

ခင်သက်မော်က မထွေး၏ ကျောကို အားပေးသလို ပုတ်လိုက်ပြီး အိပ်ရာမှ ဖြည်းဖြည်းလေး ထသည်။ မီးမှိတ်ပြီး ခန်းဆီး ချထားသော သူတို့အခန်းထဲကို အပြင်ကလူတွေ ဘယ်လိုမှ လှမ်းမမြင်နိုင်မှန်း သတိမထားမိဘဲ ပုန်းလျှိုးကွယ်လျှိုး လှုပ်ရှားရင်း အမေတို့ရှိရာအပေါ်ထပ်သို့ အသာစမ်း၍ တက်သွားသည်။ လေ့ကားထိပ်တွင်ရပ်နေသော သူ၏ဖခင် ဦးမောင်

သူဖိုးကိုဖမ်း၍ ချုပ်ထားပြီး
တစ်ယောက်တစ်လက် ဝိုင်း၍
လက်စွမ်းပြကြသည်မှာ
အသက်မျော့မျော့သာ ကျန်တော့သည်ဟု...



မောင်ဒွေးက ''သမီးလား''ဟု ခပ်တိုးတိုးလှမ်းမေးသည်။

''ဘယ်လိုလုပ်မလဲအဖေ''

အဖေ့ကိုမြင်တော့ ခင်သက်မော် အတော်အားရှိသွားသည်။ သူလည်း အထွေးလိုပင် ဖြစ်သည်။ အသံတွေတုန်ပြီး လက်ဖျားတွေအေးနေသည်။

''ခြံတံခါး ဖွင့်ပေးလိုက်ရင်တော့ အဲဒီအကောင် သေမှာပဲ''

''သူ...သူ နောက်ဖေးမှာ တကယ်ရှိနေတာလားဟင်''

နောက်ဖေးဘက်သို့ ပြေးသွားသော်လည်း နောက်ဖေးစည်းရိုးကို တစ်ခါထပ်ကျော်ကာ နောက်ဖေးလမ်းကြားမှ ထွက်ပြေးသွားချင်သွားမှာဟု တွေးနေမိသောအတွေးကမှိန်သွားသည်။

''သူဝင်လာကတည်းက ခြေသံကြားလို့ အဖေသိလိုက်တယ်၊ ဒါနဲ့ အပေါ်ထပ် ရေချိုးခန်းကနေ လှမ်းပြီးကဲကြည့်နေတာ၊ အဲဒီအကောင် ရေစင်ပေါ်ကို ပြိုးပြိုးပျာပျာနဲ့ တွယ်တက်သွားတာ မြင်လိုက်တယ်''

''ဟယ်...အခု ရေစင်ပေါ်မှာပေါ့''

''ဟုတ်တယ်...တိုင်ကီဘေးမှာ ဝပ်နေမှာပေါ့''

လမိုက်ရက်ဖြစ်သည့်အပြင် သူမိခင် ဒေါ်ခင်မေချောက ရှိသမျှ မြေကလေးကွက်ကွက်တွင် သရက်၊ မာလကာ၊ ပိန္နဲစသည်များကို အုံ့ဆိုင်းနေအောင် စိုက်ထား၍ မှောင်မိုက်မိုက် အခြေအနေက ကိုရွှေသူဦးကို အထောက်အကူပြုနေသည်။

''ဒီလောက်တောင် ဆူညံနေတာ မနိုးဘူးတဲ့ဗျာ၊ အတော် အအိပ်ကြီးတဲ့ အိမ်ရှင်တွေ၊ အံ့ရော''

''အိပ်လို့ရယ် ပျော်၊ ဆင်အော်လို့ မနိုး ဟိုး–ဟိုး–ဟိုး''

မကျေမနပ်ပြောပြီး ရယ်သွမ်းသွေးနေသော အသံများကို ကြားနေရသည်။ တစ်ယောက်ကတော့ သူဦးကိုထုမည်ဟု ကိုင်လာသော အုတ်ခဲပိုင်းကို မြောင်းထဲသို့လွှဲပြီး ပစ်ပေါက်လိုက်ဟန်ရှိသည်။ ဗွမ်းခနဲမြည်သွားသော အသံနှင့်အတူ ''ဟကောင်– ဒီမှာ စင်ကုန်ပြီဟ''ဟု အော်လိုက်သောအသံကိုပါ ကြားရသည်။

''အိပ်ချင်ဟန်ပဲ ဆက်ဆောင်နေရအောင်နော် အဖေ''

''အေး အဲဒါပဲ ကောင်းပါတယ်၊ ဒီကောင် သေသွားတာနဲ့ စာရင် တို့သားအဖတွေ အအိပ်ကြီးလိုက်ကြတာတို့ နာမည်ပျက်တာက မထောင်းတာလှပါဘူး၊ ကဲ–ကဲ သမီးလည်း သွားအိပ်တော့''

ဦးမောင်မောင်ဒွေးက အိပ်ခန်းထဲ လှည့်ဝင်သွားသည်။

''အမေရော အဖေ''

ခင်သက်မော်က ခပ်တိုးတိုး လှမ်းမေးသည်။ အမေကလည်း ရင်တုန်မောတတ်တော့ သွေးဆေးလေးများ တိုက်ရမလားဟု စဉ်းစားနေမိသည်။

''သမီးရဲ့ အမေကတော့ ထုံးစံအတိုင်း ဒေါ်မနဿသဟဂုတ် ပဲလေ၊ သူဦးကိုဖမ်းမိပြီး ထောင်းကြ သတ်ကြမှာကိုလည်း စိုးရိမ်၊ ဒီနေရာ ဒီဌာနကိုယ့်ပိုင်နက်ထဲမှာ ဒီဇာလာန်ရှိနေမှန်းသိရက်နဲ့ ငြိမ်နေရတာကိုလည်း စိတ်မချမ်းသာဆိုတော့ ဒီသူဦး ဘေးကင်း ရန်ကင်းနဲ့ ဥပဒေရဲ့အဆုံးအမ ခံယူနိုင်ပါစေဆိုပြီး ဒေါ်သကလေး တကဲကဲနဲ့ ဆုတောင်းမေတ္တာပို့နေလေရဲ့''

ခင်သက်မော် အခန်းထဲသို့ လှမ်းကြည့်လိုက်တော့ ခြင်ထောင်ထဲတွင် ကျုံကျုံကလေးထိုင်ကာ လက်အုပ်ချီဆုတောင်းနေသော အမေ့ကို တွေ့ရသည်။

ခင်သက်မော် ခြေဖော့ဆင်းပြီး အိမ်အောက်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။ မှောင်နေသော်လည်း ကိုယ့်အိမ်ဖြစ်၍ အထာသိနေသော ခြေထောက်များက ဘာကိုမျှ ခလုတ်မတိုက်မိချေ။ အခန်းထဲရောက်တော့ ပြတင်းပေါက်နား ရောက်နေသော မိထွေးကိုတွေ့ရသည်။ ခန်းဆီးလေးကို အသာဟကာ အပြင်ဘက်ကို လှမ်းကြည့်နေသည်။ ခင်သက်မော်လည်း သူနောက်နား အသာကပ်ကာ သူလိုပင် ချောင်းကြည့်မိသည်။ ရုံးစုရုံးစုလုပ်နေသူ ဆယ်သုံးလေးယောက်ခန့် ရှိသည်။

''ဒီလောက်ဆူနေတာ မနိုးဘဲ အိပ်နေတာ အံ့ပါရဲ့တဲ့ ပြောနေကြတယ်၊ မမလေး ကြားလား''

မထွေးက အပြင်ကလူတွေ ကြားသွားမှာစိုးရိမ်သလို လေသံကလေးနှင့် ပြောသည်။ သူကလည်း လေသံကလေးနှင့် ''ပြောတော့ပေါ့ဟယ်၊ ဘယ်တတ်နိုင်မှာလဲ''ဟု ပြန်ပြောမိသည်။ ရေစင်ပေါ်တွင်ဝပ်ရင်း ကြောက်ဒူးတုန်နေရှာမည့် ကိုရွှေသူဦး၏ ကံကြမ္မာသည် သူတို့နှိုးခြင်း။ မနိုးခြင်းနှင့် တိုက်ရိုက်သက်ဆိုင်နေလိမ့်မည်ဟု တစ်ခါတရံမျှပင် မတွေးခဲ့ဖူးချေ။

''ငါတော့ ပြန်အိပ်တော့မယ်''

ခင်သက်မော်က အိပ်ရာထဲ ပြန်ဝင်သည်။ ကိုရွှေသူဦးက ရေ စင်ပေါ်တွင် ဘေးကင်းရန်ကင်း ရှိနေသည်ဟုဆိုတော့ မထွေးလည်း ရှူရှူးမပေါက်ချင်တော့ပေ။

အိပ်ရာထဲ ရောက်တော့လည်း အိပ်မျော်နိုင်မည်မဟုတ်။ ချုပုတ်ကို တုတ်နှင့်လိုက်ရိုက်လိုက်၊ ရေမြောင်းထဲကို ခဲနှင့်ပစ်လိုက်လုပ်နေသော အသံများကို နားတစ်ဖက်စွင့် ဖြစ်နေသည်။ နောက်တော့လည်း ဇွဲကောင်းသူသုံးလေးယောက်မှအပ တဖြည်းဖြည်း လူစုကွဲသွားသည်။

''မမလေး''

''ဘာလဲဟ''

''သူဦးက ဘယ်အရွယ်

လောက် ရှိပြီလဲဟင်၊ ဘဘကြီး တွေ့လိုက်တယ်ဆို''

''ဩော်– မထွေးရယ်၊ မှောင်မှောင်မဲမဲမှာ အရိပ်လောက်ပဲ တွေ့လိုက်ရတာ သိမလားဟဲ့၊ နေအုံး ရေစင်ပေါ်က ဆင်းလာမှ နှင်စောင့်ပြီးမေး၊ ထမင်းစား ဖိတ်ချင်လည်း ဖိတ်လိုက်အုံး''

ခင်သက်မော်က စိတ်တို တိုနှင့် အငေါ်တူး၍ပြောလိုက်သော်လည်း အတီးအတနိုင်လှသော မထွေးက ''အံမာလေး မမလေးရယ်၊ ထမင်းစားတော့ မဖိတ်ရဲပါဘူး၊ ခင်မှမခင်သေးတာ''ဟု ပြောသည်။ ခဏနေတော့ ''ကျွန်မတို့ကို သူသိပ်ပြီး ကျေးဇူးတင်နေမှာ မမလေးရဲ့၊ သူ့အသက်ကို ကယ်လိုက်တာ မဟုတ်လား''ဟု ပြောပြန်သည်။

ခင်သက်မော်ကတော့ ခြင်ထောင် အမိုးကိုစိုက်ကြည့်ရင်း ''အင်း–ကျေးဇူးပဲတင်နေမလား၊ အပြင်ဘက်ကလူတွေလို အအိပ်ကြီးလိုက်တဲ့ အိမ်ရှင်တွေ အံ့ရောဗျာ''လို့ သြချနေမလား၊ ဘယ်သူသိနိုင်မလဲ''ဟု တွေးနေမိသည်။ သူက ကျောင်းဆရာမ ဆိုတော့ ဗာလာနံလူမိုက်ထဲတွင် အကျုံးဝင်သော ထိုသူခိုးကို ဆုံးမချင်စိတ် ပေါက်နေသည်။ သူများပစ္စည်းခိုးယူသော အဒိန္နာဒါနာကံ၏ အကုသိုလ်အကျိုးဆက်များပုံကို ပုံတိုပတ်စလေးတွေ ဝေဝေဆာဆာနှင့် ပြောပြလျှင် လိမ္မာ၍များ လာလေမလားဟု တွေးနေမိသည်။

''အဒိန္နဒါန်၊ ကျူးလွန်ပြန်မှု၊ ပစ္စည်းနည်းမှဲ၊ ဆင်းရဲတဲဘိ၊ လိုရှိမရ၊ ဘောဂပျက်စီး၊ ရေမီးသူခိုး။ မွေခံဆိုးနှင့်၊ မင်းဆိုးအပြား။ ရန်မျိုးငါးကြောင့်၊ ပျက်ပြားဥစ္စာ၊ ပြစ်များစွာသည်၊ အဒိန္နဒါန်အပြစ်တည်း''ဟု ရေရွတ်ပြီး ရှင်းလင်းပြချင်နေသည်။ ထို့နောက်တစ်ဖန် ဒီလောက်တောင် ဒုက္ခရောက်ပြီး အထိတ်တလန့် ဖြစ်ခဲ့ပြီးမှတော့ ဒီသူခိုးလည်း နောင်ကြဉ်ရောပေါ့။ ထပ်ပြီး ခိုးရဲမှာမဟုတ်ပါဘူးဟု တွေးနေမိပြန်သည်။ အခုလည်း ဘယ်အချိန်ကျမှ ရေစင်ပေါ်က ဆင်းလာရဲပါ့မလဲဟု တွေးရင်း တောရင်း နံနက်လေးနာရီ ထိုးသွားသည်အထိပင် အိပ်မပျော်။ မထွေး၏ အသက်ရှူသံမှန်မှန်က နာရီသံ တစ်ချက်ချက်နှင့်အတူ စည်းဝါးကျကျဖြစ်နေတော့မှ သူကို ချော့သိပ်သလိုဖြစ်ကာ မျက်တောင်တွေ တဖြည်းဖြည်းစင်းငိုက်လာသည်။ ထို့နောက် အိမ်ဘေးမှကပ်ခါ ပြန်ထွက်လာမည့် သူခိုး၏ခြေသံကို နားစွင့်ရင်း နားစွင့်ရင်း ပြန်လည်အိပ်ပျော်သွားသည်။

အံမာ၊ အိပ်မက်ထဲတွင်ကို ရွှေသူခိုးကို တွေ့နေသေးသည်။ မျက်နှာကိုလည်း မသဲကွဲ၊ လူဟန်ကိုလည်း မသဲကွဲချေ။ အမှောင်ရိပ် ခပ်ကျကျတွင် ယို့ယို့ကလေးရပ်ရင်း ''ကျေးဇူးကြီးပါတယ် ဆရာမရယ်၊ ဒီကျေးဇူးကို တစ်နေ့ဆပ်ပါ့မယ်''လို့ ပြောသည်။ သူက ဆုံးမစကားတွေကို အလောတကြီးပြောတော့ စိတ်ညစ်ဟန်နှင့် နောက်တဖြည်းဖြည်းဆုတ်ရင်း ''အဲဒါတွေကိုတော့ နားမထောင်အားသေးဘူး ဆရာမရဲ့၊ ခိုးစရာတွေ ရှိသေးတယ်''ဟု ခပ်တိုးတိုးပြောရင်း မှိန်ကာပျောက်သွားသည်။

ထိုနေ့နံနက်တွင် ခင်သက်မော် ခုနစ်နာရီကျော်မှ အိပ်ရာကနိုးတော့သည်။ ရှစ်နာရီခွဲလျှင် ကျောင်းသွားရတော့မည်မို့ တစ်ခါတည်း ရေမိုးချိုးကာ အဝတ်အစားလဲပြီး အခန်းထဲမှထွက်လာခဲ့သည်။

''သမီးရေ…လာ၊ ထမင်းကြော်လေးစား''

ထမင်းစားခန်းထဲတွင် ရောက်နှင့်နေသော အဖေနှင့် အမေက ဆီးခေါ်ကြသည်။ မျက်နှာချင်း ကြာကြာဆိုင်လျှင် စကားအပေါက်မတည့်ဖြစ်တတ်သော ခင်သက်မော်၏ မိဘ နှစ်ပါးက အခုတော့လည်း ကြည်သာ ရွှင်ပြနေကြသည်။

''ညက သူခိုး ဘယ်အချိန်မှ ထွက်သွားလဲ၊ သိလားအဖေ''

''မသိပါဘူးကွာ၊ ဝင်သက် ထွက်သက်လေးမှတ်ရင်း နားတော့ စွင့်အထားသား။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် ဘယ်အချိန် အိပ်ပျော်သွားမှန်းတောင် မသိလိုက်ဘူး''

''ရေစင်ပေါ်ကနေ တော်တော်နဲ့ကို ဆင်းရဲမှာမဟုတ်ဘူး သမီးရဲ့၊ ဒီလို သူတော်ကောင်းတွေနေတဲ့ခြံထဲ ခုနဝင်မိလို့သာ ဒီအကောင် အသက်ရှင်တာ၊ မို့မို့ဆိုရင် မလွယ်ဘူး၊ အမေဖြင့် ဒီမနက် စေးတောင်မသွားရဲဘူး၊ တော်ကြာနေ ညက အိပ်လှချေကလား၊ မနိုးဘူးလား ဘာနဲ့မေး ကြစမ်းကြမှာစိုးလို့''

လူသားတစ်ဦး၏ဘေးဒုက္ခနှင့် အသက်အန္တရာယ်ကို အကာအကွယ်ပေးနိုင်ခဲ့သဖြင့် သူမခင် ဒေါ်မေချောက ဝမ်းမြောက်ကြည်နူးနေဟန်ရှိသည်။ ဒီကြားထဲ မထွေးက ''ကျွန်မသာ သူခိုးဆိုရင် အမေကြီးတို့ ဘဘကြီးတို့ကို ရှိခိုးပြီးမှ ခြံထဲက ပြန်ထွက်မှာ''ဟု ထပ်မြှောက်နေသေးသည်။

ပြဿနာ။ အဲ ပြဿနာကတော့ ဖိနပ်စီးတော့မည်ပြုသော အခါမှ စခြင်းဖြစ်သည်။ ခင်သက်မော်မှာ ခိုစိမ်းဖိနပ် အစိမ်းရောင်လေး တစ်ရန်ရှိသည်။ သူက ဆရာမဆိုတော့ ကျောင်းလုံခြုံစိမ်းနှင့် လိုက်ဖက်ရန် အစိမ်းရောင်အောက်ခံတွင် ဘော်ကြယ်အစိမ်းလေးတွေ ထိုးထားသော ဖိနပ်ကို ရှားရှားပါး

သူက ကျောင်းဆရာမ ဆိုတော့ ဗာလာနံလူမိုက်ထဲတွင် အကျုံးဝင်သော ထိုသူခိုးကို ဆုံးမချင်စိတ် ပေါက်နေသည်။ သူများပစ္စည်းခိုးယူသော အဒိန္နာဒါနာကံ၏ အကုသိုလ်...



သူကိုယ်တိုင် ဝယ်ခဲ့ရသော မြမာလာ ဖိနပ်လေးကို နမြော၍ မဆုံး။ နှစ်ထောင့်ငါးရာကြီး တောင် ပေးခဲ့ရတာ၊ နည်းတဲ့ ငွေမှ မဟုတ်တာဟု တွေးရင်းတွေးရင်း..

ပါး ရှာဝယ်ထားခြင်းဖြစ်လေသည်။ အခု အဲဒီဖိနပ်ကို မတွေ့ရတော့။

''မထွေးရေ...ငါ့ဖိနပ် တွေ့မိလား''

မထွေးက ခေါင်းခါသည်။

''မမလေးဖိနပ် သူခိုး စီးသွားပြီထင်တယ်''ဟု ရယ်ကျဲကျဲနှင့် ပြောသည်။

''သူခိုးက ယောကျ်ားပါဟဲ့၊ ဘော်ကြယ်ထိုးထားတဲ့ မိန်းမဖိနပ်တော့ မစီးပါဘူး၊ စီးချင်းစီးရင် ယောကျ်ားဖိနပ်ပဲ စီးမှာပေါ့''

ခင်သက်မော်က စိတ်ရှုပ် ရှုပ်နှင့်ပြောရင်း အဖေ့ဖိနပ်ကို ကြည့်မိသည်။

''ဟောတော့...အဖေ့ဖိနပ်လည်း မတွေ့တော့ဘူး''

ဒီတစ်ခါတော့ သူ၏အဖေရော အမေပါ ခေါင်းထောင်လာကြသည်။

''ဟ...ငါ့ဖိနပ်အသစ်ကြီးလား''

''တစ်နေ့ကပဲ အမေဝယ်ခဲ့တာ၊ မြမာလာဖိနပ်လေ၊ နှစ်ထောင့်ငါးရာတောင် ပေးခဲ့ရတာဟဲ့၊ မရှိတော့ဘူးလား''

ခင်သက်မော်က ဖိနပ်ချွတ် သံပန်းနားက တုတ်ချောင်းလေးကို အငိုင်သားကြည့်နေမိသည်။ သူတို့၏ဖိနပ်ချွတ်က အပြင်ဘက်တွင် သံပန်းဆွဲတံခါးကို သာ ကာရံထားသည်။ အတွင်းဘက်ကျမှ သစ်သားတံခါး ပိတ်လေတော့ ခိုးချင်စိတ် ရှိလျှင် တုတ်နှင့်လှမ်းဆွဲပြီး လက်နှိုက်ပြီး ထုတ်ယူနိုင်သည်။ အရင်တုန်းကတော့ ခြံဝင်းတံခါးကိုကျော်ဝင်ပြီး မည်သူကမျှ လာမခိုးဖူးခဲ့ချေ။ အခုမှ အခုမှ။

'ဟီဟီ၊ သူခိုးက သူ့အတွက်တင် မကဘူး၊ သူမိန်းမအတွက်ပါ ခိုးသွားပြီ၊ ဟီဟီ''

မထွေးက တဟီဟီရယ်နေသည်။ ခင်သက်မော် မျက်စောင်းထိုးလိုက်မှ ဇက်ကလေးပုကာ ဝင်သွားလေသည်။

''ဒါကြောင့်မို့လည်း တို့ရဲ့ မြတ်စွာဘုရားက မင်္ဂလာတရား သုံးဆယ့်ခုစ်ပါးထဲမှာ အသေဝနာစ ဗာလာနံကို ရှေ့ဆုံးကဟောခဲ့တာပဲ၊ ငါတို့က ဒီဗာလာနံလူမိုက်ကို ဝေးဝေးကမရှောင်ဘဲ ခြံထဲအဝင်ခံပြီး အတော်နီးနီးနေလိုက်တာကို။ ဖိနပ်လောက်နဲ့ ပြီးသွားတာ ကံကောင်း''

ဦးမောင်မောင်ဌေးကပြော သည်။ ဒေါ်ခင်မေချောကတော့ သူကိုယ်တိုင် ဝယ်ခဲ့ရသော မြမာလာ ဖိနပ်လေးကို နမြော၍ မဆုံး။ နှစ်ထောင့်ငါးရာကြီး တောင် ပေးခဲ့ရတာ၊ နည်းတဲ့ ငွေမှ မဟုတ်တာဟု တွေးရင်းတွေးရင်း ဒေါသတွေဖြစ်လာသည်။ ခုနက ရွှင်ပြီးကြည်နေသော မျက်နှာသည် တဖြည်းဖြည်းနှင့် မှုန်ပြီးရှုံ့လာသည်။

''ဒီလိုမှန်းသိရင် ညတုန်းက အိပ်ချင်ယောင်ဆောင်မနေလိုက်ပါဘူး။ ဟောဒီမှာ–ရေစင်ပေါ်မှာပါလို့အော်ပြီး တံခါးဖွင့်ပေးလိုက်ရကောင်းသား။ ဟွန်း''

ခင်သက်မော်က နှုတ်ခမ်းကိုကိုက်ထားသည်။ သူကလည်း ဖိနပ်ကလေးကို နမြော၍မဆုံး။

''ဒီလို ကျေးဇူးရှင် သူတော်ကောင်းကို ပြစ်မှားရဲတဲ့ လူမာလ၊ ဘုန်းကြီးလို့ အသက်ရှည်ပါစေ၊ ကျန်းမာလို့ ချမ်းသာပါစေ၊ သွားလေရာ လာလေရာ ခလုပ်မထိ၊ ဆူးမငြိဘဲ ဘေးရန်ကင်းရှင်းပါစေတော်''

ဒေါ်ခင်မေချောက အရှည်ကြီး ရေရွတ်နေသည်။ သူ၏အတွင်းစိတ်သည် သူ၏ နှုတ်ထွက်စကားနှင့် ပြောင်းပြန်ဖြစ်





ကြောင်းကိုကား အားလုံး နားလည်ကြပြီး ဖြစ်လေသည်။

''သူတော်ကောင်းပစ္စည်းကိုမှ ခိုးရဲတဲ့ လူဆိုးလူမိုက်''

ခင်သက်မော်က စိတ်ထဲမှ ထပ်ဆင့်ရေရွတ်ရင်း လှေကား အောက်တွင်ရှိသော ဖိနပ် အပောင်းများကိုဆွဲထုတ်သည်။ ထိုအထဲတွင် ပြုတ်ခါနီး၊ ပျက်ခါနီး ဖိနပ်များရှိသည်မို့ သင့်တော်သော တစ်ရန်ကို ယူပြီး စီးသွားရန် ဖြစ်လေသည်။

''အလကား၊ လူဆိုး၊ လူမိုက်၊ လူမာလ''

ဒေါ်ခင်မေချောက ရေရွတ် ပြန်သည်။ ခင်သက်မော်က ခေါင်းညိတ်ကာထောက်ခံသည်။ ဟုတ်ပါသည်၊ အလကားလူ၊ နှစ်ပြား မတန်သည့်လူ၊ အပါယ်လားမည့်လူ၊ အကုသိုလ် တစ်ပုံတစ်ပင်ကြီး ထမ်းရွက်ထားသည့်လူ၊

''သူတော်ကောင်းကို ပြစ်မှားတဲ့သူ''

ဒေါ်ခင်မေချောက ရေရွတ်ပြန်သည်။ ခင်သက်မော်က ခုနတုန်းကလို ခေါင်းညိတ်ထောက်ခံမည်ပြုပြီးမှ ခပ်ငေးငေးဖြစ်သွားသည်။

''ဖိနပ်ကလေးတစ်ရန် နှစ်ရန် ပျောက်ရုံနဲ့ ဒီလောက်စိတ်ဆိုးပြီး စိတ်ဆင်းရဲနေတဲ့သူတွေဟာ သူတော်ကောင်း ဟုတ်ပါ့မလား''

သူ့ခေါင်းထဲကို ဒီလို အတွေးက ဘာကြောင့်ရောက်လာရသနည်း ခင်သက်မော်လည်း မသိချေ။ အမေကတော့ ''သူတော်မှ ငါကောင်းနိုင်မှာပေါ့''ဟု မကြာခဏပြောတတ်သည်။ တစ်နေ့တုန်းက ဘာသာရေး စာစောင်ထဲတွင်မူ ''သူတော်ဖို့အတွက် ငါကကောင်းရမှာ၊ ဒါမှ သူတော်ကောင်း''ဟု ရေးထားသည်ကို ဖတ်လိုက်ရသည်။ ဒါဆိုရင်–ဒါဆိုရင်။

လှေကားထစ်တွေကိုကူးဆွဲ ရစွာ တစ်လှမ်းချင်းနင်းရင်း အိမ်



ပေါ်ထပ်မှ ဆင်းလာသော ရွှေဝါက လှေကားအောက်တွင် ငုတ်တုတ်လေးထိုင်နေသော ခင်သက်မော်ကို ငုံကြည့်နေသည်။ ထို့နောက် သူ့ရှေ့မှဖိနပ်ပုံပေါ်သို့ ပေါ့ပါးစွာ ခုန်ချလိုက်သည်။

''ပြောစမ်းပါ ရွှေဝါရယ်၊ ငါတို့တွေဟာ သူတော်ကောင်း အစစ် ဟုတ်ရဲ့လားဟင်''

ခင်သက်မော်က တိုးတိုးလေး မေးလိုက်မိသည်။

ဖိနပ်ပုံဘေးတွင် ဟိုနမ်းဒီနမ်းနှင့် ကြွက်တို့၏အနံ့ကို ခံနေသော ရွှေဝါက ခေတ္တမျှငြိမ်သွားသည်။ ထို့နောက် သူသခင်မကို စိမ်းစိမ်းကြီး မော့ကြည့်ရင်း ''ညောင်း..ဝေါင်း ဝေါင်''ဟု အာခေါင်သံနှင့် အော်လိုက်သည်။

ခင်သက်မော် သိချင်လှသည်။ ရွှေဝါ ဘာများပြောလိုက်သနည်း။ သိချင်စမ်းလှသည်။

မစန္ဒာ

အမေ့အကြောင်း သိလို့ပါ



ဆရာမတစ်ယောက်၊ သူတပည့်တွေကို ဂဏန်းသချင်္ကာသင်ပြနေချိန် ဖြစ်ပါတယ်။ မေးခွန်းတစ်ခုမေးတယ်–

''မင်းတို့အမေက အိမ်မှာ အသားညှပ်ပေါင်မုန့်တစ်လုံးဖုတ်ပြီး မင်းတို့ လူခုနစ်ယောက်ကို ဝေခြမ်းပေးမယ်ဆိုပါစို့၊ မင်းတို့က မိဘနှစ်ပါးရယ်၊ ကလေးငါးယောက်ရယ်၊ ဒါဆိုရင် မင်းတို့ တစ်ယောက်တစ်ယောက်ကို ဘယ်လောက်ရမလဲ''

''ခြောက်ပုံတစ်ပုံရမယ် ဆရာမ''လို့ ကလေးတစ်ယောက်က ထဖြေတယ်။

''ဘယ်လို– မင်းတို့က ခုနစ်ယောက်လေ'' ဆရာမက ဆက်ပြောတယ်–

''အပိုင်းဂဏန်းကို မသိဘူးလား''

''သိပါတယ် ဆရာမ၊ သားက အပိုင်းဂဏန်းကိုလည်း သိတယ်၊ အမေ့အကြောင်းလည်း သိပါတယ်၊ အမေဆိုတာက သူအတွက် မယူတော့ဘူးလို့ ပြောမှာပဲ၊ ဒါကြောင့် သားတို့ ခြောက်ယောက်ခွဲဝေရကြမှာမို့လို့ပါ''လို့ ကောင်လေးက ရှင်းပြပါတယ်။

မောင်သီဟ

ဝါဝင်းကို အုတ်ဖို နဂရ အရှေ့ဒီသာတွင်မှ မေ့မရတဲ့ မေလင်၏ နွေတစ်ည



ပဲခူးတိုင်း၊ သာယာဝတီခရိုင်၊ အုတ်ဖိုပြို့နယ်၊ ဘန်ဒေးကုန်းကျေးရွာတွင် ၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်၊ စနေနေ့နံနက်တွင် အဘ ဦးသိန်းမောင်၊ အမိ ဒေါ်တင်ထွေးတို့မှ မွေးဖွားခဲ့ပါသည်။ မွေးချင်း ၅ ယောက်ရှိပြီး၊ အစ်မတစ်ယောက်၊ ညီမ ၃ ယောက်၊ ကျွန်တော် ဒုတိယသား ဖြစ်ပါသည်။ ကျွန်တော့်မိဘ အဘိုးအဘွားများက တောင်သူလယ်သမားများဖြစ်ပြီး လယ်ယာလုပ်ငန်းကို ဦးသားစွာလုပ်ကိုင်ကြပြီး ရွာမှာနေ၍ ရွာမှာပဲ သေကြရပါသည်။

ဘန်ဗေးကုန်းရွာသည် အုတ်ဖို့မြို့နှင့် ၃ မိုင်ခန့်ဝေးပြီး၊ ပဲခူးရိုးမနှင့် ၁၅ မိုင်ခန့် ဝေးပါသည်။ အုတ်ဖို့မြို့နယ်၊ အကျယ်အဝန်း စတုရန်းမိုင်ပေါင်း (၄၈၈.၆၃၂)စတုရန်းမိုင် ဖြစ်ပြီး ကျေးရွာပေါင်း ၂၅၄ ရွာ၊ ကျေးရွာအုပ်စု ၆၃ အုပ်စုနှင့် ရပ်ကွက် ၆ ရပ်ကွက်၊ လူဦးရေ တစ်သိန်း ခုနစ်သောင်းကျော် ရှိပါသည်။ မိုးညှိမြို့နယ်၊ မင်းလှမြို့နယ်၊ ကြိုပင်ကောက်မြို့နယ်၊ ပဲခူးရိုးမအရှေ့ဘက်ခြမ်း၊ ကျောက်တံခါးမြို့နယ်တို့နှင့် ဆက်စပ်လျက် ရှိပါသည်။ အဓိက လယ်ယာလုပ်ငန်းဖြင့် အသက်မွေးမြူကြပါသည်။

ကျွန်တော်တို့၏ ရွာလယ်လမ်းမတွင် ကျဲလှည်း၊ နွားလှည်း၊ လယ်ထွန်စက်၊ ကားတို့ဖြင့် သစ်၊ ဝါး၊ အိမ်မိုးသက်ကယ်၊ အင်ဖက်၊ စပါး၊ မီးသွေး၊ သယ်ယူပို့ဆောင်ရောင်းဝယ်မှုများ ရှိပါသည်။ မြင်းလှည်း၊ ဆိုက်ကား၊ စက်ဘီး၊ ခြေလျင် စသည်တို့ဖြင့် နေ့စဉ် ကူးသန်းသွားလာမှုများကို မြင်တွေ့ရပါသည်။

အထူးသဖြင့် ကျွန်တော်မြင်တွေ့နေကျ လူပ်ရှားသွားလာမှုများတွင် တပ်မတော် စစ်ကြောင်းများ ဖြစ်ပါသည်။ ကျွန်တော် သိတတ်စ အရွယ်မှစ၍ ကျွန်တော်တို့ ဒေသတစ်ခုလုံး ရောင်စုံသောင်းကျန်းသူများကြောင့် တပ်မတော် စစ်ကြောင်းများက ရိုးမအတက်အဆင်း ပြုလုပ်နေကြခြင်း ဖြစ်သည်။

ကျွန်တော် သိတတ်စ အရွယ်မှစ၍ ကျွန်တော်တို့ ဒေသတစ်ခုလုံး ရောင်စုံသောင်းကျန်းသူများကြောင့် တပ်မတော် စစ်ကြောင်းများက ရိုးမအတက်အဆင်း ပြုလုပ်နေကြခြင်းဖြစ်သည်။

လူလားခြောက်စ သိခွင့်ကြုံရခံစားရ

တပ်မတော်စစ်ကြောင်းများနှင့် သောင်းကျန်းသူများ တိုက်ပွဲများဖြစ်ပွားခြင်း၊ သေဆုံးဒဏ်ရာရခြင်း။ ကားကြီးများကို မိုင်းခွဲခံရခြင်း၊ ဒဏ်ရာရသူများနှင့် သေဆုံးကြသူများကို တွေ့မြင်ရပါသည်။ ထိုအချိန်များတွင် ကျွန်တော်တို့ရွာအား သောင်းကျန်းသူအဖွဲ့များမှ လယ်ဇကာအလိုက် ဆက်ကြေးကောက်ခံခြင်း၊ သေနတ်သံများ ညစဉ် ဆက်တိုက်ကြားရခြင်း၊ ဓားပြတိုက်ခြင်း၊ ရွာအား မီးရှို့ခြင်း၊ လူကိုသတ်ခြင်းများပင် ရှိပါသည်။

ကျွန်တော်တို့အိမ်ကို ဓားပြတိုက်ခံရခြင်း၊ အိမ်ခြံပေါက် နွားတစ်ရှဉ်း ဆွဲယူသတ်ဖြတ်ခြင်း၊ ကျေးရွာလူကြီးအိမ် မီးရှို့ခြင်း၊ ရွာလယ်လမ်းမ ကုက္ကိုပင်ကြီးအောက်တွင် ကြိုးတုပ်၍ သေနတ်ဖြင့် ပစ်သတ်ကြခြင်း၊ ကျွန်တော်၏ ဦးဦးအိမ်တို့တွင် နွားခြံတွင်းမှ နွားကြီးနွားငယ်များအား သေနတ်ဖြင့် ပစ်သတ်ခြင်း၊ သွေးအိုင်ထဲတွင် လဲ၍သေဆုံးနေသော နွားများကိုမြင်တွေ့ရခြင်း။ ကျွန်တော်၏ အစ်ကိုဝမ်းကွဲ ကိုးတန်းကျောင်းသားအား သေနတ်ဖြင့် ပစ်ခဲ့၍ ဝမ်းဗိုက်တွင်းက ကျည်ဆန်ကို ထုတ်ယူကုသရခြင်း၊ ရွာဘုန်းကြီးကျောင်းအား ဓားပြတိုက်ခြင်း၊ ဘုန်းတော်ကြီးအား ကြိုးတုပ်ခေါ်ဆောင်သွားခြင်းများကို ကြုံတွေ့ခံစားခဲ့ရပါသည်။

တည်ပြဲ သန့်ရှင်း၊ ပါတီဂိုဏ်းဂန အကွဲအပြဲများ ဖြစ်နေခြင်း၊ ရွာသားအချင်းချင်း သေနတ်ဖြင့် ပစ်ခတ်သတ်ခြင်း။ နယ်မြေဒေသတစ်ခုလုံး ငြိမ်းချမ်းမှုမရှိခြင်းများကြောင့် ကျွန်တော်တို့မှာ ကျောင်းပညာ သင်ကြားတတ်မြောက်ရန်ထက် မိမိအသက်ကို သတိကြီးစွာဖြင့် ထိန်းသိမ်းစောင့်ရှောက် နေထိုင်ရပါသည်။ ဒီလိုအဖြစ်မျိုးတို့သည် ကျွန်တော်တို့ တစ်ရွာတည်းမဟုတ်။ တစ်ပြို့နယ်လုံး၊ ဒေသတစ်ခုလုံး၊ တစ်ပြည်လုံးဖြစ်ပွားနေသောကာလ ကျွန်တော်ကြုံတွေ့ခဲ့ရပါသည်။ ညအချိန် အတည်တကျ အိပ်ရခြင်းမရှိပါ။ နေရာရွှေ့ပြောင်း၍ ပုန်းအောင်းအိပ်ကြရခြင်း။ စာဖတ်သံ၊ စာအံသံများ လုံးဝမကြားရ။ မီးတိုင် မီးခွက်များ လုံးဝထွန်းညှိခြင်းမရှိ။ ရွာ၏ ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုများဖုံးလွှမ်းလျက်ရှိပြီး၊ ခွေးဟောင်သံ၊ သေနတ်သံများကို စိတ်ခြောက်ခြားဖွယ်ရာများဖြင့် တစ်နေ့ဝင်၍ တစ်မိုးချုပ်ခဲ့ရသည့် နေ့ရက်ပေါင်းများစွာကို ခံစားခဲ့ရပါသည်။

တစ်ခါတစ်ရံ အုတ်ဖို့မြို့ဘက်ဆီမှ ညသန်းခေါင် ရထားဥဩသံ ကြားရသည်။ စိုးရိမ်ထိတ်လန့်စိတ်များ ခေတ္တခဏ ပြေပျောက်သွားသလို ခံစားရသည်။ သန်းခေါင်ကျော်ပြီဆိုတော့ အလင်းရောင်လာတော့မည်ကို မျှော်လင့်နေမိ၏။ ခုည ဘာမှမဖြစ်တော့ဘူးဆိုသော အတွေးဖြင့် အဲဒီအချိန်မှ ခေတ္တခဏ အိပ်ပျော်ခဲ့ရသော အချိန်ကာလများသည် ရက်မှ လသို့၊ လမှ နှစ်သို့ ကာလကြာရှည်စွာ ကြုံတွေ့ခဲ့ရပါသည်။

ဆရာတော်ခြေ ညွှန်ပြထားသော ရေးရာဘဝဖြစ်ခြင်း

ကျွန်တော်၏အဖေသည် ရပ်ရေးရွာရေး တိုင်းရေးပြည်ရေးကိစ္စအထွေထွေတို့ မိဘသဖွယ် အားကိုးသော ဆရာတော်ဘုရားထ အမြတမ်း ညြဝါဒခံယူသော အလေ့အထရှိသူ ဖြစ်ပါသည်။

ဘုန်းတော်ကြီးကျောင်းတွင် ရေဒီယို၊ သတင်းစာရှိပါသည်။ ကျွန်တော်၏ အဖေသည် လယ်ယာလုပ်ငန်းခွင်တွင် ဘယ်လိုပင်ပင်ပန်းသော်လည်း ညအချိန် ရွာဘုန်းကြီးကျောင်းသို့ ရေဒီယိုနားထောင်သွားလေ့ ရှိသည်။ အဖေ ဘုန်းကြီးကျောင်းသို့သွားတိုင်း ကျွန်တော်လိုက်ပါသည်။ မြန်မာစံတော်ချိန်ည ၉ နာရီကျော် ရေဒီယိုအစီအစဉ်ပြီးမှ အိမ်ကိုပြန်လေ့ရှိပါသည်။ ယခု အကယ်ဒမီဒါရိုက်တာ ဦးကြည်စိုးထွန်းက ပြန်လည်တင်ဆက်နေသော တစ်ချိန်က ရေဒီယိုအသံလွှင့်ဇာတ်လမ်းပမာများကို ကျွန်တော် အလွန်နှစ်သက်ခဲ့ပါသည်။

ဆရာတော်က ကမ္ဘာ့နိုင်ငံရေး၊ မြန်မာနိုင်ငံရေး ရှေ့အလားအလာများကို ကျွန်တော့် အဖေအား ပြောပြပါသည်။ ကျွန်တော် မှတ်မိသည်များရှိသလို မမှတ်မိခဲ့သည်များလည်း ရှိပါသည်။ ကမ္ဘာ့စစ်အုပ်စုကြီးများ ဖြစ်ပေါ်နေပုံ၊ တောင်ကိုရီးယား၊ မြောက်ကိုရီးယား စစ်ပွဲများအကြောင်း၊ အရင်းရှင်နှင့် ကွန်မြူနစ်စနစ်တို့ ဆိုရှယ်လစ်စနစ်၊ အုပ်စုတိုက်ပွဲများအကြောင်း။ ဘော်လ်ရှီဗစ်ပါတီနှင့် မင်ရှီဗစ်ပါတီများအကြောင်း ဆိုဗီယက်နိုင်ငံအကြောင်းတို့ ပါဝင်ပါသည်။

မြန်မာနိုင်ငံရေး အခြေအနေကတော့ တည်မြဲဖဆပလ၊ သန့်ရှင်းဖဆပလ အကွဲအပြဲကြောင့် စစ်ကွင်းနဲ့ မင်းလှကြားက ၄ လောင်းပြိုင်လူသတ်မှု၊ ရွာထဲက ခဲဆရာ ဦးလှမောင် အသတ်ခံရမှု၊ ဦးလှမောင်၏ ဇနီးမကြည်(ခ)လေယာဉ်ပျံအောင်ကြည် အငြိမ့်သမသည် မကြည်ကြည်ဌေး နောင်တွင် အကယ်ဒမီ ဒေါ်ကြည်ကြည်ဌေးနှင့် ခေတ်ပြိုင်ဖြစ်ခဲ့ကြောင်း ပြောပြပါသည်။ မြန်မာနိုင်ငံရေးအခြေအနေနဲ့ ပတ်သက်၍ တော်လှန်ရေးကောင်စီဝင်များ အမည်များကိုပါ ပြောပြနေပါသည်။ ကျွန်တော် မှတ်မိသည်မှာ ဗိုလ်ချုပ်ကြီးနေဝင်း၊ ဗိုလ်မှူးကြီးလှဟန်၊ ဗိုလ်မှူးချုပ် တင်ဖေ၊ ဗိုလ်မှူးချုပ်သောင်းဒန်၊ ဗိုလ်မှူးချုပ် သောင်းတင်၊ ဗိုလ်မှူးကြီး သောင်းကြည်၊ ဗိုလ်ချုပ်အောင်ကြီး၊ ဗိုလ်မှူးချုပ် တန်ယုဆိုင် ထိုပုဂ္ဂိုလ်ကြီးများ အမည်ကို ပြောပြနေသည်ကို မှတ်မိပါသည်။

သခင်သန်းထွန်း၊ သခင်စိုးကြီး ဗကပ နှစ်ခြမ်းကွဲနေကြောင်း၊ အလံဖြူနှင့် အလံနီဖြစ်ကြောင်း၊ တော်လှန်ရေးကောင်စီက ငြိမ်းချမ်းရေးဆွေးနွေးပွဲ ခေါ်ယူကြောင်း၊ အဆင်ပြေမှမှီ၍ တောတွင်းသို့ ပြန်သွားကြကြောင်း သိရပါသည်။ သခင်သန်းထွန်းကို သူ၏ တပည့် ရဲဘော်လုံတိတ်(ခ)မောင်မြက မြယာပင်ကြော ငါးပြေမစားကျက်အနီး ပဲခူးရိုးမ တစ်နေရာမှာ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့ကြောင်း၊ သခင်စိုးကြီး၏ ဆင်စွယ်ရွာသား ရဝ ကျော်အား အစိုးရဒေါက်တိုင်အဖြစ် စွဲချက်တင်၍ သတ်ဖြတ်ခဲ့ပုံများ အပါအဝင် ပြောပြပါသည်။ ဗကပ ရာထူးကြီးလေ တောနက်လေဖြစ်ကြောင်း၊ အချင်းချင်း ဖြုတ်၊ ထုတ်၊ သတ် စနစ်ကျင့်သုံးနေကြောင်း၊ ဖောက်ပြန်ရေးသမားဟု စွပ်စွဲ၍ ဖဆ်အရင်းကို သားက လည်မြိုကို ဝါးရင်းတုတ်ဖြင့် မသေမချင်းရိုက်သတ်ခဲ့ပြီး ခေတ်သစ် အဖာတသတ်ဘွဲ့ ခံယူပုံများပါ ပြောပြပါသည်။ **လူကိုတွင်း၊ လှည်းကိုထင်း၊ နွားကိုဟင်း** ဟု ကြွေးကြော်၍ လယ်သမား၊ အလုပ်သမား၊ ကျေးလက်နေ ပြည်သူတို့အား သတ်ဖြတ်နှိပ်စက်ကြသည်။ သာသနာ့ဝန်ထမ်း သံဃာတော်များနှင့် သီလရှင်များအား **ဆန်ကုန်၊ ဝိတ်ဖြုန်း ကတုံးများ**ဟု ရင့်သီးယုတ်မာစွာ ပြောဆိုကြသည်။ ဆရာတော်သည် ထိုခေတ်က ရှေ့သို့စာစောင်ကို ကျွန်တော့်အဖေအား ဖတ်ခိုင်းပါသည်။ ခေါင်းစဉ်က စိမ့်ပြိုင်ဂနိုင်လွှမ်းသည့် သခင်သန်းထွန်းတို့ ပုန်းအောင်းခဲ့ရာ ရိုးမဗဟိုစခန်းဆီသို့ဟု ကျွန်တော် သိရှိလိုက်ပါသည်။ မိမိအိမ်ကို မိမိလုပ်အားဖြင့် အိမ်အမိုး၊ သက္ကယ်၊ အင်ဖက်အစား သွပ်မိုးပါက အရင်းရှင်စိတ်ဓာတ်ရှိသူဟု စွပ်စွဲ၍ **သွပ်မိုးဖြူဖြူ တို့ရန်သူ** ဟု ဗကပတို့က စွပ်စွဲကြပါသည်။

ဗကပက တစ်မျိုး၊ KNDO ကတစ်ဖုံ၊ သောင်းကျန်းသူက ပဲခူးရိုးမတစ်ခွင်တွင်ပင် စုံလှသည်။ နစ်နိမယ် ဝိကင်းပြန်စိုးစိုး–အမျိုးသမီးတပ်ဖွဲ့ နို့တစ်လုံးစိန် (ခ) နိုးတူးစိန် အကြောင်း၊ ကမ္ဘာရွာ အေးမောင်၊ ဗိုလ်ဖားသူ၊ ဗိုလ်ကျောင်း ဗိုလ်မြပုခက် စသည့် သောင်းကျန်းသူအရောင်စုံတို့ ဖြစ်ပါသည်။ နို့တစ်လုံးစိန်(ခ)နိုးတူးစိန်အဖွဲ့က ကြို့ပင်ကောက်မြို့အား အကြမ်းဖက်မီးရှို့ခဲ့သည့် အချိန်ကာလ ကြုံတွေ့ရပါသည်။

ဆရာတော်က ဆက်လက်၍ ယခု တော်လှန်ရေးကောင်စီက ဝါဒသဘောထား ကြေညာချက်ထုတ်ပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ထူထောင်မှာဖြစ်ကြောင်း၊ ပြည်သူစစ် အသွင်သဏ္ဌာန်နဲ့ တပ်မတော်နဲ့ ပြည်သူများက ပဲခူးရိုးမ အဖြူရောင်ဖြစ်ရေး၊

အိမ်အမိုး၊ သက္ကယ်၊ အင်ဖက်အစား သွပ်မိုးပါက အရင်းရှင်စိတ်ဓာတ်ရှိသူဟု စွပ်စွဲ၍ သွပ်မိုးဖြူဖြူ တို့ရန်သူ ဟု ဗကပတို့က စွပ်စွဲကြပါသည်။

သောင်းကျန်းသူ အမြစ်ပြတ်ချေမှုန်းရေး စစ်ဆင်ရေးများ ပြုလုပ်နေပြီဖြစ်ကြောင်း ပြောပါသည်။ ရိက္ခာဖြတ်၊ လူဖြတ်၊ ဆက်ကြေးဖြတ်၊ အဆက်အသွယ်ဖြတ်ဟု ဖြတ် ၄ ဖြတ်နဲ့ စစ်ဆင်ရေးများပြုလုပ်မည့်အကြောင်း စုံလင်လှပါသည်။

လွတ်လပ်ရေးခဲ့အတူ ပေါ်ပေါက်ခဲ့သော သောင်းကျန်းသူများပင်ဖြစ်ကြောင်း KNDO များနဲ့ တပ်မတော် အင်းစိန်တိုက်ပွဲများ အကြောင်း၊ နတ်တလင်း ဖိုးသာအောင်ကုန်းတံတား တိုက်ပွဲများအကြောင်း တောင်ငူ၊ ပဲခူးနှင့် ဒိုက်ဦးတိုက်ပွဲများတွင် အောင်ဆန်းသူရိယလှသောင်းနှင့် စွန့်လွှတ်စွန့်စား တပ်မတော်၏ စွမ်းဆောင်ခဲ့မှုများကြောင့် အစိုးရအာဏာသက်ရောက်မှု ရန်ကုန်နှင့် ၇ မိုင်ပတ်လည်မှ ပြန်၍စိုးမိုးနိုင်ခဲ့ပြီး လွတ်လပ်ရေးကို ထိန်းသိမ်းနိုင်ခဲ့ကြောင်းများ စုံလင်စွာ ပြောပြနေပါသည်။

ဒုတိုင်ဒုတိဆင်ဆင် ရွာခန်းကျင်

ဆရာတော်၏ ကျောင်းရှေ့ရေအိုင်ကြီးဘေးက မြောက်ချောကုန်းဘက်သို့ ဦးတည်ထားသော မြေဖို့လမ်းသည် ဂျွန်ဦးစော ဖောက်လုပ်ခဲ့သော လမ်းဖြစ်ကြောင်း သိရပါသည်။ ဂျွန်ဦးစောသည် သူ၏ ကိုင်းကြီးရွာမှ အုတ်ဖိုပြို့ ရထားဘူတာသို့ နေ့စဉ်ပြင်းစီး၍ သတင်းစာယူသော လမ်းဖြစ်ကြောင်း သိရှိရပါသည်။ ဂျွန်ဦးစောသည် အုတ်ဖိုပြို့နယ်၊ ကိုင်းကြီးရွာသားဖြစ်ပါသည်။ သူ၏ အမှားလုပ်ရပ်ကြောင့် အုတ်ဖိုတစ်နယ်လုံး လူဆိုး၊ လူဖိုက်များအဖြစ် မထင်မှတ်စေလိုပါ။ **ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည် ၉ ဦးကို ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့က လုပ်ကြံခဲ့သူသည် အုတ်ဖိုနယ်သား ဂျွန်ဦးစော ဖြစ်ပါသည်။ ၁၉၈၃ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့က အာဇာနည်းကုန်းဝုံးဖောက်ခွဲသူများကို အသက်ကိုစတေး၍ ဖမ်းဆီးပေးခဲ့သူ တပ်မတော်သား ညွှန့်ဟန်သည် အုတ်ဖိုနယ်သားပင် ဖြစ်ပါသည်။** သို့ဖြစ်ပါ၍ မတူကွဲပြား ခွဲခြားရှုမြင်ပေးစေချင်ပါသည်။

ရွာခြောက်ဘက်ဘက် ရေတွင်းချက်ခြင်း

ကျွန်တော်တို့ရွာ၏ မြောက်ဘက်အိမ်ကုန်း(ရွာဟောင်း)ဟု ခေါ်သည့်နေရာတွင်

သက်တမ်းရင့် ကြီးမားအုံမိုင်းနေသော သရက်ပင်ကြီးများ၊ မန်ကျည်းပင်များ၊ ဇီးပင်တောများ တွေ့ရမှာဖြစ်ပါသည်။ ရဲရဲနီအောင်ပွင့်နေသော လက်ံပင်ကြီး၏အောက်တွင် ကျယ်ပြန့်သော မြေနိမ့်ချိုင့်ဝှမ်းတစ်ခု တွေ့ရှိရပါသည်။ မြေနိမ့်ချိုင့်ဝှမ်းကြီး ဖြစ်ပေါ်လာပုံကတော့ လက်ထပ်ခါနီး လယ်သမားလူငယ် ''မောင်ရွှေငို'' နှင့် လယ်သူမလေး ''မလေးငယ်'' ချစ်သူနှစ်ဦး လက်ချင်းတွဲ၍ ရေတွင်းထဲသို့ခုန်ချကာ ဘဝကိုအဆုံးစီရင်ခဲ့သော နေရာဖြစ်ပါသည်။

မလေးငယ်၏ အဖေ ဦးဖိုးမြနှင့် အမေ ဒေါ်သီးတို့မှာ လယ်သမားများဖြစ်ကြပြီး သမီးမလေးငယ်တစ်ဦးသာ သားသမီးထွန်းကားကြသည်။ မလေးငယ်မှာ ရွာ၏ ကွမ်းတောင်ကိုင် အလှမယ် လယ်သူမလေးဖြစ်ပါသည်။

မောင်ရွှေငို့မှာ မလေးငယ်တို့အိမ်တွင် လယ်လုပ်သား(သူရင်းငှား)ဖြစ်သည်။ မောင်ရွှေငို့သည် ရိုးသားကြိုးစားသော လယ်လုပ်သား လူငယ်တစ်ယောက်ဖြစ်ပါသည်။ လူငယ်သဘာဝ တစ်ဦးနှင့်တစ်ဦး မေတ္တာမျှ၍ မင်္ဂလာလက်ထပ်ပွဲ ကျင်းပခါနီးအချိန်တွင် လယ်ခွန်တော်သီးစားခများကို မင်းလှမှ ချစ်တီးသူဌေးအား မပေးဆပ်နိုင်သောအကြောင်းက သူတို့ချစ်သူနှစ်ဦးဘဝ ကံဆိုးမိုးမှောင်ကျခံရခြင်း ဖြစ်သည်။

ချစ်တီးသူဌေးမှာ အကြွေးအတွက် မင်းလှနဲ့ သာယာတီဂတ်တဲမှ ဌာနအုပ်များကို ခေါ်ယူလာပြီး ဦးဖိုးမြနှင့် ဒေါ်သီးတို့ထံသို့ သမီး မလေးငယ်ကို ချစ်တီးက ဇနီးမယားအဖြစ်သိမ်းယူရန် ကမ်းလှမ်းအကျပ်ကိုင်ခဲ့ကြ၍ ချစ်သူနှစ်ဦးမှာ ယခုမြင်တွေ့နေရတဲ့ ရေတွင်းကြီးအတွင်း နှစ်ဦးစလုံး ခုန်ချစတေးခဲ့ရရှာသည်။



ဖခင် ဦးဖိုးမြ၊ မိခင် ဒေါ်သီးတို့မှာလည်း ခါးသီးသောဝေဒနာများဖြင့် မရွေးမနှောင်း သေဆုံးကြ၍ ဘဝနိဂုံးချုပ်ခဲ့ရသည်။ သူကျွန်ဘဝ ခံစားခဲ့ရ လယ်သမားဘဝ အကြောင်းကိုလည်း ရင်မှာဆို့နင့်စွာနဲ့ ဆရာတော် ပြောပြပါသည်။

ဒီဇောကင်ဗင်ကြွေးအောက်
ဂျူနီဆရာစံ တင်သားကြွေး
ဦးလွန်းဌေး၏ အုတ်ဂူ

အချိန်ရာသီတွေက ပြောင်းချသွားသော်လည်း မပြောင်းလဲသော မှတ်တမ်းတို့က ရှိနေမြဲပါ။ သူကျွန်ဘဝ လယ်သမားတို့ ဒုက္ခအဖုံဖုံကို ခံစားရပြီး၊ အဘ ဦးလွန်းပြေဆိုသူ ဘန်ဒွေးကုန်းရွာသားသည် သူကျွန်မခံ မျိုးမာန်မချမမြောက်သူလက်၊ မငိုက်ဦးခေါင်း၊ မထောက်သူဒူး၊ မမူကျွန်ဘွဲ့၊ မငဲ့ကိုယ်ကျိုးစိတ်ဓာတ်ဖြင့် အသက်ကိုနှင်းဆက်၍ လယ်သမားဘဝ ကာကွယ်မည်ဟု ကြုံးဝါးလျက် ဂျူနီဆရာစံတပ်သားအဖြစ် ခံယူပြီး နယ်ချဲ့အင်္ဂလိပ်ကို ရရာလက်နက်စွဲကိုင် တော်လှန်ခဲ့ပါသည်။

ဦးလွန်းပြေပါဝင်သော ဂျူနီဆရာစံတပ်ဖွဲ့ကြီးသည် အားမတန်၍ မာန်လျှော့ခဲ့ရသည့်အဖြစ်နှင့် ကြုံရတော့သည်။ အင်္ဂလိပ်က ဆရာစံအား ကြိုးပေးကွပ်မျက်၍ တပ်သား ဦးလွန်းပြေတို့အား ကိုကိုးကျွန်းခေါ် (အုန်းကျွန်း)သို့ တစ်သက်တစ်ကျွန်း ထောင်ဒဏ် အပြစ် ပေးခံခဲ့ရပြန်ပါသည်။

ထိုသို့ ထောင်ဒဏ်တစ်သက်တစ်ကျွန်း ကျခံနေရသည်တွင် ကမ်းမမြင် လမ်းမမြင် ပင်လယ်တွင်းမှ အုန်းသီးများကို ဖောင်ဖွဲ့ကူးခတ်၍ ကယ်မသူ မေခလာမပါဘဲ ဘန်ဒွေးကုန်းရွာသို့ အရောက်ပြန်ခဲ့ပါသည်။ မေ့မရနိုင်သော ဘန်ဒွေးကုန်းရွာသားကြီး ဦးလွန်းပေ ယခု ထာဝရအိပ်စက် အနားယူသည့်နေရာ ရွာထိပ်ပိတောက်ပင်ကြီးအောက်က အုတ်ဂူမှတ်တမ်းကို မြင်တွေ့နိုင်ပါကြောင်း ဆရာတော်က ရှင်းလင်းမိန့်ကြားခဲ့ပါသည်။

ဖြောင်းလဲခဲ့ပြီ ကျွန်တော့်ဒွေးဥဒန်

ပဲခူးရိုးမကြီးနှင့် နယ်မြေဒေသတစ်ခုလုံး အေးချမ်းခဲ့ပါပြီ။ တောင်သူလယ်သမားနေ့ အခမ်းအနားများ။ အလုပ်သမားနေ့များတွင် အိုးစည်ဒိုးပတ်သံများ ဩမ်းဩမ်းညံခဲ့ပါပြီ။ ကျွန်

တော့်နယ်မြေ မွေးဌာနီသည် ယမ်းငွေ့ကင်း၍ လမင်းသာခဲ့ပါပြီ။ ရွာမှဆရာတော်လည်း ဘဝနတ်ထံ ပျံလွန်ခဲ့ပါပြီ။ နယ်မြေဒေသ ကျေးရွာတို့ အေးချမ်းသာယာစေချင်သော ဆရာတော်များ၊ လယ်သမားတို့ရဲ့ ဟော်ရွှင်မှု အောင်ပွဲကို မမြင်တွေ့ခဲ့ရပါ။ ကောင်းမြတ်သော ဘုံဘဝများဆီသို့ ရောက်ရှိပါစေ ဆုမွန်ခြွေပါသည်။

ကျွန်တော်သည်လည်း မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ အရံအင်အားလူငယ်အဖြစ် လမ်းစဉ်ပါတီကို ယုံကြည်စွာခံယူလိုက်ပါပြီ။ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့ပါသည်။ တစ်နေ့သော အချိန် အုတ်ဖိုပါတီယူနစ်မှ ခေါ်ယူတွေ့ဆုံပါသည်။

ကျွန်တော့်အား လမ်းစဉ်လူငယ်စည်းရုံးရေး ဗဟိုကော်မတီက ဖွင့်လှစ်မည့် လမ်းစဉ်လူငယ်ခေါင်းဆောင် မွမ်းမံသင်တန်းတက်ရန် ရွေးချယ်ပါကြောင်း ဆွေးနွေးပြောကြားပါသည်။ ကျွန်တော်တို့ လူငယ်များကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ အရံအင်အားများအဖြစ် တည်ဆောက်ပြီး သာယာဝပြောသော လူဘောင်သစ်ကို အရောက်သွားရန် ရည်မှန်းချက်ဖြစ်ကြောင်း မြို့နယ်ပါတီယူနစ် ဥက္ကဋ္ဌက လမ်းညွှန်ပြောကြားပါသည်။

ကျွန်တော်သည်လည်း မွေးဖွားသည်မှ လူမှန်းသိတတ်သည့်အချိန်မှစတင်ကာ စိုးရိမ်ကြောင့်ကြစိတ်များဖြင့် ကြုံတွေ့ရသော ကာလအချိန်များကို ရွံမှန်းမိသည်။ ကျွန်တော်တို့ဒေသ ပဲခူးရိုးမ အဖြူရောင်ဖြစ်ခဲ့ပြီး၊ လယ်သမားက လယ်ယာလုပ်ငန်းခွင်ဆီသို့၊ အလုပ်သမားက အလုပ်ခွင်ဆီသို့၊ ကျောင်းသားလူငယ်က စာသင်ခန်းများဆီသို့ စိတ်အေးချမ်းသာယာစွာ ဝင်ရောက်နိုင်ကြပြီ ဖြစ်ပါသည်။

စည်သံပြောသံ တည်ညံနှင့် အလှူပွဲ မင်္ဂလာပွဲများ၊ ဘုရားပွဲတော်များ ပြုလုပ်နိုင်ကြပြီ ဖြစ်ပါသည်။ စုပေါင်းလယ်ယာထွန်ယက်ပွဲများ၊ စုပေါင်းကောက်စိုက်ပြိုင်ပွဲများ၊ တောင်သူလယ်သမားပွဲတော်ကြီးများကိုလည်း ကျင်းပနိုင်ခဲ့ပြီး၊ စုပေါင်းစပါးရောင်းချပွဲများကိုလည်း တစ်ပျော်တစ်ပါး ကျင်းပနိုင်ခဲ့ကြပြီး ဖြစ်ပါသည်။ သာယာဝပြောသော လူဘောင်သစ်ဆီသို့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အရောက်ချီတက်မည်ဟု ရည်မှန်းချက်၏ ရောင်ခြည်တန်းများကို ကျွန်တော် လှိုက်လှိုက်လဲ့လဲ့ ကြိုဆိုမိပါသည်။

စိတ်ဓာတ်ခြင်္ဂဒ်ခန်း လမ်းစဉ်ဒါတိ အရံအင်အား

လမ်းစဉ်ပါတီ၏ အရံအင်အားသည် လမ်းစဉ်လူငယ်အဖွဲ့ ဖြစ်ပါသည်။ ကျွန်တော်တို့ လူမှန်းသိတတ်စအရွယ်မှသည် နှစ်ပေါင်းများစွာ ငြိမ်းချမ်းမှုမရှိခဲ့သော အခြေအနေမှ အေးချမ်းတည်ငြိမ်စိုးရိမ်ကင်းသောကာလသို့ ရောက်ရှိအောင် ဖော်ဆောင်နိုင်ခဲ့သော အဖွဲ့အစည်းသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ တစ်ခုတည်းသာဖြစ်ကြောင်း ကျွန်တော် ယုံကြည်မိပါ၍ လမ်းစဉ်လူငယ်၏ အမာခံလူငယ်ကေဒါအဖြစ် ခံယူလိုက်ပါသည်။

ဓမ္မဇီဝရတဲ့ ဓမ္မလရဲ နွေတစ်ည

ကျွန်တော်သည် ကျေးရွာအုပ်စု လမ်းစဉ်လူငယ်အဖွဲ့စု အတွင်းရေးမှူး တာဝန်ယူခြင်း၊ စံပြကြက်ခြေနီ ရွေးချယ်ခံခြင်း၊ အရံမီးသတ်တပ်ဖွဲ့ တာဝန်ယူဖွဲ့စည်းခြင်း၊ အ-ထ-က အုတ်ဖိုကျောင်းကောင်စီ အတွင်းရေးမှူးနှင့် ကျောင်းလမ်းစဉ်လူငယ်အဖွဲ့စု အတွင်းရေးမှူးတာဝန်များကို ယုံကြည်စွာ ထမ်းဆောင်ခဲ့ပါသည်။

ကျွန်တော့် အား ဗဟို နိုင်ငံရေး တက္ကသိုလ်တွင်ဖွင့်လှစ်မည့် လမ်းစဉ်လူငယ်ခေါင်းဆောင် မွမ်းမံသင်တန်း အမှတ်စဉ်(၄) သို့ တက်ရောက်ရန် မြို့နယ်မှ ရွေးချယ် တာဝန်ပေးအပ်လာပါသည်။ ကျွန်တော် ဗဟိုနိုင်ငံရေး တက္ကသိုလ်ဝင်းကြီးအတွင်း TE 21.HINO ကားယာဉ်တန်းဖြင့် ဝင်ရောက်ခဲ့စဉ် ခန့်ညားထည်ဝါလှသော အနီရောင် တိုက်အဆောင်ကြီးများ သပ်ရပ်ခန့်ညားသည့် သစ်သား အိပ်ဆောင် ဘားတိုက်များ၊ အုံ့ဆိုင်းညို့မှိုင်းနေသော သစ်ပင်ကြီးများ၊ လှပဝေဆာ ရောင်စုံဖြာ၍ ဖူးပွင့်နေသော ပန်းမာလာများ တို့ဖြင့် တန်ဆာဆင်ထားသော ကျောင်းတော်ကြီးကို ရင်သပ်ရှုမောအံ့သြစွာ တွေ့မြင်လိုက်ရပါသည်။

နိုင်ငံရေးသင်တန်းမျိုးစုံ လေ့ကျင့်ပေးရာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ကေဒါများ မွေးထုတ်ပေးရာ တက္ကသိုလ်ကြီးဖြစ်

ကျွန်တော်သည်လည်း မွေးဖွားသည်မှ လူမှန်းသိတတ်သည့် အချိန်မှစတင်ကာ စိုးရိမ်ကြောင့်ကြစိတ်များဖြင့် ကြုံတွေ့ရသော ကာလအချိန်များကို ရွံမှန်းမိသည်။

ကြောင်း သိရသည်။ တောင်သူလယ်သမားရေးရာ၊ အလုပ်သမားရေးရာသင်တန်းများ။ ပါတီစည်းရုံးရေး မွမ်းမံသင်တန်းများ၊ တပ်မတော်စည်းရုံးရေးက ကော်မတီသင်တန်းနှင့် လမ်းစဉ်လူငယ်ခေါင်းဆောင် မွမ်းမံသင်တန်းတို့ ဖြစ်ပါသည်။

၁၉၇၈ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ပဥ္စမအကြိမ် စီမံကိန်းဝင် လူငယ်များတွေ့ဆုံပွဲ ကျင်းပမည်ဟု သိရပါသည်။ ဗဟိုနိုင်ငံရေးတက္ကသိုလ်တွင် လေ့ကျင့်ခဲ့သည်မှာ ရက်သတ္တ ၃ပတ်ခန့်ရှိပြီ ဖြစ်ပါသည်။ နံနက် ၄ နာရီ အိပ်ရာထ၊ တန်းစီ၊ ပီတီပြေး၊ နေထိုင်စားသောက်ပြုမှုမှု စည်းကမ်းတကျရှိရေး၊ ဦးစားပေး လေ့ကျင့်ထားသည်။ နိုင်ငံတော်အလံ အလေးပြုခြင်း၊ ကတိသစ္စာဆိုခြင်း၊ အတွဲအတန်းများ ညီညာစွာဖြင့် သီဆိုဟစ်ကြွေးခဲ့သော အသံတို့က ဗဟိုနိုင်ငံရေးတက္ကသိုလ်ဝင်းကြီးတစ်ခုလုံး သိမ့်သိမ့်တုန်ခဲ့ရသည့် အချိန်ကာလတို့ကို မမေ့ပါ။ စစ်ရေးပြဘာသာရပ်တွင်လည်း လက်နက်မဲ့နှင့် လက်နက်ပါ လေ့ကျင့်ခြင်း၊ တပ်စိတ်တိုက်ပွဲ၊ တပ်စုတိုက်ပွဲ သင်ကြားခြင်း၊ လက်နက်ငယ် သင်ခန်းစာတွင် ဖြူတ်ခြင်း၊ တပ်ခြင်း၊ တိုက်ချွတ်ခြင်း ပါဝင်ပါသည်။ လက်နက်ငယ်ပစ်ခတ်ရန် နေရာယူရာတွင် စောင်း၊ ဘယ်ဒူး၊ ညာ

ဒူး၊ လက်ဖဝါး၊ လက်ဖျံ၊ တံတောင်၊ မှောက်စသည်တို့လည်း သင်ကြားပါသည်။ နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေးဘာသာရပ်များကိုလည်း သင်ကြားပေးခြင်း၊ ညပိုင်းဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်း၊ အမျိုးသားဝတ်စုံ တိုက်ပုံအင်္ကျီဖြင့် ညပိုင်းဆွေးနွေးပွဲခန်းမသို့ ဝင်ရခြင်း၊ အိပ်ဆောင်စည်းကမ်း၊ စားသောက်ဆောင်စည်းကမ်း အရာရာတိုင်းသည် စနစ်တကျ စည်းကမ်းဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်ရန် သင်ကြားခဲ့ခြင်းကို ကျွန်တော်မမေ့နိုင်ပါ။ ဗဟို နိုင်ငံရေးတက္ကသိုလ်က ပို့ချခဲ့သော ဆရာတို့ကိုလည်း ကျွန်တော် အမှတ်ရနေပါသည်။ လယ်တွင်းသားစောချစ်၊ ဆရာ ဦးခင်မောင်ကြီး၊ ဆရာမ ဒေါ်တိုးတိုးမာ၊ စိတ်ပညာဆရာ ဒေါက်တာ ဦးကျော်စိန်၊ လူငယ်နှင့် နိုင်ငံရေးပျိုးထောင်မှု ဘာသာရပ် စာအုပ်ရေးသားသူ (ကော့ကရိတ်)မောင်သိန်းညွန့် ယခု ဦးသိန်းညွန့် **ပထမအကြိမ် ပြည်သူ့လွှတ်တော် သမ်းနန်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်** လူငယ်ဂီတဗဟိုမှ ဆရာများဖြစ်သော စန္ဒယား ဦးကျော်ဇောလေး၊ စန္ဒယား ဦးညွန့်ဝင်းလေး၊ မညွန့်ညွန့်စိန်၊ ကိုရန်ပိုင်စိုး၊ တက္ကသိုလ်လဲ့လဲ့တို့ ဖြစ်ပါသည်။ စန္ဒယား ဦးညွန့်ဝင်းလေး၏ **ပန်းကိုတော့ ချူလိုပါသည်** သီချင်းကို ကျွန်တော် အလွန်ကြိုက်ပါသည်။ ယခုအချိန်ထိ စွဲမက်နှစ်သက်ပါသည်။ ကျွန်တော် ပန်းကိုတော့ ချူလိုသည်မှာ အမှန်ဖြစ်ပါသည်။ ဒါပေမဲ့ ပန်းတစ်ပွင့်မှ မရခဲ့ပါ။ ချူရမည်ကို ကြောက်ရွံ့ခဲ့၍ မချူဖြစ်ခဲ့ပါ။

၁၉၇၃ ခုနှစ်က ကျွန်တော် လမ်းစဉ် လူငယ်ခေါင်းဆောင်သင်တန်း အမှတ်စဉ်(၃) သို့ ရန်ကင်း TTC တွင် တက်ရောက်ပြီးဖြစ်ပါတယ်။ ကျွန်တော့်အား ဗဟိုနိုင်ငံရေးတက္ကသိုလ်မှ စီမံကိန်းဝင်လူငယ်များကိုယ်စားတွေ့ဆုံပွဲတွင် စကားပြောကြားရန်(စပီကာ) အဖြစ် ရွေးချယ်ကြောင်း ကြေညာပါသည်။ တစ်နိုင်ငံလုံး စီမံကိန်းအလွှာအသီးသီးဖြစ်သော လူရည်ချွန်စီမံကိန်း၊ စံပြကြက်ခြေနီစီမံကိန်းလူငယ်များ၊ လူငယ်ဘင်ခရာသင်တန်းများ၊ တက္ကသိုလ်၊ ကောလိပ်များမှ လုပ်အားပေးစီမံကိန်းဝင် လူငယ်များဖြစ်ကြပါသည်။

ကျွန်တော်နှင့်အတူ (စပီကာ)အဖြစ် ရွေးချယ်ထားသူများမှာ–

(၁) ရဲဘော်တင်မိုး ကသ/၁၄၆ ဗဟိုနိုင်ငံရေးတက္ကသိုလ်
(၂) ကိုအောင်ခိုင် လူရည်ချွန်စီမံကိန်းကိုယ်စားလှယ်
(၃) ကိုမိုင်းအောင်လိုင်မြင့် ဟင်နံဖို့ဒေသန်ဒဲ့ စံပြကြက်ခြေနီကိုယ်စားလှယ်
(၄) အမည်မမှတ်မိ အမျိုးသမီးကိုယ်စားလှယ် တက္ကသိုလ်ကောလိပ်လုပ်အားပေး စီမံကိန်း

တို့ ဖြစ်ပြီး–

သဘာပတိအဖွဲ့တွင် ဗိုလ်မှူးကြီး စိန်ထွန်း၊ လမ်းစဉ်လူငယ် ဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒေါက်တာ ဦးခင်မောင်ဝင်း ပညာရေးဝန်ကြီး၊ ဦးသီလ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌတို့ဖြစ်ကြောင်း မှတ်မိပါသည်။ ဗဟိုနိုင်ငံရေး တက္ကသိုလ်ကျောင်းအုပ်ကြီးမှာ သီရိပျံချီဗိုလ်မှူးကြီး ကျော်စိုးဖြစ်ပါသည်။

ပဥမအကြိမ် စီမံကိန်းဝင်လူငယ်များတွေ့ဆုံပွဲသို့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဝင်များ။ ဗဟိုတောင်သူလယ်သမား အစည်းအရုံး၊ ဗဟိုအလုပ်သမား အစည်းအရုံး၊ လမ်းစဉ်လူငယ်စည်းရုံးရေး ဗဟိုကော်မတီဝင်များ၊ ပညာရေးဝန်ကြီးဌာနမှ အကြီးအကဲများ၊ စစ်ဘက်၊ နယ်ဘက်မှ အထူးဖိတ်ကြားခြင်းခံရသော အရာရှိကြီးများ။ ဗဟိုနိုင်ငံရေးတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့်



ကထိက၊ ဌာနမှူး၊ နည်းပြများ တက်ရောက်ပါသည်။

ကျွန်တော့်အား အနီးကပ် ကြီးကြပ်နေသူမှာ အဆောင်မှူး ဦးကျော်ဝင်းခိုင် ဖြစ်ပါသည်။ အစစအရာရာ တည်ငြိမ်ရင့်ကျက်စွာနဲ့ စကားပြောကြားရန် ဗဟိုနိုင်ငံရေးတက္ကသိုလ်ရဲ့ ဂုဏ်ဆောင်ရန် သတိပေးပြောကြားပါသည်။ ပထမအကြိမ် လူငယ်နိုးနှောဖလှယ်ပွဲမှာ စကားပြောကြားသူ(စပီကာ) အမှားတွေ့ရကြောင်း၊ သဘာပတိကြီးလို့ ပြောရမည့်အစား သဘာဝကြီးဟု ပြောဆိုမိခဲ့သည်ကို ဥပမာပေး၍ သတိပေးနေပါသည်။

ကျွန်တော်သည် နက်ပြာရောင် ယူနီဖောင်း ပခုံးဒေါက်တွင် အနီရောင်လိုင်း ၃ လိုင်းစီတင်ထားပြီး သတ်မှတ်နေရာမှာ နေရာယူ၍ အခမ်းအနားမှူး၏ ကြေညာသံကို နားစွင့်လျက် အသင့်အနေအထားရှိနေပါသည်။ အခမ်းအနားမှူးအသံ ပေါ်ထွက်လာပါပြီ။ အစီအစဉ်အရ စီမံကိန်းဝင် လူငယ်များကိုယ်စား ဗဟိုနိုင်ငံရေးတက္ကသိုလ် လမ်းစဉ်လူငယ် မွမ်းမံသင်တန်း အမှတ်စဉ်(၄) ကသ/၁၅၆ ရဲဘော်တင်ရှိန်မှ ကျေးဇူးတင်စကား ပြောကြားခြင်းအစီအစဉ်ဖြစ်ပါတယ်။

ကျွန်တော်သည်ဝတ်စုံပြည့် Rehearsal လေ့ကျင့်ထားသည့် သင်ခန်းစာအတိုင်း စကားပြောစင်မြင့်ဆီသို့ အမြန်လျှောက်ဖြင့် တက်ရောက်ခဲ့ပြီး သဘာပတိအဖွဲ့အား စစ်ပုံစံ အလေးပြုခြင်းဖြင့် အလေးပြုပါသည်။ စကားပြောစင်မြင့်မှ ခန်းမကြီးကို ကြည့်လိုက်မိပါသည်။ ယူနီဖောင်းနက်ပြာရောင် ဝတ်ဆင်ထားသော များပြားလှတဲ့ လူငယ်ထုများ။ နိုင်ငံတော်အကြီးအကဲ ဦးသည်တော်များအား ရောင်စုံဆလိုက်ကြီးများဖြင့် ခန့်ညားထည်ဝါစွာ မြင်တွေ့ရပါသည်။ ကျွန်တော့်ရင်မှာလည်း မဖော်ပြတတ်သော လှိုင်းဂယက်များ လှုပ်ခတ်သလို ခံစားလိုက်ရပါသည်။

မျက်စိလည်း ရှတ်၊ နားလည်းရှတ်သနဲ့ လူတွေကလည်း တို့ရွာက ဘုရားပွဲထက်တောင် များသေးတယ်၊ ဩော်–ရန်ကုန်၊ ရန်ကုန်ဆိုတာ ဒါပါလား ဆိုတဲ့ **စိုးမိုးမေတ္တာပြဇာတ်က တို့တေးသီနိုးတန် စကားကို နားထဲမှာ ကြားယောင်သလို ခံစားရပါတယ်။**

ရွာက ဘုန်းကြီးကျေးဇူးကြောင့် ရန်ကုန်ကို နှစ်ခေါက်သာရောက်ဖူးတဲ့ ကျွန်တော် ဒီလို ခမ်းနားထည်ဝါမှုကိုတွေ့ရလို့ စိတ်လှုပ်ရှားမှု ဖြစ်ခြင်းက ထူးဆန်းမှုမဟုတ်ပါလို့ ဖြေသိမ့်လိုက်ပါတယ်။

အလွန်များပြားလှတဲ့ လူထုပရိသတ်မှာ တိတ်ဆိတ်ငြိမ်သက်လျက် ကျွန်တော့်ထံမှ ထွက်ပေါ်လာမည့် စကားသံကို ငုံလင့်စောင့်စား အကဲဖြတ်နေကြပြီဖြစ်ပါသည်။ ကျွန်တော်သည် လူထုပရိသတ်ရှေ့ စကားပြောခြင်း သင်ခန်းစာကို သင်ယူပြီးဖြစ်လို့ စိတ်ကို ငြိမ်အောင် ထိန်းလိုက်ပါတယ်။ မျက်စိအစုံကို အစည်းအဝေးခန်းမကြီးအတွင်းရှိ လူထုပရိသတ်ကြီးကို လွှမ်းခြုံ၍ကြည့်လိုက်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန၊ မော်ကွန်းရုပ်ရှင်မှ မီးဆလိုက်ကြီးများဖြင့် စကားပြောစင်မြင့် နေရာသို့ ဦးတည်လျက် အနီးကပ် ရုပ်ရှင်ရိုက်ကူးနေပါသည်။

ကျွန်တော်မှ စတင်၍ မိတ်ဆက်စကား ပြောကြားလိုက်သည်မှာ လေးစားအပ်ပါသော သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်

နှစ်ပေါင်းကြာညောင်း၍ လေထဲတွင် ပျောက်ကွယ်ခဲ့သော်လည်း ဘယ်သူတွက်လဲ ပြည်သူတွက်ပဲ ဘာစိတ်ဓာတ်လဲ သံမဏိစိတ်ဓာတ် အဓိဋ္ဌာန်ကိုတော့ ကျွန်တော် အသက်နဲ့ ထပ်တူရှိနေမှာ ဖြစ်ပါတယ်။

မတီဝင်များ။ ဝန်ကြီးဌာနများမှ အကြီးအကဲများ၊ အထူးဖိတ်ကြားထားသော ည့ေသည်တော်များနှင့် စီမံကိန်းဝင်လူငယ်များ။ မင်္ဂလာအပေါင်းနဲ့ပြည့်စုံသော ညချမ်းခါသမယ ဖြစ်ပါစေကြောင်း ဦးစွာပဏာမဂါရဝဖြင့် ဆုမွန်ခြွေသ နှုတ်ခွန်းဆက်သအပ်ပါတယ်လို့ ပြောအပြီးမှာ ကျွန်တော် ဆက်လက်ပြောကြားလိုက်သည့် စကားသံမှာ–

သာယာဝတီခရိုင်အတွင်း၌ ကြိုင်သင်းကာ ထုတ်ဆိုပြရလျှင် အုတ်ဖို နဂရအရှေ့ဒီသာတွင် ဝလေ့ညီစွာ ပျံ့မွှေးမဆုံးတဲ့ ဘန့်ဗွေးကုန်းရပ်ဂါမတွင် မပြတ်ထာဝရ အတူနေကြသော ဦးသိန်းမောင် ဒေါ်တင်ထွေးတို့၏သား နောင်အစဉ်မမှိန်တဲ့ ကျွန်တော် မောင်တင်ရှိန် ဖြစ်ပါတယ် လို့ အသံထွက်ပေါ်လာသည့်အချိန်မှာပင် ခန်းမကြီးတစ်ခုလုံး သိမ့်သိမ့်တုန်အောင် လက်ခုပ်သံများနဲ့ ကျွန်တော့်ကို ဂုဏ်ပြုလိုက်ပါတယ်။ ကျွန်တော့်ရင်မှာ မဖော်ပြနိုင်သော ကျေနပ်ပီတိ ဖြစ်ရပါတယ်။ ရွတ်ဆိုလိုက်သော စာပိုဒ်သည် ကျွန်တော် ရွာမှာရှင်ပြုစဉ်က ရွာကဆရာတော် ရေးပေးထားသော အလှူဖိတ်စာထဲက စာပိုဒ်သာဖြစ်ပါသည်။

ကျွန်တော့်အား ပွဲလယ်တင့်ရလေအောင် သွန်သင်ပြသဆုံးမခဲ့ပါသော ဆရာတော်အား ရိုသေစွာ ရှိခိုးဦးတင်မိပါသည်။

ဗဟိုနိုင်ငံရေးတက္ကသိုလ်ဆီက သစ္စာအဓိဋ္ဌာန်များ ကြွေကြော်သီဆိုသံများဖြင့် ညီညာသော လက်ခုပ်များဖြင့် ဟစ်ကြွေးခဲ့သည့် မှတ်စဉ် မှတ်စဉ် ဆို တစ်၊ နှစ်၊ သုံး၊ လေး။ တစ်၊ နှစ်၊ သုံး၊ လေး၊ လမ်းစဉ်လူငယ် မွမ်းမံသင်တန်း **ဘာလုပ်နေလဲ၊ လေ့ကျင့်နေဆဲ၊ ဘယ်သူတွက်လဲ၊ ပြည်သူ့အတွက်ပဲ၊ ဘာစိတ်ဓာတ်လဲ၊ သံမဏိစိတ်ဓာတ် သံစဉ်တို့က** နှစ်ပေါင်းကြာညောင်း၍ လေထဲတွင် ပျောက်ကွယ်ခဲ့သော်လည်း **ဘယ်သူတွက်လဲ ပြည်သူတွက်ပဲ ဘာစိတ်ဓာတ်လဲ သံမဏိစိတ်ဓာတ် အဓိဋ္ဌာန်ကိုတော့** ကျွန်တော် အသက်နဲ့ထပ်တူရှိနေမှာ ဖြစ်ပါတယ်။ ခေတ်စနစ်တွေ ဘယ်လိုပြောင်းပေမယ့် မဟောင်းသောစိတ်ဓာတ်၊ မပြောင်းသော အဓိဋ္ဌာန်တို့သည် လမ်းစဉ်ပါတီခေတ်ဆီက မွေမရတဲ့ မေလရဲ့ နွေတစ်ညလို့သာ ထာဝစဉ် မှတ်တမ်းတင်ထားလိုက်ပါတော့သည်။

ရဲဘော်တင်ရှိန်(အုတ်ဖို)



ဆီကိုလည်းစား၊ ကျန်းမာအောင်လည်းနေပါ



၁၉၈၄ ခုနှစ်က အမေရိကန်ပြည်ထောင်စု၌ သွေးတွင်းအဆီဓာတ် များနေသော အစမ်းသပ်ခံ စေတနာ့ဝန်ထမ်း လူဦးရေ လေးထောင်ကို ဆယ်စုနှစ် တစ်စုကြာအောင် သုတေသန ပြုလုပ်ခဲ့ ချက်အရ ခန္ဓာကိုယ်တွင်း လှည့်ပတ်နေသည့် သွေးအတွင်းရှိ အဆီတစ်မျိုးဖြစ်သော ကိုလက်စထရော (Choloesterol) ကို လျော့ကျသွားအောင် ပြုလုပ်ခြင်းဖြင့် နှလုံးရောဂါ ဖြစ်ပွားမှုနှုန်းကို လျှော့ချနိုင်ကြောင်း တိကျစွာဖော်ထုတ်နိုင်ခဲ့သည်။ အဆိုပါ သုတေသနပြုတွေ့ရှိချက်က သွေးထဲရှိ ကိုလက်စထရောကို လျှော့ချနိုင်ရေးအတွက် ဆီစားသုံးမှုကို ဆင်ခြင်ကြရန် တွန်းအားတစ်ရပ် ဖြစ်လာခဲ့သည်။

ကိုလက်စထရောကို အသားများ စားသုံးခြင်းဖြင့် ရရှိနိုင်သလို၊ အခြားသော အစားအစာများတွင် ပါဝင်နေသော ပြည့်ဝဆီများကို အသည်းက ပြုပြင်ထုတ်လုပ်ပေးလိုက်ခြင်းအားဖြင့်လည်း ရရှိနိုင်သည်။ ကိုလက်စထရောကို လူခန္ဓာကိုယ်က မရှိမဖြစ် လိုအပ်သည်။ ဖိုမဟော်မုန်းဓာတ်များ ထုတ်လုပ်ခြင်း၊ နေရောင်ခြည်ကို စုပ်ယူပြီး ဗီတာမင်ဒီအဖြစ်



သိပ္ပံစာရေးဆရာ ကိုကိုအောင်

ပြောင်းလဲပေးခြင်း။ အာရုံကြောမျှင်များကို အမြွေးပါးများဖြင့် ရစ်ပတ်ဖုံးအုပ်ပေးထားခြင်း စသော လုပ်ငန်းစဉ်များတွင် ကိုလက်စထရောသည် အရေးကြီးသော အခြေခံပစ္စည်းတစ်ခုဖြစ်သည်။

ယေဘုယျအားဖြင့် လူတစ်ဦးအတွက် နေ့စဉ် ကိုလက်စထရော ငါးရာမီလီဂရမ်ခန့် လိုအပ်ပြီး၊ ယင်းလိုအပ်ချက်ကို အစားအသောက်များမှတစ်ဆင့် အလုံအလောက်မရရှိခဲ့လျှင် အသည်းက ဖြည့်စွက်ထုတ်လုပ်ပေးသည်။ သို့ရာတွင် ကိုလက်စထရော ပါဝင်နေသော အစားအစာများဖြစ်သည့် အသား၊ အသည်း၊ ဝမ်းတွင်းကလီစာများ၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ ဥအနှစ်များ စသည်တို့ကို အလွန်အကျွံစားသုံးမိခြင်းကြောင့် ခန္ဓာကိုယ်က လိုအပ်သည်ထက် ကိုလက်စထရော ပမာဏက များပြားနေမည်ဆိုပါက နှလုံးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ စသောရောဂါများ ဖြစ်ပွားလာနိုင်သည်။

သို့ဖြစ်၍ သွေးတွင်းအဆီဓာတ်ဖြစ်သော ကိုလက်စထရောပမာဏ အလွန်အကျွံ မြင့်တက်မလာစေရေးအတွက် ဆီနှင့်တကွ အဆီဓာတ်ပါသော အစားအစာများကို ထိန်းထိန်းသိမ်းသိမ်းဖြင့် စားသုံးကြရန် သတိပေးနှိုးဆော်ချက်များ ထွက်ပေါ်လာရခြင်းဖြစ်သည်။ ထိုသို့သော သတိပေးနှိုးဆော်ချက်များကြောင့် ဆီနှင့် အဆီဓာတ်ပါသော အစားအသောက်များကို နှိုင်းနှိုင်းချိန်ချိန်ဖြင့် စားသုံးလာကြသူများရှိသလို၊ ဆီနှင့် အဆီဓာတ်ပါသည့် အစားအသောက်များကို လုံးဝပစ်ပယ် ရှောင်ကြဉ်ကြသူများလည်း ရှိလာသည်။ ကြော်ချက်ထားသော ဟင်းများကိုပင် စားသောက်ခြင်းမပြုတော့ဘဲ ပြုတ်ထားသော ဟင်းများနှင့် ပေါင်းထားသော ဟင်းများကိုသာ ရွေးချယ်စားသုံးလာကြသူများကိုလည်း တွေ့ရှိနေရသည်။

ဤတွင် အဆီဓာတ်သည် ခန္ဓာကိုယ်အတွက် မည်မျှအရေးကြီးသည်ကို ပြန်ပြောင်း၍ သတိတရရှိကြဖို့ လိုအပ်လာပြန်သည်။ လူတို့ နေ့စဉ်စားသုံးနေသော အစားအသောက်များမှာ အများအပြားရှိသော်လည်း ယင်းတို့ကို ခွဲခြမ်းစိတ်ဖြာကြည့်လျှင် အဓိကအားဖြင့် သုံးမျိုးသာတွေ့ရှိရမည် ဖြစ်သည်။ ယင်းတို့မှာ ပရိုတိန်း၊ ကာဗိုဟိုက်ဒရိတ်နှင့် အဆီတို့ဖြစ်ကြသည်။

ယင်းသုံးမျိုးထဲတွင် အဆီဓာတ်သည် ပရိုတိန်းနှင့် ကာဗိုဟိုက်ဒရိတ်တို့ထက် အာဟာရစွမ်းအင်ကို နှစ်ဆပေးနိုင်စွမ်းရှိသည်။ ပရိုတိန်း သို့မဟုတ် ကာဗိုဟိုက်ဒရိတ် တစ်ဂရမ်စားသုံးလျှင် အာဟာရစွမ်းအင် ၄.၅ ကယ်လိုရီမျှသာ ရရှိနိုင်သော်လည်း ဆီ တစ်ဂရမ်ကို စားသုံးခဲ့လျှင်မူ အာဟာရစွမ်းအင် ၉ ကယ်လိုရီအထိ ရရှိနိုင်သည်။ ဆီကို တိုက်ရိုက်စားသုံးခြင်းအားဖြင့် အဆီဓာတ်ကို ရရှိနိုင်သလို၊ အမဲသား။ ဝက်သား။ ဆိတ်သား။ ကြက်သား။ ဘဲသား စသော အသားများနှင့် ငါး၊ ပုစွန်၊ ဂဏန်းစသော ရေထွက်ပစ္စည်းများကို စားသုံးခြင်းအားဖြင့်လည်း အဆီဓာတ်ကို ရရှိနိုင်သည်။ ဆီထွက်သီးနှံများ။ ဆီထွက်အစေ့အဆံများ။ ဆီထွက်ဟင်းသီးဟင်းရွက်များကို စားသုံးခြင်းအားဖြင့်လည်း အဆီဓာတ်ကို ရရှိနိုင်သည်။

၁၉၂၁ ခုနှစ်က ပိုလန်လူမျိုး သိပ္ပံပညာရှင် ဒေါက်တာကာစီမီယာဖန့်က ဗီတာမင်ကို စတင်ဖော်ထုတ်တွေ့ရှိခဲ့ပြီးချိန်မှစ၍ ဆေးသိပ္ပံပညာရှင်များနှင့် ဓာတုဗေဒ ပညာရှင်တို့သည် ရာစုနှစ်တစ်စုအတွင်း ဗီတာမင်အမျိုးပေါင်း ၁၄ မျိုးကို တွေ့ရှိဖော်ထုတ်နိုင်ခဲ့ကြသည်။ ယင်းတို့အနက် ဗီတာမင်အေ၊ ဗီတာမင်ဒီ၊ ဗီတာမင်အီးနှင့် ဗီတာမင်ကေတို့သည် အဆီတွင်ပျော်ဝင်သော ဗီတာမင်များ ဖြစ်ကြပြီး၊ ကျန်ဗီတာမင်များသည် ရေတွင်ပျော်ဝင်သော ဗီတာမင်များ ဖြစ်ကြသည်။



ပရိုတိန်း သို့မဟုတ် ကာဗိုဟိုက်ဒရိတ် တစ်ဂရမ်စားသုံးလျှင် အာဟာရစွမ်းအင် ၄.၅ ကယ်လိုရီမျှသာ ရရှိနိုင်သော်လည်း ဆီ တစ်ဂရမ်ကို စားသုံးခဲ့လျှင်မူ အာဟာရ စွမ်းအင် ၉ ကယ်လိုရီအထိ ရရှိနိုင်သည်။

ဗီတာမင်အေသည် လူခန္ဓာကိုယ်အတွင်းရှိ တစ်ရှူးများ ခြောက်မသွားအောင် အထောက်အကူပေးရုံမျှမက မျက်စိအမြင်အား ကောင်းစေရန်အတွက် အဓိကအထောက်အပံ့ပေးသည်။ ဗီတာမင်ဒီကမူ သွေးထဲ၌ ကယ်လစီယမ်ဓာတ်ရရှိစေရန်၊ အာရုံကြော၌ ကြွက်သားကလပ်စည်းများ အားကောင်းစေရန်နှင့် ကလေးများအတွက် အရိုးပျော့ရောဂါကို ကာကွယ်ပေးရန် အထောက်အကူပြုသည်။

အလားတူပင် ဗီတာမင်အီးကလည်း အစွမ်းထက်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းဖြစ်ပြီး အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးနိုင်စွမ်းရှိသည်။ ထို့အတူ ဗီတာမင်ကေကလည်း ထိခိုက်ဒဏ်ရာရသည့်အခါ ခန္ဓာကိုယ် သွေးခဲမှုနှေးကွေးခြင်းမှ ကောင်းစွာကာကွယ်ပေးပြီး သွေးထွက်မလွန်အောင် အဓိကအားဖြင့် အထောက်အကူပြုပေးသည်။

ယင်းကဲ့သို့သော လူခန္ဓာကိုယ်အတွက် တန်ဖိုးမဖြတ်နိုင်သည့် ဗီတာမင်လေးမျိုးကို ရရှိနိုင်ရန် လုပ်ဆောင်ပေးနိုင်သော အဓိကအရာမှာ ဆီနှင့် အဆီဓာတ်ပါသော အစားအစာများပင်ဖြစ်သည်။ ဆီ၊ သို့မဟုတ် အဆီဓာတ်ပါသော အစားအစာများကို စားသုံးခြင်းမပြုမိပါက၊ သို့တည်းမဟုတ် လုံးဝရှောင်ကြဉ်ခဲ့မည်ဆိုပါက အဆီတွင် ပျော်ဝင်ပြီးမှရရှိနိုင်သော အဆိုပါ ဗီတာမင်လေးမျိုးကို လူခန္ဓာကိုယ်က လက်ခံရရှိနိုင်တော့မည် မဟုတ်ပေ။

ဆီနှင့် အဆီဓာတ်ပါသော အစားအစာများကို စားသုံးခြင်းအားဖြင့် အအေးဒဏ်ကိုလည်း ကောင်းစွာခံနိုင်ရည်ရှိသည်။ အပူဓာတ် စီးကူးမှု အလွန်ညံ့ဖျင်းသော ပစ္စည်းများထဲတွင် ဆီနှင့်အဆီတို့သည် ထိပ်ဆုံးကပါဝင်နေသည့်အတွက် ဆီကို ပုံမှန်စားသုံးနေသူသည် ဆီလုံးဝမစားသူထက် အအေးဒဏ်ကို ပိုမိုခံနိုင်ရည်ရှိသည်။ ဝင်ရိုးစွန်းဒေသတွင် နေထိုင်ကြသော အက်စကီးမိုးလူမျိုးတို့သည် ခိုက်ခိုက်တုန်အောင် အေးမြလှသော ရာသီဥတုဒဏ်မှ ကာကွယ်နိုင်ရန်အတွက် ခန္ဓာကိုယ်တစ်ခုလုံးကို ဝေလငါးမထုတ်ယူထားသော အဆီများဖြင့် လိမ်းကျံထားကြရသည်။ ဤသည်မှာကား အအေးဒဏ်ကို ကောင်းစွာကာကွယ်ပေးနိုင်သော ဆီ၏ အစွမ်းသတ္တိပင်ဖြစ်သည်။

ဆီနှင့် အဆီဓာတ်ပါဝင်သော အစားအစာများကို စားသောက်ပြီးသည့်အခါ ခန္ဓာကိုယ်တွင်းရှိ အစာချက်လုပ်ငန်းစဉ်ကြောင့်



အာဟာရစွမ်းအင်ဖြစ်သော ကယ်လိုရီနှင့် အတူ ရေတို့ပါထွက်ရှိလာသည်။ တစ်နည်းဆိုရသော် ဆီနှင့် အဆီဓာတ်ပါဝင်သော အစားအစာများကို စားသုံးခြင်းသည် ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော ရေဓာတ်ကိုပါ တစ်ပါတည်းရရှိစေသည်။

ထို့ပြင် ခန္ဓာကိုယ်က စားသုံးလိုက်သော အဆီဓာတ်သည် ခန္ဓာကိုယ်အတွင်းရှိ ဆဲလ်များအား ပူးကပ်ဝန်းရံထားသော အမြှေးပါးများကို ကြံ့ခိုင်စေသည်။ ထိုအမြှေးပါးများ ကြံ့ခိုင်တောင့်တင်းမှုရှိနေမှသာလျှင် ကိုယ်တွင်းအင်္ဂါ အစိတ်အပိုင်းများ ကျန်းမာကြံ့ခိုင်မှုနှင့် ပြည့်စုံမည်ဖြစ်သည်။ ထို့အတူ ပင် လူတစ်ဦး၏ စဉ်းစားတွေးခေါ်လှုပ်ရှားဆောင်ရွက်မှုကို အဓိကထိန်းချုပ်ထားသည့် ဦးနှောက်ဆဲလ်များသည်လည်း ပုံမှန်လုပ်ငန်းများကို ထမ်းဆောင်နိုင်ရန် အဆီဓာတ်ကို လိုအပ်သည်။ အာရုံကြောများ အစဉ်ရှင်သန်နိုးကြားစေရန်အတွက်လည်း အဆီဓာတ်ကပင် ကောင်းစွာအထောက်အကူပြုပေးလျက်ရှိသည်။

လူခန္ဓာကိုယ်၏ အသားအရေ စိုပြည်ဝင်းပစေရေးအတွက်ကိုလည်း အဆီဓာတ်က ထောက်ပံ့ကူညီပေးနိုင်သည်။ ဆီနှင့် အဆီဓာတ်ပါသော အစားအစာများကို စားသုံးမှုမရှိပါက အသားအရေ ခြောက်ခန်းခြင်း။ အရေပြားယားယံခြင်း စသည်တို့ကို ခံစားရမည်ဖြစ်သလို၊ ရောဂါပိုးမွှားများကိုလည်း လွယ်လင့်တကူ ဝင်ရောက်ခွင့်ရရှိစေမည် ဖြစ်သည်။ အဆီနှင့် အဆီဓာတ်တို့ကို ပုံမှန်စားသုံးမည်ဆိုပါကမူ စိုပြည်ချောမွေ့သော အသားအရေမျိုးကို ပိုင်ဆိုင်ခွင့်ရရှိမည် ဖြစ်သည်။

ဆီနှင့် အဆီဓာတ်ပါသော အစားအစာများကို လိုအပ်သည်ထက် ပိုမိုစားသုံးမိသည့်အခါ ပိုလျှံနေသော အဆီအချို့ကို ခန္ဓာကိုယ်က အရန်ရိက္ခာအဖြစ် သိုလှောင်ပေးထားနိုင်သည်။ အကြောင်းအမျိုးမျိုးကြောင့် အစာမစားရသည့်အခါ၊ သို့တည်းမဟုတ် ငတ်မွတ်ခေါင်းပါးမှုဘေး ဆိုက်ရောက်သည့်အခါမျိုး၌ ခန္ဓာကိုယ်တွင်းအင်္ဂါများ ဆက်လက်ရှင်သန် လှုပ်ရှားနိုင်ရေးအတွက် သိုလှောင်ထားသော အဆီများကို ပြန်လည်ထောက်ပံ့ပေးခြင်းဖြင့် ရုတ်တရက် အစာငတ်၍ သေဆုံးခြင်းမဖြစ်ရလေအောင် လုပ်ဆောင်ပေးသည်။

လူတို့၏ ခန္ဓာကိုယ်သည် ဆီနှင့် အဆီဓာတ်ပါသော အစားအစာတို့ကို စားသောက်ခြင်းအားဖြင့်လည်း အဆီကိုရရှိနိုင်သလို၊ ဆန်နှင့် ဂျုံကဲ့သို့သော ကာဗိုဟိုက်ဒရိတ်ကို အများအပြားစားသုံးခဲ့လျှင်လည်း လိုအပ်သည်ထက် ပိုမိုလာသော ကာဗိုဟိုက်ဒရိတ်များကို အဆီအဖြစ် ပြောင်းလဲ၍ သိုလှောင်ပေးထားနိုင်စွမ်းရှိသည်။

သို့ရာတွင် ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော ဖက်တီးအက်ဆစ်ကိုမူ ဆီနှင့် အဆီဓာတ်ပါသော အစားအစာများကို တိုက်ရိုက်စားသုံးခြင်းဖြင့်သာ ရရှိနိုင်သည်။ ကျန်းမာရေးလောကတွင် လူပြောများနေသော Omega-3 နှင့် Omega-6 တို့သည် လူခန္ဓာကိုယ်အတွက် အရေးကြီးသော မရှိမဖြစ် ဖက်တီးအက်ဆစ်အချို့ ဖြစ်ကြသည်။ Omega-3 လုံလောက်မှုမရှိပါက ဦးနှောက်နှင့် ဗဟိုနာဗ်ကြောတို့၏ ပုံမှန်လုပ်ဆောင်ချက်များကို ထိခိုက်စေနိုင်သည်။ Omega-3 ကို အလုံအလောက်ရရှိပါက နှလုံးကို ကျန်းမာသန်စွမ်းစေခြင်း၊ အဆစ်အမြစ်များ ရောင်ရမ်းနာကျင်မှုကို သက်သာစေခြင်း၊ အရွယ်မတိုင်မီ အိုမင်းရင့်ရော်မှုကို တားဆီးပေးနိုင်ခြင်း စသော ကောင်းကျိုးများကို ရရှိစေသည်။ ပုစွန်၊ တူနာငါး၊ ဆော်လမွန်ငါး၊ ငါးကြင်း၊ ငါးမြင်းစသည်တို့ကို စားသုံး

ခြင်းအားဖြင့် Omega-3 ကို ရရှိနိုင်သလို၊ ဟင်းသီးဟင်းရွက်ဆီ၊ ပဲပုပ်စေ့ဆီ၊ နှမ်းဆီ စသည်တို့နှင့်တကွ အခွံမာသီးများ၏ အစေ့အဆံများကို စားသုံးခြင်းအားဖြင့်လည်း Omega-3 ကို ရရှိနိုင်သည်။

လူခန္ဓာကိုယ်အတွက် လိုအပ်သော မရှိမဖြစ် ဖက်တီးအက်ဆစ်များသည် ခန္ဓာကိုယ်တွင်း၌ ဇီဝကမ္မဖြစ်စဉ်ကြီး စဉ်ဆက်မပြတ် လည်ပတ်နိုင်ရေးအတွက် လိုအပ်သော ဟော်မုန်းဓာတ်များကို ထုတ်လုပ်ပေးသလို၊ အဆိုပါ ဟော်မုန်းဓာတ်များကြောင့်လည်း သွေးတွင်းအဆီဓာတ်များကို လျှော့ချပေးနိုင်ပြီး သွေးလည်ပတ်မှုနှင့် သွေးဖိအားတို့ကို ကောင်းမွန်မှုတစေသည်။

ဤသည်တို့ကို ထောက်ရှုခြင်းအားဖြင့် လူတို့၏ အသက်ရှင်ရပ်တည်ရေးအတွက် ဆီနှင့်တကွ အဆီဓာတ်ပါသော အစားအစာများကို ပစ်ပယ်ထား၍ မရနိုင်ကြောင်း သိရှိနိုင်သည်။ ဆီနှင့် အဆီဓာတ်တို့သည် လူခန္ဓာကိုယ်အတွက် အရေးကြီးသော သက်စောင့်ပစ္စည်းများ ဖြစ်ကြသည့်အတွက် သင့်တင့်မျှတစွာ စားသုံးသွားကြရမည်သာ ဖြစ်သည်။ ဆီကို အတိုင်းအဆမဲ့စွာဖြင့် လွန်ကဲစွာ စားသုံးခြင်းသည်သာလျှင် ကျန်းမာရေးအတွက် ဆိုးကျိုးများကို ဖြစ်ပေါ်လာစေနိုင်သည်။

ကမ္ဘာပေါ်ရှိ ဒေသအသီးသီး၌ နေထိုင်



လျက်ရှိကြသော လူမျိုးအသီးသီးတို့သည် စားသောက်နေထိုင်မှုပုံစံများ အမျိုးမျိုးကွဲပြား ခြားနားလျက်ရှိနေကြသည်။ အမေရိကန်နှင့် ဥရောပတိုက်သားတို့သည် ဆီနှင့် အဆီဓာတ်ပါဝင်သော အစားအစာများကို နှစ်မြို့က်ခုံမင်စွာဖြင့် အများအပြား စားသုံးလေ့ရှိကြသော်လည်း ဂျပန်လူမျိုးတို့၏ ဟင်းလျာများ၌မူ ဆီပါဝင်မှုပမာဏ အလွန်အလွန် နည်းပါးကြောင်း တွေ့ရှိနိုင်သည်။ ထို့ကြောင့်ပင်လျှင် အမေရိကန်နှင့် ဥရောပတိုက်သားအများစုတို့သည် အဝလွန်ခြင်းနှင့် သွေးတိုး၊ ဆီချို၊ နှလုံးစသော ရောဂါဝေဒနာများကို ခံစားနေကြခြင်း ဖြစ်သည်။

ထို့အတူပင် မြန်မာလူမျိုးတို့၏ အိမ်ထောင်စုတစ်စုက တစ်လလျှင် ပျမ်းမျှအားဖြင့် ဆိနစ်ပိသာခန့် သုံးစွဲနေကြချိန်တွင် ဂျပန်လူမျိုးတို့၏ အိမ်ထောင်စုတစ်စုက တစ်နှစ်ပတ်လုံးအတွက် ပျမ်းမျှ ဆိ ၆၅ ကျပ်သားခန့်သာ သုံးစွဲလျက်ရှိနေကြသည်။ ဆီကို စနစ်တကျဖြင့် မျှတစွာစားသုံးလေ့ရှိကြခြင်း၏ အကျိုးဆက်အဖြစ် ဂျပန်လူမျိုးမှန်လျှင် လူငယ် လူရွယ်များမှစ၍ သက်ကြီးရွယ်အိုများအထိတို့သည် အဝလွန်ခြင်းမရှိကြဘဲ ခန္ဓာကိုယ်ကျစ်လျစ်ပြီး ကျန်းမာကြွေခိုင်ကြသူများဖြစ်ကြောင်း တွေ့ရှိနိုင်သည်။

''ဆီကို ရေချိုး ဆေးရိုးဗီးလုံ စပါး တောင်လိုပုံ'' ဟူသော ရှေးပြန်မာတို့၏ ဆိုရိုးစကားမှာ ဆန်ရေစပါး ပေါများမှုကို ရည်ညွှန်းခြင်းသာဖြစ်ပြီး၊ ဆီကို အလွှဲအပယ် စားသုံးရမည်ဟု ဆိုလိုခဲ့ခြင်းမဟုတ်ပေ။

ဆီနှင့် အဆီဓာတ်ပါသော အစားအစာများကို လွန်ကဲစွာစားသုံးခြင်းသည် ရောဂါဘယများကို ထူပြောစေပြီး လူဖြစ်ရကျိုးမနပ်သော ဘဝမျိုးဖြင့်သာ ရှင်သန်နေထိုင်သွားကြရနိုင်သည်။ ဆီနှင့် အဆီဓာတ်ပါဝင်သော အစားအစာများကို လုံးဝ စားသုံးခြင်းမပြုဘဲ ပစ်ပယ်ထားခြင်းမျိုးကလည်း ခန္ဓာကိုယ်၏ ဇီဝယန္တရား လည်ပတ်နေမှုကို တုံ့ဆိုင်းအားပျော့စေကာ ဖွံ့ဖြိုးကြီးထွားမှုနှင့် ဉာဏ်ရည်ထက်မြက်မှုတို့တွင် အများတကာထက် နောက်ကျကျန်နေခဲ့လိမ့်မည်။ ဆီကို သင့်တင့်မျှတစွာဖြင့် စနစ်တကျစားသုံးခြင်းကမူ ကျန်းမာပျော်ရွှင်သောဘဝကို ပိုင်ဆိုင်ခွင့်ရရှိစေလိမ့်မည် ဖြစ်ပေသည်။

သိပ္ပံစာရေးဆရာ ကိုကိုအောင်

သိုးမည်းတစ်ကောင်ကြောင့်

''ကျုပ်မှာ အတော်ဒုက္ခပေးတဲ့ သားတစ်ယောက်ရှိတယ်ဗျာ၊ ဒီကောင်ကို စိတ်ပူရတာနဲ့ ကျုပ်ကောင်းကောင်းအိပ်လို့မရတာ သုံးလေးလောက်ရှိပြီ''လို့ ရီဂင်(Regan) က ညည်းတယ်။

ဒီတော့ သူမိတ်ဆွေက ''ခင်ဗျားသိုးတွေကို စိတ်ထဲကနေမှန်းပြီး ရေကြည်ဖူးလား''လို့မေးတယ်။

ရီဂင်က ဒါမျိုးလုပ်မကြည့်ဖူးဘူး။ ဒါနဲ့ အဲဒီညမှာပဲ ကြိုးစားကြည့်တယ်။ နောက်တစ်နေ့ မိုးလင်းတော့ သူအခြေအနေက အတော်အိပ်ရေးပျက်နေပုံပေါက်နေတယ်။


''ခင်ဗျား သိုးတွေကို မရေတွက်ဖူးလား''လို့ မိတ်ဆွေဖြစ်သူက စူးစမ်းတယ်၊

''ကျုပ်လား၊ ခင်ဗျားပြောသလို ရေတာပေါ့ဗျာ၊ ရေသမှ သိုးအကောင် ခြောက်ထောင်ခုနစ်ရာ ရှစ်ဆယ့်ငါးကောင်တောင်ရတယ်၊ အဲဒီနောက် အိပ်ချင်သလို ဖြစ်လာချိန်မှာ သိုးမည်းတစ်ကောင်ကို စိတ်ကူးမိတယ်၊ အဲဒီမှာတင် ကျုပ်သားကို ပြန်တွေးမိပြီး တစ်ညလုံး အိပ်မရတော့ပါဘူးဗျာ''လို့ ရီဂင်က ညည်းညူပါတော့တယ်။



မောင်သီဟ

ရယ်စရာကို
တစ်ခါတလေ
ကြိုက်ချင်သေး....



''နွေရောက်ပြန်ပြီ မောင်ရေ၊ မောင်သိပ်ချစ်တဲ့ တမာပန်းတွေ ပွင့်ကုန်ကြပြီ၊ လှိုင်တို့ကျောင်းထဲက တမာပင်တွေမှာလည်း အပွင့်တွေဝေလို့၊ ကျောင်းသွားတဲ့ လမ်းတစ်လျှောက်က တမာတန်းကလေးကလည်း အပွင့်တွေဖွေးပြီး အနံ့တွေမွှေးလို့၊ မောင် ပြန်လာနေကျ ရွှေဘိုမဟာနန္ဒာကန်တော် လမ်းက တမာပင်တန်းကြီးကတော့ အပွင့် တွေတောင် ကြွေနေပြီမောင်ရဲ့''

မောင့်ကို သတိရစွာဖြင့် ကျွန်မစိတ်ထဲက ရေရွတ်နေမိပါတယ်။ မောင်နဲ့ကျွန်မ ဝေးကွာသွားကြတာ အနှစ် နှစ်ဆယ်တောင် ရှိခဲ့ပြီ။ မောင့်ကို တစ်နေ့၊ တစ်ရက်မှ ကျွန်မ မမေ့ခဲ့။ မောင်ကတော့ နိုင်ငံတာဝန် ဦးထိပ်ရွက်လို့ တောအနှံ့၊ တောင်အနှံ့ သွားလာ နေရတဲ့ စစ်သားပေမို့ ကျွန်မကို သတိရချိန် ရှိချင်မှရှိမှာပါ။ ပြီးတော့လည်း မောင့်မှာက ကြင်သူသက်ထား ဇနီးမယားနဲ့ပေပဲ။ ကျွန်မ မှာသာ ယခုအချိန်ထိ မောင့်ကို သတိရလို့ ကောင်းနေဆဲ။

သြော် ''ငယ်ကချစ်၊ အနှစ်တစ်ရာ၊ မမေ့သာ''ဆိုတဲ့ စကားက ကျွန်မအတွက်တော့ အကြွင်းမဲ့မှန်ကန်နေတဲ့ ရင်ထဲက ခံစားချက်ပါ။

❑ ❑ ❑ ❑

မောင်နဲ့ ကျွန်မက အညာတမာတွေ ကြားထဲမှာ ကြီးလာကြတာပါ။ ကျွန်မတို့ မြို့လေးက စစ်ကိုင်းတိုင်းအတွင်း မူးမြစ် အနောက်ဘက်ကမ်းမှာပါ။ တစ်မြို့လုံး တမာပင်တွေနဲ့၊ နွေဆို တမာတွေက တအားပွင့်ပြီး အနံ့တွေကလည်း သင်းလို့၊ မောင်က အဲဒီတမာပင်၊ တမာပွင့်တွေကို သိပ်ချစ်သတဲ့။ မောင်တို့အိမ်ဝင်းထဲမှာ တမာပင်အကြီးကြီး တစ်ပင်ရှိလေရဲ့။ မောင်က ကလေးဘဝကတည်းက အဲဒီတမာပင်ကြီး အောက်မှာပဲ သူ အမြဲစာကျက်ခဲ့တာ ဆယ်တန်းအောင်တဲ့အထိပဲတဲ့။ ငိုစရာရှိရင်လည်း အဲဒီတမာပင်ကြီးအောက်ကို သွားငိုမိသတဲ့။ ပြောစရာရှိရင်လည်း အဲဒီတမာပင်ကြီးကိုပဲ ပြောမိသတဲ့။

မွေးချင်းမရှိရှာတဲ့ မောင့်အတွက် တမာပင်ကြီးက သူ့အဖော်တဲ့။ ဒီစကားက မောင့်ကို အကြင်နာပွားပြီး သနားမိစေတဲ့ စကားပါ။

''ဆယ်တန်းဖြေတဲ့နှစ်က ဒီတမာပင်ကြီးအောက်မှာ တစ်ယောက်တည်း အလူးအလဲ စာကျက်ရတာ၊ တစ်ခါတစ်ခါ စာကျက်ပြီး မရတဲ့အခါမျိုးမှာ ကိုယ့်ဟာကိုယ် ဒေါပွပွနဲ့ တမာပင်ကြီးကို ခေါင်းနဲ့ပြေးပြေး တိုက်တာ၊ ခေါင်းတောင်မူးတယ်''ဆိုပဲ။

အဲ့သလို မောင်က ဆယ်တန်းဖြေတဲ့ နှစ်က သူ စာကျက်တာလေးပြောပြတော့ ကျွန်မမှာ မောင့်ကို ရယ်ရ၊ သနားရနဲ့။ သြော် ဖြစ်မှဖြစ်ရလေ မောင်ရယ်။

ဆယ်တန်းအောင်စာရင်းတွေ ထွက်တော့လည်း ကျောင်းကြီးမှာ အောင်စာရင်း သွားကြည့်ပြီး အောင်သူတွေက ပြုံးကြ၊ ပျော်ကြနဲ့ ဆူလို့ညံလို့။ မောင်ကတော့ တစ်ယောက်တည်း သွားကြည့်ပြီး ခပ်ကုတ်ကုတ်လေး ပြန်လာတယ်။ စာမေးပွဲအောင်တာတောင် ရှေ့ဆက်ကျောင်းတက်ရမယ့် အရေးတွေးပြီး သူများတွေလို ဝမ်းမသာနိုင်ခဲ့ဘူးတဲ့။ အိမ်ရောက်တော့ တမာပင်ကြီးအောက်မှာ ရပ်၊ တမာပင်ကြီးကို မော့ကြည့်လိုက်ပြီး–

''ကဲ...ရဲဘော်ကြီးရေ၊ ကျုပ်တော့ ဆယ်တန်းအောင်သွားပြီဗျာ၊ ဘာဆက်လုပ်ရမလဲ၊ အကြံပေးစမ်းပါအုံးဗျာ၊ တက္ကသိုလ်တက်ဖို့ ကျုပ်အရိုးမှာလည်း ပိုက်ဆံမရှိတော့ဘူးဗျ''

လို့ တမာပင်ကြီးကို တိုင်တည်တယ်ဆိုပဲ။

မောင်ပြောပုံကို ငေးကြည့်ရင်း ကျွန်မမှာ ပြုံးမိသေးတယ်။ ဒါပေမဲ့ ရင်ထဲက အသည်းနှလုံးမှာတော့ မျက်ရည်တွေဝေလို့ပါ။

တမာပင်ကြီးကတော့ မိုးဦးကျ အနောက်တောင်လေတိုးလို့ တဟဲဟဲ တရဲရဲ မြည်ပြီး သစ်ရွက်စိမ်းတွေ တလှုပ်လှုပ်နဲ့ ''ကောင်းပါ့၊ ကောင်းပါ့''နဲ့ မောင့်ကို အားပေးနေတယ်လို့ ထင်သတဲ့။

သိပ်စိတ်ကူးယဉ်တဲ့ မောင်ပါပဲလေ။

❑ ❑ ❑ ❑

အိမ်ချင်းကပ်နေလို့ ငယ်ငယ်က မောင်နဲ့ကျွန်မ မကြာခဏ ကျောင်းအတူ သွားကြပါတယ်။ အဲဒီအခါမျိုးမှာ ကျွန်မကို ''ကျောင်းသွားဖော် ညီမလေး''လို့လည်း ဆိုတတ်ပါတယ်။

တစ်ယောက်တည်းနေခဲ့ရတဲ့ မောင့်အတွက် ကျွန်မတို့မောင်နှမတစ်တွေက သူ့ဆွေမျိုးသားချင်းတွေပါပဲ။ ရိုးသားကြိုးစားတဲ့ မောင့်ကို ကျွန်မ ဖေဖေနဲ့မေမေကလည်း ခင်ကြပါတယ်။ ကျွန်မတို့မောင်နှမတွေ တစ်အုပ်တစ်မကြီး နေကြတာမြင်တိုင်း မောင်က ''အဲဒီလိုဘဝမျိုး ရချင်လိုက်တာ၊ အားကျလိုက်တာ''လို့ ခဏခဏပြောဖူးပါတယ်။

ပြီးတော့ မောင်က အားတဲ့အခါတိုင်း ကျွန်မတို့ မောင်နှမတစ်တွေကို စာပြပေးတတ်ပါတယ်။ မောင်နဲ့ကျွန်မကလည်း အတန်းက သုံးလေးတန်းတောင်ကွာတော့ စာတော်တဲ့ မောင့်အတွက် သိပ်အခက်အခဲ ရှိပုံမရပါဘူး။

ကျွန်မတို့ရပ်ကွက်က မြို့တောင်ဘက် အထက်တန်းကျောင်းကြီးနဲ့ ကပ်လျက်၊ ကျောင်းကြီးတောင်ဘက်မှာရှိတဲ့ ကွက်သစ်ပါ။ ကျောင်းကို ကျွန်မတို့ ခြေလျင်ပဲသွားကြပါတယ်။ အိမ်ကနေ ကျောင်းကိုသွားတဲ့ မြေလမ်းတစ်လျှောက်မှာ တမာပင်ပေါက်ကလေးတွေလည်း ဘေးတစ်ဖက်တစ်ချက် ဘယ်ညာတန်းလို့၊ အဲဒီလမ်းကလေးအတိုင်း နာရီဝက်လျှောက်ရင် ကျောင်းကြီးကိုရောက်ရော။

မောင် တက္ကသိုလ်စတက်တော့ ကျွန်မ ခုနစ်တန်းပေါ့။ အဲဒီနှစ်တွေ ကျောင်းပိတ်လို့ မောင် ရန်ကုန်ကပြန်ရောက်လာတော့ ကျွန်မက အတန်းတင်စာမေးပွဲကြီး ဖြေနေတုန်း။ မောင်က သူကုပ်ကပ်စုထားတဲ့ မရှိမဲ့၊ ရှိမဲ့ မုန့်ဖိုးထဲက ပုသိမ်ထီးအပြာလေး တစ်လက် ဝယ်လာပြီး လက်ဆောင်ပေးပါတယ်။ အဲဒီတုန်းက ကျွန်မတို့မြို့မှာ မိန်းကလေး ပျိုပျိုရွယ်ရွယ်လေးတွေက ပုသိမ်ထီးတွေ ဆောင်းနေကြတော့ ကျွန်မ အမှတ်မထင် အဲဒီအကြောင်း မောင့်ရှေ့မှာ တစ်ခါပြောမိတာနဲ့ ဝယ်လာတာတဲ့လေ။ မောင်က ကျွန်မအပေါ် အဲဒီအထိ ဂရုစိုက်တာကို ကျွန်မ သိပ်ကျေနပ်ခဲ့မိပါတယ်။

စာမေးပွဲဖြေတဲ့ရက်တွေမှာ မောင်က ကျွန်မကို ကူညီပြီး စာပြပေးပါတယ်။ ဒါတင်မကဘူး။ အိမ်ကနေကျောင်းကို အပို့အကြိုလည်း လိုက်ပြီးလုပ်ပေးတယ်။ ဖေဖေက

ရုံးသမားမို့ သိပ်မအားတော့ ကျွန်မကို နေ့စဉ် အပို့အကြို မလုပ်ပေးနိုင်ပါဘူး။ မေမေကလည်း သိပ်နေကောင်းတာ မဟုတ်ဘူးလေ။ ဒီတော့ မောင်ရှိနေတာ ကျွန်မအတွက် အားကိုးကြီးတစ်ခုပါ။

ကျွန်မကို နေ့တိုင်း ကျောင်းကြို ကျောင်းပို့ လိုက်လုပ်ပေးနေတာကို ကျွန်မ သဘောကျခဲ့ပါတယ်။ မောင်က သူညီမ အရင်းလေးလိုပဲ ကျွန်မကို အရိပ်တကြည့်ကြည့်နဲ့ပါ။ ကျွန်မကသာ စာမေးပွဲကို အေးအေးဆေးဖြေနေတာ။ မောင်က သူဖြေနေရသလိုပဲ စိတ်ပူရှာတယ်။ ညနေတိုင်းပဲ ကျောင်းပေါက်ဝကစောင့်ပြီး–

''လှိုင်...လှိုင် ဖြေနိုင်ရဲ့လားဟင်၊ ဖြေနိုင်ရဲ့လား''

နဲ့ စိုးရိမ်တကြီး မေးတတ်ပါတယ်။

စာမေးပွဲကြီး ပြီးသွားတဲ့နေ့ကတော့ ကျောင်းဂိတ်ဝမှာ ခါတိုင်းလိုပဲ မောင်က စောင့်ကြိုလျက်ပါ။ ပြီးတော့ ကျွန်မကို အသေအချာကြည့်ပြီး–

''လှိုင်...လှိုင် ဖြေနိုင်တယ်နော်''တဲ့။

မေးနေကျ မေးခွန်းပါပဲ။

''ဖြေနိုင်ပါတယ်''

ကျွန်မအဖြေကို ကြားလိုက်ရတဲ့ နောက် မောင် ခဏငြိမ်သွားတယ်။

''ဖြေနိုင်ရင် သိပ်ဝမ်းသာတယ်၊ နေ့တိုင်း ဖြေနိုင်တော့ အောင်မှာပါ၊ အတော်ပဲ စာမေးပွဲကြီးပြီးတဲ့နေ့မှာ လှိုင်လှိုင့်ကို ပြောစရာရှိတယ်၊ အဲဒါပြောမလို့''

မောင့်အသံက နည်းနည်းတိုးသွားသလို၊ မျက်နှာထားကလည်း ပိုတည်သွားတယ်။

''ဘာလဲဟင်...အစ်ကိုဦး''

''အဲ...ဟိုလေ၊ ကိုယ်..လှိုင်လှိုင့်ကို ချစ်နေလို့၊ အဲဒါ လှိုင်..လှိုင့်အဖြေသိချင်လို့''

ကတိုက်ကရိုက်ကြီး ပြောချလိုက်တဲ့ မောင့်စကား၊ ကျွန်မ မမျှော်လင့်မိတဲ့စကားပါ။ ရုတ်တရက်ဖြစ်နေတော့ ကျွန်မ ဘာပြန်ပြောရမှန်းတောင် မသိပါဘူး။ မျက်နှာတွေလည်း ပူထူသွားတာပဲ။ မောင့်မျက်နှာကိုလည်း မကြည့်ရဲ၊ မောင့်ကို အဲဒီတုန်းက ကျွန်မစိတ်ထဲမှာ အစ်ကိုတစ်ယောက်လိုပဲ အောက်မေ့ထားတာ၊ ကိုယ့်ကိုယ်ကိုယ်လည်း အပျိုလို့မှ မထင်သေးတာ။

> တက္ကသိုလ်မှာ မောင်က စိတ်ကြိုက် မြန်မာစာပါတဲ့ ဘာသာတွဲကိုယူတော့ ပထမနှစ်မှာ မဟာနန္ဒာကန်တော်ဘွဲ့ကို သင်ရတယ်တဲ့။ ကျွန်မတို့မြို့ကိုပြန်တိုင်း ဆွေဆို မဟာနန္ဒာကန်တော်လမ်းက ပြန်ကြရတာ။

''ဟင့်အင်း...လှိုင် မသိဘူး အစ်ကိုဦး၊ လှိုင် မပြောတတ်ဘူး၊ အစ်ကိုဦးက လှိုင့်အစ်ကိုပဲဟာ''

ကျွန်မ အဲဒီလိုပြောပြီး အိမ်ကို အပြေးကလေးပြန်ခဲ့ပါတယ်။ မောင့်ကို တစ်ချက်ပြန်ငဲ့ကြည့်လိုက်တော့ မောင်က မျက်နှာငယ်ကလေးနဲ့ တမာလမ်းကလေးမှာ တစ်ယောက်တည်း ငူငူကြီးကျန်ခဲ့ပါတယ်။

ကျွန်မ ရုက်လည်းရုက်၊ ရင်လည်းဖို၊ ငိုလည်းငိုချင်တယ်၊ တစ်မျိုးကြီးပါပဲရှင်။

အဲဒီနှစ် နွေမှာ မောင် ရန်ကုန်ကို စောစောပြန်သွားခဲ့ပါတယ်။ ကျွန်မကိုလည်း

''ညီမရင်းလေးတစ်ယောက်လိုနေရာက မေတ္တာစကားဆိုမိတာ ခွင့်လွှတ်ပါ''

လို့လည်း ပြောသွားပါသေးတယ်။

မောင် မေတ္တာစကားဆိုလာမှ ကျွန်မလည်း ကိုယ့်ဟာကိုယ် အရင်ကထက်ပိုပြီး ဂရုစိုက်လာမိတယ်။ အဝတ်အစားဝတ်တာ ပြင်တာဆင်တာကလေးတွေကစပြီး လှလှပပဖြစ်အောင် တတ်နိုင်သမျှ လုပ်လာမိတယ်။ အိမ်က နှင်းဆီခြံက နှင်းဆီပန်းနီနီကလေးတွေကိုလည်း ကျွန်မ ပန်တတ်လာပြီ။ သနပ်ခါးပါးပါးလေးလည်း အမြဲလူးတတ်လာပြီ။

မောင်မရှိတဲ့ရက်တွေမှာ ကျောင်းကြီးရှေ့က တမာလမ်းကလေးရောက်တိုင်း မောင်တစ်ယောက် စာမေးပွဲပြီးတဲ့နေ့က ရှက်ကိုးရှက်ကန်းနဲ့ ကျွန်မကို မေတ္တာစကား ပြောသွားတာကိုလည်း သတိရနေမိပါတယ်။

ဩော်...ဝေးသွားမှ ပိုသတိရနေတယ် ထင်ပါရဲ့။

မောင်က သူများတွေလို မိစုံဖစုံလည်း မရှိ။ ကြီးတော်ကြီးနဲ့ နေရတာ။ ငွေကြေးကလည်း သိပ်မပြည့်စုံဆိုတော့ ရန်ကုန်မှာ တက္ကသိုလ်တက်ရင်း ကျောင်းစရိတ်ရှာရသတဲ့။ အဆောင်မှာမနေနိုင်လို့ နေ့ကျောင်းသား လုပ်ရသတဲ့လေ။ ကျောင်းပိတ်ရက်တွေမှာလည်း ဗိုလ်ချုပ်စျေးတို့၊ လဟာပြင်စျေးတို့၊ သိမ်ကြီးစျေးတို့မှာ စာအုပ်ထွက်ရောင်းသတဲ့။ နွေမှာ စာအုပ်ရောင်းလို့ သိပ်ကောင်းပေမယ့် ကျွန်မကြောင့် အညာမပြန်ဘဲ မနေနိုင်လို့ ပြန်ပြန်လာရတာလို့ ပြောရှာပါတယ်။ ရိုးသားကြိုးစားသူဆိုတော့ မောင်ပြောတာ ဟုတ်မှာပါ။ ကြိုးစားလို့လည်း ဆယ်တန်းကို နှစ်ချင်းပေါက်အောင်သွားခဲ့တာ။ မောင်တို့ အောင်တဲ့နှစ်က တစ်နိုင်ငံလုံးမှာ သုံးရာခိုင်နှုန်းပဲ အောင်တာလေ။ အောင်ချက် သိပ်နည်းတဲ့နှစ်ပေါ့။

တက္ကသိုလ်မှာ မောင်က စိတ်ကြိုက် မြန်မာစာပါတဲ့ ဘာသာတွဲကိုယူတော့ ပထမနှစ်မှာ မဟာနန္ဒာကန်တော်ဘွဲ့ကို သင်ရတယ်တဲ့။ ကျွန်မတို့မြို့ကိုပြန်တိုင်း နွေဆို မဟာနန္ဒာကန်တော်လမ်းက ပြန်ကြရတာ။ နွေပေါက်ပြီဆိုင်တိုင်း ဒီရွှေဘိုခင်ဦး မဟာနန္ဒာကန်တော်လမ်းက တမာပင်၊ တမာတန်းနဲ့ တမာပန်းတွေက သိပ်လှသိပ်မွှေးတာ။ အရိပ်ကလည်း သိပ်ကောင်းတာပဲ။ တမာရိပ်ကိုဝင်လိုက်ရင် အေးသွားတာ။ ကန်တော်လမ်းက တမာရိပ်က မွှေးရုံအေးရုံမကဘူး။ မဟာနန္ဒာကန်တော်ဘွဲ့ကလည်း အဓိပ္ပါယ်ကောင်းလွန်းလို့ မောင်က ခဏခဏ ရွတ်ရင်း ရှင်းပြဖူးပါသည်။

"ချစ်ရှခေါ်သည်၊ လိုက်တော်မူခဲ့၊ မပျောင်းနဲ့နှင့်၊
အံ့ဘွယ်အတိ၊ တိုင်းမသိသား။ ပြည်ကြီးတန်ဆာ၊ ကန်နန္ဒာမူ
ရာဇာများပန်း၊ မှန်နန်းများရှင်၊ ဗန်စိရင်ရှိ၊
ညာခွင်ချောင်းရိုး
ကိုးဆယ့်ကိုးက ရေမိုးယုက်လည်၊
စီးလာသည်ကို၊ စီးဆည်သယ်ပို့၊ တောင်ကဲ့သို့ပင်၊
မိုမိုညိုရောင်၊ သင်းကန်ပေါင်နှင့်၊ ရေတောင်မောက်လာ၊
လွမ်းဖွယ်သာသည်၊ ကန်တော်သာသည် ရောက်ခါမြင်တော်
မူလိမ့်မည်" တဲ့။

ယောကျ်ားလေးက သူ့ချစ်သူ မိန်းကလေးကိုခေါ်တဲ့ ရတုကဗျာလေးပါ။

ကျွန်မတို့နှစ်ယောက်တည်းကြိုတိုင်း မောင်က–

''ချစ်ရှခေါ်သည်၊ လိုက်တော်မူခဲ့၊ မပျောင်းနဲ့နှင့်''လို့လည်း သွယ်သွယ်ဝိုက် လို့ ဆိုတယ်။ သိပ်လှတယ်ပြောလို့ မိန်းကလေးတို့ သဘာဝအတိုင်း ကြည်နူးမဆုံး ဖြစ်ခဲ့ရပါတယ်ရှင်။

မောင်တို့ အဲဒီနှစ်စာမေးပွဲကို ရွှေဘိသွားဖြေကြပါတယ်။ ကျွန်မတို့တစ်တွေလည်း တက္ကသိုလ်စာမေးပွဲနဲ့ မရှေးမနှောင်း ကိုယ့်မြို့မှာကိုယ် စာမေးပွဲဖြေကြရတယ်။

အောင်စာရင်းထွက်တယ် ကြားကြားချင်း ကျွန်မ အပြေးကလေးသွားပြီးကြည့်တယ်။ လက်ထဲမှာလည်း မောင်ပေးထားတဲ့ ပုသိမ်ထီးကလေးနဲ့။ ကျွန်မအောင်ပါတယ်။ သူငယ်ချင်းတွေလည်း အောင်ကြတယ်။ ယောကျ်ားလေး သူငယ်ချင်းတွေထဲက အရင်းနှီးဆုံးသူငယ်ချင်း တင်မောင်ဝင်းနဲ့ မောင်မောင်လည်း အောင်တယ်။ စာမေးပွဲအောင်လို့ ဖျော်လိုက်တာ။ ဖျော်ရင်း မောင့်ကို သတိရနေမိတယ်။

စာမေးပွဲအောင်စာရင်းကြည့်ပြီးအပြန် ဘယ်ကနေဘယ်လို သတင်းကြားလာလည်းမသိဘူး။ ကျောင်းပေါက်ဝ တမာလမ်းကနေပြီး ကျွန်မကို မောင်လာစောင့်နေတယ်။ နေ့ခင်းမို့ နေကပူနေပါပြီ။ မောင့်ကို တွေ့တွေ့ချင်း ကျွန်မက နေပူတာကို သတိမရနိုင်ဘဲ···

''အစ်ကိုဦး လှိုင် အောင်ပြီ သိလား''

မောင်က ကျွန်မကိုစိုက်ကြည့်နေရင်း

''သိပါတယ်ကွယ်၊ သိလို့ ဂုဏ်ပြုပြီး လာကြိုတာ''

''လှိုင် သိပ်ဝမ်းသာတာပဲ''

''ကိုယ်လည်း ဝမ်းသာပါတယ်''

ဝမ်းသာတယ်သာပြောတာ၊ မောင့်ကို ကြည့်ရတာ သိပ်ရွှင်ရွှင်ပျပျမရှိဘူး။

''အစ်ကိုဦး၊ အစ်ကိုဦးကြည့်ရတာ တစ်မျိုးပဲ၊ ဝမ်းသာတယ်သာပြောတယ်၊ ဝိုင်တိုင်တိုင်ကြီး''

ဒီတော့မှ မောင်က ပြုံးဖြီကြီးစားရင်း–

''ကိုယ် မနက်ဖြန် ရန်ကုန်ပြန်တော့မလို့၊ လှိုင်လှိုင့်အောင်စာရင်း မထွက်သေးလို့ စောင့်နေတာ၊ လှိုင်လှိုင် စာမေးပွဲအောင်ပြီး ဝမ်းသာတာ၊ ဖျော်တာမြင်ရပြီးမှ ပြန်မယ်လို့ ဆုံးဖြတ်ထားတယ်၊ အခုမြင်ရတော့ ကိုယ် ပြန်လို့ရပါပြီ၊ ကိုယ့်ညီမလေး ဖျော်တာမြင်ရတော့ ကိုယ်သိပ်ကျေနပ်တာပဲ''

''ဒီလောက်တောင်ပဲလား အစ်ကိုရယ်''

''ဒို့ထက်မကပါဘူး ညီမရယ်''

ဩော်··အစ်ကိုရယ်၊ ကဲ··လာ နေပူနေပြီ''

ကျွန်မက မောင့်ကို ထီးအောက်ခေါ်လိုက်မိပါတယ်။

မောင်က ပုသိမ်ထီးလေးအောက် ငုံဝင်ရင်း ကျွန်မလက်ကို အသာဖမ်းဆုပ်ပြီး

''လှိုင့်ကိုချစ်ခဲ့ရတာ ကြာပါပြီ ညီမလေးရယ်၊ ဒီတစ်ခါတော့ အစ်ကို့ကို ဝမ်းသာရမယ့်အဖြေ ပေးလိုက်ပါတော့''

မောင့်အသံက တိုးညှင်းတုန်ခါလို့ နေပါတယ်။

''ဖြေစရာလိုသေးလို့လား မောင်ရယ်''

ကိုယ့်ကိုယ်ကိုယ် သတိမထားလိုက်မိခင် လွှတ်ခနဲ ကျွန်မပါးစပ်က ထွက်သွားပါတယ်။

''အို··ဘယ်လို··ဘယ်လို မောင်တဲ့

> တကယ်တော့ ကျွန်မ မောင့်ကို ချစ်နေမိခဲ့ပြီ ထင်ပါတယ်။
> ဒါပေမဲ့ မောင်က ဟိုးတစ်ခါ
> မေတ္တာစကား ပြောခဲ့ဖူးပြီးတဲ့နောက်
> ထပ်ပြီး ပွင့်ပွင့်လင်းလင်း ဘာမှ မပြောတော့ပါဘူး။

လား''

မောင်က ရုတ်တရက်ချက်ချင်း ဝမ်းသာသွားတဲ့အသံနဲ့၊ မောင့်အသံအဆုံးမှာတော့ ရင်ခုန်သံတွေမြန်နေတဲ့ ကျွန်မတို့ နှစ်ယောက် ပုသိမ်ထီးပြာပြာအောက်မှာ တစ်ယောက်မျက်နှာတစ်ယောက် နားလည်သဘောပေါက်စွာနဲ့ ကြည့်မိကြပါတယ်။

အဲဒီနေ့ဟာ မောင်နဲ့ကျွန်မတို့ရဲ့ တရားဝင်ချစ်ခရီးအစ ပထမနေ့ပေါ့။

ဩော်...ကြာတော့ ကြာခဲ့ပါပြီလေ။

❑ ❑ ❑ ❑

ကျွန်မတို့အိမ်မှာ မောင်နှမငါးယောက် ရှိပါတယ်။ တစ်ယောက်နဲ့တစ်ယောက် အသက်သိပ်မကွာကြပါဘူး။ တစ်နှစ်၊ နှစ်နှစ်လောက်ပဲ ကွာပါတယ်။ ကျွန်မအောက် နှစ်ယောက်က မောင်တွေဆိုတော့ မေမေ့ကို ကျွန်မကပဲ ကူရတယ်လေ။ မီးဖိုချောင်ဝင်တာ၊ လျှော်တာဖွပ်တာ၊ မနက်စေးသွားတာ၊ မောင်လေး ညီမလေးတွေ ကျောင်းသွားဖို့ကအစပေါ့။

မောင်လေးတွေက ယောကျ်ားလေးတွေဆိုတော့ စားမယ်သောက်မယ်၊ သွားမယ် လာမယ်ပေါ့။ အိမ်မှာ ရှိတာ၊ မရှိတာ သူတို့ဘာမှမသိကြဘူး။ သူတို့က ဖေဖေ့လိုလည်း မဟုတ်ဘူး။ မောင့်လိုလည်း မဟုတ်ဘူး။ မူလတန်း ကျောင်းသားဘဝကတည်းက တစ်ယောက် လေးခွတစ်လက်နဲ့ ရပ်ကွက်ထဲမှာလှည့်ပြီး ကြက်ပစ်ငှက်ပစ်သောင်းကျန်းနေကြလို့ အဖေ အမေ မျက်နှာ ပျက်ရပေါင်းများပြီ။ တစ်ခါတစ်လေ အိမ်တွေဘာတွေ လေးခွမှန်သွားလို့ သွားသွား တောင်းပန်ရတဲ့ အကြိမ်ပေါင်းလည်း မနည်းတော့ဘူး။ အဖေက ရုံးအလုပ်နဲ့၊ အမေက ကျန်းမာရေးမကောင်းတော့ ကျွန်မပဲ လူကြီးလုပ်ပြီး သွားသွားတောင်းပန်ရတယ်။ မောင်နှစ်ယောက်က နေရာတကာပါ၊ နေရာတကာ စွာတော့ ရပ်ကွက်ထဲမှာ ထစ်ခနဲဆို သူတို့ပါလာကြတယ်။ အရွယ်နဲ့မလိုက်အောင် နာမည်ကြီးနေကြတာ။ သူတို့အတွက်လည်း ဖေဖေနဲ့ မေမေကို သနားပါတယ်။ ကလေးကတည်းက ဆေးလိပ်ခိုးသောက်လိုသောက်၊ ကြက်ခိုးချက်စားလိုစားနဲ့၊ ပေါင်းတာတောင် သူတို့ထက်ကြီးတဲ့ လူပေလူတေတွေနဲ့ ပေါင်းတာလေ၊ ရပ်ကွက်ထဲမှာတော့ သူတို့ဆိုးတာ အားလုံးက သိကြပါတယ်။

သူတို့အတွက် ဂုဏ်မတက်ဘဲ အရှက်ရခဲ့ပေါင်း များလှပါပြီ။ ဘဝအကျိုးပေးကိုက မကောင်းခဲ့တာ ထင်ပါရဲ့။

အရွယ်မရောက်သေးတဲ့ အငယ်ဆုံး ညီမလေးကိုလည်း အမေ့ကိုယ်စား ပြုစုရတာပဲလေ။ အစ်မကြီး အမိရာဆိုတဲ့ စကား အတိုင်းပါပဲ။ ကျွန်မမှာလည်း သူတို့အတွက် အစစအရာရာ တာဝန်ခံပြီး ပူပန်နေရတာက ငုံးဆူ လူမသိပါ။

''ယောကျ်ားကြိုက်တော့ ဆိုက်ဆိုက်လာ။ မိန်းမ ကြိုက်တော့ မျှော်ရုံသာ''ဆိုတဲ့ စကားကို ချစ်သူဘဝမှာ နွေရောက်တိုင်း ကျွန်မ မောင့်ကို တမ်းတမ်းတတ မျှော်ရပါတယ်။

မူးမြစ်နဲ့ အိမ်ကလည်း သိပ်မဝေးတော့ တစ်ခါတစ်လေ မောင်ပြန်လာမယ်ဆိုတဲ့ စာလာရင် မူးမြစ်ကိုဖြတ်ကူးထားတဲ့ နွေယာယီတံတားထိပ်ကနေပြီး ပြေးကြိုချင်စိတ်တွေ တအားပါပဲ။ ဒါပေမဲ့လည်း တစ်ခါမှ မကြိုဖြစ်ခဲ့ပါဘူး။ အလုပ်တွေ မအားတာရယ်၊ ရှက်တာရယ်ပေါ့။ ကျွန်မတို့နယ်မြို့ကလေးမှာက သိတယ်မဟုတ်လား။ ဝိုင်းကောင်း ကျောက်ဖိ နေတတ်မှလည်း တော်ကာကျတာလေ။

''လှိုင်လှိုင်ဆိုတဲ့ ကောင်မလေး။ သူ ရည်းစား ကိုဦးကို မူးမြစ်တံတားထိပ်က တောင် သွားကြိုသတဲ့''

ဆိုရင် ဒီလိုသတင်းမျိုးက ခဏလေး ပျံ့နှံ့သွားတတ်တာ။ ပြီးတော့ အဲဒါကို တစ်မြို့လုံးက ပြောမဆုံးတော့ဘူး။

ကျွန်မတို့မြို့က မန္တလေးတက္ကသိုလ်မှာ မယ်ရခဲ့ဖူးတဲ့ မမစိုးဆိုရင် သိပ်ဆိုရှယ်ကျတာ။ ယောကျ်ားလေး မိတ်ဆွေတွေနဲ့ တစ်တွဲတွဲပဲ။ သဘောလည်းကောင်းတယ်။ ရုပ်လည်းချောတယ်။ ကိုယ်လုံးကိုယ်ပေါက်



ကလည်း အရပ်မြင့်မြင့်နဲ့ တအားလှတာ။ ဒါပေမဲ့ ကျွန်မတို့မြို့က သူ့ကို နှာခေါင်းရှဲ့ကြတယ်။ အဲ–ဘယ်သူကမှလည်း မယူရဲကြဘူး။ မမစိုးကတော့ ခပ်ပျော်ပျော်ပဲလေ။ ဘယ်သူတွေ ဘာပဲပြောပြော သူဟာသူ တွဲချင်သူနဲ့ တွဲတာပဲ။ နောက်တော့ မြို့ပိုင်လေးတစ်ယောက်နဲ့ အိမ်ထောင်ကျသွားပါတယ်။ သူက သတ္တိရှိတယ်လေ။ ကျွန်မကတော့ မမစိုးလို မလုပ်ရဲဘူး။ မလုပ်ဝံ့ဘူး။ သတ္တိမရှိဘူး။

မောင့်ကို လူမြင်ကွင်းမှာ မကြိုက်ပါဘူးရှင်။

လူမြင်ကွင်းမှာ သူ့ကို မကြိုက်မှန်းသိလို့ ပြန်ရောက်ရင် မောင်က အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက် လာတတ်ပါတယ်။ သူလာရင်လည်း ညပိုင်းကျမှ လာတတ်တာ။ အညာနွေညတွေက တမာနံ့တွေနဲ့သင်းပြီး လရောင်လေးတွေ ရွှန်းပြက်နေလို့ သိပ်ရင်ခုန်စရာကောင်းပါတယ်။

ကျောင်းလည်းမသွားရ။ အိမ်အလုပ်တွေကလည်း များဆိုတော့ မောင်နဲ့ကျွန်မ စကားပြောဖို့ဆိုတာလည်း ညကျမှ အချိန်ရတာ မဟုတ်လား။

မောင် တက္ကသိုလ် နောက်ဆုံးနှစ်ဖြေပြီး ပြန်လာတဲ့တစ်ည။

ကျွန်မတို့အိမ်ရှေ့က တမာပင်နဲ့ မယ်ဇလီပင်ကလေးတွေကြားမှာ မောင်နဲ့စကားပြောခဲ့ရတာလေးကိုလည်း ကျွန်မ မမေ့ပါဘူး။

မောင်က သူ့ရဲ့ ရန်ကုန်အတွေ့အကြုံနဲ့ စွန့်စားခန်းတွေကို ပြောပြပါတယ်။ တက္ကသိုလ်မှာ မကြာခဏငွေပြတ်လို့ ကျောင်းလခမသွင်းနိုင်တာ၊ ဘတ်(စ်)ကားခတောင် မပေးနိုင်လို့ ခြေလျင်လျှောက်ကျောင်းတက်ရတာ၊ ထမင်းနပ်မမှန်တာ၊ ဒီကြားထဲက အသည်းအသန် စာကြိုးစားခဲ့တာ၊ ဒါတွေအားလုံးဟာ ကျွန်မကိုချစ်လို့၊ ကျွန်မကို အဆင့်အတန်းရှိရှိ လက်ထပ်ချင်လို့ သူကြိုးစားခဲ့တာတဲ့။ အားလုံး ကျွန်မအတွက်ပါပဲတဲ့။

ပြီးတော့လည်း ကျွန်မလက်ကလေးကို အသာကိုင်ပြီး မောင်က လွမ်းမောတဲ့လေသံနဲ့..

''မောင်ပြောတာတွေကို လှိုင် ယုံရဲ့လား''တဲ့။

''ယုံပါတယ် မောင်ရယ်၊ ယုံလွန်းလို့ ခက်နေတာပါ''

''ဘာကိုခက်တာလဲ လှိုင်''

''မောင်ချစ်တာကိုသိလို့ ခက်တာပေါ့ မောင်ရယ်''

မအားတဲ့ကြားက ကပိုကရိုဝတ်စားထားပြီး သနပ်ခါးကွက်ကြားနဲ့ စံပယ်ကုံးလေး လျော့ရိလျော့ရဲပန်ထားတဲ့ ကျွန်မကို မောင်က..

''စိတ်မဆိုးနဲ့နော် လှိုင်၊ လှိုင့်ကိုကြည့်ပြီး မောင်သင်ခဲ့ဖူးတဲ့ စာဆိုတော်ကြီး ဦးကြီးရဲ့ လွမ်းချင်းတစ်ပုဒ်ကို သွားသတိရတယ်''

''ပြောပါအုံး မောင်ရဲ့၊ စိတ်မဆိုးပါဘူး''

''သြော်..ဦးကြီးရဲ့ 'ရွှေလိပ်ပြာ ရွှင်စေမယ်'ဆိုတဲ့ လွမ်းချင်းမှာ ဘာတဲ့..''

အညာနွေညတွေက
တမာနံ့တွေနဲ့သင်းပြီး
လရောင်လေးတွေ
ရွှန်းပြက်နေလို့
သိပ်ရင်ခုန်စရာကောင်းပါတယ်။



"အမိတို့ တောရွာအိမ်၊ သည်ချိန်ကို ပဲစင်အောက်
လပြောက်မှာ ဝိုင်းငင်၊ ရွှေရင် အကျီသိုင်းလို့၊
တစ်ပိုင်း ဝိုကယိန့် အစ်ကိုကို ဘန်းပြလိုက်မယ်လေး"
တဲ့။

''ဟင် ဘာဆိုင်လို့လဲ မောင်ရဲ့''

''ဩော် . . .လှိုင်က မိသားစုကိစ္စနဲ့ အလုပ်တွေများတဲ့ကြားက မောင့်ကို အပြေးအလွှားတွေ့ရတာဆိုတော့ ကပိုကရိုလေးဖို့ ပိုတောင်လှနေပါသေးတယ်၊ အဲ လွမ်းချင်းကလည်း မဆုံးသေးဘူး''

''ဟင်း . . .ဟင်း လှတယ်ပြောတော့ ကျေနပ်ရမှာပေါ့၊ ကဲ– မဆုံးသေး၊ ဆုံးအောင်ပြောပါအုံး''

"တစ်ဖက်ကယ်မှောင်ကာ၊ တစ်ခြမ်းဟာမှာ၊
နံ့သာလိမ်းကွက်၊ လရောင်ပြက်မှာ၊
အသက်ကယ်နင်းဆောင်၊ နွားခွံခင်းတဲ့၊
တလင်းပြောင်ဝယ်၊ ရိပ်ယောင်မထင်၊
လူခြေတိတ်ကိုမှ၊ ဌေလိပ်ပြာရှင်စေမယ်၊
ဦးရင်တို့ ပြိုသွားလို၊ ဒို့တောမှ တယ်မကြမ်းပါဘူး။
ခြေရောက်လည်ဆံကမ်းချိန်မှာ ဖမ်းပါမယ်လေး" တဲ့။

''အမလေး မောင်ရယ်၊ လှိုင်က မောင့်ကို ကြမ်းလည်းမကြမ်းပါဘူး။ ဖမ်းလည်းမဖမ်းပါဘူး။ ကြောက်ပါတယ်နော်''

''ကြမ်းချင်တာ ဖမ်းချင်တာက မောင်ပါ လှိုင်ရဲ့၊ အခုလို စကားပြောရတာက ပုဝါတစ်ကမ်းဆိုတော့ အားမလိုအားမရနဲ့''

''တော်–တော်၊ ဆရာကြီး''

အဲဒီညက ရွှန်းမြမြလရောင်ရိပ်မှာ မောင်က ကျွန်မလက်ကလေးကို အသာဆုပ်ကိုင်ပြီး ခပ်ဖွဖွလေးနမ်းလို့ ပြန်သွားခဲ့တယ်လေ၊ ကျွန်မ ရှက်တတ်မှန်း၊ မကြိုက်မှန်း သိလို့ ကြမ်းလည်းမကြမ်းသွားပါဘူး။ ရမ်းလည်း မရမ်းသွားပါဘူး။ မောင်က တကယ့် လူကြီးလူကောင်းပါ။

ဒါပေမဲ့ ကျွန်မအတွက်တော့ မမေ့နိုင်တဲ့ ရင်ခုန်ရတဲ့ညလေးပါ။

❑ ❑ ❑ ❑

တက္ကသိုလ်ကဘွဲ့ရတော့ မောင် တစ်ယောက် မပြောမဆိုနဲ့ တပ်မတော်ထဲ ဝင်သွားခဲ့ပါတယ်။ ကျွန်မတို့ အညာသူ၊ အညာသားတွေမှာ စစ်ဝိုလ်စစ်သားဆိုတာ ခပ်ရှားရှားပါ။ ကျွန်မတို့ မူးမြစ်ဝှမ်းမှာက အေးချမ်းတယ်။ သူပုန်သူကန်လည်းမရှိတော့ မိရိုးဖလာ လယ်ယာလုပ်ပြီး အားလုံးက အိုးမကွာ၊ အိမ်မကွာနေကြတာ။ ဘယ်သူမှ ကိုယ့်အိမ်ကိုယ့်ယာပစ်ပြီး စစ်ထဲမလိုက်ကြဘူး။ ရှိတော့ရှိတယ် ရှားတယ်ပေါ့လေ။

ရှားတာမှ အဖိုးတန်လို့ထင်ရဲ့။ မောင်ကတော့ ဘာမပြော ညာမပြောနဲ့ စစ်ထဲလိုက်သွားတာ ကျွန်မကိုတောင် အသိမပေးခဲ့ပါဘူး။ မောင့် ကြီးတော်ကြီး သွားမေးတော့ သူလည်း မသိလိုက်ရပါဘူးလို့ မျက်ရည်ဝဲဝဲနဲ့ ပြောရှာတယ်။

မောင်ရယ်၊ လှိုင့်ကိုတော့ အသိပေးဖို့ကောင်းပါတယ်။ တိုင်ပင်ဖို့ကောင်းပါတယ်။

မောင် ဗိုလ်သင်တန်းဆင်းတော့ ကျွန်မလည်း မန္တလေးတက္ကသိုလ် ရောက်နေပါပြီ။ ကရင်ပြည်နယ်မှာ တာဝန်ကျတဲ့ မောင်က တပ်မှာ စစ်ဆင်ရေး တစ်ပတ်လိုက်ပြီးလို့ ခွင့်ရတာနဲ့ မန္တလေးမှာ ကျွန်မကို လာတွေ့ပါတယ်။

အဲဒီညနေက ရွှေမန်းဆောင် ဧည့်ခန်းထဲမှာ ကျွန်မရဲ့ဧည့်သည်ရောက်နေတယ်ဆိုတော့ ဧည့်သည်မရှိဖူးတဲ့ ကျွန်မအတွက် အထူးအဆန်းပေါ့။ ဧည့်ခန်းမှာထိုင်ပြီး စောင့်နေတာက မောင်ရယ်လေ။ ဆိုင်းမဆင့် ဗုံမဆင့် ရောက်လာတဲ့ မောင့်အတွက် ကျွန်မအံ့သြရပါတယ်။ အရင်က ပိန်တဲ့မောင်က အခု ဝပြီး အသားတွေ ပိုညိုလာတယ်။ ဆံပင်တွေကတော့ ကျောင်းသားတုန်းကထက် ပိုပြီးတိုသွားတယ်။ စစ်သားမို့ ထင်ပါရဲ့။

ကျွန်မကို မြင်မြင်ချင်း မောင်က–

''လှိုင်က ပိုပြီးလှလာတယ်နော်''တဲ့။

''အင်း . . .ဟုတ်လားတော့ မသိဘူး။ လှတယ်ပြောတာတော့ သဘောကျပါတယ်''

ကျွန်မအတွက် အမှတ်တရဝယ်လာတဲ့ ဇင်းမယ်လုံချည်လေးပေးပြီး အပြင်ထွက်ရအောင်လို့ပြောတော့ ကျွန်မက ''ဟင့်အင်း'' လို့ ငြင်းလို့ ကျွန်မတို့ အပြင်မထွက်ဖြစ်ခဲ့ကြပါဘူး။ ဧည့်ခန်းဆောင်မှာပဲ စကားပြောကြပါတယ်။ နှန်းတွင်းမှာတည်းနေတဲ့ မောင်က ညနေတိုင်း အဆောင်ရောက်လာပြီး ကျွန်မတို့ ရှေ့ရေးကို ဆွေးနွေးဖြစ်ကြပါတယ်။ မောင်ကတော့ ကျွန်မသိပ်လှလို့ တက္ကသိုလ်မှာ သူ စိတ်မချတဲ့အကြောင်း။ ဖြစ်နိုင်ရင် အမြန်လက်ထပ်ချင်တဲ့အကြောင်း။ သူဘဝမှာ တစ်သက်လုံး တစ်ယောက်တည်းနေခဲ့ရလို့ သားသမီးတွေ သိုက်သိုက်ဝန်းဝန်းနဲ့ နေချင်ကြောင်း ကျွန်မသာလိုက်မယ်ဆိုရင် လက်ထပ်ပြီး သူတပ်ကို တစ်ခါတည်းခေါ်သွားချင်တယ်ဆိုတဲ့ အကြောင်းတွေပါပဲ။

ဒါ့အပြင် သူရဲ့ မကြာသေးလှတဲ့ စစ်သားဘဝ အတွေ့အကြုံတွေကိုလည်း ပြောပြပါသေးတယ်။ မောင့်ကိုချစ်ပေမယ့် အခုချက်ချင်း မောင့်နောက် မလိုက်နိုင်သေးပါဘူး။ ချို့ချို့တဲ့တဲ့နဲ့ တက္ကသိုလ်ပို့ပေးထားတဲ့ ကျွန်မမိဘရဲ့စေတနာကို စာနာထောက်ထားရဦးမှာပေါ့။ ဖေဖေက ကျွန်မတို့မောင်နှမတွေကို ပညာသိပ်တတ်စေချင်တာ။ မောင်လည်း ဒါကိုသိပါတယ်လေ။ ကျွန်မ စာကြိုးစားပေမယ့် မောင်လေးတွေက စာမကြိုးစားဘူး။ အဲဒါကြောင့်လည်း ဖေဖေက ''သမီးကြီးပဲ အားကိုးတယ်''လို့ မကြာမကြာ ပြောတတ်တယ်။ တက္ကသိုလ်ရောက်ကတည်းက ဖေဖေ့အဲဒီအသံကို အမြဲကြား

မောင် ဗိုလ်သင်တန်းဆင်းတော့
ကျွန်မလည်း မန္တလေးတက္ကသိုလ် ရောက်နေပါပြီ။
ကရင်ပြည်နယ်မှာ တာဝန်ကျတဲ့ မောင်က
တပ်မှာ စစ်ဆင်ရေး တစ်ပတ်လိုက်ပြီးလို့ ခွင့်ရတာနဲ့ . . .

နေတာ။ ဒီကြားထဲ မေမေ့ကျန်းမာရေးကလည်း ကောင်းမလာဘူးလေ။ အငယ်ဆုံးမလေး မွေးပြီးကတည်းက တရောင်ရှောင်ပဲ။ ရွေတစ်နေ့၊ ငွေတစ်နေ့။ အဲဒါကြောင့် ကျွန်မမှာ မိသားစုပစ်ပြီး မောင့်နောက်လိုက်ဖို့ဆိုတာ လောလောဆယ်တော့ ခက်လှပါတယ်။ နောက်တော့ ကျွန်မဘွဲ့ရတဲ့အထိ စောင့်ကြဖို့ သဘောတူခဲ့ကြပါတယ်။ ဒီအဖြေထွက်အောင် မောင့်ရဲ့ခွင့်ရက်တွေ အကုန်နီးပါးလောက် ဆွေးနွေးခဲ့ရတာပေါ့။

သံယောဇဉ်နှောင်ကြိုးတွေကလည်း အရှုပ်သားပါလား။

မပြန်ခင် တစ်ရက်မှာတော့ မောင် ကျေနပ်သွားအောင် မောင်နဲ့ မန္တလေးဘုရားတွေ လိုက်ဖူးလိုက်ပါတယ်။

အပြင်ထွက်တဲ့နေ့က မဟာမြတ်မုနိဘုရားကြီးကို အရင်ဝင်ဖူးဖြစ်ပါတယ်။ ပြီးတော့ မန္တလေးတောင်ကို သွားတက်ကြတယ်။

''စခန်းမဝေးပေါင် မန္တလေးတောင်၊ မြွေကြီးနှစ်ကောင် သွားလို့ကြည့်ရအောင်'' လို့ ကျွန်မတို့ ငယ်ငယ်ကဆိုခဲ့ဖူးတယ်။ ဒါပေမဲ့ မန္တလေးတောင်ကို တစ်ခါမှ ကျွန်မ မရောက်ဖူးသေးပါဘူး။ မောင်နဲ့ကျမှ သွားဖြစ်တော့တာ။ တောင်အတက်လမ်းမှာ မောလာတော့ မောင်က ကျွန်မကို ဖေးဖေးမမနဲ့ စောင့်ခေါ်ရှာတယ်။ ပြီးတော့ မေးသေးတယ်။

''မောလား···လို့''တဲ့။

မောတာပေါ့၊ မန္တလေးက ပူကပူသနဲ့။ ဒါပေမဲ့ ကျွန်မက ''ဟင့်အင့်''လို့ ခေါင်းရမ်းပြလိုက်ပါတယ်။ မမောဘူးပေါ့။

နဖူးမှာ ချွေးဥလေးတွေး သီးနေတဲ့ ကျွန်မကို မောင်ကကြည့်ပြီး ပြုံးတယ်။

''မောင်ရော မောလား''

ကျွန်မကမေးတော့–

''မောင်က ဘယ်မောမှာလဲ လို့ငဲ့၊ စစ်သားပဲ၊ မောင်တို့က ဒီလို တောင်တက် တောင်ဆင်းတွေ လေ့ကျင့်ထားတာပဲဟာ၊ ပြီးတော့ အခုလို လို့ငဲ့နဲ့သွားနေရရင် ကမ္ဘာကုန် ကျယ်သရွေ့ ဘယ်တော့မှ မမောဘူး''

''ဟင်···ကိုပိုကြီး၊ ပိုနေပြန်ပြီ''

တောင်ပေါ်မှာ ဘုရားဖူးပြီး မြွေကြီးနှစ်ကောင် ကြည့်ဖြစ်ပါတယ်။ အမှတ်မထင် အနောက်ဘက်ကြည့်လိုက်တော့ စစ်ကိုင်းတောင်နဲ့ ရေညီညီရှစ်သန်းစီးဆင်းနေတဲ့ မြစ်မင်းရောဝတီကို မြင်မိပါတယ်။ သိပ်လွမ်းစရာကောင်းတဲ့ ရှုခင်းပါ။

ဒါ့ထက်ပိုပြီး ဟိုးအနောက်ဖက်ကို ကြည့်လိုက်ရင်တော့ ကျွန်မတို့မြို့ကလေးနဲ့ မူးပြစ်ရှိတယ်ထင်ပါရဲ့။ ဖေဖေ၊ မေမေနဲ့ ညီမလေးတွေ နေမှကောင်းကြရဲ့လား။ ကျွန်မကတော့ ချစ်သူနဲ့ လျှောက်သွားလို့ ပျော်လို့၊ သူတို့တစ်တွေရော ပျော်မှပျော်နိုင်ကြရဲ့လား။ ဘယ်လိုများ နေကြပါလိမ့်။

''မောင့်ကိုချစ်လွန်းလို့ လိုက်လာတာပါ၊ စာမေးပွဲလည်း နီးနေပြီ၊ အခုလို မောင်နဲ့ သွားလာနေတာ ဖေဖေသာသိရင် စိတ်မကောင်းဖြစ်မှာ၊ ဖေဖေက လို့ငဲ့ကို သိပ်ပြီးယုံတာ''

ကျွန်မစကားကိုကြားတော့ မောင်က ပြုန်းဆို ရုတ်တရက်လန့်သွားသလိုပဲ။ ကွက်ခနဲ မျက်နှစ်တစ်ချက် ပျက်သွားတယ်။ ပြီးတော့–

''သိပ်စိတ်ပူနေလား လို့ငဲ့၊ ကဲ–ဒါဆိုရင်လည်း မောင်တို့ပြန်ကြရအောင်နော်''

ကျွန်မတို့ မန္တလေးတောင်က ပြန်ဆင်းဖြစ်ခဲ့ကြပါတယ်။ အဆောင်အထိ လိုက်ပို့ပေးပြီး မောင် နှုတ်ဆက်ပြန်ထွက်သွားတော့ ဘယ်ကရောက်လာမှန်းမသိတဲ့ မျက်ရည်တွေ ကျွန်မပါးပေါ် လိမ့်ဆင်းလာကြပါတယ်။ ကျွန်မ စိတ်မကောင်းဖြစ်မိပါတယ်။

ဩော်···ခွဲကြရဦးမှာပေါ့ မောင်ရယ်။

❑ ❑ ❑ ❑

ကျွန်မ မန္တလေးတက္ကသိုလ်မှာရှိနေတဲ့ အချိန်တွေမှာ မောင့်ဆီကစာတွေ မကြာမကြာ ရောက်နေပါတယ်။ အများအားဖြင့် ရှေ့တန်းကနေပြီး ရေးတဲ့စာတွေပါပဲ။ ခွင့်လည်း ခဏခဏယူလို့မရတဲ့အတွက် မောင်နဲ့ကျွန်မ လူချင်းမတွေ့ကြရဘဲ စာနဲ့ပဲ လွမ်းနေကြရပါတယ်။ မောင့်စာတွေထဲမှာ···

''ကိုယ်တိုင် လှရာရာရွေးလို့ ဆင်မပေးရ ဆံမြည်ဘူးကော၊ စစ်မြေမှာ ကြာညောင်းရက်ရှည်''ဆိုတဲ့ စကားကလေး မကြာမကြာ ပါလာတတ်တယ်။

ဒါ့အပြင်လည်း ''ဝဿုန်မြေဝယ် xxx စုံခြေဝါမောင်း xxx ပန်းပေါင်းတွေလည်း xx မနှောင်းခါသင့် xxx ပင်တိုင်းဝင့်ကာထည် xxx နဲ့အောက်မိုးမြေ xxx မျှော်မျှော်လေ တိုင်း xxx မောင်ကြိုးရေခေါ်မြည်တမ်း xxx ငယ်ကျွမ်းရဲ့အသံ ကြားပြန်ပါတယ် xxx ဆင့်ပွားဆယ်ဆလွမ်းရတယ်''ဆိုပြီး အဆိုတော်ကြီး မောင်မောင်ညွှန့်လိုလည်း လွမ်းပြတတ်ပြန်ပါတယ်။

မောင့်ရဲ့ ဂီတစာပေဝါသနာတွေက စစ်သားဖြစ်မှ ပိုပြီးအသုံးတည့်သွားတယ်ထင်ပါရဲ့။ ကျွန်မကတော့ မောင့်စာတွေဖတ်ပြီး မောင့်ကို ပိုလို့သာလွမ်းနေရပါတယ်။ မချစ်စဖူး အချစ်ဦးမို့ မောင့်ကို အထူးလွမ်းမိပါတယ်ရှင်။

ကျွန်မ တက္ကသိုလ်နောက်ဆုံးနှစ် တက်နေတုန်း မိုးတွင်းကြီးတစ်ရက်မှာ မောင်တစ်ယောက် မြုန်းစားကြီး ကျွန်မဆီ ရောက်လာပါတယ်။ သူကြီးတော်ကြီး ဆုံးသွားလို့တဲ့။ မူးရေတွေကြီးနေလို့ မန္တလေးကို မုံရွာဘက်ကလှည့်ပြန်လာရသတဲ့။ အင်မတန် သံယောဇဉ်ကြီးတဲ့ မဟာနန္ဒာကန်တော်လမ်းတောင် မရောက်ခဲ့တော့ဘူးဆိုပဲ၊ ကျွန်မလည်း မြို့နဲ့ အဆက်အသွယ်ပြတ်နေတော့ မောင့်အဒေါ်ဆုံးတာတောင် မသိလိုက်ရပါဘူး။ မောင်က ရှောင်တခင်ခွင့်ယူလာတာတဲ့။ ကျွန်မ တက္ကသိုလ်တက်နေတာ ဒီနှစ် နောက်ဆုံးနှစ်မို့ ကျွန်မကိုလည်း ဖြစ်နိုင်ရင် သူ လက်ထပ်သွားချင်သတဲ့လေ။

''မောင့်ဘဝမှာ သံယောဇဉ်ဆိုလို့ ဒီအဒေါ်နဲ့ လို့ငပဲရှိပါတယ်၊ အဒေါ်မရှိတဲ့နောက်မှာ သံယောဇဉ်ဆိုတာ လို့ငပဲကျန်ပါတယ်။ ဒါကြောင့် အေးအတူ ပူအမျှ မောင်နဲ့ ဝေမျှခံစားဖို့ မောင်တို့တပ်ထဲ လိုက်ခဲ့ပါတော့၊ မောင်တစ်ယောက်တည်း သိပ်အထီးကျန်ဖြစ်နေပါပြီ လို့ငရယ်''

လို့လည်း ဆိုရှာပါတယ်။

ဩော်···ခက်ပါပြီနော်။ မိသားစုကိုပစ်ပြီး မောင့်နောက် ကျွန်မ မလိုက်နိုင်သေးပါဘူး။ အိမ်မှာ အမေကလည်း နေကောင်းတာ မဟုတ်ဘူး။ မလိမ္မာတဲ့ မောင်လေးနှစ်ယောက်၊ ပြီးတော့ ညီမငယ်လေးတွေကလည်း အခု အလယ်တန်းရောက်လာကြပြီ။ အဖေတစ်ယောက်တည်း ဒီမိသားစုတစ်စုလုံးအတွက် ရုန်းကန်ပြီး ရှာကျွေးနေရတာ ကျွန်မ မကြည့်နိုင်ပါဘူး။ ဒါကြောင့် မောင့်ကို တောင်းတောင်းပန်ပန်နဲ့ နောက်ထပ်သုံးနှစ်လောက်စောင့်ဖို့ ပြောရပါတော့တယ်။

မောင်တို့ တာဝန်ကျတဲ့ဘက်မှာ
လမ်းပန်းအဆက်အသွယ်တွေပြတ်ပြီး
တော်တော် ခေါင်တယ်လို့ ပြောကြတယ်။
အဖျားအနာဂလည်းများ၊
အစားအသောက်ကလည်း ရှားတယ်တဲ့။

ဘွဲ့ရပြီး သုံးနှစ်လောက်တော့ မိဘကို ပြန်ပြီး ပြုစုချင်ပါသေးတယ်။

''သုံးနှစ်ကြီးများတောင်လား လှိုင်ရယ်'' လို့ မချင့်မရဲဆိုရှာတယ်။ နောက်ဆုံးတော့လည်း မောင့်ခမျာ ကျွန်မပြောတဲ့အတိုင်း သုံးနှစ်ကို စိတ်မပါတပါနဲ့ သဘောတူသွားရှာပါတယ်။ ပြီးတော့ စစ်ဝတ်စုံနဲ့ မော်လမြိုင်လေဆိပ်မှာ ရိုက်ထားတဲ့ ဓာတ်ပုံတစ်ပုံလည်း ကျွန်မအတွက် ပေးသွားခဲ့ပါတယ်။ ဓာတ်ပုံထဲမှာ မောင် မပြုံးမရယ် ခပ်တည်တည်နဲ့။

ဩော်...လှိုင်လည်း ကိုယ့်ချစ်သူနဲ့ အတူနေချင်တာပေါ့ မောင်ရယ်...ဒါပေမဲ့။

❑ ❑ ❑ ❑

မန္တလေးတက္ကသိုလ်က ကျောင်းပြီးတော့ ကံကောင်းထောက်မစွာနဲ့ ကိုယ့်မြို့မှာ ကျောင်းဆရာမလေး ပြန်လုပ်ရပါတယ်။ ကိုယ်တစ်သက်လုံးနေခဲ့တဲ့ကျောင်းမှာ ကိုယ် ပြန်လုပ်ရလို့လည်း ကျေနပ်လှပါတယ်။ အလုပ်ခန့်ပေးတဲ့ လူကြီးတွေကိုလည်း ကျေးဇူး တင်ပါတယ်။ ဖေဖေနဲ့ မေမေကလည်း ဝမ်းသာရှာကြပါတယ်။ ကျွန်မအတွက် မိသားစုကို အနီးကပ်စောင့်ရှောက်ခွင့်ရတာပါပဲ။ မောင်တွေ၊ ညီမတွေကိုလည်း အထိုက်အလျောက် ထောက်ပံ့သွားနိုင်ပါပြီ။ ဒါကြောင့် အလုပ်ကိုလည်း သိပ်ကြိုးစားခဲ့ပါတယ်။

ညီမနှစ်ယောက်ဖြစ်တဲ့ မတူးနဲ့ မခြူးက စာတော်ကြပါတယ်။ မောင်နှစ်ယောက်ကတော့ ဆယ်တန်းကျတာ နှစ်ခါရှိနေပြီ။ ကျွန်မ အလုပ်ဝင်တဲ့နှစ်မှာပဲ အကြိုးကောင်အဖေနဲ့စိတ်ဆိုးပြီး အိမ်ကထွက်သွားလေရဲ့။ မိုးကုတ်ဘက် တက်သွားတယ်ပြောတာပဲ။ အဖေကတော့ မနေချင်လို့သွားတာ လိုက် ခေါ်မနေနဲ့လို့ အပြတ်ပြောပါတယ်။ မောင် အကြိုးကောင်အတွက် ကျွန်မတို့ညီအစ်မ တစ်တွေရော အမေပါ မျက်ရည်ကျခဲ့ရပါတယ်။

ကျောင်းဆရာမလေးဘဝနဲ့ ကျွန်မ အခြေကျလာပါတယ်။ အိမ်ကနေပြီး ကျောင်းအသွား တမာလမ်းကလေးမှာ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ရာများကြောင့် မကြာခဏ မောင့်ကို သတိမရဘဲ မနေနိုင်အောင် ဖြစ်ရပါတယ်။ မောင့်ဆီက စာတွေတော့ အရင်ကလောက် မရောက်လာတော့ပါဘူး။

မောင်တို့ တာဝန်ကျတဲ့ဘက်မှာ လမ်းပန်းအဆက်အသွယ်တွေပြတ်ပြီး တော်တော် ခေါင်တယ်လို့ ပြောကြတယ်။ အဖျားအနာကလည်းများ၊ အစားအသောက်ကလည်း ရှားတယ်တဲ့။ မောင်နဲ့တွေ့တုန်းက ပြောသွားတာနဲ့ မောင့်ရဲ့စာတွေထဲမှာ ပါလာတတ်တာတွေလေ။ ကျွန်မကတော့ ဒီလောက်ပဲသိပါတယ်။ ဘာပဲဖြစ်ဖြစ် အသက်နဲ့ရင်းပြီး ''ကျားကို ခလုတ်၊ သစ်ငုတ်ကို သင်ဖြူး။ ဆူးကိုမွေ့ရာ''ဆိုသလို အလုပ်လုပ်ရတာဆိုတော့ မောင့်ခမျာ သိပ်ပင်ပန်းရှာမှာပဲ။

မောင်တစ်ယောက် ဘေးဘယာဝေးကွာစေကြောင်း ကျွန်မ အမြဲပဲ ဆုမွန်ကောင်း တောင်းနေရပါတော့တယ်။

ကျွန်မ ဘွဲ့ရတဲ့နှစ်က ကျွန်မနဲ့အတူ ဆယ်တန်းအောင်ခဲ့ကြတဲ့ သူငယ်ချင်း တင်မောင်ဝင်းနဲ့ မောင်မောင်တို့ကလည်း ဘွဲ့ကိုယ်စီရကြပါတယ်။ မောင်မောင်က ကျွန်မလိုပဲ ကျောင်းဆရာဝင်လုပ်တယ်။ တင်မောင်ဝင်းကတော့ ဝါသနာပါလို့ဆိုပြီး မောင့်လိုပဲ တပ်ထဲဝင်သွားတယ်။ သူလည်း သင်တန်းဆင်းပြီးတော့ ကြာအင်းဆိပ်ကြီးမှာ တာဝန်ကျတယ်လို့ သိရပါတယ်။ သူ့အိမ်ပြန်လာတော့ ကျွန်မနဲ့ ခဏတဖြုတ်တွေ့ပြီး ရှေးဟောင်းနှောင်းဖြစ်တွေ ပြောခဲ့ကြပါသေးတယ်။ သူကတောင်...

''လှိုင်လှိုင်ရေ၊ ငါလည်း ကရင်ပြည်နယ်မှာ တာဝန်ကျတယ်၊ နင့် ကိုဦးကြီးနဲ့တွေ့အုံးမယ်ထင်တယ်၊ ဘာမှာဦးမလဲ''လို့ လည်း မေးသေးတယ်။

နေကောင်းကြောင်း ပြောပေးပါလို့ပဲ ပြောလိုက်ပါတယ်။ စာတော့ မပေးဖြစ်ပါဘူး။ တင်မောင်ဝင်းကတော့ စကားစပ်ရင် သူ ဗိုလ်သင်တန်းပါတာ ကံကောင်းလို့တဲ့။ ဗိုလ်သင်တန်းက လူတိုင်း လွယ်လွယ်နဲ့ရတာ မဟုတ်ဘူးတဲ့။ တကယ်ကြိုးစားပြီး တကယ် တော်မှ၊ ပြီးတော့ ကံကောင်းမှတဲ့။ မောင့်ကိုလည်း တော်လို့သာ ဗိုလ်သင်တန်းတက်ရတာဖြစ်ကြောင်း ချီးကျူးသွားပါသေးတယ်။ မောင့်ကို ချီးကျူးသံကြားတော့ ကျွန်မလည်း မောင့်အတွက် ဂုဏ်ယူမဆုံးဖြစ်ရပါတယ်။

သင်တန်းတက်ရတာ သူတို့ကံကောင်းတယ်ဆိုရင် ကျွန်မလည်း ကံကောင်းတယ်ဆိုရမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဆရာလုပ်သက် နှစ်နှစ်၊ သုံးနှစ်နဲ့ ကျွန်မကြိုးစားမှုကို သဘောကျလို့ အထက်လူကြီးတွေ ရွေးချယ်ခွင့်ပြုချက်နဲ့ ကျွန်မ ဘီအီးဒီသင်တန်း တက်ရလို့ပါပဲ။ ကျွန်မ ဘီအီးဒီတက်ဖို့ အရွေးခံရပြီး ရန်ကုန်ပညာရေးတက္ကသိုလ်မှာ ဘီအီးဒီ တက်ရပါပြီ။ သင်တန်းတက်နေတဲ့ကာလမှာ မောင့်ကို ကတိပေးတဲ့ သုံးနှစ်ဆိုတဲ့ အချိန်က ပြည့်ပြီပဲ။ သင်တန်းကာလမှာ ကျွန်မ မောင့်ကိုတွေ့ရမှာ မဝံ့မရဲဖြစ်နေပါပြီ။

❑ ❑ ❑ ❑

ဘီအီးဒီသင်တန်းဆင်းခါနီး နွေတစ်ရက်မှာ ခါတိုင်းလိုပဲ ရုတ်တရက် ကျွန်မဆီ မောင်ရောက်လာပါတယ်။ ရှေ့တန်းကနေပြီး ခွင့်သုံးလေးရက်ပဲ ရတယ်တဲ့။

ပုဂံလမ်းဘက်
လမ်းလျှောက်ရင်း
စကားပြောဖြစ်ကြပါတယ်။
ကျွန်မကတော့
မောင့်ကိုတွေ့ရတာ
ဝမ်းသာပေမယ့်
ကျွန်မရင်ထဲက
ပြောရခက်တဲ့ ...



မောင်က ဝိုလ်ကြီးဖြစ်နေပါပြီ။လေဆိပ်ကနေပြီး ကျွန်မရှိတဲ့ ပညာရေးတက္ကသိုလ်ကို တစ်ခါတည်းလာခဲ့တာတဲ့။ အချိန်လည်း သိပ်မရလို့ ကျွန်မနဲ့တွေ့ပြီး ဆွေးနွေးစရာလေးတွေ ဆွေးနွေးစီစဉ်ပြီးရင် ချက်ချင်း ရှေ့တန်းပြန်ရမှာဆိုပဲ။ စစ်ဆင်ရေးကြီးတဲ့။ လွတ်လွတ်လပ်လပ် စကားပြောရအောင် အဆောင်ကထွက်ပြီး ပုဂံလမ်းဘက် လမ်းလျှောက်ရင်း စကားပြောဖြစ်ကြပါတယ်။ ကျွန်မကတော့ မောင့်ကိုတွေ့ရတာ ဝမ်းသာပေမယ့် ကျွန်မရင်ထဲက ပြောရခက်တဲ့ စကားတွေကြောင့် ဘယ်ကစပြီး ပြောရမှန်းတောင် မသိတော့ပါဘူး။

''ကဲ...လှိုင်ရေ၊ လှိုင်ပြောတဲ့အချိန်ရောက်လို့ မောင်တော့ ရှေ့တန်းကနေ ခွင့်မရအရ လူကြီးတွေဆီကတောင်းပြီး လာတာ၊ မောင်တို့လက်ထပ်ကြစို့၊ လိုအပ်တာတွေ မောင်အားလုံးစီစဉ်ထားပြီးပါပြီ''

မောင်က အားရပါးရ တက်တက်ကြွကြွ ပြောပါတယ်။ ပျော်နေပုံပါပဲ။

ဒီစကားပြောမယ်ဆိုတာ ကျွန်မ သိပြီးသားပါ။ ဘီအီးဒီ စာမေးပွဲကြီးကလည်း မပြီးသေးပါဘူး။ သင်တန်းက အစိုးရစရိတ်နဲ့ တက်နေရတာ။ မေမေ့ကျန်းမာရေးကလည်း ပိုပြီးဆိုးလာနေတယ်။ ဖေဖေကလည်း ပင်စင်နိုးနေပြီ။ မောင်အကြီးကောင်လိုပဲ မောင်အငယ်ကလည်း ကျွန်မ သင်တန်းတက်နေတုန်း စာမေးပွဲကျလို့ ဖေဖေဆူတာနဲ့ စစ်ထဲဝင်မယ်ဆိုပြီး အိမ်ကထွက်သွားပြန်ပြီ။ ဒီလိုအချိန်မျိုးမှာ ကျွန်မ မောင့်ကို လက်ထပ်ပြီး အိမ်ကထွက်ရမှာ ဝန်လေးလှပါတယ်။

''လောလောဆယ်တော့ မောင့်ကို လှိုင် လက်မထပ်ပါရစေနဲ့အုံး မောင်ရယ်''

မဝံ့မရဲနဲ့ မောင့်ကို တောင်းပန်မိပါတယ်။

''ဟင်...ဘယ်လိုဖြစ်ရတာလဲ လှိုင်ရယ်၊ မောင့်ကို လှိုင် မသနားတော့ဘူးလား။ လှိုင်ပြောခဲ့တဲ့အတိုင်း လှိုင့်ကို မောင်စောင့်လာခဲ့တာ သုံးနှစ်သုံးဖိုးတောင် မကတော့ပါဘူး။ ဘာလဲ–မောင့်ကို လက်မထပ်ချင်တော့ဘူးလား။ စစ်သားဖို့ မချစ်ချင်တော့ဘူးလား။ လှိုင့်ကို တင့်တောင့်တင့်တယ် မထားနိုင်ဘူးထင်လို့လား။ မောင့်ကို အထင်သေးနေလို့လား''

''ဒီလို မခနဲ့ပါနဲ့ မောင်ရယ်၊ မောင်က စစ်ဝိုလ်ကြီးပါ။ လှိုင်တစ်ယောက်တည်း အတွက် ပြဿနာမရှိပေမယ့် ဖေဖေ မေမေနဲ့ ညီမလေးတွေအတွက်တော့ စဉ်းစားရအုံးမှာပါ မောင်''

မောင်က ဝဲကျနေတဲ့ သူနဖူးပေါ်က ဆံပင်ရှည်တွေကို သပ်တင်ရင်း..

''မဟုတ်သေးပါဘူး လှိုင်ရယ်၊ မောင်တို့ ဇာတ်လမ်းက သိပ်ရှည်လျားနေပြီ၊ မောင်က စစ်သား။ သွားရင်း လာရင်း တိုက်ရင်း ခိုက်ရင်းနဲ့ အချိန်မရွေး အသက်ပေးသွားနိုင်တယ်၊ လှိုင်နဲ့ အတူနေဖို့တောင် အချိန်ရလိုက်မှာ မဟုတ်ဘူး၊ အခုလည်း တပ်မှာ သိပ်နေရတာမဟုတ်ဘူး၊ ရှေ့တန်းချည်းပဲ သွားနေရတာ၊ ဒါကြောင့် လှိုင့်ကို အမြန်ဆုံးလက်ထပ်ချင်ပြီ။ လှိုင့်မိသားစုတစ်ခုလုံး မောင် တာဝန်ယူပါမယ်လေ၊ ဘာလဲ မောင့်ကို မယုံလို့လား''

မောင့်အသံက မာလာပါတယ်။

မောင့်ကြည့်ရတာ အရင်ကထက်ပိုပြီး ပိန်သွားတယ်။ မောင့်မျက်နှာက ညိုနေပြီး ဆွေးမြေ့တဲ့ အရိပ်အရောင်တွေလည်း မြင်နေရတယ်။

မောင်ပြောတာတွေ ဟုတ်မှာပါ။ ဒါပေမဲ့ ကျွန်မမိသားစုတစ်ခုလုံး မောင်က တာဝန်ယူမယ်ဆိုတာတော့ သဘာဝမကျပါဘူး။ ကျွန်မပဲ တာဝန်ယူရမှာပေါ့။ အဖေပြီးရင်တော့ အစ်မကြီးအမိရာပဲ။ ညီမလေး နှစ်ယောက်ကို ကျွန်မ ဆက်ပြီးကျောင်းပြီးတဲ့အထိ တာဝန်ယူချင်ပါတယ်။ ကျွန်မတုန်းက အဖေက သူလခလေး မလောက်ရှာလို့ သူရွာမှာကျန်ခဲ့တဲ့ အမွေဆိုင်လယ်ကွက်ကလေးကို ရောင်းပြီးတောင် တက္ကသိုလ်ပို့ခဲ့တယ်။ ဒါတွေကို မောင် သိစေချင်ပါတယ်။

''မောင့်ကိုယုံပါတယ် မောင်ရယ်၊ ဒါပေမဲ့ ညီမလေးနှစ်ယောက်က အခုတက္ကသိုလ်တက်နေကြတယ်။ သူတို့ကျောင်းမပြီးဘဲနဲ့တော့ မောင့်ကို လက်မထပ်ပါရစေနဲ့အုံး။ သူတို့ကို ကျောင်းထားပေးပြီး ဖေဖေကို ကျေးဇူးဆပ်ပါရစေ မောင်ရယ်၊ ဒါလေးတစ်ခုပဲ မောင်ခွင့်ပြုပါတော့နော်''

ကျွန်မ မောင့်ကို လက်မထပ်သေးဖို့ တောင်းတောင်းပန်ပန်နဲ့ ပြောမိပြန်ပါတယ်။ မောင့်မျက်နှာကတော့ ညိုရောကနေ မည်း

လာသလိုပဲ၊ ချက်ချင်း အသက်နှစ်ဆယ်လောက် ပိုအိုသွားသလိုပဲ။ မတတ်နိုင်တော့ ပါဘူးလေ။ ဒီစကားကို ကျွန်မ ရင်နဲ့ရင်းပြီး စွန့်စားပြောလိုက်ရတာပါ။ ကျွန်မ မောင့်ကို သိပ်သနားမိပါတယ်။

''ဩော်...လှိုင်၊ လှိုင်...တကယ်တော်ပါပေတယ်၊ မိသားစုအပေါ် တကယ် သံယောဇဉ်ကြီးပြီး တာဝန်ကျေပါပေတယ်''

မောင်က ကျွန်မကိုကြည့်ပြီး မချင့်မရဲ ပြောရှာတယ်။ ပြီးတော့လည်း...

''လှိုင့်ဆုံးဖြတ်ချက်က ဒါပဲလား။ မပြင်တော့ဘူးလား၊ မောင်တို့ လက်ထပ်ထားပြီးမှ လှိုင် အိမ်ပြန်နေရင်ရော''

''ဒီလိုလည်း သဘာဝမကျပါဘူး မောင်ရယ်၊ စောင့်လက်စနဲ့သာ စောင့်ပေးပါအုံး''

''လှိုင်ရယ်၊ ဒါ-ကလေးကစားစရာမှ မဟုတ်ဘဲ၊ မောင့်ကိုလည်း ကိုယ်ချင်းစာပါအုံး။ တကယ်တော့ လှိုင့်ကို မောင်ချစ်သလို၊ မောင့်ကို လှိုင်မချစ်ပါဘူး၊ လှိုင့်မိသားစုလောက် မောင့်ကို ဦးစားမပေးနိုင်ပါဘူး၊ သိရပါပြီ လှိုင်''

မောင်က သူ့စကားကို ဆွေးဆွေးမြည့်မြည့်နဲ့ အဆုံးသတ်လိုက်ပါတယ်။

ကျွန်မကတော့ ဘာပြောရမှန်း မသိတော့ပါဘူး။ မျက်ရည်များကသာ ပါးပေါ်မှာ တလိမ့်လိမ့်ကျလာပါတော့တယ်။

''ကဲ...လှိုင့်ဆုံးဖြတ်ချက်ကို မပြင်နိုင်ဘူးဆိုရင်လည်း မောင်သွားမယ် လှိုင်''

မောင်က ရေတမာပင်တန်းက မြုန်းခနဲလှည့်ပြီး ထွက်သွားပါတော့တယ်။ ကျွန်မ ဘာမှမပြောနိုင်တော့ပါဘူး။ တဖြည်းဖြည်း ဝေးသွားတဲ့ မောင့်ရဲ့ကျောပြင်ကိုကြည့်ပြီး ကျွန်မရင်ထဲတော့ ဟာကျန်ရစ်ခဲ့ပါတယ်။

မောင်နဲ့ တကယ်ပဲ ဝေးကြရတော့မှာလား။ ဒါက မောင်နဲ့ကျွန်မ နောက်ဆုံးတွေ့ကြတာလား။ ကျွန်မစိတ်တွေ ဝေဝါးထွေပြားနေပါတယ်။

အဲဒီညက ကျွန်မ အခန်းပြန်ရောက်တော့ မျက်နှာနဲ့ ခေါင်းအုံးအပ်ပြီး ကြူးကြူးပါအောင် ငိုလိုက်မိပါတော့တယ်။

မောင့်အလို မလိုက်နိုင်တာ ခွင့်လွှတ်ပါ မောင်။

❑ ❑ ❑ ❑

ပညာရေးတက္ကသိုလ်က ဘွဲ့ရတော့ ဒီတစ်ခါလည်း ကျွန်မက ကံကောင်းပြန်ပါတယ်။ ကိုယ့်မြို့လေးမှာကိုယ်ပြန်ပြီး အလုပ်ရတော့ ကျွန်မ သိပ်လိုလားနေတဲ့ မိသားစုကို စောင့်ရှောက်ဖို့ ဆန္ဒပြည့်ဝသွားပါပြီ။

ပင်စင်ယူခါနီး အဖေရယ်၊ ကျန်းမာရေးမကောင်းတော့တဲ့ အမေရယ်၊ ပညာရေး မဆုံးသေးတဲ့ ညီမလေးတွေရယ်၊ အို-တာဝန်တွေက အများကြီးပါ။ တာဝန်တွေကြားက မောင့်ဆီကစာတွေလည်း မျှော်ရပါတယ်။ စာတွေက အလာကျဲသွားပါပြီ။

''ဩော်...သူလည်း စစ်သားဆိုတော့ စစ်မြေပြင်သွားနေရလို့ ဖြစ်မှာပေါ့၊ ရှေ့တန်းမှာ မောင်တစ်ယောက် ဘေးမသီ ရန်မခရှိပါစေ''

မောင့်အကြောင်းကို စဉ်းစားရင်း ဆုတောင်းမိပါတယ်။

ဘာလိုလိုနဲ့ မောင်နဲ့မတွေ့ကြတာ တစ်နှစ်ကျော်သွားပြီး ထင်ပါရဲ့။ မကြာခင် ညီမလေးတွေလည်း ဘွဲ့ရကြတော့မယ်။ ဒါဆိုရင် မောင်နဲ့နီးပြီပေါ့။ ကျွန်မ ပို ကံကောင်းလာပြီ ထင်ပါတယ်။

လောကကြီးက ကိုယ်ထင်သလို ဖြစ်တတ်တဲ့အမျိုးမဟုတ်ဘူးလေ။ သူဖြစ်ချင်သလို ဖြစ်နေတာပဲ။ ကျွန်မက ကိုယ့်ကိုယ် ကိုယ် ကံကောင်းပြီထင်နေတုန်း မြုန်းဆို မေမေဆုံးသွားတယ်။ မေမေ မသေခင်က-

''သမီးရယ်၊ အဖေကြီးနဲ့ ညီမလေးတွေကို ဂရုစိုက်နော်''

လို့ မှာသွားခဲ့တယ်။ အစ်မကြီး အဓိရာဆိုတော့ ဂရုစိုက်ရမှာပေါ့ မေမေရယ်လို့ ပြန်ပြောတော့-

''သာဓုကွယ် သာဓု၊ ငါ့သမီးကြီး ဘုန်းကြီးလို့ အသက်ရှည်ပါစေ''

လို့ဆုပေးသွားတယ်။ မေမေ့ အသုဘအတွက် ကျောင်းကခွင့်ယူလိုက်ရတယ်။ အသုဘပြီးတော့ ကျောင်းပြန်တက်ပြီး သိပ်မကြာပါဘူး။ တစ်ရက်မှာ လုပ်ဖော်ကိုင်ဖက် ဆရာမ ဒေါ်ခင်ခင်တင့်နဲ့ ဒေါ်တင်တင်အုံးတို့က ကျွန်မကိုလာခေါ်တယ်။ သူတို့က မောင့်သူငယ်ချင်းတွေ။ သူတို့လည်း မောင်နဲ့ ကျွန်မအကြောင်း သိထားကြသူတွေမို့ ကျွန်မကို ကရုဏာသက်ကြသူတွေပါပဲ။

''လှိုင်ရေ၊ လှိုင့်သူငယ်ချင်း ဗိုလ်တင်

လောကကြီးက
ကိုယ်ထင်သလို
ဖြစ်တတ်တဲ့အမျိုးမဟုတ်ဘူးလေ။
သူဖြစ်ချင်သလို ဖြစ်နေတာပဲ။
ကျွန်မက
ကိုယ့်ကိုယ်ကိုယ်
ကံကောင်းပြီထင်နေတုန်း...



မောင်ဝင်း ပြန်ရောက်နေတာ သိလား''

''ဟင့်အင်း။ မသိပါဘူး မမတင့်ရယ်''

သူတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။ မျက်နှာတွေကလည်း သိပ်မကောင်းကြဘူး။

''ဘာကိစ္စလဲ မမတင့်ရယ်၊ ဘာကြားလို့လဲဟင်''

မောင် ရှေ့တန်းမှာ ဒဏ်ရာများရသွားလေမလား။ မပြောကောင်း မဆိုကောင်း တိုက်ပွဲများ ကျသွားလို့လား။ အို–မဟုတ်သေးပါဘူးလေ။

''လှိုင်နဲ့ဆိုင်ရင် ပြောပါမမရယ်၊ ဘာများလဲ လှိုင်သိပါရစေ''

''စိတ်ကောင်းကောင်းထားပြီး နားထောင်နော် လှိုင်၊ ဗိုလ်တင်မောင်ဝင်းက ပြောခိုင်းလိုက်တယ်၊ လှိုင့် ကိုဦး အိမ်ထောင်ပြုသွားပြီတဲ့''

''ဟင်''

ကျွန်မ လုံးဝမမျှော်လင့်ထားသော စကားပါ။ ကြားကြားချင်း ခေါင်းထဲမှာ မိုက်ခနဲခနဲ အရာအားလုံး ချာချာလည်သွားသလိုပါပဲ။ မောင် ဒီလိုလုပ်သွားမယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့ပါဘူး။ ကျွန်မကို တစ်သက်လုံး ချစ်သွားလိမ့်မယ်လို့သာ ယူဆထားခဲ့တာ။ ခုတော့–

''ဟုတ်ရဲ့လား မမတင့်ရယ်''

''ဗိုလ်တင်မောင်ဝင်းသာ သွားမေးကြည့်တော့ လှိုင်ရေ၊ မမတို့လည်း စိတ်မကောင်းလို့ မပြောဘူးနေတာ၊ လှိုင်က ရိုးရိုးအေးအေး၊ ပြီးတော့ မိသားစုကိစ္စတွေကလည်း ရှိနေတော့ မမတို့မှမပြောရင် လှိုင် သိမှာမဟုတ်ဘူးထင်လို့ ပြောရတာ ညီမရေ''

စက်ဘီးနဲ့ တင်မောင်ဝင်းအိမ် ကျွန်မ ပြေးမိပါတယ်။ ဗိုလ်သင်တန်းဆင်းကတည်းက တင်မောင်ဝင်းက ကြာအင်းဆိပ်ကြီးမှာ နေပြီး ဘယ်မှမပြောင်းရသေးဘူး။ အဲဒီမှာ လေးငါးနှစ်ရှိနေပြီ။ မောင်နဲ့ ရှေ့တန်းမှာ မကြာခဏတွေ့နေကြသူတွေ။

တင်မောင်ဝင်းကို တရုတ်တန်းက သူအဖေ အမေအိမ်မှာ အဆင်သင့်တွေ့ပါတယ်။ ကျွန်မကို မြင်မြင်ချင်း–

''လာ…လှိုင်လှိုင်၊ နင်လာမယ်ဆိုတာ ငါသိပြီးသားပါ၊ နင့်ကို မမတင့်တို့ ပြောလိုက်ပြီမဟုတ်လား''

''ဟုတ်တယ်၊ မောင်လက်ထပ်သွားပြီဆိုတာ တကယ်ပဲလား သူငယ်ချင်းရယ်''

''ဟုတ်တယ် လှိုင်လှိုင်၊ ကိုဦး ရှေ့တန်းမှာ နေမကောင်းဖြစ်ပြီး ဘားအံမှာ အတော်ကြာအောင် ဆေးရုံတက်ရတယ်၊ ဆေးရုံကအဆင်းမှာ အဲဒီ ဆေးရုံက ဆရာမလေးနဲ့ပဲ ရုံးတက်လက်မှတ်ထိုးသွားတာ၊ အဲဒီနေ့က ငါလည်း ဘားအံဗျူဟာရုံးမှာ တပ်ကိစ္စနဲ့ရောက်နေလို့ သိခဲ့ရတာ၊ ကိုဦးနဲ့တော့ မတွေ့ခဲ့ဘူး။ အဲဒီနေ့ကပဲ သူအမျိုးသမီးခေါ်ပြီး သူတပ်ကို လေယာဉ်နဲ့ပြန်သွားတယ်၊ နင့်အတွက် ငါစိတ်မကောင်းပါဘူး လှိုင်လှိုင်ရယ်''

ဩော်–တကယ်ရက်စက်သွားပြီလား မောင်ရယ်။ ကျွန်မ ဘာမှမပြောလိုတော့ပါ။

ဘားအံမှာ အတော်ကြာအောင် ဆေးရုံတက်ရတယ်၊ ဆေးရုံကအဆင်းမှာ အဲဒီ ဆေးရုံက ဆရာမလေးနဲ့ပဲ ရုံးတက်လက်မှတ်ထိုးသွားတာ…

ပြောစရာခွန်အားလည်း မရှိတော့ပါ။ ရင်ထဲမှာ ဆို့နင့်လာပါတယ်။ မျက်ရည်ပေါက်ကြီးများကတော့ ပါးပြင်က လိမ့်ဆင်းလာကြပါတယ်။

နောက်တစ်နေ့မှာ ကျွန်မ ဘယ်သူမှ မပြောတော့ဘဲ ခွင့်ရက်ရှည်တင်ပြီး မူးမြစ်ဘေးက အဖေ့ရွာကလေးကို ထွက်ခဲ့မိပါတယ်။ ကျွန်မနဲ့ မောင့်အကြောင်းကိုသိထားတဲ့ ဖေဖေကတော့ ကျွန်မကို နားလည်သနားပြီး…

''လောကဓံပဲ သမီးရယ်၊ သက်သာသလိုဖြေပါ''

လို့ ပြောရှာပါတယ်။

ဘယ်လိုဖြေရမှာလဲ ဖေဖေရယ်။

မိသားစုသံယောဇဉ်ကြောင့် မောင့်ကို ကျွန်မလက်မထပ်နိုင်ခဲ့ပေမယ့် ကျွန်မ ညီမတွေကတော့ အလှိုလှိုပဲ လက်ထပ်သွားကြပါတယ်။ လူတွေရဲ့ ဖွဲ့စည်းပုံစိတ်နေသဘောထားတွေက တူမှမတူကြဘဲ။ လူတစ်ကိုယ်စိတ်တစ်မျိုးစီ မဟုတ်လား။

ညီမအကြီး မတူး၊ ကျောင်းနာမည် တင်တင်ထွေးက မန္တလေးတက္ကသိုလ်က ဘွဲ့ရတဲ့နှစ်မှာပဲ အလုပ်တောင်မဝင်ရသေးဘူး။ လုပ်အားပေးနေတုန်း သူလုပ်အားပေးနေတဲ့ ဌာနက အရာရှိငယ်လေးတစ်ယောက်နဲ့တွေ့ပြီး သူတို့ချင်း သဘောကျသွားကြလို့ သူ ဌာနလူကြီးတွေက ဖေဖေ့ရုံးကို သွားစကားကြောင်း တောင်းရမ်းကြတယ်။ အဲဒါနဲ့ မတူးတစ်ယောက် ကောက်ကာငင်ကာ အိမ်ထောင် ကျသွားပါရော။ အဲဒီနေ့က ဖေဖေ့မျက်နှာ မကောင်းဘူး။ ညီမချောကတော့ ပျော်ပျော်ပဲ။ အဖေ စိတ်မကောင်းနေတာ သိပ်ပြီး အလေးအနက်ထားပုံမရဘူး။ ယောကျ်ားယူရတာကိုပဲ ကျေနပ်နေတယ် ထင်ပါရဲ့။ သူ့ခင်ပွန်းလေးကတော့ ရည်မွန်ပါတယ်။ လက်ထပ်ပြီး မကြာခင်မှာပဲ မြစ်ဝကျွန်းပေါ်ဘက် သူ့ယောကျ်ားလေးပြောင်းသွားတာနဲ့ မတူးလည်း လိုက်သွားပါရော။ အိမ်က လူတစ်ယောက် လျော့သွားပြန်ပြီပေါ့။

အငယ်ဆုံးမလေး မခြူး၊ ကျောင်းနာမည် ခင်ခင်ထွေး၊ သူက ကျွန်မတို့ မောင်နှမတွေထဲမှာ စာအတော်ဆုံး၊ လူရည်ချွန်တောင် သုံးထပ်ကွမ်းရထားတာ။ ဖေဖေကလည်း အချစ်ဆုံးမို့ အစွမ်းကုန်အလိုလိုက်ထားတာ ဒီကောင်မလေးက ဘယ်ကနေ ဘယ်လိုဖြစ်တယ်မသိဘူး။ ရွှေဘိုဒေသကောလိပ် ဒုတိယနှစ်မှာ ရွှေဘိုတပ်နယ်က စစ်ဗိုလ်လေးတစ်ယောက်နဲ့ သူဟာသူ ရုံး

တက် လက်မှတ်ထိုးလို့ ကျွန်မလည်း ကြားကြားချင်း လိုက်သွားပါတယ်။ တာဝန်ရှိတဲ့ တပ်က လူကြီးတွေက ကောင်းကောင်းမွန်မွန် ရှင်းပြပြီး အရာရှိလေးက တပ်ပြောင်းတော့မှာမို့ ဖြုန်းစားကြီးလုပ်တာပါတဲ့။ မစောင့်နိုင်ကြတော့လို့တဲ့။ သူတို့တပ်မှာ မင်္ဂလာဧည့်ခံပွဲ လုပ်ပေးကြပါတယ်။

ဖေဖေကတော့ စိတ်ဆိုးလွန်းလို့ မခြူးမင်္ဂလာဆောင်ဧည့်ခံပွဲကို မသွားပါဘူး။ ကျွန်မကပဲ ညီမငယ်လေး မျက်နှာမငယ်ရအောင် အစစအရာရာလိုက်ပြီး လုပ်ပေးခဲ့ရပါတယ်။ နောက်နေ့ မခြူးနဲ့ သူယောကျ်ားလေး မြို့လာပြီး ကန်တော့တော့ ဖေဖေက စကားလုံးဝမပြောဘူး။ မခြူးကတော့ နောက်နေ့ သူယောကျ်ားပြောင်းတဲ့ ရှမ်းပဲ ကျန်ခဲ့ပါတော့တယ်။ သူတို့တစ်တွေက တော့ ပြတ်သားလိုက်ကြတာ။ လုပ်ရဲလိုက်ကြတာ။ ကိုယ်လုပ်ချင်တာတွေကို အကုန်လုပ်သွားကြတာပါပဲ။ ကျွန်မမှာသာ ဟိုလူအတွက် စဉ်းစားရ၊ ဒီလူအတွက် စဉ်းစားရနဲ့၊ မောင်တွေ ညီမတွေအတွက်၊ အဖေအတွက်၊ မိသားစုအားလုံးအတွက် အမြဲထည့်တွက်ခဲ့ရတာ။

မောင့်အပေါ် ကျွန်မ တရားမှတရားခဲ့ပါရဲ့လား။ မောင့်ကို ကျွန်မ တကယ်ချစ်ခဲ့တာရော ဟုတ်ပါရဲ့လား။ မောင့်အတွက် မစွန့်စားခဲ့တာ၊ သတ္တိမရှိခဲ့တာ၊ မောင့် ဆန္ဒအတိုင်း လက်မထပ်နိုင်ခဲ့တာတွေက မောင့်မေတ္တာကို တန်ဖိုးမထားခဲ့သလို ဖြစ်သွားခဲ့လေသလား။ ကျွန်မ တစ်ကိုယ်ကောင်းဆန်မောင် အရာရာကို ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားတတ်တဲ့သူမို့ ပြောစရာတွေ အများကြီး ရှိနေပြီး မောင့်ရဲ့ကမ္ဘာက ကျွန်မထက် ကျယ်ပြန့်လှပါတယ်။

ကျွန်မကတော့ ကိုယ့်အိမ်နဲ့ကျောင်း။ ပြီးတော့ အဖေအိုကြီး၊ ပြီးတော့ ကိုယ့်ရဝ် ကိုယ့်ရွာလေးကိုသာ ခင်တွယ်နေတဲ့ ဒေသစွဲ၊ ဒါတွေက ကျွန်မကမ္ဘာလေးကို ကျဉ်းမြောင်းစေခဲ့ပြီပဲ။ ဒါကြောင့်လည်း မောင်နဲ့ ကျွန်မ မဆုံဆည်းကြတော့ဘဲ အသွင်မတူ အိမ်သူမဖြစ်ခဲ့ရတာ ထင်ပါရဲ့။

ဩော်...ချစ်သောမောင်ရယ်။

❑ ❑ ❑ ❑

အနှစ် နှစ်ဆယ်စာ စဉ်းစားစရာတွေက ကျွန်မစိတ်ထဲမှာတော့ သိပ်မကြာသေးသလိုပါပဲ။ ဒီလိုနွေဆို ပိုလို့တောင် စဉ်းစားမိတယ်။ ကျောင်းသူကျောင်းသားတွေ မရှိတော့ စာမသင်ရလို့ နည်းနည်းတွေးချိန်လေးလည်း ရနေတယ်။

ဟော...အပြင်က သီချင်းသံကြားတယ်။ ဘာတဲ့...

''ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာသည် x x x တည်ကြည်ခိုင်မြဲ x x x ချစ်ခဲ့ကြသည်မို့လည်း x x x ရေမြေနယ်ခြား ဘဝဆိုတာများ မရေရာ x x x အခြေအနေခြားတာလည်း ချစ်ခြင်းမေတ္တာ ယုံကြည်ချက်နဲ့ မဆိုင်ပြီ x x x ဒီဘဝ ဒီကမ္ဘာဆီ x x x ဩော် ဒီတစ်ယောက်ကိုမှ ချစ်တတ်လေသည် အမြဲ x x x နောင်လဲ ချစ်လို့နေမည် x x x''

မကြားရတာ ကြာနေပြီဖြစ်တဲ့ နှောင်းခေတ်တေးတစ်ပုဒ်ပါပဲ။ ကျွန်မအဖြစ်နဲ့ တိုက်တိုက်ဆိုင်ဆိုင် ရှားရှားပါးပါး ပျံ့လွင့်နေပါတယ်။ အတန်းတင်စာမေးပွဲတွေ ပြီးသွားပေမယ့် ကျွန်မတို့ ဆရာ၊ ဆရာမတွေကတော့ တရားဝင် ကျောင်းမပိတ်မချင်း ကျောင်းတက်နေကြရဆဲပါ။ ကျောင်းခန်းထဲမှာ အလုပ်လုပ်နေရင်း ပျံ့လွင့်နေတဲ့ သီချင်းသံကိုကြားတော့ မောင့်ကို မြင်ယောင်လာပြန်ပါတယ်။ ခုချိန်မှာ မောင်တစ်ယောက် တောကြိုအုံကြား သွားနေရတုန်းပဲလား။

တကယ်တော့ ကျွန်မ မောင့်ကို စိတ်မနာနိုင်ခဲ့ပါဘူး။ မောင်ကလွဲပြီး ဘယ်သူ့ကို

မောင်နဲ့ထွေတဲ့အခါတိုင်း

ကျွန်မက ကိုယ့်မိသားစုနဲ့ ကိုယ့်အလုပ်ကလေးအကြောင်း

ကျွန်မရဲ့ ကမ္ဘာကျဉ်းကျဉ်းလေး အကြောင်းလောက်သာ

စိတ်ဝင်တစား မောင့်ကိုပြောခဲ့ပေမယ့်...

ပြည်နယ်ဘက်ကို ကောက်ကောက်ပါအောင် လိုက်သွားပြန်တာပါပဲ။ ညီမလေးက အသက် ၁၈ နှစ်၊ အိမ်မှာအငယ်ဆုံးမို့ အလိုလိုက်ခံထားရတော့ ထမင်းတောင် ကောင်းကောင်း ချက်ဖူးတာမဟုတ်ဘူး။ ထမင်းမချက်တတ်၊ ဟင်းမချက်တတ်နဲ့ သူယောကျ်ားလေးနဲ့ ဘယ်လိုများ နေကြလဲတော့ မသိဘူး။ သူယောကျ်ား ဗိုလ်ပေါက်စလေးကလည်း ရှိလှမှ အသက် ၂၀ ကျော်ကျော်ပါ။ တကယ့်ကလေးလေး လင်မယားပေါ့။ သူတို့အစားကျွန်မ စိတ်ပူလှပါတယ်။ ဘယ်လိုများ နေကြမှာပါလိမ့်။ သူတို့တစ်တွေကတော့ ဘာမှအပူအပင်မရှိကြဘူး ထင်ပါရဲ့။

မောင်တွေ၊ ညီမတွေကတော့ တစ်ယောက်ပြီးတစ်ယောက် ထွက်သွားကြပါပြီ။ အသိုက်အမြုံကနေ အတောင်မစုံတစုံ ပျံကုန်ကြပြီ။ နောက်ဆုံးတော့ ဖေဖေနဲ့ ကျွန်မခဲ့ပါသလား။ မိသားစုအတွက် များသွားခဲ့သလား။ ဝေခွဲမရနိုင်ပါပြီ။

မောင်နဲ့တွေ့တဲ့အခါတိုင်း ကျွန်မက ကိုယ့်မိသားစုနဲ့ ကိုယ့်အလုပ်ကလေးအကြောင်း ကျွန်မရဲ့ ကမ္ဘာကျဉ်းကျဉ်းလေးအကြောင်းလောက်သာ စိတ်ဝင်တစား မောင့်ကိုပြောခဲ့ပေမယ့် မောင်ကတော့ ဒီလိုမဟုတ်ခဲ့ရှာပါ။ ကျွန်မပြောတာတွေကို စိတ်ရှည်ရှည် နားထောင်ရုံသာမက သူရောက်ခဲ့တဲ့ နေရာက အတွေ့အကြုံတွေ၊ ပြည်နယ်က တိုင်းရင်းသားတွေရဲ့ လူမှုဘဝအခြေအနေ၊ နယ်စပ်ဒေသက လူမှုရေး၊ စီးပွားရေးအခြေအနေတွေကို မကြာခဏ ရှင်းပြတတ်ပါတယ်။ ရှေ့တန်းရောက် တပ်မတော်သားတွေရဲ့ စွန့်လွှတ်စွန့်စားတဲ့ အကြောင်းတွေကို သူကြုံခဲ့တဲ့ တိုက်ပွဲလေးတွေနဲ့ ဆက်စပ်ပြီး ပြောပြတတ်ပါတယ်။ တကယ်တော့

မှလည်း ထပ်ပြီးမချစ်နိုင်ပါဘူး။ မောင့်အပေါ် ထားခဲ့တဲ့ ကျွန်မရဲ့ ချစ်ခြင်းမေတ္တာက တမာတောမှာရွာတဲ့မိုးလို မေတ္တာမိုးပြေးလည်း မဟုတ်ခဲ့ရပါ။ ကျွန်မ တစ်သက်မှာ တစ်ခါသာပွင့်တဲ့ မေတ္တာပုလဲပန်းပါ။ မောင်နဲ့ ဝေးခဲ့တဲ့ အနှစ် နှစ်ဆယ်လုံးလုံး ဘဝကို စာသင်ခန်းထဲမှာ နှစ်မြုပ်ပြီး အလုပ်ကိုပဲ ကြိုးစားခဲ့ပါတယ်။ ဒါကြောင့်လည်း ကျွန်မ အခုဆို အထက်တန်းပြဆရာမဘဝကနေ တစ်ဆင့်မြင့်ရာထူးနဲ့ ဒီကျောင်းကြီးက ပြောင်းရပါတော့မယ်။ ကျွန်မ သံယောဇဉ်ကြီးခဲ့တဲ့ ကျောင်းကြီးနဲ့ တမာလမ်းကလေးကို ခွဲရပါတော့မယ်။

အထက်တန်းကျောင်းသူဘဝက ဒီကျောင်းကြီးရှေ့က တမာလမ်းကလေးမှာ မောင်နဲ့ မကြာခဏ ကျောင်းသွား၊ ကျောင်းပြန်ခဲ့ကြတာတွေ၊ လမ်းတစ်လျှောက် မောင့်ကို ကျောင်းစာမေးခဲ့ရတာတွေ၊ တစ်ခါတစ်ခါ စိတ်ကောက်ရတာလေးတွေ မောင်က ပြန်လာချော့တာတွေ၊ တက္ကသိုလ်က မြို့ပြန်ရောက်တိုင်း မောင်ကကျွန်မကို ကျောင်းပေါက်ဝက နေ့တိုင်းလာကြိုပြီး အိမ်နားရောက်မှ ဖေဖေနဲ့မေမေ မတွေ့အောင် လမ်းခွဲသွားခဲ့တာတွေ၊ သူငယ်ချင်း တင်မောင်ဝင်းတို့၊ မောင်မောင်တို့ ကျွန်မကို ''ကိုဦးရဲ့ ရည်းစားကြီးကလည်း''လို့ မောင်နဲ့ စတဲ့အခါတိုင်း ''မဟုတ်ရပါဘူးဟယ်''ဆိုပြီး ရှက်ရှက်နဲ့ ကျွန်မ အကြောက်အကန် ငြင်းခဲ့တာတွေအားလုံးကို ကျွန်မနှလုံးသားမှာ အမြဲသိမ်းဆည်းထားလျက်ပါ။

ဩော်...ငယ်ကကျွမ်းလို့ လွမ်းရပါတယ် မောင်။

❑ ❑ ❑ ❑

''ငယ်ကချစ်၊ အနှစ်တစ်ရာ မမေ့သာ'' ဆိုတဲ့ သီချင်းသံလေးကြားတော့ လှိုင့်မှာ ပြောစရာတွေ ရင်နဲ့အပြည့်ပဲ ပြောချင်တာလေးတွေ ဆုံးအောင်တော့ ပြောပါရစေမောင်။

နွေဦးပို့ လေရူးပွေနှောက်၊ ရွက်ခြောက်ကလေးတွေ ကြွေနေပြီမောင်။ လှိုင်တို့ ကျောင်းဝင်းထဲက မောင်သိပ်ချစ်တဲ့ တမာပန်းနဲ့ ကျောင်းအထွက်က တမာလမ်းလေးကလည်း မောင့်ကို လွမ်းနေကြပါတယ်။ နွေရောက်တိုင်း မောင်နဲ့လှိုင်တို့အတွက် မမေ့နိုင်စရာလေးတွေ ဖြစ်ခဲ့ကြတယ်မဟုတ်လား။ ဒီလို နွေနေ့တစ်နေ့မှာပဲ ဒီကျောင်းကြီးအထွက်က တမာလမ်းကလေးမှာ မောင်နဲ့လှိုင်တို့ ချစ်ခရီးစခဲ့ကြပြီး ရန်ကုန်တက္ကသိုလ်က ရေတမာပင်တွေနဲ့ ကံ့ကော်ပင်တွေကြားမှာ မောင်က လှိုင့်ကို ထားသွားခဲ့ပြီ မဟုတ်လား။ အနှစ် နှစ်ဆယ်တောင် ရှိခဲ့ပြီပဲ။

အခုလည်း ဒီနွေမှာ လှိုင် သံယောဇဉ်ကြီးခဲ့တဲ့ ဒီကျောင်းကြီးနဲ့ ဒီတမာလမ်းကလေးတွေကနေပြီး ခွဲရတော့မယ်။ တစ်ဆင့်မြင့်တာဝန်နဲ့ ရွှေဘိုခရိုင်အတွင်းက တခြားမြို့ကလေးကို သွားရတော့မယ်။ နိုင်ငံတော်က ပေးအပ်တဲ့တာဝန်ကို လှိုင် ကျေပွန်စွာထမ်းဆောင်သွားမှာပါ။ မောင် တောင်မှ အနှစ် အစိတ် သုံးဆယ်လောက် တစ်နိုင်ငံလုံး တောအနှံ့ တောင်အနှံ့ နိုင်ငံ့တာဝန်နဲ့ သွားလာနေခဲ့သေးတာပဲ။ လှိုင်လည်း ဒီလောက်တော့ စွန့်စားရမှာပေါ့။ ဒါပေမဲ့ တစ်သက်လုံး သံယောဇဉ်ကြီးခဲ့ရတဲ့ နေရာလေးကို စွန့်ခွာသွားရတော့မှာကိုတော့ စိတ်မကောင်းပါဘူး။ ဒီနေရာလေးမှာ မောင့်ရဲ့ အငွေ့အသက်တွေက ရှိနေသေးတယ်လေ။ ဒီနေ့ မနက်ကတည်းက မောင့် အကြောင်း တစ်ရစ်ဝဲဝဲနဲ့ ခေါင်းထဲကမထွက်ဘူး မောင်။ ထူးထူးခြားခြားကို သတိရနေမိတယ်။

မမျှော်လင့်တာတွေက သိပ်ပြီး တိုက်ဆိုင်ပါတယ် မောင်။ ဒီနေ့တစ်နေ့လုံး မောင့် အကြောင်းပဲ တွေးနေမိတယ်။ တိုက်တိုက်ဆိုင်ဆိုင် အခုပဲ သူငယ်ချင်း ဗိုလ်မှူးတင်မောင်ဝင်း ကျောင်းကိုမမျှော်လင့်ဘဲ ရောက်လာတယ်။ တပ်ရင်းမှူးတာဝန်နဲ့ မိတ္ထီလာကနေပြီး ရန်ကုန်ပြောင်းရမှာမို့ သူအဖေ အမေတွေ လာကန်တော့တာတဲ့။ တစ်နေ့ကမှ အထက်တန်းပြနဲ့ ဒီကျောင်းပြန်ပြောင်းလာတဲ့ သူငယ်ချင်းမောင်မောင့်ဆီလာရင်း တခြားသူတွေ နှုတ်ဆက်ပြီး လှိုင်နဲ့စကား ပြောတော့ မောင့်အကြောင်း သူကပဲစပြောတယ်။

မောင် အိမ်ထောင်ကျပြီး မကြာခင် ရှမ်းပြည်နယ်ဘက် ပြောင်းသွားကြောင်း၊ လွန်ခဲ့တဲ့ လေးငါးနှစ်က မောင့်ဖနီးဆုံးသွားပြီး သားတစ်ယောက်ကျန်ခဲ့ကြောင်း၊ သားက

အခုလည်း ဒီနွေမှာ လှိုင် သံယောဇဉ်ကြီးခဲ့တဲ့ ဒီကျောင်းကြီးနဲ့ ဒီတမာလမ်း ကလေးတွေကနေပြီး ခွဲရတော့မယ်။ တစ်ဆင့်မြင့်တာဝန်နဲ့ ရွှေဘိုခရိုင်အတွင်းက တခြားမြို့ကလေးကို သွားရတော့မယ်။



အခု စစ်တက္ကသိုလ်တက်နေတဲ့ အကြောင်း။ ရာထူးတွေသာရှိနေပေမယ့် မောင့်ဘဝမှာ အထီးကျန်နဲ့ ခြောက်သွေ့နေတဲ့အကြောင်း စုံလို့ပါပဲ။ နောက်ဆုံးတော့ ဗိုလ်မှူး တင်မောင်ဝင်းက . . .

''ကဲ လှိုင်လှိုင်၊ ငါ နောက်ဆုံးပြောချင်တာကတော့ တခြားမဟုတ်ဘူးကွ၊ ကိုဦးအခု မန္တလေးပြောင်းရပြီ၊ နန်းတွင်းထဲမှာ ရောက်နေတယ်၊ ဒီအလာမှာ သူနဲ့တွေ့ခဲ့တယ်၊ သူကလည်း နင်နဲ့သိပ်တွေ့ချင်တာတဲ့၊ အဲဒါ ငါ့ကို နင့်ဆီဆက်ဆက်ဝင်ခဲ့ပါလို့ မှာလိုက်လို့ နင့်ကိုငါလာတွေ့တာ၊ ငါအခုပြန်မယ်၊ အပြန်မှာလည်း ကိုဦးနဲ့တွေ့အုံးမယ်၊ သူခမျာ သနားစရာပါဟာ၊ နင်ဘာမှာအုံးမလဲ''

လှိုင်က ခေါင်းရမ်းပြလိုက်ပါတယ်။ ဗိုလ်မှူးတင်မောင်ဝင်းပြောတဲ့ ''ကိုဦးက လှိုင်နဲ့သိပ်တွေ့ချင်တယ်''ဆိုတာ တကယ်လား မောင်ရယ်။ လှိုင်က အနှစ်နှစ်ဆယ်ကြာတာတောင် မောင့်အပေါ် အချစ်မပြယ်ခဲ့သေးပါဘူး။ အခုအချိန်ထိ မောင်ပေးခဲ့တဲ့ ပုသိမ်ထီးလေးရော၊ ဇင်းမယ်လုံချည်လေးတွေပါ အမြတ်တနိုးသိမ်းထားဆဲပါ။ ညီမလေးတွေက တောင်းတာတောင်မပေးခဲ့ဘူး။ မန္တလေးမှာတုန်းက မောင်ပေးခဲ့တဲ့ ယူနီဖောင်းနဲ့ မောင့်ဓာတ်ပုံကလည်း လှိုင့်အိပ်ရာဘေးမှာ ရှိနေဆဲပါ။ မောင့်ကို ပါရမီဖြည့်ဆည်းပြီး ဟိုအရင်ကာလတွေကို အတိုးချလို့ ပြုစုချင်ပါတယ်။

ဒါပေမဲ့ မောင်ရယ် လှိုင်က မိန်းမသားပါ။ မောင့်ဆီ လာချင်လည်း မောင်က မခေါ်ဘဲလာလို့ မရပါဘူး။ မျှော်ရုံသာ မျှော်နိုင်တဲ့ ဘဝပါ။

အညာက တမာတွေကို အခုအထိ ချစ်နေတုန်းပဲလား မောင်။ ချစ်နေသေးတယ်ဆိုရင်တော့ အညာက တမာလမ်းကလေးကို ပြန်ခဲ့စေချင်တယ်။ အညာကို မပစ်ဘဲ တမာကိုချစ်နေတုန်းမို့ မောင့်ဘဝမှာ လှိုင်လည်း လိုအပ်ဦးမည်ဆိုရင်တော့ မောင့်ကို တမာရိပ်က ကြိုနေပါ့မယ်မောင်။

(အညာက တမာချစ်သူတစ်ဦးအတွက် ၁၉၉၅ ခုနှစ်တွင် ခံစားရေးဖွဲ့ပါသည်။)

သောင်းဝေဦး



ငါးကြင်းဆီနဲ့ ငါးကြင်းကြော်





ကလေးတော်တော်များများဟာ ငါးကြီးဆီသောက်ဖို့ အတော်ဝန်လေးတတ်ကြတယ်။ ဒါပေမဲ့ မစ္စစ်စမစ် (Smith) ကတော့ သူကလေးတွေကို အခက်အခဲမရှိဘဲ ပုံမှန်တိုက်လေ့ရှိတယ်။ ဒါကို အိမ်နီးချင်းတစ်ယောက်က ချီးကျူးစကားဆိုပြီး အကြောင်းကိုမေးတော့–

''ဒါက ရိုးရိုးလေးပါ၊ သူတို့လေးတွေ ငါးကြီးဆီတစ်ဇွန်း သောက်ပြီးတိုင်း ကျွန်မက သူတို့စုဘူးထဲကို တစ်ပြား တစ်ပြား ထည့်ပေးတယ်''လို့ ဖြေတယ်။

''ဒါဆို ရှင် ပိုက်ဆံအများကြီးကုန်မှာပေါ့''လို့ အိမ်နီးချင်း အမျိုးသမီးကပြောတော့–


''မကုန်ပါဘူးရှင်၊ စုဘူးထဲမှာ ဆင့်ငါးဆယ်ရတာနဲ့ ကျွန်မက နောက်ထပ် ငါးကြီးဆီဘူးတစ်ဘူး အသစ်ဝယ်လိုက်တယ်''လို့ မစ္စစ်စမစ်က ပြန်ရှင်းပြပါတယ်။ ။

မောင်သီဟ

CITY CARTOON



CITY CARTOON



ဘာသာစကားအဓိပ္ပာယ်

မြို့တော်၏ အစွန်အဖျားရပ်ကွက်တွင် ကျွန်တော်နေခဲ့သည်မှာ ကြာခဲ့ပြီ။ ထို့ကြောင့် ဤရပ်ကွက်သားလို ဖြစ်နေသည်။ ရပ်ကွက်ရှိ သာရေး၊ နာရေး၊ လူမှုရေးကိစ္စတွင် ပါသနာတစ်ခုလို ပါဝင်လုပ်ဆောင်တတ်သော ကျွန်တော့်အကျင့်ကြောင့်လည်း ဖြစ်ပေမည်။ သူတို့သည် ကျွန်တော့်ကို ရင်းနှီးစွာ ဆက်ဆံသည်။ အချို့ဆို သူတို့အတွင်းရေးများပင် ဖွင့်ဟပြောပြတတ်သည်။ အခွင့်သာလျှင် ကျွန်တော်ကလည်း အကူအညီပေးခဲ့သည်။



ဤသို့ဖြင့် ရပ်ကွက်သားတို့နှင့် ကျွန်တော်၊ ကျွန်တော်နှင့် ရပ်ကွက်သားတို့ အတိုင်းအတာမရှိ ချစ်ကြည်ရင်းနှီးလာခဲ့ကြတော့တ၏။

ပို၍ ရင်းနှီးစရာ ဖြစ်လာသည်မှာ ကျွန်တော်တို့ရပ်ကွက် အဖျားပိုင်းတွင် စက်ရုံတစ်ရုံ လာတည်ခြင်းဖြစ်သည်။ ရပ်ကွက်ရှိ လက်လုပ်လက်စား အပါအဝင်၊ အတတ်ပညာရှင်၊ အသိပညာရှင်တို့လည်း ထိုစက်ရုံတွင် ဝင်လုပ်ကြသည်။ ထိုအထဲတွင် ကျွန်တော်လည်း ပါဝင်ခဲ့သည်။

အထူးခြားဆုံးမှာ မြို့လယ်တွင် အလုပ်သွားလုပ်ကြသူများပင်။ ထိုအလုပ်မှထွက်၍ ရပ်ကွက်အလုပ်ရုံသို့ ပြောင်းလုပ်လာကြခြင်းပင်ဖြစ်သည်။ သူတို့၏ အဓိကအကြောင်းပြချက်မှာ ခရီးစရိတ် ကာမိခြင်းပင်ဖြစ်သည်။

ထိုမျှမကသေး တစ်ချို့က ရပ်ကွက်ထဲတွင် လှည်းလည်အတင်းပြော၍ အချိန်ဖြုန်းတတ်ကြသော အစ်မကြီး၊ အဒေါ်ကြီးအချို့ပင် စက်ရုံဝန်းကျင်သို့လာပြီး မုန့်ပဲသွားရည်စာများ ရောင်းချခြင်းဖြင့် အလုပ်ရသွားချေသည်။

ခြုံကြည့်လျှင် ဤရပ်ကွက်ကလေးတွင် အလုပ်လက်မဲ့ နည်းပါးသွားကြပြီး၊ လက္ခုန်ပြီးလျှင် ငွေစကိုင်နိုင်သူများ ဖြစ်လာကြခြင်းပင် ဖြစ်သည်။

အားလုံးထက် ကံကောင်းသူမှာ ကျွန်တော်ပဲ ဖြစ်မည်ထင်သည်။ ရပ်ကွက်သား၊ ရပ်ကွက်သူတို့နှင့် ယခင်ကတည်းက အဆင်ပြေပြေရှိလှသော ကျွန်တော်သည် စက်ရုံဝန်ထမ်း ဖြစ်လာသောအခါ(ကိုယ့်အချင်းချင်းမို့) ပို၍ကြည့်ရှုစောင့်မနိုင်ခဲ့သည်။

ယင်းကို သဘောအတွေ့ဆုံးမှာ လုပ်ငန်းပိုင်ရှင်ပင်ဖြစ်သည်။ ရပ်ကွက်အကြောင်း၊ လူတွေအကြောင်း သူသိလိုသမျှကို ပြောပြနိုင်သူမှာ ကျွန်တော်ဖြစ်နေသောကြောင့် ဖြစ်သည်။ နောင်သောအခါ တာဝန်တစ်ခု ပို့ယူလာရသည်မှာလည်း ယင်းအတွက်ကြောင့်ပင် ဖြစ်သည်။

လူမှုရေးအကူအညီဆိုသည်မှာ ပြီးဆုံးနိုင်သော ကိစ္စမဟုတ်ပေ။ အလုပ်လုပ်နေကြသော ဝန်ထမ်းတို့၏ သာရေး၊ နာရေး၊ လူမှုရေးနှင့် သက်သာချောင်ချိရေးကိစ္စများတွင် အများအားဖြင့် အဓိကလိုအပ်ချက်မှာ 'ငွေကိစ္စ'ပင် ဖြစ်သည်။

တစ်လမှ တစ်ကြိမ်သာ လစာထုတ်ရသော ဝန်ထမ်းများသည် လမကုန်မီ မမျှော်လင့်ဘဲ ဖြစ်လာတတ်သော ကိစ္စအတွက် ငွေသည် ခေါင်းနပမ်းကြီးစရာ ဖြစ်လာရသည်။ ထုံးစံအတိုင်း ကျွန်တော့်ကိုအသိပေးတိုင်ပင်သည်။ ကျွန်တော်ကလည်း ချမ်းသာသူမဟုတ်၊ သူတို့လိုပင် လက်လုပ်လက်စားသမား။ သို့သော် ကျွန်တော်က သူတို့ထက် သာသော အခွင့်အရေးတစ်ခုရှိသည်။ ယင်းမှာ လုပ်ငန်းရှင်သူဌေးကြီးနှင့် ပလဲနံပသင့်ခြင်းပင်။

ထို့ကြောင့် ယင်းကိစ္စကို လုပ်ငန်းရှင်ကို တင်ပြလိုကြသည်။ သူကလည်း ယင်းကို မျှော်လင့်ထားပုံရသည်။ လိုလိုချင်ချင်ပင် သာရေး၊ နာရေးအဖွဲ့ ဖွဲ့စေပြီး ကျွန်တော့်အား ဦးစီးခိုင်းသည်။ အတိုးမဲ့ငွေချေးသည်။ နည်းလျှင် လကုန်ပြန်ဆပ်၊ များလျှင် အရစ်အချစ်ပင် ပိုလိုက်သေးသည်။

တစ်နေ့တွင် လုပ်ငန်းရှင်ကြီးက ကျွန်တော့်အား လက်ပတ်နာရီတစ်လုံး လက်ဆောင်ပေးသည်။

''ကျွန်တော့်အဖေရဲ့ နာရီပဲဗျ''

သူက ပြောပြသည်။

''မြတ်နိုးလွန်းလို့ ဘယ်သူ့ကိုမှ မပေးရက်ဘူး။ ခင်ဗျားကတော့ စက်ရုံတစ်ရုံလုံးရဲ့ အကျိုးဆောင်ကြီးဆိုတော့ ပေးထားပါမယ်၊ ဒီနာရီနဲ့ပဲ အလုပ်ဆင်းပေါ့ဗျာ''

ကျွန်တော် ပိတိမွားရပါပြီ။

ထိုစဉ်က ရိုးမား၊ ပိုးမားနာရီတစ်လုံးစျေးမှာ နှစ်ရာကျော်မျှရှိသည်။ ယခုရလိုက်သော နာရီတစ်လုံးကား ငွေ ရှစ်ထောင်ကျော်ကြီးများ တန်နေသဖြင့် ကိုယ့်ကိုယ် ကိုယ် မလုံမလဲပင် ဖြစ်လိုက်သေးသည်။

''အလုပ်တက်ချိန်ကတော့ စက်ရုံမန်

ကျွန်တော်က အများအကျိုးပြုရလျှင် ပျော်နေတတ်သူ ဖြစ်သည့်အတိုင်း အတော်အတန် ဘဝင်မကျချင်သော ကိစ္စများတွင် သိပ်သိပ်ထိုးထိုးဘဝဖြင့် စီမံဆောင်ရွက်ခဲ့သည်။

ကျ ပြန်ဆပ်သည့်စနစ် ကျင့်သုံးစေသည်။

ယင်းအစီအစဉ်ကို စက်ရုံအလုပ်သမား ထုတစ်ရပ်လုံး ဝမ်းမြောက်၊ ဝမ်းသာလက်ခုပ်သြဘာတီး၍ ကြိုဆိုသည်။ ကျွန်တော့်ကို ကြီးကြပ်စေခဲ့သဖြင့် မျက်နှာအပွင့်ဆုံးသူမှာ ကျွန်တော်ဖြစ်လာရသည်။ နောင်တွင် သြဇာရှိသူမှာ ကျွန်တော်ပင်ဖြစ်သည်။

ကျွန်တော်က အများအကျိုးပြုရလျှင် ပျော်နေတတ်သူ ဖြစ်သည့်အတိုင်း အတော်အတန် ဘဝင်မကျချင်သော ကိစ္စများတွင် သိပ်သိပ်ထိုးထိုးဘဝဖြင့် စီမံဆောင်ရွက်ခဲ့သည်။

အံ့သြစရာကောင်းသည်မှာ ယင်းကိစ္စအပါအဝင် အခြားအကြောင်း အတော်များများကို လုပ်ငန်းရှင်ကြီးက သိနေခြင်းပင် ဖြစ်သည်။

သူက အပြစ်မမြင်၊ ကျွန်တော့်အပေါ် နေကျကပဲ ဘဲလ်နှိပ်ပါလိမ့်မယ်၊ ညနေပိုင်းကတော့ သူရှိမှာ မဟုတ်ဘူး။ ခင်ဗျားကပဲ ဒီနာရီနဲ့ အလုပ်ဆင်းချိန် ဘဲလ်ကိုနှိပ်ပြီး အလုပ်သမားတွေ ဆင်းပါစေ''

သူက မှာပြန်သေးသည်။

''ဒီနာရီဟာ ကျွန်တော့်လက်ထဲမှာ ရှစ်နှစ်ကျော်ပြီ၊ တစ်ခါမှ နေးခြင်း၊ မြန်ခြင်း၊ ရပ်ခြင်းမဖြစ်ဖူးဘူး၊ စံတော်ချိန်နာရီပဲပေါ့၊ ထပ်ပြီးတော့လည်း သူ ဘယ်အချိန်အထိ စံချိန်တင်မယ်ဆိုတာ ကျွန်တော် သိချင်ပါတယ်၊ ဒီတော့...နာရီကို အချိန်တိုက်ဖို့ လိုအပ်မယ်ဆိုရင်တောင် ကျွန်တော့်ကို အသိပေးပါ၊ အဲဒီကတိတော့ ပေးပါနော်၊ အဖေပစ္စည်းမို့လို့ပါ''

ကျွန်တော် လိုလိုချင်ချင်ပင် ခေါင်းညိတ် ပြလိုက်သည်။ ကတိပေး သဘောတူလိုက်ခြင်းပင်။

ဤလက်ပတ်နာရီသည် ကျွန်တော့် အတွက်သာမက နှစ်ထောင်မျှသော စက်ရုံလုပ်သား တစ်ခုလုံးအတွက်လည်း စံတော်ချိန် ဖြစ်ခဲ့သည်။ ဤနာရီကိုကြည့်၍ စက်ရုံအဆင်း ဥဩကို ကျွန်တော်ကိုယ်တိုင် နှိပ်ခဲ့သည်။ ကျွန်တော်ကား ဤစက်ရုံ မန်နေဂျာ၏ တစ်ဦးတည်းသော ကြီးကြပ်ရေးမှူး ဖြစ်နေချေပြီ။

ရေးစရာ အထွေအထူးမရှိပါ။ အစစအရာရာ အဆင်ပြေခဲ့ကြသည်။ မပြောပလောက်သော အဆင်မပြေမှုများသည် စက်ရုံကြီးတစ်ခုလုံး၏ အရေးကိစ္စနှင့် ပတ်သက်လျှင် အသေးအမွှားမျှသာဖြစ်၍ မှတ်တမ်းတင်စရာ မလိုပါ။

ဤသို့ဖြင့် ဤစက်ရုံသည် ဤရပ်ကွက်လေးတွင် ၁၇ နှစ်ကြာ ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်သည်အထိ တည်မြဲခဲ့သည်။

ထိုအချိန်မှာပင် စက်ရုံပိုင်ရှင်က ကျွန်တော့်ကို ခေါ်ပြောသည်။

''ကဲ . . . ဆရာ ကြီးကြပ်ရေးမှူးရေ၊ အခြေအနေကတော့ ခင်ဗျားမြင်တဲ့အတိုင်းပဲ တချို့စက်ရုံတွေဆိုရင် ရပ်ကွက်ကြမ်းပိုးတွေက စက်ရုံသွပ်တွေတောင် ယူတဲ့အထိဖြစ်ကုန်ပြီ၊ ကျွန်တော်တို့ စက်ရုံလုပ်သားတွေလည်း မလာကြတော့ဘူး။ ဒီတော့ လုံခြုံရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့ကို အပ်လိုက်ပါပြီ''

''ဟုတ်ကဲ့ . . . ကောင်းပါပြီခင်ဗျာ''

ကျွန်တော်က မေးကြည့်လိုက်သည်။

''ကျွန်တော် ဘာလုပ်ပေးရအုံးမလဲ ခင်ဗျာ''

''မလိုပါဘူး''

သူက ပြောပြသည်။

''စက်ရုံရဲ့ အနာဂတ်ကတော့ ပြောလို့ မရသေးပါဘူး။ အခြေအနေတွေပေါ်မူတည် ရမှာပေါ့လေ၊ မဟုတ်ဘူးလား''

''ဟုတ်ပါတယ်ခင်ဗျာ''

''ဩော် . . . ဟောဒီမှာ နာရီအသစ် တစ်လုံး''

စက်ရုံပိုင်ရှင်က ပြောပြသည်။

''ဒါကတော့ ခင်ဗျားကို အပိုင်ပေးတာပါ၊ အမှတ်တရလက်ဆောင်ပေါ့၊ ဟို . . . ကျွန်တော့်အဖေရဲ့ နာရီလေးကို ပြန်ပေးနော်၊ ကျွန်တော့်အတွက် အမှတ်တရမို့လို့ပါ''

''ဟုတ်ကဲ့''

ကျွန်တော်တို့ လက်ပတ်နာရီချင်း အလဲအလှယ်လုပ်လိုက်ကြသည်။

သူအဖေနာရီလေးကို အပြန်အလှန် ကြည့်ရင်း သူ ဝမ်းသာပီတိဖြစ်နေသည်။

''နာရီလေးက ကောင်းပါတယ်နော်''

သူက မေးသည်။

''ဟုတ်ကဲ့ . . . တစ်ခါမှ ရပ်ခြင်း၊ ပြုခြင်း၊ မရှိတာမို့ ကောင်းပါတယ်လို့ ပြောရမှာပါပဲခင်ဗျာ၊ နောက်ပြီး ဆရာ့ကို ကျွန်တော် ကတိပေးထားတဲ့အတိုင်း အချိန်တိုက်ခြင်း၊ သံပတ်ပေးခြင်းမျိုးလည်း တစ်ခါမှ မလုပ်ပါဘူး''

''အင်း . . . ကျေးဇူးတင်ပါတယ်ဗျာ''

''တစ်ခုပဲရှိတယ်ဗျ''

ကျွန်တော့်ပြောစကားကြောင့် စားပွဲနောက်မှ ကုလားထိုင်တွင် အခန့်သား ထိုင်နေသော စက်ရုံပိုင်ရှင်က မျက်လုံးပင့်ပြီး လှမ်းကြည့်သည်။

''ကျွန်တော့်ဆီ ရောက်တဲ့နေ့ကတည်းက ဒီနာရီလေးဟာ လေးမိနစ်နောက်ကျတာ အခုဆို ဆယ်ငါးနှစ်တောင်ရှိပြီခင်ဗျ။ ဒီနာရီနဲ့ပဲ စက်ရုံဆင်း လုပ်ခဲ့ပါတယ်၊ ဆရာ့အနေနဲ့ အချိန်တိုက်လိုက်ပါအုံးနော်''

''ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ် ကြီးကြပ်ရေးမှူး''

စက်ရုံမှူး၏ နောက်ဆုံးစကားပါတည်း။

ဘသက်ဆွေ



ဒါကတော့ ခင်ဗျားကို အပိုင်ပေးတာပါ၊ အမှတ်တရလက်ဆောင်ပေါ့၊ ဟို . . . ကျွန်တော့်အဖေရဲ့ နာရီလေးကို ပြန်ပေးနော်၊ ကျွန်တော့်အတွက် အမှတ်တရမို့လို့ပါ

မြန်မာနိုင်ငံတော်ပုံအသင်း
လစဉ်စာတမ်းပုံပြိုင်ပွဲများ

သန့်စင်

စံပြအလှမယ် (Model) ခိုင်သဇင်



ပထမ
သွယ်သွယ်တွန်း



ဒုတိယ
ကော်မင်းဦး



တတိယ
ရဲထွန်း


မြန်မာနိုင်ငံတော်ပုံအသင်း
လစဉ်စာတမ်းပုံပြိုင်ပွဲများ

ဖြင်ပရိတ်ကူးငရုးအစီအစဉ် (Outing)

ညောင်တုန်းခရီးစဉ်



ပထမ
ဦးကျော်



ဒုတိယ
မေဇောလွင်



တတိယ
ဝဏ္ဏဝင်း

ဘဝရဲ့ခရီးလမ်း



''သီရိမင်္ဂလာဈေးမှာ ဖော်ကျားပန်းသွားဝယ်ပေးရင် ကောင်းမယ်''

ဘုရားစင်ပေါ်ပန်းအိုးမှ ညှိုးနေသော ပန်းများကိုကြည့်၍ သောက်တော်ရေလဲလှယ်နေသော ဇနီးသည်က တီဗီကြည့်နေသော ကျွန်ုပ်အား လှမ်း၍ပြောသည်။

''ရတယ်လေ...အခုလား''

''အခုပဲပေါ့...နေမြင့်ရင် နေပူမိမှာလေ''

ပြောပြောဆိုဆို ထောင်တန် ငါးရွက် ထုတ်ပေးပါသည်။

''ဖော်ကျားက ၆ စည်း၊ ကန်ဖွန်းဥက ၅၀ သားလောက်၊ ဂျူးမြစ်က ၅၀ သား၊ ငရုပ်သီးစိမ်းက ၂၀၀ ဖိုးလောက်၊ ကျန်တာကိုတော့ ကြည့်ပြီးဝယ်လာခဲ့၊ အရွက်တွေတော့ များများမဝယ်နဲ့...မကုန်ရင် လွှင့်ပစ်ရတယ်''

''ခါကြက်ဥ(မုန်လာဥနီ)လည်း ဝယ်ခဲ့မယ်၊ ဖျော်ရည်လုပ်သောက်ရအောင်လို့လေ၊ ကလောက စာပေဥက္ကဋ္ဌက အမြဲတမ်းသောက်တာ မျက်မှန်တောင် တပ်စရာမလို ဘူးလို့ ပြောခဲ့ဖူးတယ်''

''ရတယ်လေ...ဝယ်ခဲ့ပေါ့၊ တစ်ထောင် ထပ်ယူသွား၊ ဆိုက်ကားနဲ့သွား...ဆိုက်ကားနဲ့ပြန်၊ နေပူပြီး အချိန်ကုန်ခံမနေနဲ့''

''အေးပါ...အေးပါ''

အဝတ်အစားလဲသည်။ ဝတ်ပြီးချိတ်ထားသော အင်္ကျီအိတ်ကပ်မှ ၁၀၀၀ တန် တစ်ရွက်ကိုယူပြီး အိတ်ထဲထည့်လိုက်သည်။ မနက်က ဘာမျှမစားရသေးသဖြင့် လမ်းတွင် စားချင်သော သွားရည်စာကိုစားရန် ထည့်လာခဲ့ခြင်းဖြစ်သည်။ စားပွဲတွင် တင်ထားသော ငွေခြောက်ထောင်ကျပ်ကို အိတ်ကပ်ထဲသို့ထည့်၊ ဈေးခြင်းတောင်းအငယ်ကို ယူပြီး အိမ်မှထွက်လာခဲ့သည်။

မနက်ခင်းမှ လူစည်ကားသော ဘူတာဈေးကို ဖြတ်ကျော်သွားရသည်။ ဆိုက်ကားဂိတ်အနီးရှိ ရှမ်းခေါက်ဆွဲဆိုင်သို့ ဝင်လိုက်သည်။

''တို့ဟူးနွေးနဲ့ တစ်ပွဲပေးပါ''

''တို့ဟူးနွေး ကုန်သွားပြီ''

''ဒါဆို ဆီချက်တစ်ပွဲပေးပါ''

''ခေါက်ဆွဲလည်း ကုန်သွားပြီ''

''ရော...ဘာစားရမလဲ၊ စဉ်းစားရသည်။ ရှမ်းခေါက်ဆွဲက ကောက်ညင်းနှင့် လုပ်ထားသဖြင့် သိပ်မတည့်ချင်။ ဗိုက်အခြေအနေသိရအောင် စမ်းပြီးစားကြည့်မည်။

''ရှမ်းအသုတ်တစ်ပွဲပဲ လုပ်ပါ''

''အချဉ်စားသလား''

''မုန်ညင်းချဉ်ပေးပါ''

စားပွဲအောက်မှခုံကို ဆွဲထုတ်ပြီး ဝင်ထိုင်လိုက်ပါသည်။

မုန့်ပွဲပြင်ဆင်နေဆဲ ဓာတ်ဘူးထဲမှ ရေနွေးငွေ့သောက်ရင်း စောင့်နေရသည်။ ပန်းကန်သေးသေးဖြင့် မုန်ညင်းချဉ် လာ

မနက်က ဘာမျှမစားရသေးသဖြင့် လမ်းတွင် စားချင်သော သွားရည်စာကိုစားရန် ထည့်လာခဲ့ခြင်းဖြစ်သည်။ စားပွဲတွင် တင်ထားသော ငွေခြောက်ထောင်ကျပ်ကို အိတ်ကပ်ထဲသို့ထည့်...

ရောက်ချပေးသည်။ မုန်ညင်းချဉ်ကို ကြည့်လိုက်တော့ မုန်ညင်းက နည်းနည်း၊ ခါကြက်ဥက များများ၊ ဂေါ်ဖီထုပ်၊ ကြက်သွန်နီ စသည်ဖြင့်ပြုလုပ်ထားသည်။

မကြာမီ ရှမ်းခေါက်ဆွဲသုတ် လာချပေးသည်။ ဝါးတူတစ်စုံကို ပလတ်စတစ်အိတ်မှ ထုတ်ယူပြီး ခေါက်ဆွဲကို နှံ့စပ်အောင် အထက်အောက်လှန်ရင်း မွှေပေးသည်။ ကြက်ရိုးစွပ်ပြုတ်ရည်တစ်ခွက် လာချပေးသည်။ ကြက်သွန်ပင် နှိုင်းချင်းဖြူးထားပေးသည်။ ဟင်းရည်ကို မြည်းကြည့်လိုက်တော့ ခံတွင်းတွေ့သည်။ ရှမ်းသုတ်တစ်လုပ်၊ ဟင်းရည်တစ်လုပ်၊ ရေနွေးကြမ်းတစ်ချိုက်နှင့် စားလိုက်ပါသည်။ စား၍တော့ ကောင်းသည်။ ဗိုက်ကတော့ ဘယ်လိုနေသည်မသိ။

''ပိုက်ဆံရှင်းမယ်''

ဆိုင်မှတစ်ယောက် ရောက်လာသဖြင့် တစ်ထောင်ကျပ်တန်တစ်ရွက် ပေးလိုက်သည်။ သုံးရာပြန်အမ်းလိုက်သည်။

''တစ်ပွဲကို ခုနစ်ရာတောင်မှပါလား။ အရင်က ငါးရာ၊ ခုတော့ နှစ်ရာတောင် ဈေးတက်သွားတယ်၊ စားမိစားမှားပဲ၊ နှစ်ရာပိုတော့ နှမြောလိုက်တာ...နောက်ဆိုဘယ်တော့မှမစားတော့ဘူး''

စိတ်တွင်ရေရွတ်ရင်း ဆိုင်မှထွက်လာပါသည်။ ဇနီးသည်က ဆိုက်ကားစီးရန် ငွေပေးလိုက်သော်လည်း ခြင်းတစ်လုံးသာပါသဖြင့် မစီးဖြစ်တော့။ ခြေလျင်လျှောက်၍ လာခဲ့သည်။ တစ်ဆယ့်ငါးမိနစ်ခန့် လျှောက်ရသည်။ တစ်ဖက်လမ်းသို့ ကူးရန်အတွက် ဥဒဟို အသွားအပြန်သွားနေသော ကားကို ဖြတ်ရမည်။ စောင့်နေရသည်။ ငါးမိနစ်ကြာတော့ ကားများအရှိန်တန့်ရပ်နေကြစဉ် ကားကြားမှ အလယ်မျဉ်းပေါ်အရောက် ကူးကြသည်။ တစ်ဖက်တွင်လည်း ကားများသွားလာနေကြသဖြင့် စောင့်ရပြန်သည်။ သည်ဖက်က ကားများမောင်းထွက်ကြသည်နှင့် တစ်ဖက်မှကားများ အရှိန်တန့်၍ တဖြည်းဖြည်း ရပ်သွားကြသည်။ ကားရပ်ထားစဉ် ကားကြားမှ တစ်ဖက်သို့ ဖြတ်ကူးကြသည်။ နောက် ဈေးရှိရာသို့ သွားကြသည်။ ဈေးမရောက်ခင် လမ်းမြောက်ဘက်ခြမ်းတွင် ပုံကျဈေးသည်များက အသီးအနှံအရွက်များကို စကောကြီးများဖြင့် သူ့အမျိုးနှင့်သူ ထည့်၍ရောင်းချနေကြသည်။

ထိုဈေးတန်းကို ကျော်လာခဲ့သည်။ ဈေးရုံမရောက်မီ လမ်းပေါ်တွင် အဝင်ကား အထွက်ကား ရှုပ်နေပြီ။ ဆိုက်ကားများ၊ တွန်းလှည်းများ၊ လူအများနှင့် ရှုပ်နေသည်။ ဝင်လာရာလမ်းတစ်လျှောက်တွင် အဝင်အထွက် ကားလမ်းရှိသဖြင့် ရှင်းနေသလောက် တိုးမပေါက်အောင် ရှုပ်နေသည်။ ဈေးရုံတစ်ရုံနှင့် တစ်ရုံ ခြားသောလမ်းပေါ်တွင် ကားမဝင်ရသော်လည်း ဆိုက်ကား၊ တွန်းလှည်းများ ရပ်ထားသည်တို့ကို ရှောင်တိမ်းနေကြသော တွန်းလှည်း၊ ဆိုက်ကား အလွတ်များ။ ကုန်ပစ္စည်းအပြည့် မဆန့်မပြဲတင်ဆောင်လာသော တွန်းလှည်း၊ ဆိုက်ကားများကလည်း ဈေးရုံ၏ ရှေ့ထွက်ဈေးဗန်းများ၊ ကုန်သေတ္တာများ၊ အိတ်များကြောင့် မလွတ်မလပ်ဖြစ်ကြရသည်။

''ဘေးကို...ဘေးကို''အော်သံများ၊ အသံမျိုးစုံကိုလည်း ကြားနေရသည်။ စျေးရုံတန်းတွင် မည်သည့်ပစ္စည်းဝယ်၍ ရနိုင်မည်ကို မှတ်ထားပြီး စျေးရုံနောက်ဘက်ရှိ ပန်းရောင်းချသော အတန်းသို့သွားသည်။ ဂန္ဓမာ၊ နှင်းဆီ၊ အောင်သပြေ၊ ပန်းခေါင်းလောင်း၊ ထပ်တစ်ရာ၊ ဖော်စိမ်း၊ ဖော်ကျား၊ သစ္စာပန်း၊ ရှိုးပန်း စသည့်အိုးထိုးရသည့် ပန်းမျိုးစုံကို တွေ့မြင်ရသည်။ လက်ကားဝယ်သူ၊ လက်လီဝယ်သူများကလည်း စျေးတန်းတွင် စျေးမေးသူ၊ ပန်းရွေးသူ၊ လျှောက်ကြည့်သူများဖြင့် ပျားပန်းခတ်လှုပ်ရှားနေကြသည်။

ဖော်ကျားပန်းများ သုံးလေးဆိုင် လျှောက်ကြည့်မိသည်။ သိပ်မလှသော ပန်းသည်တစ်ဦး၏ ဖော်ကျားပန်းကို လက်ညှိုးထိုးရင်း စျေးမေးကြည့်သည်။

''ပန်း ဘယ်လိုရောင်းသလဲ''

''တစ်စည်း တစ်ရာငါးဆယ်''

ငါးပင်ပါတစ်စည်း တစ်ရာငါးဆယ်ဖြစ်သည်။ အရိုးတို့သည် တစ်တောင်ပင်မပြည့်ချင်။ အရွက်က သိပ်မထွား။ အကျားလည်း မဟုတ်။ မီးဖိုပြာရောင် မွဲခြောက်ခြောက်ရှိသဖြင့် မကြိုက်ပါ။ လှည့်ထွက်လာခဲ့သည်။ ရိုးတံလည်းရှည်၊ အရွက်ဖားဖား၊ ဖော်ကျားလည်းပီပြင်သောဆိုင်သို့ ဝင်မေးသည်။ ပထမဆိုင်မှ စျေးနှင့်အတူတူဖြစ်သည်။

''ဆယ်စည်းယူရင် လျှော့အုံးမလား''

''ပန်းက သိပ်လတ်တယ်၊ ဘယ်လောက်ယူယူ မလျှော့နိုင်ဘူး''

ငါးပင်တစ်စည်း စည်းထားသော်လည်း အရိုးမှာ သေးသေး၊ တုတ်တုတ်နှစ်ပင်နှင့် သုံးပင်စည်းထားသည်က များသည်။ ထို့ကြောင့် အရိုးတုတ်ကာ အရိုးရှည်ပြီး မကောက်သောပန်းကို ဆယ်စည်းရွေးလိုက်သည်။ စျေးသည်က ရွေးထားသောပန်းစည်းများကို သင်အူနှီးဖြင့် ချည်နှောင်ပေးသည်။ တစ်ထောင်တန်နှစ်ရွက် ပေးလိုက်သည်။ တစ်ရာတန် ခပ်နွမ်းနွမ်းငါးရွက်ကို အမ်းလိုက်သည်။ ပန်းစည်းကိုယူ၍ စျေးရုံတန်းသို့ ဝင်သည်။ ခါကြက်ဥကိုတွေ့သဖြင့် မေးလိုက်သည်။

''တစ်ပိဿာ ထောင့်နှစ်ရာ''

''မလျှော့ဘူးလား...တစ်ထောင်ဆိုယူမယ်''

စျေးသည်ကသဘောတူသဖြင့် အလုံးထွားသည်တို့ကို ရွေးလိုက်သည်။ ပေါင်ချိန်ဖြင့် ချိန်ပေးပြီး အသေးတစ်လုံး အဆစ်ပေးလိုက်သည်။ ကြွပ်ကြွပ်အိတ်ဖြင့် ထည့်ပေးသည်။

နောက်တစ်ဆိုင်ရောက်တော့ ရှမ်းပြည်တွင် အများဆုံးစားသုံးသော အရွက်တစ်ဝက် ဖြတ်ထားသော ဂျူးမြစ်ကိုတွေ့သည်။

''တစ်ပိဿာ တစ်ထောင်''

ရပ်ကွက်စျေးထက် သက်သာနေသည်။ ရပ်ကွက်စျေးက တစ်ဆယ်သား နှစ်ရာ၊ တစ်ပိဿာ နှစ်ထောင်ရှိသည်။ ဘယ်လောက်သားလောက် ယူရမလဲစဉ်းစားနေသည်နှင့် အနည်းငယ်ကြာသွားသည်။

''ငါးဆယ်သားယူလည်း ရတယ်''

''ငါးဆယ်သားထည့်''

ချိန်တွယ်နေချိန်၊ ဂေါ်ရခါးသီးကိုလည်း မေးမိသည်။

''ဆယ်လုံး ခုနစ်ရာ''

''ခြောက်ရာပဲထား''

ရပ်ကွက်စျေးထက် သက်သာသော်လည်း အနည်းငယ်ဆစ်ကြည့်သည်။

''မရဘူး''

''ဒါဆို ငါးလုံးယူမယ်''

အနာအဆာမပါဘဲ ကြီးသည့်အလုံးကို ရွေးလိုက်သည်။ ဂျူးမြစ်ကို အိတ်ထဲထည့်ပေးပြီး ဂေါ်ရခါးသီးပါ တွဲထည့်ပေးလိုက်သည်။ တစ်နေရာတွင် ပဲလိပ်ပြာကိုတွေ့သည်နှင့် မေးလိုက်သည်။

''တစ်ပိဿာ နှစ်ထောင့်ငါးရာ''

ပဲလိပ်ပြာမှာ ရှမ်းပြည်မှ ပဲတစ်မျိုးဖြစ်



"မယ်"က ချက်ကျွေးသောပဲဖြစ်သဖြင့်
စားသုံးသူ "မောင်"မှာ "မယ့်"ကိုပင် မခေါ်နိုင်၊ မပြောနိုင်
အိဆိမ့်၍သွားသောကြောင့်
"မောင် မခေါ်ပဲ"ဟုလည်း ခေါ်ကြောင်း သိထားခဲ့သည်။



သည်။ လွန်ခဲ့တာ စား၍ကောင်းသောပဲဖြစ်သည်။ အစိမ်းတစ်မျိုး၊ အနီတစ်မျိုး နှစ်မျိုး ရှိသည်။ အစိမ်းတစ်မျိုးမှာ ကျွန်ုပ်တို့ငယ်စဉ်ကပင် ရင်းနှီးခဲ့သော ပဲဖြစ်သည်။ စား၍ကောင်းလွန်းသဖြင့် စားပြီး ဝိုက်လေး၍ စကားပင်မဆိုချင်အောင်ဖြစ်၍ 'မယ်'က ချက်ကျွေးသောပဲဖြစ်သဖြင့် စားသုံးသူ 'မောင်'မှာ 'မယ့်'ကိုပင် မခေါ်နိုင်၊ မပြောနိုင် အိဆိမ့်၍သွားသောကြောင့် 'မောင် မခေါ်ပဲ'ဟုလည်းခေါ်ကြောင်း သိထားခဲ့သည်။ နောက်တစ်မျိုးမှာ အနီရောင်ဖြစ်သည်။ ပဲစေ့၏ထိပ်တွင် အနက်ရောင်အနည်းငယ်ရှိသည်။ ကြက်တူရွေး တစ်ကောင်၏ နှုတ်သီးနှင့်တူသဖြင့် ထိုပဲကို ပဲကြက်တူရွေးဟုခေါ်ကြောင်းလည်း သိထားခဲ့သည်။

''လေးဆယ်သားယူရင် တစ်ထောင်''

''အေး···ထည့်··ထည့်''

ချိန်တွယ်ပြီး အိတ်နှင့်ထည့်ပေးသည်။ ဈေးခြင်းထဲမှ ပန်းစည်းကိုဖယ်၍ ဂျူးမြစ်အိတ်ကို အရင်ထည့်သည်။ ထိုခြင်းထဲ ထည့်လိုက်သောအိတ်မှ ခေါက်တုံ့ကို ဆွဲဖြည်လိုက်သည်။ ဂေါ်ရခါးသီးကို အိတ်ဘေးလွတ်ရာတွင် ထောင်ထည့်လိုက်ပြီး အိတ်ကို ပြန်ချည်လိုက်သည်။ အပေါ်မှ ပဲလိပ်ပြာအိတ်၊ ခါကြက်ဥအိတ်တို့ကို ထည့်သည်။ ဈေးခြင်းတစ်ခြင်းလုံး ပြည့်သွားပြီ။ လက်ကိုင်မှဆွဲလျှင် အတော်ပဲဖြစ်နေသည်။ ပန်းစည်းကို လက်တစ်ဖက်ကိုင်၊ တစ်ဖက်မှ ခြင်းကိုဆွဲပြီး ထွက်လာခဲ့သည်။ ဈေးရုံတန်းအပြင်သို့ ရောက်လာပြီ။ အလာတုန်းက ထက်ပင် ဆိုးနေသေးတော့သည်။ လူများ၊ လှည်းများ၊ ဆိုက်ကားများ၊ ကားများကို ရှောင်ရတိမ်းရသည်။ သည်ကြားထဲ မိုးရွာထားသဖြင့် မိုးရေများ၊ ဟင်းရွက်ပုပ်ရည်များကို လူနင်း ကားနင်းသဖြင့် တစ်လမ်းလုံး မဲနေသည်။ သည်ကြားထဲ ရွံ့ပုပ်ရေအိုင်ကိုလည်း ရှောင်ရတိမ်းရသေးသည်။ တစ်လမ်းလုံး ညစ်ပတ်နေပါတော့သည်။

ထို ဥဒဟိုသွားလာနေသောလမ်းမှ ကျော်ဖြတ်လာပြီး တက္ကစီကားများ၊ ကုန်တင်ကားငယ်များ တန်းစီရပ်ထားသော ဘေးလမ်းပေါ်မှ လျှောက်လာခဲ့သည်။ ထိုမှ လွန်သည်နှင့် ယာယီအမိုးများအောက်တွင် ရောင်းချနေကြသော အလာတုန်းက ဈေးသည်များကို ကျော်ဖြတ်ခဲ့သည်။

''ခရမ်းချဉ်သီးတွေ တစ်ထုတ် ငါးရာ'' အော်ရောင်းနေသည်။ တစ်ပိသာခန့် ရှိမည်။ ဝယ်နေကျဈေးတွင် တစ်ဆယ်သား တစ်ရာ၊ ရပ်ကွက်ထဲရှိ ကုန်စိမ်းဆိုင်များတွင် တစ်ဆယ်သား နှစ်ရာ။ ဈေးသက်သာသည်။ ရှမ်းပြည်မှာကဲ့သို့ ငါးရက်တစ်ကြိမ်လောက် လာဝယ်သင့်သည်။ မည်သူမဆို လာဝယ်ပါက အိမ်၏မီးဖိုချောင်စရိတ် အတော်သက်သာ သွားမည်မှာ သေချာသည်။ ဆိုင်များကို ဖြတ်ကျော်လာခဲ့သည်။

ဈေးတန်းဆုံးခါနီး ဆိုင်တစ်ဆိုင်တွင် ကန်ဇွန်းဥ နှစ်ပုံကိုတွေ့သည်။ သိပ်များများစားစားတော့မဟုတ်။ အနီတစ်ပုံ၊ ရွှေဝါရောင်တစ်ပုံဖြစ်သည်။

''ကန်ဇွန်းဥ ဘယ်လောက်လဲ''

''တစ်ပိသာ တစ်ထောင့်ငါးရာ၊ ငါးဆယ်သား ခုနစ်ရာယူသွား''

''ခြောက်ရာတော့ မရဘူးလား၊ ငါးဆယ်သားယူမယ်''

''မရပါဘူး၊ ကုန်ခါနီးလို့ ဒီဈေးပေးတာ၊ နှစ်ထောင်ဈေးပဲရောင်းနေတယ်''

ကန်ဇွန်းဥဗန်းမှ ကန်ဇွန်းဥများကို ရွေး ချယ်ပုံထားပါသည်။ ကန်ဇွန်းဥတွင် ပိုးစားထားသဖြင့် အပေါက်များဖြစ်နေပြီး၊ အချို့နေရာ ကွက်၍မဲနေသည်။ အမှတ်တမဲ့ကြည့်လျှင် မမြင်ရ။ အနီတွင် တွေ့ရသော်လည်း ရွှေဝါရောင်လောက်မများ။ ရွှေဝါရောင်ဥက အမဲစက် တစ်စက်နှစ်စက်တွေ့ခဲ့လျှင် ကန်ဇွန်းဥ တစ်ခုလုံးကို ပိုးအနှံ့ကြောင့် စားမရတော့။ သေချာကြည့်၍ ရွေးရသည်။ သေးချင်သေး အနှံ့မနံ့ပို့ အရေးကြီးသည်။

ရွေးပြီးသားများကို ချိန်ခိုင်းသည်။ ကွက်တိချိန်ပေးသည်။

''အပိုလေးတောင် မထည့်တော့ဘူးလား''

ရွှေဝါရောင်သေးသေးတစ်လုံးကောက် ထည့်ပေးပြီး ထုတ်ပေးနေချိန်တွင် အိတ်ကပ်ထဲမှ ရာတန်စက္ကူများနှင့် ရောနေသဖြင့် တစ်ထောင်တန်ထုတ်၍မရ။ ရောနေသော ငွေအားလုံးထုတ်လိုက်သည်။ ရာတန်ကြားတွင် ညပ်နေသော တစ်ထောင်တန်ကို ပေးလိုက်သည်။ ဈေးသည် ကန်ဇွန်းဥထည့်ပြီး ချည်နေသည်နှင့် ကန်ဇွန်းဥပုံပေါ် တင်ပေးလိုက်သည်။ ကန်ဇွန်းဥထုပ်ကို လှမ်းယူ ချထားလိုက်ပြီး ဈေးခြင်းတောင်းထဲရှိ ပန်းကို ယူလိုက်ကာ ပေါင်ပေါ်တွင် ခဏတင်ထားသည်။ အမ်းငွေကို စောင့်နေသည်။ ပြန်အမ်းမလာခဲ့။

''သုံးရာ အမ်းအုံးလေ''

''ပေးမှမပေးသေးဘဲ''

''ပေးလိုက်တယ်လေ···ကန်ဇွန်းဥပေါ် တင်ပေးလိုက်တာပဲ''

''မယူရသေးပါဘူး၊ အပိုထည့်ပေးပါဆိုလို့ ထည့်လိုက်တာပဲရှိတယ်''

ဈေးစတင်ဝယ်ယူကတည်းက ကောင်

မလေးတစ်ယောက်က ရပ်နေသည်။ ကပ်လျက်ဆိုင်က ဈေးသည်က ထိုင်နေသည်။ ဈေးဝယ်ကလည်း ဘယ်သူမျှမရှိ။

''ရာတန်ကြေးထဲက တစ်ထောင်တန် တစ်ရွက်ပဲရှိလို့ ပေးလိုက်ပါတယ်''

''မရသေးပါဘူး။ ဟဲ့ . . . နင်ယူထားသေးလား''

လှမ်းမေးပါသည်။ သူထံတွင်တော့ တစ်ထောင်တန်အထပ်လိုက်တော့ တွေ့ရသည်။

''မယူပါဘူး အမေရဲ့''တဲ့

ဘေးဆိုင်မှ ဈေးသည်အဒေါ်ကြီးက ''နင့်ကို ငါ ကိုးရွက်ပေးထားတယ်လေ၊ အဲဒါပဲရှိမှာပေါ့''

ကောင်မလေးက တစ်ထောင်တန်ကိုးရွက်ရှိကြောင်း ရေပြပါသည်။ ကျန်ပ်လည်း ငွေတစ်ထောင်နှင့် အချီအချ စကားမပြောချင်တော့။

''ပေးလိုက်တာတော့ အသေအချာပဲ''

အကြောက်အကန် ငြင်းရမည့်အလုပ်ကို မလုပ်ချင်တော့ ကန်ဇွန်းဥထုပ်ကို ပြန်ပေးလိုက်သည်။ ဈေးသည်များနှင့် အငြင်းမပွားလို။

''ကျမ မယူပါဘူး၊ ကျမ ဒီလိုအလုပ်မျိုးကို မလုပ်ဘူး''

''ကျနော်ကလည်း မပေးသေးဘဲနဲ့ ပေးပြီးပြီလို့ သူများကို ဘယ်တုန်းကမှ လိမ်မပြောဖူးဘူး''

ကန်ဇွန်းဥထုပ်ကိုဖြည်ရင်း စကား ဆက်ပြောနေသည်။

''ရပ်နေတဲ့ကောင်မလေးလည်း မယူဘူး၊ ကျမလည်း မယူဘူးဆိုတော့ မပေးသေးလို့ပဲ ဖြစ်မယ်'' ဆက်ပြောနေသည်။

''ကိစ္စမရှိဘူး၊ ငွေတစ်ထောင်လောက်က သွားရင်းလာရင်း အလျှံခံရင်တောင် ပေးနေ၊ လျှံနေရသေးတာပဲ၊ အဝေယာပစ္စယော ဟောတု''

ထိုမှထွက်လာတော့သည်။ မထွက်လာ လျှင်လည်း ဆက်၍စကားပြောနေရဦးမည်။ တစ်ယောက်တစ်ခွန်းနှင့် ရန်ဖြစ်လာကြမည်။ သူတို့က အုပ်စုလိုက်၊ ဝေးဝေးရှောင်မှ မဟုတ်လျှင် သိက္ခာကျမည်။ ဝိုင်း၍ အာကြမ်း လျှာကြမ်းဖြင့် လက်ညှိုးငေါက်ငေါက်ထိုး၍ အပြောအဆိုခံရမည်။ မကျေနပ်လျှင် အသတ်အပုတ်ခံရမည်။ ယောကျ်ားတွေပါလာရင် တုတ်တစ်ပြက်၊ ဓားတစ်ပြက် ဖြစ်ကုန်တော့မည့်အရေးကို ဝေးဝေးကပင် ရှောင်ထွက်ခဲ့ပါတော့သည်။

လမ်းလာရင်း တွေးကြည့်မိသည်။ ခြင်းထဲမှ ဘုရားပန်းဖယ်လိုက်စဉ် ကောင်မလေး လှမ်းကောက်လိုက်ပြီး၊ သူ့ တစ်ထောင်တန်နှင့် ရောလိုက်မည်။ ဤသည်ကို တစ်ဖက်ဈေးသည်ကမြင်မည်။ သူ ရှစ်ရွက် ပေးထားသည်ကို ကိုးရွက်ဟုပြောလိုက်မည်မှာ သေချာသည်။

ကံညွှန့်လှိုင်(တောင်ကြီး)

တစ်ရံခါသော်၊ ရထားပေါ်၌
မသူတော်နှစ်ဦး တွေ့သတတ်။
တစ်ဦးက မိန်းမ၊ တစ်ဦးက ယောကျ်ား
လိင်ကွဲပြားလည်း၊ စရိုက်ကားတူညီ
လောကီသမုတ်၊ ''အလစ်သုတ်''တည်း။
အသွင်မတူ၊ အိမ်သူမဖြစ်
အသွင်တူတော့၊ အိမ်သူဖြစ်၊
ကာလမကြာ၊ စုံဖက်လာခဲ့။
ထိုနောက်ဓမ္မတာ၊ မီးဖွားလာသော်
လက်မှာကောက်ကွေး၊ သားကလေး။
ထိုကောက်ကွေးလျက်၊ လက်တစ်ဖက်တွင်
ဆုပ်လျက်လက်သီး၊ ဖြည်လည်းမရ
ပူဆွေးကြပြီ၊ ပြေးရဆေးခန်း၊ အသော့လှမ်း။
ဆွဲကြိုးနာရီ၊ ကြိုးနှင့်ချည်လျက်
အနှီဆရာဝန်၊ လူရည်မွန်က
ထူးချွန်ရွှေသွေး၊ အကလေးအား
ကြိုးလေးရမ်းပြ၊ ရွှေမြင်ရသော်
အာဂကလေး၊ လက်ဖြည်ပေး၏။
လက်ဖြည်ခဏ၊ ကြည့်လိုက်ကြသော်
မြင်ရသည်မှာ တဝင်းဝင်း
ဝမ်းဆွဲသည်ရဲ့ လက်စွပ်တစ်ကွင်း။ ။

မောင်သီဟ

အဖေ့ခြေရာနင်းသူ



ကိုယ်စားလှယ်....



နှစ်စဉ် ဇန်နဝါရီလ ၁ ရက်နေ့သည် ဟက်ပီးနယူးရီးယားကို စတင်သောနေ့ဖြစ်သော်လည်း ဇက်တီအဖို့ ပျော်ရွှင်ဖွယ်ရာ မဟုတ်တဲ့ အမှတ်တမဲ့မှ အမှတ်တရနေ့လေး ဖြစ်လို့နေပါတော့သည်။

✦ ✦ ✦ ✦ ✦

ပြင်သစ်ဆောက်လုပ်ရေး ကုမ္ပဏီကြီးရဲ့ နှစ်သစ်ကူးအကြို ညစာစားသောက်ပွဲကြီးရဲ့ ဖိတ်စာတွင် မစ္စတာနှင့် မစ္စဇက်တီ ဆိုပြီး ဖိတ်ကြားထားပါသည်။ ဒီလိုဆိုလာတော့ ဘယ်ရမလဲ ဇက်တီပဲ၊ အိမ်က မဒမ်လေဒီကို ပွဲထုတ်တွဲခုတ်ကာ တက်ရောက်ဆင်နွှဲလိုက်ပါသည်။ စင်ကာပူနိုင်ငံရှိ ပြင်သစ်ဆောက်လုပ်ရေး ကုမ္ပဏီကြီးတွင် အင်ဂျင်နီယာအဖြစ်နဲ့ ဇက်တီလုပ်နေစဉ်က ဇနီးသည်မှာ နီမာလွင်။ သူမသည် အင်္ဂလိပ်စာရေးဖတ်ရာတွင် ညံ့ပါသည်။ ရက်စ်--နိုး-အိုကေ--သိုင့်ခ်ယူ--ထမင်းစားရေသောက်လောက်ပဲ ပြောတတ်ပါသည်။ အာမေဋိတ် သံမှာလည်း ဟောတော့---အမလေး--ပလုတ်တုတ်ကြီးတဲ့။ သူမမှာ ထူးခြားတာဆိုလို့ တရုတ်ကပြားမို့ တရုတ်စာစကား (မန်ဒရင်း)လိုတော့ ကျွမ်းကျင်ပါသည်။

ညစာစားသောက်ပွဲကြီးတွင် နိုင်ငံခြားသား လုပ်ဖော်ကိုင်ဖက်တွေ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်မိတ်ဆွေများနှင့် နူတ်ဆက်စကားစမြည်ပြောဆိုကြရာတွင် နိုင်ငံတကာ အများသုံး အင်္ဂလိပ်လိုပြောဆိုကြသည်။ ဇက်တီတို့ စကားဝိုင်းတွေထဲကို သူမ ဝင်မပါဘဲ၊ အစားအသောက်မပျက်၊ ပြုံးပြရုံ၊ ခေါင်းညိတ်လျှာလွှဲ လုပ်နေတာမို့ ပြဿနာမရှိဘဲ အိုကေမှာ စိုပြေလန်းနေပါသည်။

ညသန်းခေါင်ယံ အချိန်မတိုင်မီ ကုမ္ပဏီရဲ့ အထွေထွေမန်နေဂျာ ပြင်သစ်လူမျိုး ''ရှောင်ပေါ''သည် မူးယစ်ယိမ်းယိုင်ကာ စင်ပေါ်သို့တက်လာပြီး အင်္ဂလိပ်စကားမပီသစွာဖြင့် နှစ်သစ်ကူးချိန်ကို အားလုံး ပျော်ရွှင်စွာနှင့် ညီညာသံပြိုင်အော်ဟစ်ကာ ကောင့်ဒေါင်း(Count Down) နောက်ပြန်ရေတွက်လိုက်ကြပါစို့လို့ အာလေးလျှာလိပ်သံကြီးနဲ့ ကြေညာသွားပါသည်။

လက်ခေါက်မူတ်သံ၊ လက်ခုပ်သံ၊ အော်ဟစ်ဆူညံသံတွေကြားထဲက သူမ နားစွန်နားဖျား ကြားလိုက်ဟန်တူပါသည်။ ဇက်တီကို လက်တို့ကာ ဘာလို့ ကွန်ဒွန်းကို ထည့်ပြောတာလဲလို့ အတင်းတွယ်ကပ်မေးနေသည်။ လူတွေကြားထဲမှာ သူမကို ရှင်းပြမနေချင်တာနဲ့ ဇက်တီလည်း တမင်တကာ မကြားချင်ယောင်ဆောင်နေလိုက်သည်။ အလိုက်ကမ်းဆိုးမသိတာပဲလား၊ ဇက်တီ မကြားဘူးထင်လို့လား၊ လူတွေရဲ့ရှေ့မှာ သူမကို ဂရုတစိုက်နဲ့ အလေးထား ဆက်ဆံစေချင်လို့ အရွဲ့တိုက်နေသလားတော့ မသိပါ။ မရမက သူမ သိချင်တာကိုပဲ တစ်ဖွတ်ထိုး အတင်းတွယ်ကပ်ပြီးအော်မေးနေသည်။

ဇက်တီရဲ့ ဘေးနားက ရှူးကြောင်မူးကြောင်နဲ့ လုပ်ဖော်ကိုင်ဖက်တစ်ဦးက မနေနိုင် မထိုင်နိုင်၊ မဆီမဆိုင်ဝင်လာပြီး သူနားလည်တဲ့ တစ်လုံးတည်းသော စကားလုံးကို လေဖမ်းဒန်းစီးကာ . . .

''ဟေး . . . ဘာဒီ . . . မင်းရဲ့ မဒမ်လေဒီက ကွန်ဒွန်းလို့မေးနေတာ မကြားဘူးလား''

''အိုး . . နိုး . . နိုး သူမမေးနေတာက ကောင့်ဒေါင်းပါဗျာ''

''အိုး . . . ဟုတ်လား . . . ဘဲရီးဆောရီး ဘာဒီ၊ ငါသောက်တာများလို့ မူးနေပြီထင်ပါရဲ့''

''မင်း မမူးသေးပါဘူး။ တို့တွေ ဆက်သောက်လိုက်ရအောင် . . . ချီးယားစ်ဘာဒီ''

ဇက်တီတို့ကို မသိမသာနဲ့ မျက်စိကို ဖွင့် နားကိုစွင့်ကာ၊ တစ်စေ့တစ်စောင်း အကဲခတ်နေသူတွေရဲ့ကြားထဲမှာ ချော်လဲရောထိုင် အရှက်ပြေ ဇက်တီ ဖောရှောလုပ်လိုက်သည်။ မျက်နှာက အပြုံးမပျက်ဘဲ၊ သူမကို တံတောင်နှင့်တွက်ကာ၊ ပါးစပ်ပိတ်ပြီး ငြိမ်ငြိမ်နေဖို့ သတိပေးလိုက်ရပါတော့သည်။

✦ ✦ ✦ ✦ ✦

ထိုပွဲကြီး ပြီးကတည်းက ဇာတ်လမ်းစခဲ့ရပါတော့သည်။

မိန်းမ မကောင်းရင် ဇက်တီခေါင်းမဟုတ်လား။ သူမ ပွဲဝင်ရင် အရှက်တကွဲ မဖြစ်ရလေအောင် ပွဲလည်တင့်စေဖို့ ဇက်တီ ကိုယ်တိုင် အနီးကပ် အိပ်ခန်းထဲမှာ ကြက်တူရွေးကို စကားပြောတတ်စေအောင် သင်ပေးသကဲ့သို့၊ နူတ်တိုက်ချသင်ပေးသော အင်္ဂလိပ်စပီကင် ကျူရှင်အား အိမ်မှာဖွင့်လိုက်ရပါတော့သည်။

ကြက်တူရွေးတောင် စကားသင်ရင် တတ်ပါသေးသည်။ ဘယ်ရမလဲ ဇက်တီလည်း သူမကို ချော့တစ်ခါ ခြောက်တစ်လှည့် မရမက အနီးကပ်တွန်းသင်ပေးပါတော့သည်။

✦ ✦ ✦ ✦ ✦

ဒီလိုနဲ့ပဲ ကြက်တူရွေးလို သူမ အင်္ဂလိပ်စကား စပြောတတ်လာပါသည်။ ကြက်တူရွေးကတော်တော်၊ မယ်ဘော်က ခပ်ကဲကဲ ဆိုသကဲ့သို့ သူမ အင်္ဂလိပ်စကား ပြောတတ်စကတည်းက ထမင်းစားရေသောက်ကိုပင်

ကြက်တူရွေးလို သူမ အင်္ဂလိပ်စကား စပြောတတ်လာပါသည်။
ကြက်တူရွေးကတော်တော်၊ မယ်ဘော်က ခပ်ကဲကဲ ဆိုသကဲ့သို့
သူမ အင်္ဂလိပ်စကား ပြောတတ်စကတည်းက ထမင်းစားရေသောက်ကိုပင်
ဘိုလိုပဲ အပီမူတ်တတ်လာပါသည်

ဘိုလိုပဲ အပီမှုတ်တတ်လာပါသည်။ အာမေဋိတ် ယောင်တာကိုက အိုးမိုင်ဂေါ့··အိုးရှစ် အိုး မိုင်ဒီးယား စသဖြင့် ယောင်တတ်လာသည်။ ဇက်တီကိုလည်း ခေါ်ပုံကိုက မိုင်ဒီးယား ဒါလင်··ဆွီဒါလင်··ဒါလင်··ဒါလင်နဲ့ ပါးစပ်ဖျားက မချတော့ပါ။ ဇက်တီ စခဲ့သော ဇာတ်လမ်းပေမယ့်လည်း အစမှာတော့ နားဝင်ပီယံဖြစ်သလိုနဲ့ ကြာလာသော အခါ နားကြားပြင်းကတ်လို့ နားငြီးယူရလောက်အောင် ဖြစ်ခဲ့ရပါတော့သည်။

✦ ✦ ✦ ✦ ✦

တစ်နေ့သော ဇာတ်လမ်းရဲ့အလယ်မှာ သူမသည် အိမ်မှာ ဖိမ်နဲ့နေရတာကို ပျင်းခြောက်ခြောက်ဖို့ အချိန်ပိုင်း အလုပ်ထွက်လုပ်ချင်တယ်လို့ ဇက်တီကို နားပူနားဆာလုပ်၊ ကျိကြတိုက်လာပြန်သည်။ လမ်းထွက်ပေါက် သူမ ရှာနေပြီဆိုတာ ဇက်တီ သိသိကြီးနဲ့ပဲ။ သူမအတွက် သင့်တော်မယ့် အလုပ်ကို ဇက်တီကိုယ်တိုင်ပဲ ရှာရွေးပေးပြီး အလုပ်လျှောက်လွှာပုံစံ ရေးဖြည့်တင်ပေးလိုက်ပါသည်။ ဇက်တီက မိန်းမဆို သိပ်ချစ်တတ်ပါသည်။ မုန်းမှာကြောက်လို့ အလိုလိုက်တာလည်း နှည်းနှည်းပါပါသည်။

✦ ✦ ✦ ✦ ✦

သူမကို အလုပ်မှ လူတွေ့ အင်တာဗျူးခေါ်တဲ့အချိန်မှာ ဇက်တီလည်း မနေသာဘဲ အလုပ်မှ ရှောင်တခင်ခွင့်ယူကာ သူမရဲ့ ဘော်ဒီဂတ် ကိုယ်ရံတော်အဖြစ်နဲ့ လိုက်ပို့ပေးရပါသည်။

ကုမ္ပဏီရဲ့ ဝန်ထမ်းရွေးချယ်ရေးမန်နေဂျာ တရုတ်မက တရုတ်စကားပြောတတ်တဲ့ သူမကို သဘောကျကာ အလုပ်ခန့်ချင်နေပြီဆိုတာ ဇက်တီ ရိပ်မိပါသည်။ ဒါကြောင့် အခြေအနေက အိုကေလန်းနေပါသည်။

မန်နေဂျာတရုတ်မက ကိုယ်ရံတော် လိုက်လာတဲ့ ဇက်တီကို အင်္ဂလိပ်လို မိန်းမဘက်မှ ဝင်ကူညီပြီး မပြောပေးရန် ကြိုမှာထားကာ သူမဘက်သို့ လှည့်ပြီးနောက်–

''တို့ ကုမ္ပဏီက မင်းကိုကြိုက်ဆိုပါတယ်၊ ဘယ်တော့ မင်းအလုပ်စဝင်နိုင်မလဲ''

''အခုလို အလုပ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ မနက်ဖြန်ကစပြီးတော့ တတ်နိုင်သရွေ့ အကောင်းဆုံးဖြစ်အောင် ကြိုးစားပြီး လုပ်သွားပါ့မယ်''

တရုတ်စကားနဲ့ သွက်လက်ချက်ချာစွာ သူမ ပြန်ဖြေလိုက်တာကို မန်နေဂျာတရုတ်မက သဘောကျတဲ့အပြုံးလေးနှင့် ဆက်ပြီးတော့···

''ကျေးဇူးပြုပြီး···မင်း အင်္ဂလိပ်လို ပြောတာ ငါကြားချင်ပါတယ်''

ဤကဲ့သို့ ဆိုလာသောအခါ သူမ မျက်နှာမှာ ဆီးရွှက်လိုငယ်သွားကာ ဇက်တီကိုလှမ်းကြည့်လိုက်သော မျက်လုံးတွင် ''ကျွန်မ်ဌား'' ကယ်ပါအုံးဆိုတဲ့အကြည့်နဲ့။

ဇက်တီကလည်း ဒါမျိုးဘယ်ရမလဲ၊ ကျွန်ုပ်ဆရာ သိက္ခာကျမခံ၊ မျက်စောင်းချိတ်လျက်၊ အံကြိတ်ကာ လက်သီးဆုပ်ပြလိုက်သောအခါ သူမရဲ့နှုတ်ဖျားမှ···

''အိုး··မိုင်ဒီးယား··သိုင့်ခ်ယူ ဘဲရီးဘဲရီးမတ်ချ်··ဆီးယူတူမောရိုး··အိုကေ··ဘိုင့်ဘိုင်''

သူမဆီမှ ရုတ်တရက်ကြားလိုက်ရသော မန်နေဂျာတရုတ်မခမျာ မျက်ခုံးကမြင့်တက်ကာ၊ မျက်လုံးက ဇီးကွက်လို ပြူးထွက်လာ၊ ပါးစပ်မှာ ဝလုံးလိုဟပြဲလျက်၊ ငုတ်တုတ်ကြီး မေ့သွားသကဲ့သို့ အံ့အားသင့်သွားပါတော့သည်။

''ယူအာ ဝဲလ်ကမ်း··ဆီးယူ''လို့ပဲ ခဏနေမှ ပြန်ပြောလိုက်နိုင်ပါတော့သည်။

ဤကဲ့သို့ လတ်တလောဖြစ်သွားသော အခြေအနေကို ဇက်တီ ဝင်ထိန်းပေးတဲ့အနေနဲ့ ကျေးဇူးလည်းတင်၊ အားလည်း နာပါတယ်၊ ရှက်လည်း ရှက်ပါရဲ့ဆိုသလို၊ နှုတ်ဆက်စကားဆို၊ လက်ဆွဲနှုတ်ဆက်ပြီးနောက် မိန်းမကို လက်ဆွဲကာ ဂုံးခန်းထဲမှ အမြန်ဆုံးလစ်ထွက်လာခဲ့ရပါတော့သည်။

သူမတစ်ယောက် ပွဲဝင်ပြိုဆိုရင် အရှက်ကွဲစရာတွေနဲ့ ကြုံတွေ့ကာ၊ ဇက်တီမှာလည်း မျက်ခုံးတွေ လူပ်နေရပြီမို့ သူမအား အလကားအိမ်ကျယ်လို့ပဲ ဩဘာပေးလိုက်ပါသည်။



သူမ လုပ်ချင်တာလေး လုပ်ရရင်၊ ဝယ်ချင်တာလေး ဝယ်ပေးလိုက်ရင် သူမဆိုသော ဇက်တီရဲ့ဇနီးသည်က အကြင်နာ အာဘွားတွေ ထပ်ကာထပ်ကာပေး



သို့သော် သူမကလည်း အလုပ်ယူနီဖောင်းကို ကုမ္ပဏီက ထုတ်ပေးပေမယ့် အလုပ်သွား အလုပ်ပြန် သူမ ဝတ်စရာ အဝတ်အစားအသစ်တွေ ဝယ်ပေးရမည်၊ သူမရဲ့ လစာထုတ်သောအခါ ပြန်ပေးမယ်လို့ သိက္ခာကျမခံပြောပါသည်။ သူမရဲ့အလုပ်မှ လစာမရခင်စပ်ကြား။ လောလောလတ်လတ် ဇက်တီရဲ့ ဘဏ်ကတ်ထဲကငွေ ထွက်သွားတာ အမှန်ဖြစ်ပါသည်။

ဒီလိုပါပဲ၊ သူမ လုပ်ချင်တာလေး လုပ်ရရင်၊ ဝယ်ချင်တာလေး ဝယ်ပေးလိုက်ရင် သူမဆိုသော ဇက်တီရဲ့ဇနီးသည်က အကြင်နာ အာဘွားတွေ ထပ်ကာထပ်ကာပေးပြီး ချစ်ကဲပိုပြတတ်ပါသည်။

✦ ✦ ✦ ✦ ✦

သူမ အလုပ်စဝင်ကတည်းက ယခင်ကကဲ့သို့ အိမ်မှာ ဇက်တီအတွက် အဝတ်အစား ရယ်ဒီမိတ် အဆင်သင့်ဖြစ်မနေဘဲ ကိုယ့်ဘာသာ ကသိကအောက်နဲ့ အလုပ်သွားခါနီး ရှာဖွေဝတ်ကာ၊ ခေါက်ဆွဲထုပ်ပြုတ်၊ သရီးအင်ဝမ်း ကော်ဖီဖျော်သောက်ရတာလည်း ရှိသကဲ့သို့၊ ကသုတ်ကပျာနဲ့ ဆိုင်မှာ ဝယ်စား၊ အဝတ်လျှော် မီးပူတိုက် ပင်မင်းအပ်လိုက်ရတာမျှားပါသည်။

သို့သော်လည်း သူမအတွက် ကာစတန်မာ လူမျိုးပေါင်းစုံနှင့် ပြောဆိုဆက်ဆံလုပ်ကိုင်ရသည်မို့၊ နေ့စဉ်နှင့်အမျှ အင်္ဂလိပ်စကားပြော အလေ့အကျင့်ဖြစ်ကာ၊ ပြောရဲဆိုရဲ အာသွက်လျှာသွက်နဲ့ တိုးတက်လာသည့်အပြင် ဗန်းစကားတွေပါ ကဲကဲလှုပ်လို့ တတ်လာခဲ့ပါတော့သည်။

ဒီလိုပါပဲ ဇက်တီအဖို့ သူမနှင့် ပတ်သက်လာရင် နာစရာရှိရင်လည်း သာခဲ့တာလေးတွေနဲ့ ဖြေသိမ့်နေနိုင်ရမည်။ ဇက်တီချစ်လို့ လက်ထပ်ထားသော မိန်းမဖြစ်ပါသည်။ လင်နှင့်မယားဆိုသည်မှာ ဒီလိုပဲ ဖြစ်ရပါမည်။

✦ ✦ ✦ ✦ ✦

နှစ်ကုန်ခါနီး ဇက်တီရဲ့အလုပ်ဖြစ်သော ဆောက်လုပ်ရေးစီမံကိန်း ပရောဂျက်ပြီးသွားသည်နှင့်လည်း ကြို၊ နောက် ဆောက်လုပ်ရေး စီမံကိန်းပရောဂျက်အသစ် မစမီ၊ ခွင့်ရက်ရှည်ရသည့်အတွက် ဇက်တီတို့သည် အိမ်မြေသို့ အလည်ပြန်လာခဲ့ကြလေသည်။

✦ ✦ ✦ ✦ ✦

ဇက်တီအဖို့ ဒီနှစ်ကုမ္ပဏီရဲ့ နှစ်သစ်ကူး အကြို ညစာစားသောက်ပွဲကြီး မနှဲလိုက်ရသည့်အတွက် ဝမ်းနည်းမိသော်လည်း သူမ ပွဲဝင်ရင် အရှက်ကွဲစရာနှင့် မကြုံတွေ့ရသည့်အတွက် ဇက်တီ ဝမ်းသာလို့နေပါသည်။

သို့သော် သူမသည် ဆွေမျိုး၊ မိတ်ဆွေတွေကို နှစ်သစ်ကူး မိတ်ဆုံစားသောက်ပွဲကို အိမ်မှာပဲ တရင်းတနှီး တည်ခင်းဧည့်ခံကျွေးမွေးလိုက်ချင်တယ်လို့ တောင်းဆိုလာပါသည်။ ဇက်တီလည်း သူမ ကြွားဝါချင်တာကို သိသိကြီးနဲ့ပဲ ရက်စ်လို့ ပြန်ဖြေလိုက်မိပါသည်။

✦ ✦ ✦ ✦ ✦

တစ်ပိုင်တစ်နိုင် အိမ်မှာပဲ နှစ်သစ်ကူး မိတ်ဆုံစားသောက်ပွဲ ဆိုသော်လည်း တကယ်တမ်းမှာ ဧည့်သည်တွေ စုပြုံရောက်

လာသောအခါ ဧည့်ခံကြိုဆိုနေရာချထားပေးရသည့်အပြင် ဇက်တီကိုယ်တိုင်လည်း လူးလာတုံ့ခေါက် စားပွဲထိုးကူလုပ်ပေးနေရပါသည်။

စားပွဲဝိုင်းမှ ဧည့်သည်ဆွေမျိုးတွေကို အာလွှပ သလွှာပ စကားစမြည် ဇက်တီ ဧည့်ခံပြောဆိုပြီး၊ နောက်စားပွဲဝိုင်းသို့ ကူးသွားရန် ရုတ်တရက် နောက်ပြန်အလှည့်တွင် နောက်မှ ဟင်းရည်လိုက်ပွဲ ကိုင်ဝင်လာသော သူမနှင့် ပက်ပင်းကြီး ရင်ဆိုင်ဝင်အောင်းပါတော့သည်။

ဖိတ်စင်ကျသော ဟင်းရည်ပူတချို့ တစ်ဝက်မှာ ဇက်တီကိုယ်ပေါ်တွင် စွန်းထင်းပူလောင်၊ စပ်ဖျဉ်းဖျဉ်းနှင့် ဟိုဒင်းဟိုဟာကို သမန်းမြက်ရှသကဲ့သို့၊ မီးခဲကို ဖင်ခုထိုင်မိသကဲ့သို့ ခုန်ဆွခုန်ဆွဖြစ်လို့ ဇက်တီ ခံစားနေရပါသည်။ သူမမှာလည်း ခြေမကိုင်မိလက်မကိုင်မိနှင့် ပါးစပ်ကလည်း ဆီမန်းမန်းသကဲ့သို့ တတွတ်တွတ်ဖြင့်...

''အိုး မိုင်ဂေါ့..ဘဲရီးဆောရီး ဒါလင်၊ အာယူဘဲရီးဟော့ ဒါလင်..ဂွမ်ကင်နိုင်ဒူးဖော်ယူ ဒါလင်..အက်ဆီးဒင့် ဒါလင်..ရီးယားလီး ဘဲရီးဆောရီး ဒါလင်..အိုး မိုင်ဒါလင်''

ဤရွေ့ကျမှ ဖြစ်ပျက်နေစဉ်တွင် စားပွဲဝိုင်းထဲမှာ ထိုင်နေသည့် ဘွင်းဘွင်းရှင်းရှင်း အားမနာတမ်း ပြောလေ့ပြောထရှိသောကြီးတော် အပျိုကြီးခမျာ၊ နားကြားပြင်းကတ်ကာ မျက်မှန်းကျိုးလို့ မခံချိမခံသာနှင့် မခံစားနိုင်ဘဲ ပေါက်ကွဲပါတော့သည်။

''ညည်းတို့ကလည်းအေ..အဖြစ်ကို သည်းလွန်းပါတယ်၊ နိုင်ငံခြားက ပြန်လာကတည်းက ယိုဘူးတွေစား၊ ဘိုဆန်ချင်တဲ့ အကျင့်တွေ ခဝါချထားခဲ့ရမယ်၊ အခုတော့ လူကြားသူကြားတွေထဲမရောင်၊ ဒါလင်..ဒါလင်နဲ့ ကြေညာပြနေစရာ မလိုပါဘူးအေ၊ လူတကာသိပြီးသားပါ၊ ဘူးယို..ဘိုရူး ရူးနေမယ့်အစား အပူလောင်ပြီး မျောက်လိုဖြစ်နေတဲ့ ဟိုအကောင် ခုန်ဆွခုန်ဆွကို သက်သာရာ သက်သာကြောင်း လုပ်ပေးလိုက်ပါလား။ တကဲ့တော်...ပြောကို မပြောချင်တော့ဘူးနော်...ဟွန်း''

ပူစပ်ပူလောင် ခံစားနေရသည့်အပြင် သူမအတွက်နဲ့ ဇက်တီ အပြောခံလိုက်ရသည်မှာ ရှက်လိုက်တာ၊ ရှက်လွန်းလို့ မျက်နှာကို ကုလားမခေါင်းပြီးခြုံသကဲ့သို့ ဖုံးကွယ်ထားလိုက်ချင်သော်လည်း ဝတ်ထားသည်က စတိုင်ဘောင်းဘီရှည် ဖြစ်နေပါသည်။ ဘာကိုဘယ်လို ဆက်လုပ်ရမှန်းမသိ၊ ယောင်ချာချာ ဖြစ်နေပါတော့သည်။

ကြိုရာမရတဲ့ နောက်ဆုံးမှာ ပူစပ်ပူလောင်ဖြစ်ကာ၊ ရှက်လွန်းလွန်းလို့ ခံစားနေရသည်များအား ကုစားဖုံးကွယ်နိုင်စေရန် အတွက် အိမ်အပေါ်ထပ် အိပ်ခန်းဆီသို့ သုတ်ခြေတင်လိုက်ရပါတော့သည်။

ဇက်တီရဲ့ နောက်ပါးမှ သူမ အပြေးကလေး လိုက်လာပါသည်။

''ဒါလင်ရေ...စောင့်ပါအုံး၊ ဒါလင့်ကို လုပ်ပေးချင်လို့ပါ...အိုး မိုင်ဂေါ့..ရှစ်..အမလေး...ပလုတ်တုတ်ကြီး''

သူမသည် ပဲများကာ ဝတ်ထားသော စကတ်ထမီနှင့် ဟိုက်ဘီးဒေါက်မြင့်ဖိနပ်ကြောင့် ခြေခေါက်လဲ၊ အရှက်ထပ်ကွဲရပြန်ပါတော့သည်။

ဇက်တီလည်း ရှေ့ကိုဆက်ပြီး သွားရမည်လား...၊

ခြေသံ့လည်ပြန်နှင့် သူမကို ငဲ့ကွက်ရှက်ရှက်နှင့် ပြန်လှည့်ရမည်လား...။

✦ ✦ ✦ ✦ ✦

ထို့ကြောင့် ဇက်တီ ပြောနိုင်ပါသည်။

ဇန်နဝါရီလ ၁ ရက်နေ့သည် ဟက်ပီးနယူးရီးယားကို စတင်သောနေ့ ဖြစ်သော်လည်း ဇက်တီအဖို့ ပျော်ရွှင်ဖွယ်ရာမဟုတ်တဲ့ အမှတ်တမဲ့မှ အမှတ်တရ အရှက်ကွဲရသောနေ့လေး ဖြစ်လို့နေပါတော့သည်။

ကိုဇော်



သစ္စာနှောင်ပိုးမွေတွာမိုးနှင့်

မြန်မာပြည်သား သွေးချင်းများတို့
နိုးကြားနေဘို မြဲသတိနှင့်
ဇာတိမာန ညီညွတ်ကြစဉ်
သွေးကသစ္စာ ချစ်မေတ္တာသည်
ဘယ်ခါပျက်လွယ် မရှိဖွယ်တည်။

မြန်ပြည်သွေးချင်း ညီနောင်ရင်းပင်
သူလျှင်ဖေးမ ကိုယ်လည်းလုမို့
ဘဝဂုဏ်ရည် မြတ်နိုးညီလျက်
ဖွဲ့တည်သည်းကြား ခင်တွယ်အား‌နှင့်
ရိုးသားပွင့်လင်း ဟန်ဆောင်ကင်းသည့်
ရင်တွင်းကြည်သာ ပြုးမျက်နှာသည်
ဘယ်ခါမမုန်း သက်ထက်ဆုံးတည်။

သြော် . . .
တစ်အူထုံဆင်း သွေးသားချင်းတွေ
ချစ်နှင်းရင်ခွင် သံယောဇဉ်နှင့်
ချစ်ကြင်ပေါင်းဖော် တွန်းပျော်လျက်
တောင်ပေါ်ပြည်သား မြေပြန့်သားဟု
ကျော်သားရင်သား မခွဲခြားဘဲ
စီတိထားဖြူဖြူ ဂုဏ်ရည်တူဖြင့်
ကြည်ဖြူနေမြ စဉ်လက်တွဲ၍
မခွဲမခွာ နေကြရာဝယ်
သစ္စာနှောင်ပိုး မေတ္တာမိုးတို့
သွန်းဖြိုးပြည်ရွာ ရှစ်ခွင်သာသည်
ပြည်ရွာရွှန်းမြ ရွှတိုင်းလှနေပါတကား။ ။

ထူးကြီးမြင့်ကျော်ကျော်





လောကလိုအပ်ချက်

လေအယ့ကဲ့မာလ
ကြွေသက်တဲ့ အိုရွက်ဝါ။

ရွှေဝါခြယ်ရွက်ဝါလေးပေမယ့်
မြေမှာကွယ် မျက်နှာမှေးရတော့
လွမ်းဆွေးစရာ။

ဒေါသထူ ကိုလူသား၊ရယ်က
မနောကမဖြူ။ "ငါ"ဝင့်ကြွား၊ရင်ဖြင့်
မှား၊မကွဲ့တစ်ချိန်မှာ
နောင်တဟာ ရွက်ဝါသို့။

တစ်ဖက်သား၊ကိုပေါ့
အမျက်ထား၊တုံ့ပြန်ချင်လည်း
သည်း၊ခံရင် ရန်မီး၊ဝေး၊တယ်
(ဘဝဟာကွယ်)
အေး၊ချမ်း၊လှလို့။

မိုးထက်ကြွယ်



အရွယ်လွန် စိုးရိန်ခက်

ပညာတတ်ပြီး လူပျိုကြီးမို့
သမီးရှင်များ ကမ်းလှမ်းထားလည်း
သူကား မမှ လစ်လျူရှု၍နေလိုက်တယ်။

အသက်အရွယ် အစိတ်ရယ်ကျော်
သုံးဆယ်အတွင်း ရှိနေခြင်းကြောင့်
ချစ်ခြင်းကိုရော လက်ထပ်ပါလို့
ပြောပါသော်လည်း ငြင်းပယ်ဆဲပင်။

အသက်အရွယ် လေးဆယ်ရယ်ကျော်
ငါးဆယ်နား နီး ရောက်ခဲ့ပြီးတော့
လူကြီးဟန်ပန် လေးကန်ကန်နှင့်
မြန်ဆန်ခြင်းငှာ မစွမ်းသာမှ
ဖော်ရွာဖို့ရေး သူကတွေးမိ

သို့မို့ကြောင့် . . .
အသက်ကကြီး အရွယ်ကြီးလည်း
ပျက်စီးခြင်းမှာ မရှိပါလို့
ဖွေရှာလျှင်ရ မှတ်ချက်ချပြီး
အိမ်မှထွက်ကာ လမ်းအလာတွင်
တွေ့ပါပြီကော မိန်းမပျို . . .။

ပျိုလေးတစ်ယောက် ဆံပင်ကောက်နှင့်
ခါးထောက်ရပ်နေ စတိုင်တွေနဲ့
ကြည့်တွေကရဲ ဒိန်းကနဲဖြစ်
ရင်ထဲထိအောင် ဆွဲဆောင်နိုင်၍
သူပိုင်ဆိုင်ရေး စိတ်ကူးတွေးဖြင့်
ချစ်ရေးဆိုမည် ပျိုမဒီထဲ
ရောက်ပြီဆိုမှ ပြန်ဆုတ်ရသည်
သူက အခြောက် ဖြစ်သောကြောင့်။ ။

မြေလတ်မောင်ချစ်ဖူး

သတိပြုကျယ် ဆောင်းဒုဝါဝယ်

ဒေါက်တာရဲကို







အချိန်စက်ဝန်း လှည့်ပတ်မှုတွင် နွေမှ မိုး၊ မိုးမှဆောင်း၊ ဆောင်းမှနွေ အလီလီ လှည့်ပတ်ပြောင်းလဲကာ ကျွန်ုပ်တို့၏နေထိုင်ရာ ဝန်းကျင်ကမ္ဘာရှိ သက်ရှိသက်မဲ့အပေါင်းတို့ကို အကျိုးသက်ရောက်မှု ဖြစ်စဉ်အမျိုးမျိုး ဖြစ်ပေါ်စေပါသည်။ ကောင်းသော သက်ရောက်မှုရှိသလို ထိခိုက်ပျက်စီးစေတတ်သော သက်ရောက်မှု အမျိုးမျိုးတို့လည်း ဖြစ်ပေါ်စေနိုင်သည်ကိုလည်း တွေ့ရနိုင်သည်။ သက်ရှိလူသားတို့ရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်း အသီးသီးအပြင် အခြားစိတ်ပိုင်းဆိုင်ရာများပေါ်တွင်လည်း ရာသီဥတုပြောင်းလဲမှုသည် သက်ရောက်စေပါသည်။ အကျိုးရလဒ်အနေနှင့် ခန္ဓာကိုယ်ဇီဝဖြစ်ပျက်မှု ပြောင်းလဲခြင်း၊ ကျန်းမာရေးထိခိုက်မှု ဖြစ်စေခြင်းတို့ကို ခံစားရနိုင်ပါသည်။

ရာသီဥတု၏ ပြောင်းလဲမှုကြောင့် ပူသောအခါတွင်သာမက အေးသောအခါတွင်လည်း လူ့ခန္ဓာကိုယ်အား ကျန်းမာရေးပြဿနာအမျိုးမျိုးကို ဖြစ်စေနိုင်ပါသည်။ ပတ်ဝန်းကျင်ရှိ အပူချိန်လျော့နည်းလာသော ဆောင်းလအခါတွင် အပူချိန် လျော့နည်းလာသည်နှင့်အမျှ ကျန်းမာရေးပြဿနာများ ပိုမိုချို့ယွင်းပေါ်လာစေပါသည်။ အသက်အရွယ် ကြီးသောသူများတွင် အထူးသဖြင့် ပို၍ဖြစ်ပွားခံစားရသည်ကို တွေ့ရပါသည်။



ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကမ္ဘာ့ကူးစက်တတ်သောရောဂါများ ထိန်းချုပ်မှု ဗဟိုအဖွဲ့တို့၏ မှတ်တမ်းများအရ ရာသီဥတု အေးမြမှုကြောင့် ကျန်းမာရေးကိုထိခိုက်စေကာ အသက်ဆုံးရှုံးမှုမှာ ၆၃ ရာခိုင်နှုန်းရှိပြီး၊ ပူပြင်းမှုကြောင့် အသက်သေဆုံးမှုမှာ ၃၁ ရာခိုင်နှုန်းသာရှိကြောင်း သိရသည်။

ဆောင်းလခါတွင် ရာသီဥတု အေးစက်မှုကြောင့် လူတို့၏ ခန္ဓာကိုယ်အပေါ်တွင် ကျန်းမာရေးအခြေအနေ ပြောင်းလဲမှုအမျိုးမျိုး၊ အကျိုးသက်ရောက်မှုအမျိုးမျိုး ဖြစ်စေနိုင်ပါသည်။

Immune System

(ကိုယ်ခံစွမ်းအားပေါ်တွင် သက်ရောက်မှု)

ချမ်းအေးသောရာသီတွင် လူအများစုသည် အချိန်များကို အပြင်ပတ်ဝန်းကျင်တွင် ကုန်ဆုံးစေခြင်းထက် အိမ်တွင်း၊ ရုံးတွင်း၊ အိုးအကာရှိသော နေရာများတွင်သာ ကုန်ဆုံးလေ့ရှိကြပါသည်။ အေးမြသော အခြေအနေမှ ရှောင်ရှားကြရန်ဖြစ်ပေသည်။ ထို့ကြောင့်ပင် လူအများစုဝေးရာ နေရာဖြစ်သော၊ ကုန်ပစ္စည်းအရောင်းဆိုင်များ၊ ရုပ်ရှင်ရုံများ၊ စားသောက်ဆိုင်များတွင် လူအများစုမှာ အချိန်ဖြုန်းကြပေသည်။ လူစုလူဝေးများပြားသောနေရာဖြစ်သဖြင့် တစ်ဦးမှ တစ်ဦးသို့ လွယ်ကူစွာကူးစက်စေတတ်သော တုပ်ကွေးရောဂါ၊ နာစေးခြင်း၊ ချောင်းဆိုးခြင်း၊ အခြားအသက်ရှူလမ်းကြောင်းနှင့် ဆိုင်သောရောဂါများ ပြန့်ပွားစေနိုင်ပါသည်။

ကာကွယ်ရန်အတွက် နှစ်စဉ် တုပ်ကွေးရောဂါ ကာကွယ်ဆေးထိုးနှံခြင်း၊ တစ်ကိုယ်ရည် သန့်ရှင်းမှုအတွက် လက်ဆေးခြင်း အမူအကျင့်ကို လိုက်နာဆောင်ရွက်ခြင်း၊ လက်ကို ဆပ်ပြာနှင့် ဆေးကြောရန် အခြေအနေမပေးပါက လက်သန့်စင်ဆေး ရည် (Hand Sanitizen) များ အသုံးပြုရန် ဆောင်ထားခြင်း စသည်ဖြင့် လူတစ်ဦးမှ တစ်ဦးသို့ ကူးစက်ပြန့်ပွားမှုကို လျော့နည်းစေနိုင်ပါသည်။

နှလုံးနှင့် သွေးကြောများအပေါ် သက်ရောက်မှု

အေးမြသော ဆောင်းရာသီတွင် နှလုံးရောဂါ ဖြစ်ပွားမှုနှုန်းသည် အခြားအချိန်များထက်ပို၍ မြင့်စေနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ရာသီဥတု အေးမြမှုနှင့်အတူ

ဆောင်းအခါတွင် ရာသီဥတုမှာ ရေခဲရေငွေ့များ၊ နှင်းအငွေ့အသက်များ ဖုံးလွှမ်းနေမှုကြောင့် အသက်အရှူယ်ကြီးသောသူများအဖို့ အလွယ်တကူ ချော်လဲမှုများ၊ ထိခိုက်မှုများ၊ အခန့်မသင့်သောအခါ လဲကျနိုင်ခြေ၊ အရိုးကျိုးထိခိုက်နိုင်ခြေ ပိုများစေပါသည်။

ခန္ဓာကိုယ်တွင် အနွေးဓာတ်ပိုမိုရရှိနိုင်စေရန်၊ ခန္ဓာကိုယ်မှ အနွေးဓာတ်များ ဆုံးရှုံးမှုမရှိစေရန် နှလုံးမှ အလုပ်ကိုပို၍လုပ်ရသည်။ သွေးကြောများမှ အလိုအလျောက် ထိန်းညှိကာ သွေးကြောများကျဉ်းစေမှုကို ဖြစ်စေသည်။ ထိုမှတစ်ဆင့် အကျိုးဆက်အနေနဲ့ နှလုံးရောဂါဖြစ်ပွားမှုကို ပိုမိုဖြစ်စေပါသည်။ ၎င်းအခြေအနေကိုကာကွယ်ရန် အေးမြသော ဝန်းကျင်သို့ သွားသောခရီနှံခါများတွင် နွေးထွေးစွာဝတ်ဆင်ခြင်း၊ ခြေအိတ်လက်အိတ်များ ဝတ်ဆင်ကာ ကာကွယ်မှုပြုခြင်း၊ အေးမြသော ပြင်ပအခြေအနေတွင် ပြင်းထန်သော ကိုယ်လက်လေ့ကျင့်မှု ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ခြင်းတို့ကို လိုက်နာသင့်ပေသည်။ သို့မှသာ နှလုံးရောဂါဘေး ကင်းဝေးနိုင်ပေမည်။ မှတ်တမ်းများအရ အပူချိန် (၁.၈) ဒီဂရီဖာရင်ဟိုက်ကျဆင်းတိုင်း နှလုံးရောဂါဖြစ်ပွားသူဦးရေ ၂၀၀ ခန့်တိုးလာကြောင်း သိရှိရပါသည်။

ခန္ဓာကိုယ် ထိခိုက်ဒဏ်ရာရနိုင်မှု

ဆောင်းအခါတွင် ရာသီဥတုမှာ ရေခဲရေငွေ့များ၊ နှင်းအငွေ့အသက်များ ဖုံးလွှမ်းနေမှုကြောင့် အသက်အရွယ်ကြီးသောသူများအဖို့ အလွယ်တကူ ချော်လဲမှုများ၊ ထိခိုက်မှုများ၊ အခန့်မသင့်သောအခါ လဲကျနိုင်ခြေ၊ အရိုးကျိုးထိခိုက်နိုင်ခြေ ပိုများစေပါသည်။ ထို့ကြောင့် အထူးသတိထား သွားလာနေထိုင်ခြင်း၊ ချော်လဲမှုကာကွယ်သော ဖိနပ်များ၊ အောက်ခံသေချာသော ဖိနပ်များကိုစီး၍ မိမိတို့ရဲ့ အန္တရာယ်ကို ရှောင်ရှားကြရမည်ဖြစ်သည်။

ခန္ဓာကိုယ်အရေပြားအပေါ် သက်ရောက်မှု

လူတို့၏ ခန္ဓာကိုယ်အရေပြားသည် ခန္ဓာကိုယ်၏ ရေဓာတ်ကိုထိန်းညှိပေးခြင်း၊ ရောဂါပိုးတို့၏အန္တရာယ်မှ ကာကွယ်ပေးခြင်း၊ အပူဓာတ်ကို ထိန်းညှိပေးခြင်းတို့ကို ဆောင်ရွက်ပေးပါသည်။ ရာသီဥတုအအေးဓာတ်ကြောင့် အရေပြား၏တာဝန်ပျက်ယွင်းကာ ကျန်းမာရေးပြဿနာများကို ခံစားရစေနိုင်ပါသည်။ ထို့ကြောင့်ပင် အရေပြားခြောက်သွေ့မှုကာကွယ်ရန် အစိုဓာတ်ထိန်းအဆီဓာတ်ပါသည့် လိမ်းဆေး (Skin Moisturizel) များ အသုံးပြုခြင်း၊ ရေပူဖြင့်

ရေချိုးခြင်းထက် အနည်းငယ်နွေးသော ရေဖြင့်သာ ချိုးခြင်းဖြင့် အရေးပြားပျက်စီးမှုမှ ကျန်းမာရေးထိခိုက်မှုကို ကာကွယ်နိုင်ပေမည်။

အရိုးအဆစ်အမြစ်များပေါ်တွင် သက်ရောက်မှု

ဆောင်းချိန်ခါတွင် လေထုထဲမှ လေဖိအားပြောင်းလဲမှုဖြစ်ခြင်းမှသည် အဆစ်အမြစ်များ နာကျင်စေပါသည်။ အအေးဓာတ်ကြောင့် အဆစ်အမြစ်တွင်းရှိ ရိုးတွင်းချဉ်ဆီရည် သိပ်သည်းဆများပြောင်းလဲကာ အဆစ်အမြစ်နာကျင်ကိုက်ခဲမှု ပို၍ဆိုးလာစေပါသည်။ နာကျင်မှုမှ သက်သာကာကွယ်နိုင်စေရန် Omega-3 အဆီဓာတ်ပါသော အစားအစာ၊ ဆေးများမှီဝဲခြင်း (ဗိုက်တာမင်များ သောက်သုံးခြင်း)၊ သင့်တင့်သော လှုပ်ရှားမှုပြုလုပ်ခြင်းဖြင့် အဆစ်အမြစ်များ ချောမွေ့စွာလှုပ်ရှားနိုင်ပြီး ကျန်းမာပြီး ပျော်ရွှင်နိုင်စေမည်ဖြစ်သည်။

စိတ်အတွေးများအပေါ် သက်ရောက်မှု

ဆောင်းရာသီသည် ညတာရှည်ပြီး နေ့တာအချိန်မှာ တိုတောင်းလှသဖြင့် လူအများ၏စိတ်အစဉ်ကို ပြောင်းလဲမှုဖြစ်စေပါသည်။ အဓိကအနေနှင့် ညအချိန်တွင် ထွက်ရှိသော (Melatonin) ဟိုမုန်း၏ အာနိသင်ကြောင့် အိပ်ငိုက်ခြင်း၊ အာရုံစူးစည်းမှု အားနည်းခြင်း၊ ဒေါသထွက်လွယ်ခြင်း၊ စိတ်ဓာတ်ကျခြင်းတို့ကို ခံစားရစေနိုင်ပါသည်။ သက်ဆိုင်ရာ ဆရာဝန်များ၏ အကူအညီရယူခြင်း၊ မှောင်သောဝန်းကျင်အား မီးများနှင့် လင်းစေကာ စိတ်ပြောင်းလဲမှုကို ကာကွယ်ပြောင်းလဲယူသင့်ပေသည်။



ရာသီပြောင်းလဲချိန်တွင် ကျန်းမာရေးပြဿနာအမျိုးမျိုးသည် ကျွန်ုပ်တို့၏ ခန္ဓာကိုယ်၊ စိတ်အစဉ်တို့ကို အခြေအနေပေါင်းစုံမှ ထိခိုက်စေပါသည်။

ကာကွယ်နိုင်သော အခြေအနေများ။ ပြောင်းလဲယူသင့်သော အနေအထားများနှင့် ကျန်းမာရေးပြဿနာများကို ရင်ဆိုင်ဖြေရှင်းနိုင်ကြပေသည်။ လိုက်နာပြီး အသိနှင့် ယှဉ်ကာ သတိပြုပါက ကျန်းမာပျော်ရွှင်သော ဆောင်းရာသီနေ့ရက်များကို ပိုင်ဆိုင်နိုင်ကြပေမည် ဖြစ်ပါသည်။

ဒေါက်တာရဲကို

လွဲလွဲလေးလည်း ကောင်းပါတယ်



ကိုယ်အလေးချိန်အတန်များတဲ့ အမျိုးသမီးကြီးတစ်ယောက် ဆရာဝန်ဆီသွားပြီး အကူအညီတောင်းတဲ့အခါ ဆရာဝန်က အစားလျှော့စားဖို့နဲ့ ပိန်ဆေးဆိုပြီး ဆေးတစ်ဘူးပေးလိုက်တယ်။ ပြီးတော့ ဆေးကို တစ်နေ့သုံးလုံးထက် ပိုမသောက်ဖို့ မှာလိုက်တယ်။

အိမ်ပြန်ရောက်တာနဲ့ အမျိုးသမီးကြီးက ဆေးဘူးကို စားပွဲပေါ်တင် ထားပြီး အခန်းထဲဝင် အဝတ်အစားသွားလဲတယ်။ ပြန်ထွက်လာတော့ ဆေးဘူးက ပြောင်တလင်းခါနေပြီ၊ ၃နှစ်သမီးနဲ့ ၅နှစ်သမီးနှစ်ယောက်ကအကုန်သောက်ပစ်လိုက်တယ်။

အမျိုးသမီးကြီးက လန့်ပြီး ဆရာဝန်ဆီဖုန်းဆက်တယ်။ ဆရာဝန်က စိတ်မပူဖို့နဲ့ ဒီရက်ပိုင်းအတွင်း ကလေးတွေ ဂဏှာမငြိမ်ဖြစ်မယ်၊ ခုန်ပေါက်ပြေးလွှား ဆော့ကစားလိမ့်မယ်၊ ဆေးကြောင့်တော့ ကလေးတွေကို ဥပဒိမဖြစ်နိုင်ဘူးလို့ ရှင်းပြတယ်။

ဒီလိုနဲ့ နောက်ရက်တွေမှာ နေ့မအိပ် ညမအိပ်နဲ့ ကလေးတွေ သောင်းကျန်းတော့တာပဲ။ တစ်ခုတစ်ရာ ခိုက်မိမှာစိုးလို့ အမေကြီးခမျာ လိုက်ဆွဲရတော့တာပေါ့။

ဒီအဖြစ်အပျက်က တစ်ခုတော့ကောင်းတယ်။ အမေဖြစ်သူမှာ ကလေးတွေနဲ့အတူ လိုက်ပြီးပြေးလွှားရလို့ ကိုးပေါင်လောက်ကျသွားသတဲ့။

မောင်သီဟ

CITY CARTOON



CITY CARTOON



CITY CARTOON



ကာတွန်း ဝိုင်းကြီးအောင်....

ရေနွေး

ခုတော့ကျွန်မအိမ်ကလေး....



ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏အိမ်တွင် မရှိမဖြစ်သောအရာသည် ဘုရားကျောင်းဆောင်ဖြစ်၏။ နယ်မြို့လေးမှ ရန်ကုန်မြို့သို့ ရွှေ့ပြောင်းလာခါစက တိုက်ခန်းလေးနှင့် ဘုရားကျောင်းဆောင် လှလှပပ သေသေသပ်သပ်နှင့် ဘုရားပန်းလေးတွေ စိမ်းလန်းဝေဆာစွာဖြင့် သပ္ပါယ်စွာ ဘုရားရှင်ကို စံမြန်းစေရမည်ဟူသောအတွေးသည် သက်ထား ရန်ကုန်ကိုရောက်ပြီး ခြောက်လပြည့်သည်အထိ အကောင်ထည်မဖော်ဖြစ်သေး။

ရန်ကုန်သို့ ပြောင်းကတည်းက ဘုရားရှိပ်မွားတော်လေး သုံးဆူကို ကားခေါင်းခန်းထဲတွင် တရိုတသေပင့်ဆောင်ခဲ့သည်။ စားပွဲဝိုင်း ပုပုသေးသေးလေးပေါ်တွင် ဘုရားရှိပ်မွားတော် သုံးဆူကို ကိုးကွယ်ထားခဲ့ရသည်။ မကြာခင်တွင် ဘုရားကျောင်းဆောင် လှလှလေး ဝယ်မည်ပေါ့။ သက်ထား၏ အတွေးစိတ်ကူးဖြစ်၏။

တစ်လပြီးတစ်လ လွန်မြောက်လာသော်လည်း ဘုရားကျောင်းဆောင်မဝယ်ဖြစ်သေး။ အကြောင်းကြောင်းတွေက များလည်းများလှချည်ရဲ့၊ သားကြီးက···

''အမေ···ကွန်ပျူတာသင်တန်းကြေးနှစ်သောင်းပေးပါ''

''ဩော်···အေး··အေး··ရော့··ရော့''ဟု တစ်မျိုး။

''သက်ထားရေ···သားကြီး ရေကူးတတ်မှဖြစ်မယ်ကွာ၊ ရန်ကုန်မှာရှိတုန်း ရေကူးသင်တန်းတက်ခိုင်းရအောင်''

''ဩော်···တက်လေ''

''အဲဒါ···သင်တန်းကြေးက လေးသောင်းတဲ့''

သားငယ်က

''မေမေ···ဒီလအတွက် ကျောင်းလခနဲ့ ကားခပေးပါ''ဟု ဆိုလျှင်လည်း ငါးသောင်း လျှောခနဲထွက်သွားပြန်၏။ ကျန်သည့် အထွေထွေစရိတ်တို့မှာလည်း များပြားလှပါဘိ။ သက်ထား ရန်ကုန်ရောက်ကတည်းက မည်သည့်ကုန်တိုက်ကြီးကိုမှ မသွားနိုင်ခဲ့ချေ။ သားနှစ်ယောက်အား ချက်ပြုတ်ပြင်ဆင်ကျွေးရ၊ လျှော်ရဖွတ်ရနှင့် အားရသည်ကို မရှိပေ။

သွားချင်စိတ်လည်း အလျဉ်းမရှိပါ။ အိမ်ကထွက်သည်နှင့် အိတ်ထဲကငွေတွေထွက်မည်လေ။ သူတကာတို့၏ တိုက်ခန်းအသီးသီးတို့တွင် ဘုရားကျောင်းဆောင်လေးတွေကိုယ်စီ စိတ်ကြည်နူးဖွယ်၊ စိတ်ချမ်းမြေ့ဖွယ်အတိ။ ဩော်···ငါလည်း ဘုရားကျောင်းဆောင်လှလှလေး လိုချင်လိုက်တာဟု သက်ထား စိတ်ကူးယဉ်ရင်း ကြည်နူးခဲ့ရသည့်အဖြစ်။

ဘုရားရှိပ်မွားတော်သုံးဆူကို ရှိသေကိုင်းရှိုင်းစွာဖြင့် ရှိခိုးရင်း တစ်ချိန်ကယောကျ္ဍမအိမ်တွင် ဘုရားကျောင်းဆောင် ဗီရိုကလေးဝယ်စဉ်က ပြဿနာဖြစ်ခဲ့ပုံကို ပြန်တွေးနေမိခဲ့သည်။

x x x x x x x

ထိုစဉ်က သက်ထား ဈေးထဲကဆိုင်မှာ ဈေးရောင်းနေစဉ် ခင်ပွန်းဖြစ်သူမှ–

''သက်ထားရေ···ဘုရားကျောင်းဆောင်နဲ့ ဗီရိုလေး ကိုသန်းက ရပြီပြောတယ်။ အဲဒါ ကိုဝင်းရွှေဆိုက်ကားနဲ့ သွားတင်လိုက်မယ်နော်''ဟု ပြောရာ···

''ကောင်းသားပဲ···ကိုနိုင်''

ဟု ပြန်ပြောလိုက်သည်။ စိတ်မြန်သူ ကိုနိုင် လှစ်ခနဲပျောက်သွား၏။

ဘာမျှမကြာလိုက်၊ ခင်ပွန်းဖြစ်သူ ဆိုင်သို့ ပြန်ရောက်လာသည်။ ရောက်လာလာချင်း–

''သက်ထားရေ···ကိုယ် အထုပ်တွေရော၊ ကလေးတွေရော ကိုဝင်းရွှေဆိုက်ကားနဲ့ တစ်ခါတည်းခေါ်ချလာခဲ့တယ်၊ ကိုယ်တို့ ရန်ကုန်အပြီးထွက်သွားကြမယ်''

ဟုပြောလေသည်။ သက်ထား အံ့အားသင့်သွားရသည်။

''ဘာများဖြစ်လို့ပါလဲ''

ဟု စိုးထိတ်သွားခဲ့ရသည်။

''ဘာဖြစ်လို့လဲ···ကိုနိုင်''ဟုမေးရာ–

''နောက်မှမေး''

ဟု ပြန်ပြောလေသည်။ နောက်မှမေးဟုဆိုသဖြင့် သက်ထား ရှေ့ဆက်မမေးရဲပါ။ လင်မယားနှစ်ယောက် ပြောနေစဉ်မှာပင် ကိုဝင်းရွှေဆိုက်ကားနှင့် ကလေးနှစ်ယောက်၊ အထုပ်တွေနှင့် ကသီကဝါ ဆိုင်ရှေ့ရောက်လာသည်။

''ကိုနိုင်···ဘယ်လိုလဲ၊ သက်ထားတို့မှာ အဝတ်အစားတွေလိုမှာလေ၊ ဒီလောက်နဲ့ ဘယ်ရမလဲ ကိုရဲ့''

သက်ထား ရန်ကုန်ရောက်ကတည်းက မည်သည့်ကုန်တိုက်ကြီးကိုမှ မသွားနိုင်ခဲ့ချေ။ သားနှစ်ယောက်အား ချက်ပြုတ်ပြင်ဆင်ကျွေးရ၊ လျှော်ရဖွတ်ရနှင့် အားရသည်ကို မရှိပေ။



''ရန်ကုန်ရောက်မှ ထပ်ဝယ်မယ်ကွာ''

ကိုနိုင်က ခပ်ဆတ်ဆတ် ပြန်ပြောသည်။

သက်ထား အကြံအိုက်ရသည်။ ဘာဖြစ်လာမှန်းလဲမသိ။ သက်ထား ကလေးနှစ်ယောက်မှာ အကြီးလေးမှ ခုနစ်နှစ်၊ အငယ်လေးက တစ်နှစ်မပြည့်သေးချေ။ ဒီကလေးနှစ်ယောက်နှင့် သက်ထားတို့အိမ်က ထွက်ရလျှင် ကလေးနှစ်ယောက် ပင်ပန်းပြီပေါ့။

''ဘုရား...ဘုရား။ ဘုရားစင်ဗီရိုလေး ဝယ်မိသည့်အပြစ်က အိမ်ကထွက်သွားရတဲ့အထိ ဖြစ်စရာလား''

ဟု သက်ထားတွေးလိုက်မိသည်။ ကိုနိုင်သည် လုပ်သင့်လုပ်ထိုက်သည့် အလုပ်များကို တစ်လက်စတည်းလုပ်ရင်း၊ သိမ်းရင်းဖြင့် သက်ထားမှာလည်း ကလေးများနှင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတော့ချေ။ သက်ထား မျက်ဝန်းတို့၌ မျက်ရည်တို့ဖြင့်သာ။

''ရက်စက်လိုက်ကြတာ''

သည်သို့ပင် သက်ထားတွေးနေမိတော့သည်။ ကိုနိုင်သည် ဆိုင်တံခါးကိုပိတ်၍ သော့ခတ်လိုက်၏။

''ကိုဝင်းရွှေ...ကျွန်တော့်စက်ဘီးကို အောင်အောင့်ဆီ အပ်ထားလိုက်''

ဟု ပြောလိုက်၏။ သက်ထားတို့မိသားစုသည် ကိုဝင်းရွှေဆိုက်ကားဖြင့်ပင် ကားဂိတ်သို့ဆင်းခဲ့ကြသည်။ ခဏနေသော် ပြည်ဘက်မှ ကားကြီးတစ်စီး ဆိုက်လာသည်။ သက်ထားတို့မိသားစု ခုံနေရာရသဖြင့် ကားပေါ်တက်ခဲ့ကြသည်။ တစ်ချိန်တည်းပင် မောင်လေးအောင်အောင်က အကြောင်းသိ၍ ကားဂိတ်သို့ စက်ဘီးဖြင့် အသော့နင်း၍ ရောက်လာခဲ့ပြီး ကားပြတင်းပေါက်မှ မျက်ရည်အဝိုင်းသားဖြင့်–

''ဘယ်လိုဖြစ်တာလဲ''

ဟု မေးရှာသည်။

''နင်မြင်တဲ့အတိုင်းပဲ၊ ငါတို့သွားတော့မယ်၊ အဖေ့ကို စောင့်ရှောက်လိုက်နော်''

သက်ထားက ငိုရင်းပြောနေစဉ်တွင် ကားထွက်၏။ ရန်ကုန်သို့ရောက်လျှင် ညရှစ်နာရီဝန်းကျင်ရှိပြီဖြစ်သည်။ အမျိုးတွေအိမ်လည်း သွားချင်စိတ်မရှိသဖြင့် မိသားစုလေးယောက် ဘားလမ်းရှိ တည်းခိုခန်းတစ်ခုတွင်တည်းရန် ဆုံးဖြတ်ကြသည်။

ညမိုးချုပ်ပြီဖြစ်၍ သားငယ်လေးမှ သူကြိုက်သည့် နက်စ်တယ် မစားရသောကြောင့် မကျေနပ်နိုင်ဖြစ်နေရာ မအေမှာ နို့တိုက်၍သာ နှစ်သိမ့်လိုက်ရသည်။

တည်းခိုခန်းရောက်၍ နားပြီးမှ ခင်ပွန်းဖြစ်သူအား–

''ကိုနိုင့်အဖေက ဘာပြောလို့ ဒီလောက် စိတ်ဆိုးရတာလဲ''

လေအေးကလေးဖြင့် မေးရ၏။ ကိုနိုင်မှ–

''မင်းမိန်းမက . . .ဒီဘုရားကျောင်းဆောင်လုပ်တာ နယ်ချဲ့တာကွ''

ဟု ပြောခြင်းကြောင့် စိတ်ဆိုးပြီး ချက်ချင်းဆင်းလာခဲ့ကြောင်း ခပ်တိုတိုပြောပြ၏။

''ဖြစ်မှဖြစ်ရလေ''

သက်ထားရွတ်မိ၏။ အိမ်ပေါ်ထပ်

ဘုရား. . .ဘုရား၊
ဘုရား၀င်ဗီရိုလေး
၀ယ်မိသည့်အပြစ်က
အိမ်ကထွက်သွားရတဲ့အထိ
ဖြစ်စရာလား...



ကိုယ့်အခန်းလေးထဲတွင် အေးအေးဆေးဆေး အာရုံပြုရှိခိုးချင်၍ ပူဇော်လိုခြင်း ဖြစ်သည်။ သည်စကားမျိုး ပြောစရာတဲ့လား။ သက်ထား စဉ်းစားရင်း စိတ်မကောင်းခြင်းများစွာ ဖြစ်ရလေသည်။

ခုတော့ ဒီနယ်ချဲ့တယ်ဆိုတဲ့ စကားကြောင့် သက်ထား သားနှစ်ယောက် ခရီးပန်း၍ တည်းခိုခန်းလေးထဲတွင် ဒုက္ခရောက်နေရှာပေပြီ။ ရှေ့ဆက် ဘယ်လောက်များ ဒုက္ခရောက်ကြလေမလဲဟု တွေးမိရင် သက်ထား ရင်မောမိသည်။

''ကို့ကို ယုံတယ်မဟုတ်လား သက်ထား၊ ကို ကြိုးစားမှာပါ၊ သက်ထားတို့ ဘဝလေးတွေလုပ်ဖို့ ကို ကြိုးစားမယ်''

ကိုနိုင့်စကားကြောင့် သက်ထား ဒုက္ခတွေကြားမှ ပီတိဖြစ်ရသေးသည်။

x x x x x x x

သည်စကားသည် အိမ်ထောင်ကျကတည်းက သက်ထားအကြားချင်ဆုံးသော မျှော်လင့်နေသော စကားမဟုတ်ပါလား။ အို–သက်ထားဘဝ ထိုခဏအတွင်း ပြောင်းလဲသွားပြီလား။ သည်လိုတော့လည်း သက်ထား ကျေနပ်ရမည်။ လင့်တစ်ယောက်နှာ တစ်ရွာထင်၍ ကိုနိုင်ခေါ်ရာ လိုက်ခဲ့သည်မှာ သားကြီးတစ်သက်မကပြီပဲ။ ကိုနိုင် ထားရာနေ စေရာသွားဘဝမှာ သန်းခေါင်ထက် ညဉ့်မနက်ပါ။ သက်ထား အကျေနပ်ကြီး ကျေနပ်သွားသည်။

ကိုနိုင် သတ္တိတွေရှိလာပြီပဲဟု ရင်၌ ကြည်နူးရင်းဖြင့် တည်းခိုခန်းတွင် တစ်ပတ်ခန့်ကြာလာ၏။

''ကိုတို့နေဖို့ တိုက်ခန်းအရင်ငှားမှ ဖြစ်မယ်''

သူဆုံးဖြတ်ချက်အတိုင်း ကိုနိုင် တိုက်ခန်းငှားဖို့ ထွက်သွားလေသည်။ အို…သက်ထားမှာ ကြည်နူးလို့ပေါ့။ ကလေးတွေနှင့် ပင်ပန်းသည်မရှိဘဲ အခန်းကျဉ်းလေးထဲ ဖြစ်သလို နေထိုင်နေလိုက်သည်။ တစ်နေကုန် ထွက်သွားသော ကိုနိုင်သည် ညနေ မိုးကြီးချုပ်မှ ပြန်လာသည်။ ကိုနိုင့်ဆီက ဝမ်းသာစရာ စကားကို ကြားချင်နေမိသည်။

''တိုက်ခန်းရခဲ့လားဟင်''

သက်ထား အလျဉ်လိုစွာဖြင့် တွေ့တွေ့ချင်းပင် မေးမိ၏။ ကိုနိုင့်မျက်နှာ မသာမယာနှင့်–

''တိုက်ခန်း မရှာဖြစ်ပါဘူးကွာ''တဲ့။

''ဟင်…ဘယ်လိုဖြစ်လို့လဲ၊ တိုက်ခန်းသွားရှာတာ တစ်နေကုန်ပဲဟာ''

''ဟုတ်တယ်…သွားတုန်းကတော့ တိုက်ခန်းသွားရှာတာပဲ၊ ဒါပေမဲ့ အမေနဲ့ တွေ့နေလို့ အမေက တို့ကိုလိုက်ရှာနေတာနဲ့ရော၊ လိုက်ခေါ်တာကွ''

သွားပြီ၊ သက်ထား မှန်းချက်နှင့် နှမ်းထွက် မကိုက်တော့ပြီ။ စိတ်ကူးတွေလည်း လေထဲလွင့်သွားချေပြီ။ သက်ထားမှ–

''ဒါဆို စဉ်းစားအုံးမယ်''

ဟု မယုတ်မလွန် ပြန်ဖြေလိုက်သည်။ သို့သော် ကိုနိုင်နှင့် သူအမေက အမျိုးမျိုး ချော့ခေါ်ကြပြန်ရာ ရန်ကုန်တွင် ဆယ်ရက်မျှနေပြီးသည့်အခါ သက်ထားတို့အားလုံး နယ်သို့ပြန်ပါသွားခဲ့ရပြန်သည်။

အိမ်ပြန်ရောက်မှ ထိုဘုရားကျောင်းဆောင်ကလေးကို တရိုတသေပူဇော်ခဲ့သည်မှာ ရန်ကုန် မပြောင်းရှေ့ခင်အထိပင်။ ရန်ကုန်ရောက်မှ အလှဆုံး၊ အကောင်းဆုံး ဘုရားကျောင်းဆောင်ကို ရွေးချယ်၍ ပူဇော်မည်ဟု သက်ထားတွေးခဲ့သည်။ သို့ရာတွင် ထင်တိုင်းမပေါက်နိုင်သေးသဖြင့် သက်ထား စိတ်လျှော့ထားရသည်။

x x x x x x x

တာမွေစျေးအနီးတွင် ဘုရားကျောင်းဆောင် လှလှလေးများတွေ့၍ အားကျငေးမောရင်း ဆိုင်တစ်ဆိုင်အတွင်းသို့ ဝင်ရောက်မေးမိသည်။

''ဒီဘုရားကျောင်းဆောင်လေးတွေ စျေးဘယ်လောက်လဲ''

''အကြီးက တစ်သိန်းကိုးသောင်းပါ အစ်မ၊ အသေးက တစ်သိန်း တစ်သောင်းပါ၊ လျှော့ပေးပါ့မယ်''

''စျေးမေးတာနော်''

သက်ထားက လေသံပျော့ဖြင့် ထွက်လာခဲ့ရသည်။

''အင်း…ဝယ်နိုင်မှာပါ၊ ဝယ်ဖြစ်အောင်ကို ဝယ်မယ်''

သက်ထား အားတင်း၍ ဆုံးဖြတ်လိုက်သည်။ လှလိုက်တာမှ တော်တော့်ကိုလှပါ

သက်ထား သားနှစ်ယောက် ခရီးပန်း၍ တည်းခိုခန်းလေးထဲတွင် ဒုက္ခရောက်နေရှာပေပြီ။ ရှေ့ဆက် ဘယ်လောက်များ ဒုက္ခရောက်ကြလေမလဲဟု တွေးမိရင်...



သည်။ ဘုရားကျောင်းဆောင်အကြီးကို မျက်စိတိုးသည်။ အကြီးကြီးကို ဝယ်နိုင်ရင် ကောင်းမှာဟုတွေးရင်း–

''အင်း···အသေးလေးလည်း မဆိုးပါဘူး၊ ငါတတ်နိုင်တာက အသေးလေးလောက်ပဲ တတ်နိုင်တာ''

ဟု စိတ်ဖြေသော်လည်း ဘုရား ကျောင်းဆောင်အကြီးသည် သက်ထား မျက်စိထဲမှ မထွက်တော့ချေ။

သို့နှင့်ပင် ငွေများ အကြောင်းအမျိုးမျိုးနှင့်ထွက်လေရာ သက်ထား၏ ဘုရားလေးများသည် ကျောင်းဆောင်မဲ့စွာဖြင့် စံနေတော်မူကြရသည်။ သက်ထား စိတ်မကောင်းဖိပါ။ ငါ့နယ် ဘုရားကျောင်းဆောင် ဝယ်မယ်ကြံရင် အကြောင်းအမျိုးမျိုးနဲ့ပါလား။ ငါ့ကုသိုလ်နယ်ဟု တွေးမိရင်း ဘုရားရှင်တို့ကို အားနာစွာ ကြည်ညိုနေမိရသည်။

အခြား တိုက်ခန်းလေးများရှိ ဘုရားကျောင်းဆောင်ကလေးများကို အားကျကြည်နူးစွာ ကြည့်မိတိုင်း ငါလည်း သိပ်မကြာခင်အတွင်းမှာ ဘုရားကျောင်းဆောင် လှလှလေး ဝယ်ဖြစ်တော့မှာပါဟု ကိုယ့်ကိုယ်ကိုယ် မာန်တင်၍ အားပေးကာ ဆုတောင်းနေမိပါတော့သည်။

''သဒ္ဓါနောက်ကို အသပြာမလိုက်နိုင်တဲ့ဘဝမို့ ခွင့်လွှတ်ပါဘုရား၊ ဘုရားကျောင်းဆောင်ကလေး အမြန်ဆုံး ဝယ်နိုင်အောင် ကယ်မတော်မူပါဘုရား''။

ရွှေသုန်(စီးပွားရေးတက္ကသိုလ်)



စက်က မမှားပါ

ကုမ္ပဏီက အရောင်းကိုယ်စားလှယ်တစ်ဖွဲ့ဟာ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဆီ ချဉ်းကပ်ပြီး သူတို့ကုမ္ပဏီကထုတ်လုပ်တဲ့ နောက်ဆုံးပေါ် လျှပ်စစ်ဦးနှောက်စက်ကိုရောင်းဖို့ ကြိုးစားနေကြတယ်။ စက်ပစ္စည်းရဲ့ ''စွမ်းအား''ကို အမျိုးမျိုးရှင်းလင်းသရုပ်ပြပြီးတဲ့နောက်–

''လုပ်ပါ၊ ဆရာမေးချင်တဲ့မေးခွန်းမေးပါ၊ ဒီစက်က ချက်ချင်း အဖြေထုတ်ပေးပါလိမ့်မယ်''လို့ ပြောတယ်၊

သူဌေးကြီးက တစ်ခုခုကို အလေးအနက်စဉ်းစားပြီး မချိမချဉ် မျက်နှာပေးနဲ့ မေးခွန်းတစ်ခုမေးတယ်–

''ကျုပ်အဖေ ဘယ်ရောက်နေသလဲလို့ စက်ကိုမေးပေးစမ်းပါ''တဲ့။

စက်အဖွဲ့က စီစဉ်ထားတဲ့ အပေါက်ပါတဲ့ ကတ်ပြားလေး တစ်ပြားကို စက်ထဲထည့်လိုက်တယ်။ စက်က ကတ်ပြားလေးကို ဆွဲယူပြီး အသံတစ်ချက် မြည်လိုက်တယ်။ ပြီးတော့ မကြာခင်ပဲ ကတ်ပြားလေးကို ပြန်ထုတ်ပေးတယ်။ ကတ်ပြားပေါ်မှာက–

''မေးခွန်းရှင်ရဲ့ အဖေဟာ စိန့်အင်ဒရူး (St.Andrews) ကွင်း၊ တီခုံအမှတ် ၉ (9th tee) တွင် ယခုအချိန် ဂေါက်ရိုက်နေသည်''လို့ ရေးထားတယ်။

သူဌေးကြီးက မကျေမနပ်နဲ့ ငေါ်တယ်။

''အေးလေ၊ ကောင်းကင်ဘုံမှာ ဂေါက်ကွင်းရှိမယ် ထင်တယ်၊ ဒါပေမဲ့ စိန့်အင်ဒရူးကတော့ ကောင်းကင်ဘုံ မရောက်လောက်သေးပါဘူး၊ ကျုပ်အဖေက ဆုံးသွားပြီ''ဆိုပဲ။



မောင်သီဟ

နောက်တစ်ကြိမ် အဲဒီသတင်းအချက်အလက်နဲ့ ကတ်ပြားမှာ ရိုက်ပြီး စက်ထဲပြန်ထည့်လိုက်တယ်။ စက်အဖြေ ပြန်ထွက်လာတာက–

''မေးခွန်းရှင်၏ မိခင်၏ ခင်ပွန်းယောကျ်ားမှာ အမှန်တကယ် ကွယ်လွန်သွားပြီဆိုခြင်းမှာ မှန်ပါသည်။ မေးခွန်းရှင်၏ အဖေမှာမူ ယခုအချိန် စိန့်အင်ဒရူးဂေါက်ကွင်း တီခုံအမှတ်(၁၀) တွင် ဂေါက်ရိုက်နေသည်''တဲ့။ ။

ဖရဲကျွန်း

သင်္ဘောကြီးနဲ့-အာ-နဲ့လုံး

ကျွန်မ၏ အစ်မဝမ်းကွဲအမည်မှာ မရဲမေ ဖြစ်ပါသည်။ အမျိုးသမီးအမည်များတွင် အနည်းငယ်ရှားပါးသည့် အမည်အမှတ်သညာတစ်ခုအတွက် ရှေ့က 'မ' တပ်ထားခြင်းကြောင့်သာ မိန်းကလေးဟု သိရသည်။ 'ရဲ'ဆိုသော စကားလုံးသည် ကျွန်မတို့မိန်းမသားများနှင့် အလှမ်းဝေးလှ၏။



ယောကျ်ားသားများကို ရည်ညွှန်းလေ့ရှိသည့် ရဲစွမ်းသတ္တိ၊ သူရဲကောင်း၊ ရဲရင့်သူစသည်ဖြင့် အကြောင်းတရားတို့၏ ပြယုဂ်ဖြစ်သော 'ရဲ'ဆိုသော စကားသည် ကျွန်မအစ်မ မရဲမေအတွက် အဘယ်အဓိပ္ပါယ်နှင့် ရှေ့ဆောင်နေပါသနည်း။ 'မေ'ဆိုသော စာလုံးတစ်ခုအတွက်သာ မိန်းမသားဆန်သော နုထွေးညံ့သက်မှုမပါခဲ့လျှင် ဤမရဲမေဆိုသော ကျွန်မအစ်မ၏ ပုံသဏ္ဌာန်စရိုက်သည် ခပ်မိုက်မိုက်စရိုက်ထဲတွင် ဆိုပါစို့။

တစ်အူထုံ့ဆင်း ညီအစ်မအရင်းမဟုတ်သော်ငြား လူမှန်းသိစကပင် မိဘနှစ်ပါး ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ပြီး ကျွန်မတို့အိမ်သို့ ရောက်လာသည့် ကျွန်မအမေ၏ တူမရင်းခြာ မရဲမေပါ။ မွေးချင်းအစ်ကိုများသာရှိ၍ အစ်မလိုချင်နေမိသော ကျွန်မအတွက် တစ်ယောက်တည်းသော မမကြီးပါ။ မမကြီး ရောက်လာခြင်းအတွက် ဝမ်းသာပျော်ရွှင်နေသောစိတ်ဖြင့် ချစ်ခင်ကြင်နာမှုကို ရောထွေးပြလိုသည့် ကျွန်မမှာ စားစရာပဲကြီးလော်နှင့် ထန်းလျက်ခဲများ ကျွေးရင်း ရင်းနှီးမှုယူရန် ကြိုးစားလိုက်မိပါသည်။

''မမကြီး···ပဲကြီးလော်နဲ့ ထန်းလျက်စားနော်''

''မစားဘူး၊ နင့်ပစ္စည်းတွေ ပြန်ယူသွား''

တင်းမာခက်ထန်သည့်မျက်လုံးအကြည့်များနှင့် ဒေါသကြီးနေတတ်သော မမကြီးကို ကျွန်မ အရောမဝင်နိုင်ခဲ့ပါ။ မရယ်မပြုံးနှင့် တည်တင်းနေတတ်သော မျက်နှာထားနှင့် သူမ၏ ဘာသိဘာသာ နေတတ်မှုများကြောင့်လည်း ခွဲခြင်နွဲ့ချင်၊ ခရာချင်သော ကျွန်မမှာ သူနှင့်မဆုံမိအောင်သာ ရှောင်ဖယ်နေလိုက်ပါသည်။

ကျွန်မတို့၏ ရောနှောမရသော ဆက်ဆံရေးမှာ ရွာမှ ဘုန်းတော်ကြီး စာသင်ကျောင်းတွင် ရောသမမွှေ ဖြစ်ခဲ့ရသည်။ ဝလုံးတန်း၊ သူငယ်တန်းလေး၊ သူငယ်တန်းကြီးနှင့် ပထမတန်းတို့တွင် ဘုန်းဘုန်းသင်သည့် စာသင်တန်းများဖြစ်ပြီး နှစ်တန်း၊ သုံးတန်းနှင့် လေးတန်းကျောင်းသားများကိုမူ ရွာ၏ တစ်ဦးတည်းသော ကျောင်းဆရာဖြစ်သည့် ဆရာလေး ကိုလှမောင်က သင်ကြားပေးပါသည်။ မမကြီးနှင့် ကျွန်မသည် အတန်းတူမဟုတ်သော်လည်း အခန်းတူ (ဝလုံးတန်းမှ ပထမတန်းအထိ တစ်စုတစ်ဝေးတည်း ထိုင်ရပါသည်) ညီအစ်မများဖြစ်ကြပါသည်။ အိမ်တွင် အနေစိမ်းလှသော မမကြီးသည် စာသင်ကျောင်းတွင်မူ ကျွန်မအနားတွင် ထိုင်ပါသည်။ အသက် ရှစ်နှစ်အရွယ်ခန့် ဝလုံးတန်းသူ မမကြီးသည် ပတ်ဝန်းကျင်သစ်တွင် စိုးရွံ့အားငယ်စိတ်တို့ဖြင့် အစဉ်သဖြင့် နူတ်ဆိတ်နေတတ်၏။

ကျောင်းတက်ရက် မကြာသေးသဖြင့် ကျောက်တံကို ဖြောင့်တန်းစွာကိုင်ပြီး စာမရေးတတ်သေးသော မမကြီးသည် ဆော့သည့်အရာတွင်မူ ထူးချွန်လှပါသည်။ ထုပ်စည်းတိုးကစားသည့် အဖွဲ့များ၊ ဖန်ခုန်သည့်အဖွဲ့များ၊ ရှုပ်ဒိုးပစ်သည့် အဖွဲ့များက မမကြီးအား လိုလိုလားလားရှိကြသည်။ အတူကစားသည့် တစ်ဖွဲ့သားလုံး မည်မျှရှုံးနေစေကာမူ မမကြီးတစ်ယောက်တည်းနှင့် ကူ၍ရသောကြောင့်ဖြစ်သည်။

ထိမှာခိုက်မှာနှင့် နာကျင်မှုများကို မကြောက်တတ်သော တော်ရုံယောကျ်ားလေးများကိုပင် ခြေခွင်ချရဲသော ကျွန်မအစ်မ မရဲမေ။ ကြောက်လန့်ထိတ်လန့်သည့် အမူအရာခံစားချက်မျိုး မည်သည့်အခါမျှ မရှိခဲ့ဖူးသည့် မမကြီးသည် ကျောင်းတက်ရက်များ မကြာမီတွင် ဘုန်းဘုန်း၏ စစ်မေးခြင်းနှင့် ဆုံတွေ့ရပါတော့သည်။

''မနက်ဖြန် အလီပြန်ရမယ်''

ဆိုသည့် မိန့်မှာစကားအရ ကျွန်မအလီများကျက်နေစဉ် မမကြီးမှာ ဒိုးပစ်နေဆဲပင်။ ဝလုံးတန်း ကျောင်းသားများမှာ အလီမပြန်ရပါ။ ထို့ကြောင့်ပင် မမကြီးသည် စိတ်အေးလက်အေး ဆော့ကစားနေနိုင်ပါသည်။ အလီပြန်ဆိုမရခဲ့သော် ကြိမ်သံတဖြန်းဖြန်းပေးတတ်သော ဘုန်းဘုန်းအကြောင်းကိုသိသည့် ကျွန်မကတော့ မမကြီး ဆော့နေသည့်ဘက်ကို မျက်နှာပင် မမူအားခဲ့ပါ။ ကျွန်မတို့ အလီပြန်သည့် နည်းစနစ်မှာ အလီဆိုရမည့်သူများ ဝိုင်း၍ မတ်တပ်ရပ်ပြီး အစဉ်းတစ်ယောက်က နှစ်တစ်လီနှစ်ဟု စဆိုလိုက်သည်နှင့် ဘေးမှတစ်ယောက်က နှစ်နှစ်လီလေး၊ နောက်ဘေးမှတစ်ယောက်က နှစ်သုံးလီခြောက်စသည်ဖြင့် ဝိုင်းကြိုးပတ်ပတ် အလှည့်ကျ

အစဉ်းတစ်ယောက်က
နှစ်တစ်လီနှစ်ဟု
စဆိုလိုက်သည်နှင့်
ဘေးမှ တစ်ယောက်က
နှစ်နှစ်လီလေး၊
နောက် ဘေးမှတစ်ယောက်က
နှစ်သုံးလီခြောက်
စသည်ဖြင့်···

ဆိုရခြင်းဖြစ်ပါသည်။ မိမိ မည်သည့်အလီပိုဒ် ရောက်မည်ကို သိထားရန်အတွက် အခြားသူများ အလီဆိုနေစဉ်တွင် ကျန်သူများကလည်း တိုးတိုးဖွဖွ လိုက်ဆိုနေကြရသည်။ သို့မှသာ မိမိအလှည့်အရောက်တွင် သွက်လက်မှန်ကန်စွာ ဆိုနိုင်မည်ဖြစ်သည်။

ဘုန်းဘုန်းသည် ကျွန်မဘေးတွင် ငြိမ်သက်စွာထိုင်နေသော မမကြီးအား ကျွန်မတို့နှင့်အတူ အလီဆိုစေရန် ထခိုင်း၏။ မမကြီးက ကြောက်လန့်တကြားနှင့် လက်ပိုက်၍ မတ်တပ်ထရပ်ပြီး ထိတ်လန့်သော အမူအရာနှင့် ကျွန်မကို အားကိုးတကြီးကြည့်ရှာသည်။ ကျောင်းတက်သည်မှာ မကြာသေးကြောင်း၊ ဝလုံးတန်းမှ ကျောင်းသူဖြစ်ကြောင်း မမကြီးကိုယ်တိုင်သော် လည်းကောင်း၊ ကျွန်မတို့သည်လည်းကောင်း ဘုန်းဘုန်းအား မပြောခဲ့ကြပါ။ မျက်လုံးအိမ်ထဲတွင် မျက်ရည်များပြည့်လျှမ်း၍ နူတ်ခမ်းလေးများ တဆတ်ဆတ်တုန်လာပြီး အသံထွက်မလာသော မမကြီးအနားသို့ ဘုန်းဘုန်း ရောက်ရှိသွားသောအခါ ကျွန်မကပင် အရဲစွန့်၍ ဘုန်းဘုန်းအား လျှောက်ထားလိုက်ရပါသည်။

''ဘုန်းဘုန်းဘုရား...သူက ကျောင်းသူ အသစ်ပါ ဘုရား။ ခုမှ ဝလုံးတန်း တက်နေတာပါ ဘုရား။ အလိမ္မဆိုတတ်သေးပါ ဘုရား''

ကျွန်မ၏ တင်လျှောက်ချက်ကိုကြားသော ဘုန်းဘုန်းမှာ အနည်းငယ်အံ့အား သင့်သွားပြီးလျှင်–

''လူကောင်ကကြီးနေပြီ၊ နောက်နေ့တွေ အလီကျက်၊ ကျေးဥကို သင်ခိုင်း၊ ကျေးဥကလည်း သင်ပေး၊ ကြားလား''

ဟု မိန့်ဆိုပြီး လက်ထဲကိုင်ထားသော တုတ်ကို တဆဆလုပ်ရင်း–

''အလီမရရင် ဒီမှာတွေ့လား တုတ်၊ ဒီတုတ်က အလီမရတဲ့သူတွေ၊ စာမကျက်တဲ့သူတွေကို ရိုက်တာ၊ နမ်းကြည့်စမ်း၊ တုတ်မှာ ဘာစော်နံလဲ''

ဘုန်းဘုန်းအမေးကို ဘာပြန်ပြောရမှန်း မသိသည့် မကြီးသည် သနားစဖွယ် မျက်နှာငယ်နှင့် ကျွန်မကို စစ်ကူတောင်းသလို လှမ်းကြည့်ပြန်ပါသည်။ ကျွန်မက ဘုန်းဘုန်းမပြင်နိုင်စေရန် နောက်သို့အနည်းငယ် ဆုတ်၍ လေသံဖြင့်–

''လူစော်နံတယ်ပြော''

ဟု တီးတိုးသင်ပေးလိုက်သည်။

ကျွန်မစကားအား မည်သို့ကြားသည်မသိ၊ ဘုန်းဘုန်းမှ–

''ဒီတုတ် ဘာစော်နံလဲ''

ဟု ထပ်အမေးတွင် မကြီးသည် ကျယ်လောင်သောအသံနှင့်–

''တုတ်က ချီးစော်နံပါတယ်ဘုရား''

ဟု ပီပီသသဖြေလိုက်ရာ ကျောင်းဝင်းတစ်ခုလုံး ရယ်မောသံကြီးက ပွက်ပွက်ညံသွားပါတော့သည်။ ထိုရယ်သံများနှင့်အတူ မကြီး မရဲမေလည်း မတ်တပ်အနေအထားမှ ပြုံလဲကျသွားပြီး မျက်ဖြူလန်၍ တဂစ်ဂစ်နှင့်တက်ကာ သတိလစ်သွားပါတော့သည်။

ဘုန်းဘုန်းမှာလည်း ငိုအားထက် ရယ်အားသန်ဖြစ်ကာ မကြီးအား ကျောင်းသူအကြီးများနှင့်အတူ အတက်ကျစေရန် ပြုစုပေးပြီး သတိပြန်လည်လာမှ ကျောင်းပေါ်သို့ ပြန်ကြွသွားပါသည်။ ထိုဖြစ်စဉ်၏ နောက်ပိုင်းတွင် မကြီးအား ကျောင်းတက်ခိုင်း၍ မရတော့ပါ။

ကျွန်မတို့မိသားစု မြို့သို့ပြောင်း၍ အလယ်တန်း အထက်တန်းပညာ ဆည်းပူးနေချိန်တွင် မကြီး မရဲမေလည်း အိမ်ထောင် ကျသွားခဲ့ပါပြီ။ အိမ်ထောင်ကျပြီး ဈေးရောင်းနေသော မကြီးသည် ရံဖန်ရံခါ ကျွန်မဆီသို့ရောက်လာပြီး သူ့ခင်ပွန်း၏ ဈေးမှာသောစာရင်းကို ကျွန်မနှင့် ကျွန်မအမေအား လာရောက်ဖတ်ခိုင်းတတ်ပါသည်။

၁၉၈၁ ခုနှစ်တွင် တစ်နိုင်ငံလုံး စာမတတ်သူ ပပျောက်ရေးအစီအစဉ်ဖြင့် 'အ' သုံးလုံးသင်တန်းများ ဖွင့်လှစ်သင်ကြားရန် တက္ကသိုလ်ကောလိပ်အသီးသီးမှ လုပ်အားပေးများ ကျွန်မတို့ပတ်ဝန်းကျင် အသီးသီးသို့ ရောက်လာကြသည်။ ကျွန်မသည် မြို့ခံလုပ်အားပေးတစ်ဦးပီပီ စာမသင်ချင်သူများကို ချော့တစ်ခါ ခြောက်တစ်လှည့်ဖြင့် စည်းရုံးသိမ်းသွင်းနိုင်ခဲ့၍ ကျွန်မတို့ သင်ကြားရေးစခန်းသည် အခက်အခဲအနည်းငယ်မျှသာ ရင်ဆိုင်ခဲ့ရပြီးနောက် အဆင်ပြေ ချောမွေ့ခဲ့သည်။

သို့သော်...ကျွန်မ အစ်မ မရဲမေကို သော ကျွန်မတို့ရွာမှ သင်တန်းသင်တင်းသည် ကျွန်မဆီသို့ အဆင်မပြေ၊ မချောမွေ့စွာ ရောက်လာခဲ့ပါသည်။

''ဒေါ်ရဲမေတစ်ယောက် ညနေ ၆နာရီ စာသင်ခေါင်းလောင်းထိုးပြီဆိုရင် သတိလစ်ပြီး တဂစ်ဂစ်နဲ့ တက်သွားတော့တာပဲ''

ကြားရသည့် သတင်းစကားအတွက် ကျွန်မ စိတ်မကောင်းနိုင်ပါ။ ဈေးရောင်း၍ အသက်မွေးဝမ်းကျောင်း ပြုနေရသော မမကြီးအား စာတတ်စေချင်လှပါသည်။ ကျွန်မသည် သင်ကြားရေးစခန်းမှ ခွင့်တောင်း၍ မမကြီး သင်တန်းတက်နေသောရွာသို့ ရောက်ခဲ့ပါတော့သည်။

မမကြီးသည် ကျွန်မရောက်လာသည်နှင့် ဈေးရောင်းဖျက်၍ ဟင်းစားရှာထွက်၏။ ရလာသည့် လတ်လတ်ဆတ်ဆတ် သားငါးများကို ကိုယ်တိုင်ချက်ပြုတ်ကျွေးပြီး ရယ်စရာ၊ မောစရာ စကားလုံးများဖြင့် ရွှင်မြူးသွက်လက်နေသော မမကြီးသည် ညနေစောင်းချိန်ကျလျှင်မူ လေးလံထိုင်းမှိုင်းသော အသွင်ဖြင့် မရွှင်မပျဖြစ်သွားပါတော့သည်။ ကျွန်မက သူ့အကြောင်းကို မသိဟန်ဆောင်၍–

''မမကြီး...သင်တန်းသွားမယ်လေ၊





စာသင်ချိန်များတွင်မူ
စာဘက်သို့ အာရုံစိုက်၍
လေးလေးနက်နက်
မှတ်သားပါသည်။
ဝထကလသ ဆိုသော
စာလုံးများကို သိနေ၏။
သင်တန်းချိန်တိုင်း
တက်တတ်၍
ဘာတစ်ခုမျှမသိဟု...

ညီမပါ လိုက်ခဲ့မယ်''

''သင်တန်းမသွားချင်ဘူး၊ ဒီနေ့ နားမယ်''

ဟု ငြင်းဆန်ပါသည်။

မကြာမီ ကျေးရွာလူကြီး ရောက်ရှိလာ၍ သင်တန်းသွားရန် အတင်းခေါ်သော်လည်း မကြားဟန်ပြုနေပါသည်။ ကျွန်မကာရွာလူကြီးအား သွားနှင့်ရန် လက်ဟန်ပြပြီး မမကြီးအား ဖက်တွယ်ကာ ချော့ရပါသည်။ အတန်ကြာသည့်အခါတွင်မှ ခေါင်းညိတ်သဘောတူပြီး စာအုပ်၊ ကျောက်သင်ပုန်းများ ယူပြီးထွက်ခဲ့ပါသည်။

လမ်းတစ်လျှောက်တွင် ကျွန်မအား သာကြောင်း၊ မာကြောင်းမေးသည့် ရပ်ဆွေရပ်မျိုးများကို ပြန်လည်နှုတ်ဆက်ရင်း သင်တန်းသို့ ရောက်သည့်အချိန်တွင် ညနေ ၆ နာရီထိုးခါနီးပါပြီ။

''ညီမလေး...မမကြီးအနားမှာပဲနေနော်''

ဟု ကလေးငယ်တစ်ယောက်လိုတောင်းဆိုရှာ၏။ စာသင်ချိန်များတွင်မူ စာဘက်သို့ အာရုံစိုက်၍ လေးလေးနက်နက် မှတ်သားပါသည်။ ဝထကလသ ဆိုသော စာလုံးများကို သိနေ၏။ သင်တန်းချိန်တိုင်း တက်တတ်၍ ဘာတစ်ခုမျှမသိဟု ထင်ထားသော ကျွန်မမှာ အံ့အားသင့်ရသည်။

''မမကြီး...အဲဒီ ဝထကလသ ကို ဘယ်တုန်းက ဆိုတတ်တာလဲ''

''ဓာတ်စက်နဲ့ဖွင့်သံကြားကတည်းက သိတာ''

ဟု ဖြေပါသည်။

ကျွန်မနှင့်ရှိနေသော မမကြီး၏ စာသင်ချိန်များသည် စိတ်ဝင်စားစရာကောင်းလှ၏။ သင်ကြားမှုအပေါ် စွာန်ဝင်နေသော မမကြီးကိုကြည့်၍ ကျွန်မဝမ်းသာလှသည်။ ဆရာမလေးများသည် ပျော်ရွှင်နေ၏။ ကျွန်မနှင့်အတူရှိနေသော မမကြီးမှာ ခေါင်းလောင်းထိုးချိန်များတွင် ယခင်ကလို သတိလစ် တက်ခြင်းမျိုးမရှိတော့ပါ။ မမကြီးအသားတကျနှင့် စာရေးစာဖတ်မှန်လာ၍ ကျွန်မပြန်ခါနီးတွင် မမကြီးအား တီးတိုးမေးကြည့်ခဲ့သည်။

''မမကြီး...ခေါင်းလောင်းသံကြားရင် ဘာလို့တက်တာလဲ''

''ရှက်လို့''

ကျွန်မသည် ဘုန်းတော်ကြီးကျောင်းမှ အဖြစ်အပျက်ကို ပြန်လည်အမှတ်ရခဲ့မိသည်။ အရွက်သည်းတတ်သော၊ အရွက်သည်းလာလျှင် ထူးဆန်းစွာ သတိလစ်တတ်သော ကျွန်မ၏အစ်မ ဒေါ်ရဲမေသည် တတ်မြောက်လွယ်သော ဉာဏ်ရည်ဉာဏ်သွေးများဖြင့် ကျွန်မပြန်သွားပြီးသည့်နောက်ပိုင်းတွင်လည်း စာသင်မပျက်၊ သတိလစ်၍ တက်ခြင်းများလည်း မရှိတော့ပါ။

ကျွန်မအစ်မအတွက် နှလုံးစိတ်ဝမ်းချမ်းမြေ့ခဲ့ရသော ကျွန်မသည် မြို့ပေါ်သင်တန်းသို့ ပြန်ရောက်သည့်အခါ သင်တန်းအသီးသီးသို့ သင်ကြားရေးစစ်ဆေးမှုများ ပြုလုပ်ပြီး ထူးချွန်သူများနှင့် ထူးချွန်အောင် သင်ပြနိုင်သူတို့အား ဆုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းကြားရပါသည်။ ကျွန်မတာဝန်ယူရသော သင်တန်းစခန်းတွင် သင်တန်းသူအများစုသည် သွက်လက်ချက်ခြာ၍ ဉာဏ်ကောင်းသူများဖြစ်သည်မို့ စိတ်ပူစရာမလိုဘဲ အေးဆေးစွာ အစစ်ဆေးခံရန် အသင့်ရှိချိန်တွင် ဒေါ်ရဲမေရှိသော သင်တန်းစခန်းမှ ကျေးရွာလူကြီးတစ်ဦး ကျွန်မဆီသို့ ရောက်ရှိလာပါသည်။

''ဆရာမ...ဆရာမ အစ်မကြီးဆီလိုက်ခဲ့ပါအုံးဗျာ၊ သင်တန်းမှာ ထူးချွန်သူအဖြစ် သူ့ကိုရွေးထားတာ၊ စစ်ဆေးရေးလာခါနီးကျမှ ပြဿနာတက်နေတယ်''

သင်တန်းထူးချွန်သူအဖြစ် ရွေးချယ်ခံထားရသဖြင့် မမကြီးကိုကြည့်ရသည်မှာ တက်ကြွလန်းဆန်းနေပါသည်။ သွက်လက်ဖျတ်လတ်၍ သင်ကြားမှုအပေါ် စိတ်ဝင်စားတတ်သော၊ တတ်မြောက်လိုစိတ်ရှိ၍ အကင်းပါးပြီး ဖြတ်ထိုးဉာဏ်နှင့် အရာရာကို အရိပ်အကဲနားလည်တတ်သော မမကြီးအား စစ်ဆေးရေးများလာလျှင် အဓိက မေးတတ်သည့် ဝါကျလေးများကို ထပ်ခါထပ်ခါ ပြန်ဆိုစာလုံးပေါင်းစေပါသည်။

အဘထ၊ မမက၊ လာပါ၊ ဗလ၊ ဝန စသည်ဖြင့် သင်ပုန်းကြီးတွင်ဖတ်စေ၏။ မမကြီးသည် စာလုံးအားလုံးနီးပါး အထစ်အငေါ့မရှိ လွယ်ကူစွာဖတ်နိုင်ပါသည်။ သို့သော် ဓအောက်ချိုင့်ရေ၀၊ နငယ်ရေနဟူသော 'ဝန'စာလုံးကိုမူ ဖြောင့်ဖြူးအောင်သင်မရ။ ခဏခဏမေ့၏။ တွန့်ဆုတ်နေ၏။ နှုတ်ထွက် လေးလံလှ၏။

''ဆရာမရယ် . . . ဒေါ်ရဲမေကို အဲဒီ စာလုံးပေါင်းမှတ်မိအောင် သင်ပေးပါအုံး၊ လူကြီးတွေရှေ့ရောက်မှ မေ့နေရင်ဒုက္ခ''

စိုးရိမ်ပူပန်စိတ်ဖြင့် ညည်းညူနေသော ဆရာမလေးများကို ကျွန်မအားနာမိသည်။ မမကြီး၏အကြောင်းကို သိထားသော ကျွန်မသည်လည်း ရုက်တတ်သော မမကြီးအား ပြင်းပြင်းထန်ထန်မပြောရဲပါ။ 'ဓန'ဆိုသော စာလုံးသည် မမကြီးအတွက် အခက်အခဲတစ်ခုဖြစ်သလို ဆရာမများခမျာလည်း ထိုထက်ပို၍ မှတ်မိနိုင်ရန် သင်ကြားနိုင်စွမ်းမရှိတော့ပါ။ ကျွန်မသည် 'ဓန'ဆိုသော စာလုံးအတွက် သင်ထောက်ကူဖြစ်ရန် စဉ်းစား၍ အဖြေရှာရပါတော့သည်။ မှတ်ရလွယ်၍ သင်္ကေတတစ်ခုကို ကျွန်မ သတိရလိုက်ပါပြီ။ ထိုအမှတ်သညာမှာ သာပေါင်းနှင့် ပုသိမ် နေ့စဉ်ခုတ်မောင်းပြေးဆွဲ၍ ကျွန်မတို့ ရွာသို့ အသွားအပြန်ဝင်ရောက်ဆိုက်ကပ်လေ့ရှိသည့် 'ဓန'ဆိုသော သင်္ဘောဖြစ်ပါသည်။

''မမကြီး...ဓနဆိုတဲ့စာလုံးကို မေ့နေရင် သာပေါင်းနဲ့ ပုသိမ်သွားတဲ့ သင်္ဘောနာမည် 'ဓန'ကို မှတ်ထားလေ''

အလွယ်ဆုံးနှင့် အရှင်းဆုံးသင်္ကေတ ဥပမာကို ကျွန်မပြောပြထားပါသည်။

''လူကြီးတွေမေးလို့ မေ့နေရင် ကျွန်မကိုသာ လှမ်းကြည့်နော်''

ကျွန်မသည် သူလှမ်းကြည့်လျှင် မှတ်မိစေရန် သင်္ဘောသွားသကဲ့သို့ လက်ကို ရွေ့လျော၍ လုပ်ပြ၏။ လက်သင်္ကေတအရ 'ဓန'ဆိုသည့် သင်္ဘောကို မှတ်မိနိုင်စေမည်။ မမကြီး၏ အရိပ်အကဲ၊ အကင်းပါးမှုကို ကျွန်မတို့အားလုံး ယုံကြည်စိတ်ချခဲ့ပါသည်။ စစ်ဆေးရေးများသည် မမကြီးတို့၏ သင်တန်းစခန်းမှ စတင်စစ်ဆေးမည်ဖြစ်၍ ကျွန်မသည် မြို့ပေါ်သင်တန်းသို့ မပြန်သေးဘဲ စောင့်နေလိုက်သည်။

သင်ကြားရေးစခန်းသို့ လူကြီးများ ရောက်လာပါပြီ။ မမကြီးသည် သနပ်ခါးများ ဖွေးနေအောင်လူးထားသည်။ ဖြူတစ်ကွက်၊ မည်းတစ်ကွက်ဖြစ်နေသော ဆံပင်ကိုလည်း အုန်းဆီများ ရွဲနစ်နေအောင် လူးထားပြီး ပန်းများကို ဝေနေအောင်ပန်ထားသည်။ မမကြီးတို့အဖွဲ့ကိုကြည့်၍ ကျွန်မတို့အားလုံး ကျေနပ်ပီတိဖြစ်နေပါသည်။ စစ်ဆေးရေး စတင်ပါပြီ။

> လက်သင်္ကေတအရ "ဓန"ဆိုသည့် သင်္ဘောကို မှတ်မိနိုင်စေမည်။ မမကြီး၏ အရိပ်အကဲ၊ အကင်းပါးမှုကို ကျွန်မတို့အားလုံး ယုံကြည်စိတ်ချခဲ့ပါသည်။



မမကြီးသည် စာလုံးပေါင်းများ မှန်ကန်စွာ ဖတ်ပြနိုင်၏။ ထောက်ပြနိုင်၏။ မေးခွန်းများစုံ၍ ပြီးခါနီးအချိန်တွင် 'ဓန'ဆိုသော စာလုံးပေါင်းရန်ဖြစ်သည်။ မမကြီးသည် မှတ်မိသည့်အလား ကျွန်မအား တစ်ချက်လှမ်းကြည့်၏။ ကြုံတင်ညှိနှိုင်းထားသည့် အတိုင်း ကျွန်မ၏ လက်သင်္ကေတကို မှတ်မိသွားသော မမကြီးသည် ရဲဝံ့ပြတ်သားစွာ ရွတ်ဆိုပြလိုက်ပါတော့သည်။

''ဓအောက်ချိုင့်ရေ ဝ၊ နငယ်ရေ န၊ ဇော်မင်း''

စာလုံးပေါင်း၏ အသံထွက်ကို ကြားရသောသူအပေါင်းမှာ ရုတ်တရက် အံ့အားသင့် တိတ်ဆိတ်သွားပြီးလျှင် ဝါးလုံးကွဲ ရယ်မောသံကြီး ကြားရပြီးနောက် မမကြီး ဒေါ်ရဲမေသည်လည်း တဂစ်ဂစ်နှင့် သတိလစ်သွားပါတော့သည်။ မမကြီးအား ယပ်ခတ်ပေးခြင်း၊ ရေတောက်ပေးခြင်းများ လုပ်နေစဉ် သတိလည်လာသော မမကြီးသည် လူအုပ်ကြားမှထ၍ ထွက်ပြေးသွားပါတော့သည်။

ကျွန်မ၏ သင်ထောက်ကူဖြစ်သော ပုသိမ်–သာပေါင်းသွားသည့် သင်္ဘောသည် 'ဓန'တစ်စီးတည်း မဟုတ်ပါ။ 'ဇော်မင်း' ဆိုသည့် သင်္ဘောသည်လည်း ပုသိမ်–သာပေါင်း ပြေးဆွဲနေသည့် သင်္ဘောဖြစ်ပါသည်။ လက်သင်္ကေတကြည့်၍ သင်္ဘောနာမည် အမှတ်လွဲခဲ့သော ဒေါ်ရဲမေသည် ယခုအခါတွင် အိမ်ဆိုင်ဖွင့်၍ ကုန်အမှာစာများကို ကိုယ်တိုင်ရေးသား မှာကြားတတ်သူ တစ်ယောက် ဖြစ်နေပါပြီ။

မည်သို့ဖြစ်စေ ယခုအချိန်တွင်မူ မြန်မာအမျိုးသမီးတိုင်း သက်ကြီးသက်ငယ်ဟု စာသင်ကြားခွင့် ရရှိခဲ့ပြီဖြစ်ပါသည်။ အားလုံး စာတတ်မြောက်လျက် အမျိုးသားများနှင့် နယ်ပယ်အသီးသီးတွင် ပါဝင်ဦးဆောင်နိုင်ခဲ့ပါပြီ။

ကျွန်မနှင့် မမကြီးမရဲမေ၏ တစ်ချိန်ကဖြစ်ရပ်များကမူ ကြည်နူးရယ်ရွှင်ဖွယ်ရာ အမှတ်မှားသော အမှတ်တရများအဖြစ် ကျန်ရှိခဲ့ပါတော့သည်။

မကျေးဥ


အတိုလား အရှည်လား
ဂျလိုကြိုက်တာပြော


Celebrity and SHOWBIZ

ကိုသားကြီး



အရှည်ပဲဝတ်ဝတ်၊ အတိုပဲဝတ်ဝတ် ဘယ်လိုပဲဝတ်ဝတ် ကြည့်ကောင်းတဲ့ သူငယ်မပဲလို့ ဗြိတိန်မီဒီယာတွေက သူမရဲ့အလှကို ညွှန်းဖွဲ့ကြတယ်။ တကယ်တော့ ဂျနီဖာလိုပက်ဇ်ဟာ သစ်ရွက်လှုပ်တာ ရင်ခုန်တတ်တဲ့ ဆယ်ကျော်သက်လေး မဟုတ်တော့ပါဘူး။ ဂျလိုရဲ့ အသက်က ၄၇ နှစ်တောင်ရှိနေပါပြီ။ ဒါပေမဲ့ ဆယ်ကျော်သက်တစ်ယောက်လို နုပျိုလှပနေဆဲဆိုတာ သေချာပါတယ်။ ဒါကို ဒီသီတင်းပတ် Beverly Hills မှာ ဈေးဝယ်ထွက်စဉ် ဂျလို သက်သေပြသွားခဲ့ပါတယ်။ သူမဝတ်ထားတာက ရိုးရိုးလေးပါ။ ဒါပေမဲ့ Peace Love World စာသားပါ ခေါင်းစွပ်အင်္ကျီနဲ့ နေကာမျက်မှန်ဟာ ဆံပင်ကို စုထုံးထားတဲ့ ဂျလိုနဲ့လိုက်ဖက်ပြီး ရှင်းသန့်နေပါတယ်။ အထူးသဖြင့် ကိုကို ကာလသားတွေ ရင်ခုန်ခဲ့ရတဲ့ နောက်ပိုင်း အလှဟာ အသားကပ်ဘောင်းဘီရှည် အောက်မှာ ဆွဲဆောင်မှုရှိနေတုန်းလို့ ချီးမွမ်းရေးသားခဲ့ကြတာပါ။





ကောလာဟလဆိုတာ

နေရောင်မလာခင်ကျတဲ့ နှင်းတွေလိုပါပဲ





''ပျော်ရွှင်စရာ အကောင်းဆုံးမွေးနေ့ဖြစ်ပါစေ။ ငါတို့ စတွေ့ချိန်ကစပြီး မင်းဟာ ငါ့အတွက် အကောင်းဆုံး မိတ်ဆွေဖြစ်ခဲ့ပါတယ်။ ပျော်ရွှင်စရာ အချိန်တွေ မျှဝေနိုင်ခဲ့တဲ့အတွက်လည်း ကျေးဇူးပါ။ မင်းကို ငါချစ်တယ်''လို့ တွစ်တာမှာ ရေးသားလာသူကတော့ ဖိုင်လီဆိုင်းရက်စ်ပါ။ ဖိုင်လီဟာ ချစ်သူ လီယန်ဟမ်းစ်ဝက်ရဲ့ ၂၇ နှစ်ပြည့်မွေးနေ့ကို သူမရဲ့ထုံးစံအတိုင်း ထူးထူးခြားခြား ဝတ်စားဆင်ယင်မှုနဲ့အတူ ရောက်ရှိလာခဲ့သလို မွေးနေ့ဆုတောင်းလည်း ရေးသားခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ၂၀၀၉ မှာ စတွေ့ပြီး နောက် ၃ နှစ်အကြာမှာ စေ့စပ်ခဲ့ကြပါတယ်။ ဒါပေမဲ့ လက်ထပ်မယ့်နေ့ကို အခုထိ မဖွင့်ဟနိုင်သေးသလို အနေဝေးပြီး သွေးအေးနေကြဆိုတဲ့ သတင်းတွေလည်း ထွက်နေပါတယ်။ အခုတော့ ဖိုင်လီက ဒီကောလာဟလတွေကို ချေဖျက်လိုက်တာဖြစ်ပြီး ၂၀၁၆ မှာ ရုပ်ရှင်ဇာတ်ကားတွေ ပိုရိုက်ချင်တယ်လို့လည်း ဖွင့်ဟသွားပါသတဲ့။



အမှတ်တရဆိုတာ

မမေ့ကောင်းဘူး ဂမ်







ရင်သွေးတွေထွန်းကားတဲ့အထိ အတူနေလာခဲ့တဲ့ ချစ်သူနှစ်ဦးကြားမှာ အရေးအကြီးဆုံးကဘာလဲ။ စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာဟာ အပြန်အလှန်နားလည်မှုလို အရေးပါတာမှန်ပေမယ့် တစ်ယောက်နဲ့တစ်ယောက်ကြားက အမှတ်တရဖြစ်ရပ်လေးတွေကိုတော့ မမေ့တန်ကောင်းဘူး ထင်ပါတယ်။ အဲဒါလေးတွေကို ဂရုမစိုက်မိခဲ့တာကြောင့် မဟာအရှက်တော် ကွဲခဲ့ရသူက နာမည်ကျော်မော်ဒယ် ကမ်ကာဒါရှီယန်ပါ။ ABC ရုပ်သံလိုင်းရဲ့ Big Fan အစီအစဉ်မှာ သူမဟာ ပရိသတ်တွေနဲ့ အစီအစဉ်တင်ဆက်သူ အန်ဒီရစ်ချ်တာရဲ့ မေးခွန်းတွေကို ဖြေဆိုသွားခဲ့ပါတယ်။ ဒါပေမဲ့ အတူနေချစ်သူ ကန်ဝိုဂက်စ်ပေးထားတဲ့ စေ့စပ်လက်စွပ်ဟာ ရတီချိန် ဘယ်လောက်ရှိလဲဆိုတဲ့မေးခွန်းကတော့ သူမရဲ့အရှိုက်ကို ထိသွားခဲ့ပါတယ်။ စမ်းတဝါးဝါးဖြစ်နေတဲ့ ကမ်ဟာ ၁၂ လားလို့ မေးသလိုလိုဖြေသလိုလို လုပ်ခဲ့ပေမယ့် တကယ့်ရတီချိန်အစစ်က ၁၅ ဖြစ်နေလေတော့-----



ကိတ်ပရိုက်စ် ပြန်လာပြီ

အသက် ၁၃ နှစ်အရွယ်ကတည်းက မော်ဒယ်လောကထဲ ရောက်လာခဲ့တဲ့ ကိတ်ပရိုက်စ်အတွက် ၃၈ နှစ်ဆိုတာ နေဝင်ချိန်ရောက်ပြီလို့ဆိုရင် မှားသွားပါလိမ့်မယ်။ ဩတိန်နာမည်ကြီး မော်ဒယ်ဟာ ၂၀၁၃ ပြက္ခဒိန်နဲ့အတူ ပရိသတ်တွေကို ဖမ်းစားနိုင်ခဲ့ပြန်ပါပြီ။ ထိရှလွယ်တဲ့ နေရာတွေကို စိတ်ကူးယဉ်နိုင်ရုံလောက်သာ ဖော်ပြထားတဲ့ သူမရဲ့ပုံရိပ်တွေက ညို့ဓာတ်ပြင်းလွန်းနေပါတယ်။ တကယ်တော့ ကိတ်ဟာ သူမ ကျူးလွန်ခဲ့တဲ့အမှားတွေအတွက် အတော်လေးပေးဆပ်ခဲ့ရတာပါ။ ခေတ်ရေစီးကြောင်းနဲ့အညီ ခန္ဓာကိုယ်ခွံစိတ်ပြုပြင်မှုတွေ အကြိမ်ကြိမ်လုပ်ခဲ့တဲ့ ဒဏ်တွေပေါ့။ ပရိသတ်တွေက အပေါစားဆန်လွန်းတယ်လို့ ဝေဖန်ကြသလို ရင်သွေးတွေလည်း နာကျင်ခံစားရတဲ့အထိ နိမ့်ကျခဲ့ရတာပါ။ ဒါပေမဲ့ အယောင်ဆောင်အပိုပစ္စည်းတွေကို အသားအနာခံပြီး စွန့်ခွာခဲ့တဲ့နောက် ပြက္ခဒိန်လောကမှာ သရဖူဆောင်းခဲ့ဖူးတဲ့ ဟိုတုန်းကလောက် မနုဗျိုတာမှန်ပေမယ့် ဆွဲဆောင်မှုရှိနေဆဲလို့ အသံတွေ ထွက်နေလေရဲ့။



အင်စတာဂရမ်ပရိသတ်တွေအတွက် လက်ဆောင်



လွန်ခဲ့တဲ့ ၆ လလောက်တုန်းကလည်း ဆာဟာရာရေးဟာ ဒီလိုပဲ ပွဲဆူအောင်လုပ်ခဲ့ဖူးတယ်။ ဆာဟာရာဆိုတာ တခြားသူတော့ မဟုတ်ပါဘူး။ ရေလွှာလှိုင်းစီးဂွန်ဝင်ကြီး တိုနီရေးရဲ့ သမီးချောလေးပါ။ ရေကူးဝတ်စုံကြော်ငြာတွေနဲ့ လူသိများလာတဲ့ ဆာဟာရာကို



နာမည်ပိုကြီးစေခဲ့တာကတော့ ပေါ်ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာနဲ့ ပတ်သက်မှုပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်တုန်းက သူတို့နှစ်ယောက်ကို ဟာပိုင်ရီမှာ အတူတွေ့ရတဲ့နောက်ပိုင်း ဆာဟာရာဟာ ဘီဘာရဲ့ချစ်သူလို့ သတင်းတွေထွက်ခဲ့ပါတယ်။ အဲဒီတုန်းက ရေကူးကန်ထဲမှာ မိမွေးတိုင်းဖမွေးတိုင်းအလှနဲ့ နေပူစာလုံခဲ့တဲ့ ဩစတြေးလျ မော်ဒယ်လေးဟာ အခုလည်း အင်စတာဂရမ်ကပရိသတ်တွေကို စိတ်ကူးယဉ်စေခဲ့ပြန်ပါပြီ။ ဘာလီမှာ အပန်းဖြေနေတဲ့ အမှတ်တရပုံတွေတင်ရာမှာ အဝတ်မဲ့ပုံတစ်ပုံကိုပါ လက်ဆောင်ပေးခဲ့တာဖြစ်ပါတယ်။



မယုံရင် ပုံပြင်မှတ်

နည်းပညာပေါက်ကွဲမှုပြင်းထန်နေသလို အသွေးအသားကို ကလေးကစားစရာလို သဘောထားလာကြတဲ့ ဒီနေ့ခေတ်ကြီးမှာ ဂျက်ဆီကာဘီရယ်လ်ရဲ့ဖွင့်ဟမှုက လွမ်းစရာတောင် ကောင်းခဲ့ပါတယ်။ ဘီရယ်လ်နဲ့ နာမည်ကျော်မင်းသား ဂျက်စတင်တင်ဘာလိတ်တို့ဟာ ၂၀၀၇ မှာ စတွေ့ပြီး ၂၀၁၂ မှာ လက်ထပ်ခဲ့ကြတာပါ။ ရုပ်ရှင်လောကရဲ့ ကြယ်ပွင့်တွေဖြစ်ပေမယ့် သူတို့ချစ်ခြင်းက ရိုးသားခဲ့ပါတယ်။''သူက မကြာခဏ ခရီးထွက်ရသလို ကျွန်မကလည်း ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေတာပါ။ ကျွန်မတို့ ဖုန်းနဲ့ပဲ စကားပြောဖြစ်ခဲ့ကြတာများပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် ရည်းစားဖြစ်ပြီး အချိန်အတော်ကြာတဲ့အထိ ကျွန်မတို့ တစ်ယောက်ကိုတစ်ယောက် အနမ်းလေးတောင် မပေးဖြစ်ခဲ့ကြပါဘူး''လို့ ဘီရယ်လ်က ဖွင့်ဟသွားလေရဲ့။



ရွှေဂိုရောင်နတ်သမီးနဲ့ ယောကျ်ာ်စဉ်ရဲ့အကျိုး





နယူးယောက်မြို့မှာ ကျင်းပသွားတဲ့ ၁၅ ကြိမ်မြောက် GEM Awards ဆုပေးပွဲအခမ်းအနားဟာ ကြယ်ပွင့်တွေနဲ့ စုံလင်ခဲ့ပါတယ်။ ကော်ဇောနီပေါ်က နာမည်ကျော်တွေကြားမှာ ရွှေအိုရောင် ဆံနွယ်ရှင်လေးတစ်ယောက်ကလည်း ထူးထူးခြားခြားထင်ပေါ်ခဲ့ပါတယ်။ အနက်ရောင်အဝတ်အစားနဲ့ ပြေပြစ်တင့်တယ်နေတဲ့ ဒီအလန်းဇယားလေးကတော့ Victoria's Secret မော်ဒယ် ဂျက်ဆီကာဟတ်ပါ။ အထူးသဖြင့် သူမရဲ့ သွယ်လျတဲ့ ကောက်ကြောင်းတွေဟာ အမျိုးသမီးပရိသတ်တွေကို ဆွဲဆောင်နိုင်စွမ်းကြီးမားခဲ့ပါတယ်။ ဒီလို့ခွက်ချက်ကိုလည်း ပွဲအပြီးမှာ ဂျက်ဆီကာက ပွင့်ပွင့်လင်းလင်း ဖွင့်ဟသွားပါတယ်။ သူမဟာ ဝိတ်တက်မှာစိုးပြီး အစားအစာတွေကို ရှောင်တတ်သူမျိုး မဟုတ်ပါဘူးတဲ့။ ဒါပေမဲ့ လေ့ကျင့်ခန်းတော့ ပုံမှန်လုပ်လေ့ရှိပြီး ဒီအထဲမှာ ယောကျ်ာ်စဉ်ဟာ အကောင်းဆုံးအထောက်အပံ့ ပေးနိုင်ခဲ့တာပါဆိုပဲ။

ڈھلتی (سحرش)





လေယာဉ်က အမိန့်ငံဆီသို့ ဦးတည်၍ ပျံသန်းနေဆဲပင်။ မိခင်လုပ်ငန်းမှ စေလွှတ်မှုဖြင့် ထူးစံတစ်ယောက် စင်ကာပူနိုင်ငံမှာ နှစ်ကာလကြာခဲ့ရ၏။

''ကိုယ့်ရေမြေ ကိုယ့်ဒေသကို ခြေပြန်ချရတော့မည်''ဆိုသည့်အတွေးက ထူးစံရင်ထဲသို့ နွေးထွေးသွားစေပါသည်။ သည်ခံစားမှုမျိုးနှင့် ထူးစံမှာ အကျွမ်းတဝင်ရှိခဲ့ဖူး၏။ မိခင်မေတ္တာ အဝန်းအဝိုင်းမှာ နေခဲ့စဉ်က ဖြစ်ခဲ့ဖူးပါသည်။ ကျောင်းမှဖြစ်စေ၊ အပြင်တစ်နေရာမှဖြစ်စေ အိမ်ပြန်လာ၍ ခြံဝရောက်သည်နှင့်...

''အမေရေ...အမေ''သူ့အသံပြကြီးနှင့် သံကုန်ဟစ်၍ ပြေးတက်လာပြီး အမေ့ရင်ခွင်ဆီကို တိုးဝင်ခေါင်းဝှေ့တတ်သည်မှာ ထူးစံ၏အကျင့်။ အမေ ဈေးတောင်းခေါင်းရွက် အရောင်းထွက်ပြီး အိမ်ပြန်ရောက်ပြီဆိုလျှင်လည်း ထို့အတူပင်။ သား၏ ချစ်ခင်တွယ်တာမှုကိုပြသည့် ထိုအပြုအမူကလေးများက အမေ့ရင်ခွင်ကို ကြည်နူးစေခဲ့သည်မဟုတ်ပါလား။

''ဖယ်စမ်းပါဟယ်၊ မောရတဲ့အထဲ''

''သွားစမ်း အပိုရှုပ်တဲ့ကောင်လေး''

ဟူ၍လည်း အမေ့နှုတ်မှ သည်လိုငြူစူစကား မကြားခဲ့ရဘူး။ တွန်းထုတ်ဖယ်ရှားခြင်းမျိုးလည်း အမေမပြုမူ။ သားကိုပင် ယုယစွာ ထွေးပွေ့ဖက်ထားလိုက်သေး၏။ သည်လိုအခါမျိုး ထူးစံတစ်ကိုယ်လုံး ရင်ထဲပါမကျန် နွေးနွေးထွေးထွေးရှိသွားရပါသည်။

နှာခေါင်းနှင့် ယဉ်ပါးနေကျဖြစ်သည့် အမေ့ချွေးနံ့တို့ လှိုင်ဝေနေသည့်ကြားမှာ ထူးစံ မွေ့လျော်နေတတ်လေပြီ။ ယခုပင်လျှင် လေယာဉ်စီးခရီးသည် တစ်ဦးဦးထံမှ လွင့်ပျံ့ဝေ့ဝဲလာတတ်သည့် ရေမွှေးနံ့ကို သတိပြုမိလိုက်စဉ် မဆီမဆိုင် အမေ့ကိုယ်နံ့လေးက အာရုံထဲဝင်လာပြန်သည်။

''လွမ်းတယ် အမေရယ်''

စိတ်ကတော့ အမေ့ကို လွမ်းဆွတ်အောက်မေ့နေသော်လည်း လေယာဉ်ပေါ်မှ ဆင်းလျှင်တော့ ထူးစံခြေလှမ်းတွေ ဦးတည်ရာအရပ်သည် အမေ့ထံသို့မဟုတ်နိုင်။ ချစ်ဇနီး ငြိမ်းသက်မာနှင့် သားကိုကို၊ ညီညီတို့ ရှိနေမည့် မိမိ၏အသိုက်အမြုံဆီသို့ တူရူရပေမည်။

လက်ရှိအနေအထားအရ ဇနီးနှင့် သားတို့သာ ထူးစံဘဝ။ အမေက ဒုတိယ။

အမေ၏ မပြောင်းလဲသော သတ်မှတ်ချက်သည် နေ့သစ်ပြောင်းတိုင်း ထပ်လောင်းခိုင်မာစေသည်ဟု ဆိုရပါမည်။

''သားသည် အမေ့ဘဝ၊ သားသည် အမေ့ရုပ်တည်မှု၊ ဘယ်တော့ဖြစ်ဖြစ် အမေ့အတွက်တော့ သားက နံပါတ်တစ်''တဲ့

သားအပေါ် အမေနေရာပေးမှုနှင့် သား၏ အရေးပါမှုတွေက ခမ်းနားလွန်းသည်ဟု ထူးစံထင်ပါသည်။ အမေ့မှာ ရယူလိုမှုထက် ပေးဆပ်လိုမှု အာသီသတွေနှင့် ချည်း။ အမေ ပြန်တောင်းဆိုမှုကတော့–

အမြဲတမ်း တက်တက်ကြွကြွနဲ့ ထက်မြက်နေမည်သား။ အောင်မြင်တိုးတက်နေမှုနှင့် အမြဲကြိုးပမ်းမှုတွေ ရှိနေမည်တဲ့။ အားနည်းချက်ရှိနေသောသား မဖြစ်ရ။ အခြေအနေကောင်းတစ်ခုကို ဆုပ်ကိုင်နိုင်ရမည်။ လှပသော အနာဂတ်ကို ပိုင်ဆိုင်နိုင်ရမည်တဲ့။ ဒီအချက်တွေ အမေ့ကို ကျေးဇူးဆပ်တဲ့အနေနဲ့ ဖြည့်ဆည်းပေးရမည်တဲ့။

လောဘမကြီးလွန်းဘူးလား အမေရယ်ဆိုတော့...

မိခင်မေတ္တာအခြေခံပြီး ဆင်းသက်လာတဲ့ ဆန္ဒလောဘတွေမို့ အကုသိုလ်လောဘလောက် ငရဲမကြီးတဲ့ လောဘတဲ့။

ထူးစံ ဌာနဆိုင်ရာအရာရှိ ဖြစ်လာသောအခါ သားက အမေ့ကိုပေးဆပ်ခြင်း ဟူ၍ အမေက ကျေနပ်စွာခံယူထားခဲ့သည်။ ဘဝအမှောင်တောမှာ မွန်းကြပ်ဖြတ်သန်းလာခဲ့ရတဲ့ အမေ့အတွက်တော့ လမင်းကြီး သာလို့ ကြယ်စင်ရှင်းသန့်နေတဲ့ ကောင်းကင်ပြင်ကြီးထဲ ရောက်နေသလိုပဲတဲ့။

အမေ့စကားက ကဗျာတစ်ပုဒ်ကျနေတာပဲလို့ ထူးစံကပြောတော့ ကျေနပ်ပြီးတွေဝေသွားရတဲ့ အမေ့မျက်နှာဟာ ရွှန်းလဲ့တောက်ပလို့နေတော့တယ်။

ထူးစံသည် သည်လိုအနေအထားမျိုးရောက်ခဲ့ခြင်းအတွက် အမေ အရင်းအနှီးတွေ တော်တော်များများ စိုက်ထုတ်ခဲ့ရပါသည်။ အရင်းအနှီးဆိုလို့ စီးပွားဥစ္စာ ဂုဏ်အရှိန်အဝါတွေ မဟုတ်ပါ။ အမေ့မှာလည်း ထိုအရာမျိုးတွေ ရှိမနေခဲ့ပါဘူး။ အမေသည် အနုံညာတမုဆိုးမ မိလက္ခဏာတန်းစားဘဝ။

သို့သော် အမေ့ရင်းနှီးမြှုပ်နှံမှုများကတော့ တန်ဖိုးမသေးဟု ထူးစံ နားလည်

ထားပြီဖြစ်သည်။ အမေ့နှလုံးသားဘဏ်တိုက်ထဲမှ မိခင်မေတ္တာအားမာန်များ ရင်ဆိုင်ရုန်းကန် ကြိုးပမ်းမှုများဖြင့်သည် အမေ့ရင်နှီးများဖြစ်သည်။

အမေက မိတဆိုး၊ ဖခင်ဖြစ်သူ ဦးဘမိုးက တစ်ဦးတည်းသော သမီးလေးထက် လောင်းကစားကိုသာ ပို၍တွယ်တာသူဖြစ်၍ ထူးစံအမေ မခင်မိုမှာ အဘွား၏ ပြုစုစောင့်ရှောက်မှုဖြင့် ကြီးပြင်းလာရ၏။ ဘွားအေကျောင်းထားပေး၍လည်း လောကနီတိတွေ နားလည်လောက်သည်အထိစာတတ်သည်။ ပညာဆုံးခန်းမတိုင်ခင် အဘွားက မျက်ကွယ်ပြုသွားတော့ ကျန်ရစ်သည့်အဒေါ်က ထမင်းကျွေးထားသည်မို့ အလုပ်အကိုင် ရှာဖွေစားသောက်ခဲ့ရသူမဟုတ်။ အိမ်ထောင်ကျပြန်တော့လည်း ယောကျ်ားက ဟန်တစ်လုံး ပန်တစ်လုံးအစားထဲကမို့ ငွေရှာသည့် အလုပ်ကို မလုပ်ခဲ့ဖူးပေ။

သားတစ်ယောက်အမေ မုဆိုးမဖြစ်လေမှ သားကပေးသည့် ခွန်အားတွေနှင့် နင်လားဟဲ့ လောကမဲ၊ ငါပဲဟဲ့ ထူးစံအမေဟု ဘဝကိုစိန်ခေါ်နေခဲ့ခြင်း ဖြစ်သည်။

နံနက် ပဲပြုတ်၊ နေ့လယ် သာကူကျို၊ ညဘက် မုန့်ဖက်ထုပ် စသည်ဖြင့် ခေါင်းရွက်ဈေးသည်ဘဝ ည ၁၀ နာရီထက် စောမအိပ်ခဲ့ဘူး။ နံနက် ၃ နာရီထက် နောက်မကျဘဲ နိုးထ၍ တစ်နေ့တာလှုပ်ရှားမှုကို စတင်တော့သည်။

အရုဏ်ရောင်နီသမ်းလာပြီဆိုလျှင် အမေ၏ ပီပီသသကြည်ကြည်မြမြအသံကို စတင်ရင့်ကျူးလိုက်ပြီ ဖြစ်သည်။

''ပဲပြုတ်''

တစ်နှစ်ပြီးတစ်နှစ် ပြောင်းလာသလို ထူးစံလည်း အတန်းတွေတက်လာခဲ့သည်။ ထူးစံ အောင်မြင်မှုတွေရလာလေ အမေ့မှာ ခွန်အားတွေ တိုးလာခဲ့လေဖြစ်ပြီး၊ ပိုပြီး တက်ကြွစွာ ရုန်းကန်ရလေ၊ သို့နှင့် ထူးစံ ဆယ်တန်းသို့ ရောက်ခဲ့ရလေပြီ။

အရွယ်လည်းရ ပညာအခြေခံလည်း မြင့်လာသည်နှင့်အမျှ အတွေးအသိကလည်း ပိုလာတော့ အမေ ညဘက်အထိ မုန့်ရောင်းထွက်နေသည်ကို ထူးစံ ဘဝင်မကျနိုင်ရှိနေ၏။ အမေက အသက်လေးဆယ် မပြည့်သေး။ အရွယ်ကရှိနေသေးသည်။ အလုပ်ထဲစိတ်နှစ်ထားပြီး မပြီးမလိမ်းရှိနေ၍ မသိသာလှသော်လည်း မင်္ဂလာဆောင်၊ အလှူအတန်းပွဲများသွားသည့်ဟန်ကို သတိထားမိလေတော့ ထူးစံ စိုးရိမ်စိတ်ဝင်လာသည်။

''ဟဲ့ . . . ငါတို့သားအဓိနှစ်ယောက်အကြား ဘယ်သူစိမ်းမှ အဝင်မခံဘူးမှတ်'' တဲ့။ ထူးစံဆိုလိုတာက သည်လိုသဘောမဟုတ်။ မသူတော် လူရမ်းကားတွေနှင့် ကြုံမှာစိုးရိမ်မိခြင်းဖြစ်၏။

ဖြစ်ချင်တော့ ထိုနေ့က အမေ့ ငယ်ပေါင်းကြီးဖော် ဒေါ်လေးဆင့်က အလည်ရောက်လာချိန် လက်ဖက်ခြောက်ခပ်ပြီး ကြွေခရားငယ်မှာ ရေနွေးဖြည့်နေစဉ် လက်စ မသတ်သေးသောစကားကို ထူးစံက ဆက်၍ထွန့်လိုက်မိသည်။

''သားကတော့ ဆုံးဖြတ်ပြီးပြီ အမေ၊ ဒီကရွှေဆို ကျောင်းဆင်းတာနဲ့ ခါတိုင်းလို စာကြည့်တိုက်သွားတာတို့၊ ခြင်းလုံးခတ်တာတို့ မလုပ်တော့ဘဲ စာဖိကျက်ပစ်မယ်၊ ညဘက် ရောက်တော့ အမေ့အစား သား မုန့်ဖက်ထုပ် လည်ရောင်းမယ်''

''ခွမ်း . . . ခလွမ်း''

မထင်မှတ်သောဖြစ်ရပ်ကြောင့် ဒေါ်လေးဆင့်ရော ထူးစံပါ မင်သက်မိသွားရ၏။ ဒေါ်လေးဆင့်အတွက် ရေနွေးခပ်လာသော အမေမှာ ထူးစံ၏ စကားတစ်ခွန်း ထိမှန်မှုကြောင့် လက်ထဲကကိုင်လာသော ကြွေခရားကို တံခါးဘက်ဆီသို့ ပစ်ပေါက်ခွဲလိုက်ခြင်းဖြစ်သည်။ ရေနွေးတွေဖိတ်စင်ပြီး အမေ့လက်ကို လောင်သွားရသည်။

ထူးစံ သတိဝင်ပြီး အမေ့လက်ကို ပြေးဆွဲယူကြည့်တော့ အမေက ထူးစံကို ဆောင့်တွန်းလိုက်သည်။

''ဒီမှာ ထူးစံ၊ နင့်အမေ ခင်မှီဆိုတဲ့ မုန့်သည်မဟာလေ သူသာ မုန့်ရောင်းတဲ့ ဈေးသည်မ လုပ်မယ်၊ သူသားကိုတော့ လူတွေ ငုံကြည့်တာ နည်းနည်းမှခံချင်တဲ့ ကောင်မ မဟုတ်ဘူး၊ သူသားကို လူတွေ မော့ကြည့်နေတာပဲ လိုလားတယ်၊ အဲဒါ မင်းနားလည်ထား''

ပြောပြောဆိုဆို ဈေးတောင်းခေါင်းရွက်ပြီး ဆောင့်ထွက်သွားတော့သည်။ ဒေါ်လေးဆင့်ကိုပင် နှုတ်ဆက်စကား ဆိုမသွားတော့။ ဒေါ်လေးဆင့်က အမေ့စိတ်ရင်းကို နားလည်ထားသူပီပီ . . .

''သူ့ခမျာ ကြီးမားတဲ့ ရည်ရွယ်ချက်နဲ့



မင်းအပေါ် မျှော်လင့်ထားသမျှ မင်းက မုန့်ရောင်းမယ်ဆိုတဲ့ မင်းစကားက သူရင်ကွဲသွားတာပဲ။ ထူးစံ အဲဒါ မိခင်မေတ္တာ ပြယုဂ် တစ်ခုပဲ။ မိခင်မေတ္တာဆိုတာ လေပြည်ငြိမ်းကလေးကို သိမ်သိမ်မွေ့မွေ့လေး ရှိတတ်ပေမယ့် သားဇောမွန်လာပြီဆိုရင် လေပြင်းမုန်တိုင်းလည်း ဖြစ်သွားတတ်တယ်…မှတ်''

''ကျွန်တော် နားလည်ပါတယ် အဒေါ်ရယ်၊ အမေ့မေတ္တာ ကျွန်တော့်အပေါ် ဘယ်လောက်ကြီးမားတယ်ဆိုတာ ကျွန်တော့် ထက် ပိုသိတဲ့သူ မရှိပါဘူး''

''ငါရှိတယ်လေ၊ ငါပိုသိတယ်၊ မင်း မသိတာတောင် ငါသိတယ်''

''အဒေါ် ဘာသိတာလဲ''

''အေး…မခင်မို့ မရှိတုန်း ပြောရအုံးမယ်၊ နှင့်အမေ မခင်မို့ပေါ့၊ သူ့အသက်ပေးချစ်ခဲ့ရတဲ့ ချစ်သူ ရှိခဲ့ဖူးတယ်၊ တကယ်ပဲ အဲဒီချစ်သူအတွက် အသက်စွန့်ခဲ့တာပါ၊ ဒါပေမဲ့ သေက်မရောက် သက်မပျောက်လို့ အခု မင်းအမေဖြစ်နေရတာပေါ့''

သည်သို့ အစချီ၍ ဒေါ်လေးဆင့်ပြောပြသည့် အမေ့ဘဝဇာတ်ကြောင်းကို ထူးစံ ရင်နင့်ကြေကွဲစွာ နားဆင်ရသည်။

ခင်မို့ ချစ်သူသည် ထူးစံအဖေမဟုတ်။ ကျောင်းဆရာလေး ကိုညီမြင်းဖြစ်သည်။ ကိုညီမြင်း ပိုင်ဆိုင်မှုက ဘွဲ့တစ်ခုနှင့် အမေတစ်ယောက်သာ။ လက်ရှိ ကျောင်းဆရာအလုပ်ဖြင့် ရောင့်ရောင့်ရဲရဲ ဘဝကိုဖြတ်သန်းနေရသည်။ သူ၏ တွေးခေါ်မျှော်မြင်မှုနှင့် ရိုးဂုဏ်သိက္ခာကြောင့် ခင်မို့၏ တံ့ပြန်မေတ္တာကို ရရှိထား၏။ ခင်မို့ကလည်း မေတ္တာအကြင်နာတွေ ငတ်မွတ်နေသူမို့ ကိုညီမြင်းကို အားကိုးချစ်ဖြင့်တွယ်တာခဲ့သည်။ ဂီတဝါသနာရှင်ပီပီ ကိုညီမြင်းက သီချင်းစာသားလေးများကို သစ္စာတိုင်တေးအဖြစ် ရွတ်ပြတတ်၏။

နှစ်ကိုယ်တူ အသက်ချင်းဆက်လို့ xx လက်ချင်းယှက်ကာရယ် xxx ဘဝခရီးလမ်းမများအလယ် xxx နုနုကြမ်းကြမ်း လမ်းဖြောင့်လမ်းကောက် xxx ရဲရဲတင်းတင်း လျှောက်ကြရာဝယ် စိတ်လည်းအတူတူ သဘောလည်း အတူတူ xxx တကယ်နော် ကိုညီမြင်း အဲဒီလို မဟုတ်ဘဲ ကိုညီမြင်းနဲ့ ဝေးရမယ်ဆိုရင် ခင်မို့ ဒီချောင်းထဲ ဆင်းသေပစ်လိုက်မှာ။ ရယ်မနေနဲ့ ခင်မို့ အတည်ပြောနေတာ၊ တကယ်ပင် ခင်မို့စကား အတည်ဖြစ်သွားစေမည့်အကြောင်းက ဖန်လာတော့သည်။

ခင်မို့ ချစ်သူသည် ထူးစံအဖေမဟုတ်။
ကျောင်းဆရာလေး ကိုညီမြင်းဖြစ်သည်။
ကိုညီမြင်း ပိုင်ဆိုင်မှုက ဘွဲ့တစ်ခုနှင့် အမေ တစ်ယောက်သာ။
လက်ရှိ ကျောင်းဆရာအလုပ်ဖြင့် ရောင့်ရောင့်ရဲရဲ…

ခင်မို့အဖေ ဦးဘစိုးမှာ လောင်းကစားဝါသနာတူ ကိုခိုင်ထွန်းနှင့် သူတော်ချင်းချင်း သတင်းလွှဲလွှဲ ဖြစ်နေခဲ့သည်။ ကိုခိုင်ထွန်းဆိုသည်က စီးပွားရေးဟူ၍ မည်မည်ရရ ပြစရာမရှိ။ မိဘအမွေ ကျန်ရစ်သမျှ ထိုင်စားနေနိုင်သူ။ ထိုးသားတစ်လှည့်၊ ဒိုင်တစ်လှည့်လုပ်ရင်း လောင်းကစားသံသရာကို ဘဝဟုသတ်မှတ်ခံယူထားသည်။ ခင်မို့ကို စိတ်ဝင်စားသည် ပြောဖူးသော်လည်း ခင်မို့က ရှင့်ကိုမစဉ်းစားသေးဘူး။ ကျွန်မမှာ ရည်ရွယ်သူရှိပြီးသားဟု ဆိုခဲ့၏။

ခုတော့ ဦးဘစိုးက ခင်မို့ကို ကိုခိုင်ထွန်းနဲ့ သဘောတူလိုက်ပြီ။ ကိုခိုင်ထွန်းက ဆယ်သိန်း တင်တောင်းတယ်ဆိုပဲ။ သည်ရိုက်ခတ်မှုတွေအတွက် ခင်မို့နှင့် ကိုညီမြင်းတို့ ယောက်ယက်ခတ်နေကြရ၏။ မိုးလေသည်းထန်နေသော ကျောင်းပိတ်ရက် တစ်ညနေ ကိုညီမြင်းအိမ်သို့ မခင်မို့ ရောက်ချလာသည်။ တစ်ကိုယ်လုံး မိုးရေတွေ ရွဲနစ်နေ၏။

''အလို . . .ခင်မို့၊ မိုးထဲလေထဲ အန္တရာယ်တွေ တွေ့မှဖြင့်ကွယ်''

''အဲဒီအန္တရာယ်ထက် ကြီးမားတဲ့ အန္တရာယ်က နီးကပ်လာပြီလေ။ ကိုညီမြင်းနဲ့ ခင်မို့ ဒီကနေ့ ထွက်မပြေးရင် တစ်သက် ဝေးကြပါလိမ့်မယ်၊ခင်မို့ကတော့ အဝေးမခံနိုင်ဘူး''

ခင်မို့က အလောသုံးဆယ်ရှိနေသော်လည်း ကိုညီမြင်းကတော့မူ ငူငူငိုင်ငိုင်။ အတွင်းခန်းဘက်မှလည်း ကိုညီမြင်းအမေ၏ ချောင်းဆိုးသံက အဆက်ပြတ်သည်မရှိ။ ခင်မို့ မျှော်လင့်ချက်က မသေချာ။ အရမ်းအားငယ်သွားမိတော့သည်။

''ကံကြမ္မာဖန်လာသမျှ ခံရတော့မယ် ခင်မို့၊ မနေ့ကပဲ ဦးလေး ဦးဘစိုး လာသွားတယ်၊ ကိုယ်က ကတိပေးလိုက်ပါပြီ၊ နောက် ဆုတ်ပေးပါတော့မယ်လို့''

''ဒီလို သိချိုဆိုတော့ ခင်မို့ လုပ်သင့်တာ လုပ်ရုံပဲရှိတော့မယ်၊ ကဲ…နောက်ဆုံး တွေ့ဆုံခြင်းပေါ့၊ နှုတ်ဆက်ပါတယ်''

ပြောပြီး ပြေးထွက်သွားရာကြည့်လိုက်တော့ ခင်မို့ခြေလှမ်းတွေက သပြေပင် ချောင်းဘက်သို့ ဦးတည်နေ၏။ ကိုညီမြင်း သတိရ၍ အပြေးလိုက်သွားတော့၏။

''ခင်မို့…ခင်မို့ နေအုံးလေ၊ မပြေးနဲ့''

မိုးသံလေသံတွေကြား ကိုညီမြင်းအသံက ဝါးသွားရသည်။ မိလုမဲခင်လေးမှာ ခင်မို့ချောင်းရေထဲ ဗွမ်းခနဲခေနအောင် ခုန်ချသည်နှင့် ရွေးမနောင်း ကိုညီမြင်းပါ လိုက်၍ ခုန်ချပြီး ခင်မို့ကို အမိအရဆယ်ယူကယ်တင်နိုင်ခဲ့သည်။ ရေမွန်းနေသော ခင်မို့ကို ကြက်ခြေနီကုသနည်းဖြင့် သတိလည်လာစေသည်။ မိုးကစဲသွားပြီဖြစ်သော်လည်း ချစ်သူနှစ်ဦး၏ မျက်ရည်မိုးက မစဲနိုင်ကြသေး။ မခွဲနိုင် မခွာရက်ပင်။

''မိုက်ရူးရဲဆန်တာ အချစ်အတွက် စွန့်စားခန်း မဟုတ်ပါဘူး ခင်မို့ရယ်၊ အတူပြပွဲတစ်ခုပါ၊ ခင်မို့သေသွားလို့တော့ ကိုညီမြင်း ရူးသွားရုံရှိတော့မယ်ပေါ့''

''နောက်ပြီး ခင်မို့အဖေမှာ သမီးလည်း ဆုံးရမည့်အပြင် ထောင်လုံးလုံးကျရမည့် အဖြစ်၊ ကိုခိုင်ထွန်းရဲ့ငွေတွေ ယူသုံးထားလို့ တင်နေတဲ့ ဆယ်သိန်းလိမ်မူနဲ့ တရားစွဲဖို့

တကဲ့ကဲ့၊ ခင်မိုနဲ့ပေးစားရင် တင်တောင်းငွေ အဖြစ်နဲ့ လျော်ပစ်မယ်ဆိုလို့ ကိုယ့်ဆီ ဦးလေး ဘစိုး လာညှိပါသေးတယ်၊ ကိုယ့်မှာလည်း ခင်မိုသိတဲ့အတိုင်း အမေမမာနေတာကြာပါပြီကော၊ အမေ့ဆေးဖိုးတောင် အနိုင်နိုင်''

သို့နှင့် ခင်မို ကိုခိုင်ထွန်းဇနီး ဖြစ်ခဲ့ရသည်။ မကြည့်ချင် မြင်လျက်သားမို့ ကိုညီမင်း နယ်ပြောင်းသွားတော့တ၏။

ထူးစံမွေးပြီး နှစ်နှစ်သားအရွယ်တွင် ကိုခိုင်ထွန်း လူမွဲစာရင်းဝင် ဖြစ်ရချေ၏။ လောင်းကစား၏ နောက်ဆုံးရလဒ်က အချိန်တန်တော့ အဖြေထွက်ရသည်ချည်း။ ခိုင်လုပ်သဖြင့် အလျော်တွေ ကြေးများလာတော့ ကြွေတစ်လက် ကြက်တစ်ခုန်ဆိုသလို နေစရာမပျောက်ရုံတမည်သာ ကျန်တော့သည်။

လူညံ့တို့၏ လုပ်ရိုးလုပ်စဉ်အမှားကို အမှားနှင့်ပင် ပြန်အားဖြည့်ပြန်တော့ နေ့မူးညမူး အသောက်ကြူးဘဝ···

သည်ကြားထဲ ကံဆိုးမ,သွားရာ ဝိုးလိုက်ရွာဆိုသလို ခင်မိုအဖေဆုံးတော့ ခင်မိုမှာ သားကိုဆွဲပြီး အဖေ့ဈာပန သွားရောက်စိမ် ဆောင်ရွက်ရပြန်သည်။ အဖေ့အသုဘရက်လည်ကအပြန် အိမ်ပြန်ရောက်လေတော့ ဝရန်တာမှ တစ်ညလုံးပေါက်အသောက်ကြူး အမူးလွန်ရာမှ လေတဟူးဟူးကြား အိပ်ပျော်ရင်း မနိုးသောအိပ်ခြင်းဖြင့် မထသော အိပ်မောကျသွားသူ၏ အလောင်းက ကြွေနေပြန်သည်။

ဖခင်ရော၊ လင်ရောဆုံးပြီး ဥစ္စာပစ္စည်းလည်း ပြုတ်ပြုတ်ပြုန်းဘဝ ခင်မိုအနေအထားကို စိုးရိမ်နေကြသည်။ ခင်မို လဲပြိုကျသွားမည့် အနေအထားကို ရင်တထိတ်ထိတ်စောင့်ကြည့်နေကြသည်။

''ခင်မို့ကို ဘာမှမရှိတော့ဘူး ထင်နေကြသလား။ ခင်မို့မှာ သားလေးထူးစံ ရှိသေးတယ်၊ သားလေးရှိနေသရွေ့ ခင်မို ရှင်သန်နေအုံးမှာပါ၊ သားက ခင်မို့ဘဝ၊ ခင်မို့အားမာန်၊ ခင်မို့ အလင်းရောင်ပါ''

သားလေးအတွက် ခင်မိုပဲ အမေ၊ ခင်မိုပဲ အဖေ ဖြစ်စေရသည်။

သည်နောက်ပိုင်း မယုံနိုင်လောက်အောင် ပြောင်းလဲသွားသည့် ခင်မိုကို တွေ့နေကြရပါသည်။

ယခင်က သိမ်ငယ်ညှိုးလျော့နေတတ်သည့် ပျော့ညံ့အားငယ်နေတတ်သော မိုက်ရူးရဲဆန် တစ်ဖွတ်ထိုးလုပ်တတ်သည့် ခင်မို နေရာမှာ···

ရင့်ကျက်တည်ငြိမ် လေးနက်အပြုအမူထက်မြက်တက်ကြွစွာ လှုပ်ရှားရုန်းကန်နေသော သားသည်မုဆိုးမ မခင်မိုက အစားထိုး ဝင်ရောက်နေချေ၏။

''အံ့ပါ့တော်···ခင်မိုမှ ဟုတ်သေးရဲ့လားဟာ''

မဆင့်က ဆိုသော်···

''အံ့စရာလားတော်၊ သားကိုချစ်တဲ့ မေတ္တာထဲကရလာတဲ့ မိခင်စွမ်းရည်တွေပေါ့''တဲ့။

မမျှော်လင့်တဲ့တစ်နေ့မှာ ကိုညီမင်းတစ်ယောက် ခင်မိုဆီ ရောက်လာတော့သည်။ လက်ထောက်ပညာရေးမှူးတာဝန်နှင့် ---မြို့ကို ပြောင်းရွှေ့ရာမှ ခင်မို့၏ နောက်ပိုင်းဖြစ်ရပ်ကို ကြားသိရပြီး ရောက်လာခြင်းဖြစ်သည်တဲ့။ ခင်မို ပတ်ဝန်းကျင်အသိုင်းအဝိုင်းကတော့ ခင်မို့အတွက် မုဒိတာပိုင်းမွားကြရသည်။

''ကံတရားကတော့ကိုယ်တို့နှစ်ယောက်ကို ပြန်လည်အခွင့်အလမ်းပေးတယ်လို့ ဆိုရမှာပဲ ခင်မို့၊ ကိုယ်ရော ခင်မိုရော သားကိုပါ တစ်သက်လုံး ပြုစုစောင့်ရှောက်သွားပို့မယ်''

ခင်မို့ကိုကြည့်လိုက်တော့ ကျေနပ်ပြုံးတွေ ဝေနေ၏။ သို့သော် မထင်မှတ်သော နူတ်ထွက်စကားကြောင့် အားလုံးအံ့အားသင့်သွားစေပါသည်။

''ကိုညီမင်းဟာ ခင်မို အသက်စွန့်ပြီး ချစ်ရတဲ့ အသက်ပေးချစ်သူပါ၊ ဒါပေမဲ့ ခုအချိန်မှာတော့ အဲဒီ အသက်ပေးချစ်သူကို ရော၊ ကံကပေးတဲ့ အခွင့်အရေးကိုပါ သားအတွက် ခင်မို စွန့်လွှတ်ရပါမယ်၊ သားနဲ့



ခွဲဝေမျှပြီး ခင်မို့ ဘဝထဲမှာရော၊ ရင်ထဲမှာရောပါ နေရာပေးစရာ မရှိတော့လို့ပါ''

အမေ့သားအတွက် ချစ်သူနှင့် ပြန်လည် ဆုံဆည်းရမည့်အခွင့်အရေးကိုတောင် စွန့်လွှတ်ဝံ့သည့် နလုံးသားကိုဆန့်ကျင်ပြီး စွန့်လွှတ်ရခြင်းသည် လွယ်ကူသော စွန့်စားမှုမဟုတ်။ ဣန္ဒြေလုပ်ရပ်သည်...

သားကို ချစ်သော အမေ့မေတ္တာသက်တအဖြစ် ထူးစံ နားလည်ရပါသည်။

ထူးစံ ဘွဲ့ရချိန် အမေ ပီတိမျက်ရည်ကျရသည်။ အလုပ်ရတော့လည်း ထူးစံအလုပ်တာဝန်ကျရာသို့ အမေလိုက်မနေနိုင်။ ဌာနဆိုင်ရာ လုပ်ငန်းတွေကြောင့် ခြေငြိမ်၍ မရသော ထူးစံအခြေအနေကြောင့် ဖြစ်သည်။ သည်ကြားထဲ သင်တန်းကိစ္စတွေက မကြာခဏ။

သည် မဟုတ်ပါလား။ သားကိုချစ်သည့် အမေမေတ္တာသက်တထဲတွင် ချွေးနှံ့ကအဓိကပါဝင်ခဲ့သည်ပဲ။

''ခုအချိန်ထိ အမေနဲ့သား အတူတူလည်း မနေရသေးဘူး အမေရာ''

သားရယ်၊ ဒီအချိန် အမေနဲ့နေရမယ့် အချိန် မဟုတ်တော့ဘူးလေ၊ သားမှာ အားလုံး ပြည့်စုံနေသေးတာ မဟုတ်ဘူး၊ အဲဒီ ပြည့်စုံမှုကို သားဘာသာဖြည့်ဆည်းမှဖြစ်မှာ၊ သားလို အရာရှိတစ်ယောက်မှာ မိသားစု ရှိသင့်ပြီတဲ့။ ထူးစံ အကွက်ဆိုက်ရလေပြီ။

''အမေပဲ အမေနဲ့သားကြား သူစိမ်း အဝင်မခံဘူးဆို''

''ဟဲ့...အဲဒါက အမေ့အနေနဲ့ ပြောတာ၊ အခုဟာ အမေ့ဝတ္တရားထဲမှာ ပေးဝေနှီးရင်း ထိမ်းမြားခြင်းလျှင်ဆိုတာ ရှိသေး

ခက်နေတာက အမေ။ ပညာလည်းစုံ၊ အလုပ်လည်းရတော့ ကြင်ဖော်ကိုရှာသည်ဆိုသည့်အဖြစ်က အမေ့ကို ရင်နာစရာများ ဖြစ်သွားလေမည်လား။။ အမေ့ကို ဘယ်လို ပြောရပါ့မလဲ။

သင်တန်းတစ်ခုမှာတော့ အခြားဌာနတွေပါ ပါဝင်သဖြင့် ဌာနမှ ငြိမ်းသက်မာနှင့် မျက်ဝန်းချင်းပြီ၊ စိတ်ချင်းထိ၍ ချစ်မိကြလေပြီ။ ချစ်သက်ကာလ အတော်အတန်ရလာလေတော့ မိန်းမသားဘက်မှ မျှော်လင့်ချက်ကို ထူးစံနားလည်ပေးမိပါသည်။

ခက်နေတာက အမေ။ ပညာလည်းစုံ၊ အလုပ်လည်းရတော့ ကြင်ဖော်ကိုရှာသည်ဆိုသည့်အဖြစ်က အမေ့ကို ရင်နာစရာများ ဖြစ်သွားလေမည်လား။။ အမေ့ကို ဘယ်လို ပြောရပါ့မလဲ။ အမေ့စိတ်နှင့် ဆန့်ကျင်သည့် အလုပ်ကို ထူးစံမလုပ်ရက်။ ဝေခွဲခက်ပါဘိ။

အလုပ်နားသည့် ပိတ်ရက်လည်းဖြစ်သောအခါ အမေ့ထံ ပြန်ရသေးသည်။ အမေ့ရင်ခွင်မှာ အမေ့ကိုယ်နှံ့လေးတွေက ထုံးစံအတိုင်းပင်၊ သည်ချွေးတွေက ထူးစံအတွက် ရုန်းကန်လှုပ်ရှားမှုကို သက်သေထူပေးခဲ့

အမေနှင့် ငြိမ်း သဟဇာတမမျှ။ အမေ၏ အားနည်းချက်သည် ချို့ယွင်းချက်ဖြစ်ရတော့သည်။ အဓိက အမေ့ကိုယ်နှံ့ဖြစ်သည်။

''ကိုထူး ရှင့်အမေက အလိုက်ကန်းဆိုး သိဖို့ ကောင်းပါတယ်၊ သားတို့ ရေမိုးချိုး၊ သနပ်ခါးလိမ်းပြီး ကျောင်းသွားဖို့ဟာကို သူကိုယ်က အနံ့အသက်တွေနဲ့ ဖက်လား။ ပွေ့လား။ နမ်းလား။ ရှူလားလုပ်တော့ အဝတ်တွေမှာ အနံ့တွေစွဲပြီး အဝတ်ပြန်လဲပေးရတယ်လေ''

''ကိုထူးရယ်၊ ရှင့်အမေက ငြိမ်းအကျီတွေကို သူ့အဝတ်တွေနဲ့ ရောလှန်းတော့ တစ်နေ့ကမှ ဈေးကြီးပေးဝယ်ထားရတဲ့ ဘလောက်အင်္ကျီ ပစ်လိုက်ရပါရောလား''

ငြိမ်း၏စကားတွေကို အမေမကြားဘဲ ရှိနိုင်ပါ့မလား။ အမေ့မျက်နှာကို ထူးစံ မကြည့်ရဲတော့။ ငြိမ်း၏စကားတွေက ထူးစံရင်ကို ထိခိုက်စေသည်ကအမှန်ပင်။

အမေ ထမင်းစားရအောင်ဆိုလျှင် အမေ မဆာသေးလို့ စားနှင့်ကြ၊ ဒါမှမဟုတ် အမေဆာလို့ ခုနက စားနှင့်ပြီဆိုသည့် ဝက်ဝုတ္တိနည်းနဲ့ အမေရှောင်နေတတ်တာ ထူးစံအသိ၊ အမေ့မျက်နှာကတော့ ဘာမှ မဖြစ်သလိုပင်။ သားကိုချစ်တဲ့ အမေသည် ဟန်ဆောင်နေတတ်လေပြီ။ သားစိတ်ထိခိုက်မှာ မလိုလားတဲ့ အမေ့မေတ္တာတွေပင်။

ငြိမ်း အိမ်မှာမရှိတဲ့နေ့ ငြိမ်း၏ ညီမ နှစ်ယောက်ဖြစ်သော စိမ်းနှင့်သိန်းတို့ အိမ်ရောက်လာကြစဉ် ညှဉ်ထောက်ခံ၍ စကားပြောရသည်။ ကော်ဖီနှင့်မုန့်ကို အိမ်ဖော်အေးမေက စီမံပေးသည်မှန်သော်လည်း လုံးဝ မသုံးဆောင်သွားကြ။

''ဟော့–ငါ ဒီဘဝရောက်အောင် ငါ့အမေရင်းနှီးခဲ့ရတဲ့ အားမာန်တွေ၊ အမေ့မေတ္တာတွေရဲ့ သက်သေဟာ ဒီချွေးနဲ့ သွေးကွ၊ အဲဒါ အမေ့ရဲ့ မေတ္တာရနံ့တွေ မင်းထပ်ပြီး မစော်ကားနဲ့''

ငြိမ်း ငိုရှိက်သံတွေ ပြင်းပြင်းထန်ထန် ထွက်လာချိန် ထူးစံ အိမ်ပြင်ထွက်ခဲ့သော အခါ အမေ့ကို ရိပ်ခနဲမြင်တွေ့လိုက်ရပါသည်။ အမေ့မေတ္တာရနံ့တွေလို့ ထူးစံ ယူဆထားသော အမေ့ချွေးနံ့တွေသည် ထူးစံ၏ အိမ်ထောင်ရေးပဋိပက္ခဖြစ်ရခြင်း အကြောင်းအရင်းဟု အမေခံယူသွားလေသောအခါ–

ထူးစံ အလုပ်ကပြန်လာသော တစ်

အမေ သားရဲ့အိမ်ထောင်ရေးသာယာမှုကို
ထိခိုက်မှာစိုးလို့ ဘာတစ်ခုမှ မသိဟန်ဆောင်နေပေးခဲ့သည်။
ယခုလည်း အိမ်နဲ့ စာတိုက် မျက်စောင်းထိုးဆိုတော့...



ညနေတွင် အိမ်မှာရောက်နေသော ဒေါ်လေးဆင့်ကို တွေ့လိုက်ရသည်။

''ကြည့်စမ်း...ငါ့တူကြီး၊ တစ်သွေးတစ်မွေးနဲ့ လူကြီးတစ်ယောက် ပီပီပြင်ပြင် ဖြစ်နေပါလား။ ဝမ်းသာလိုက်တာသားရယ်''

''ဒေါ်လေးဆင့် ရောက်လာတာကို ကျွန်တော် ဝမ်းသာတယ်၊ အမေက ဒေါ်လေးဆင့်နဲ့ သူဌေးနေကို လွမ်းနေတာလေ၊ မနက်ဖြန် ရုံးကပြန်ရောက်တာနဲ့ ဒေါ်လေးဆင့်နဲ့ အမေ့ကို ဘုရားပို့ပေးမယ်''

''ဘုရားက နေ့လယ်ကတည်းက ဖူးပြီးခဲ့ပါပြီ၊ အဖော်ပါသေးတယ်၊ ဆရာတော်ကျောင်းက ကပွဲယကြီး ဦးကြွေလေ၊ သူက အခု ကားဂိတ်မှာစောင့်နေတယ်၊ လက်မှတ်ဖြတ်ပြီးသား၊ အဲဒါ မင်းအမေပါလိုက်မှာ''

''ဗျာ...အမေ''

''ဟုတ်တယ် သားရဲ့၊ ဒီလကစပြီး တရားရိပ်သာဖွင့်ပွဲ လုပ်ပြီးတာနဲ့ တရားစခန်းတွေ စဉ်ဆက်မပြတ် လုပ်တော့မှာမို့ အမေနဲ့ မဆင့် ဝေယျာဝစ္စတာဝန်ခံ ရိပ်သာမှူးလုပ်ရမှာတဲ့၊ ဆရာတော်က ခေါ်ခိုင်းတာ''

အမေ သားရဲ့အိမ်ထောင်ရေးသာယာမှုကို ထိခိုက်မှာစိုးလို့ ဘာတစ်ခုမှ မသိဟန်ဆောင်နေပေးခဲ့သည်။ ယခုလည်း အိမ်နဲ့ စာတိုက် မျက်စောင်းထိုးဆိုတော့ စာထည့်ရလွယ်ကူသည်မို့ ဒေါ်လေးဆင့်ကို ခေါ်ယူပူးပေါင်းကြံစည်လိုက်ခြင်းကို ထူးစံနားလည်ရပါသည်။

လောလောဆယ် အမေ၏ မွန်းကြပ်နေမှုကို ထွက်ပေါက်ပေးသည့်အနေဖြင့် ထူးစံပင် ကားဂိတ်လိုက်ပို့ပေးရသည်။

လအတန်ကြာတော့ ထူးစံ လိုက်ခေါ်သည်။

''သားမျက်နှာမြင်ရုံနဲ့ သားကိုချစ်တယ် မခေါ်ဘူးသားရဲ့၊ သားဘဝကို တိုးတက်အောင်မြင်မှုတွေ၊ ပြည့်စုံမှုတွေ အမေ မြင်ခဲ့ရပြီးပြီလေ၊ အမေ့ဆန္ဒ ပြည့်သွားပြီပဲ၊ ခုဟာက အမေ့အတွက် အမေလုပ်ဖို့ အချိန်တန်ပြီ၊ အမေ တရားလုပ်မလို့''

မကြာမီ ထူးစံတစ်ယောက် နိုင်ငံခြားသွားလိုက်ရသည်။

အမေနှင့် ထပ်မတွေ့ဖြစ်။

အမေ့အကြောင်းတွေးရင်း အတိတ်က အရိပ်များ လောလောလတ်လတ်ကြီးတွေ့နေရသကဲ့သို့ပင် ပြန်လည်ခံစားမိနေ၏။ လေယာဉ်က မြေပြင်ပေါ်ဆင်းသက်ဖို့ အားယူနေမှန်းသိလိုက်ရမှ အတွေးဖြတ်ပစ်ရသည်။

လေဆိပ်မှာ ကြိုနေသူတွေထဲ ထူးစံကို ဝမ်းပန်းတသာကြိုဆိုနေမည့် မိသားစုဆီ စိတ်ရောက်သွားပြန်သည်။

လေယာဉ်ပေါ်မှဆင်းတော့ သူ မျှော်လင့်ထားသည့် မျက်နှာများကိုမတွေ့ရ။ ထူးစံ၏ အလုပ်ဌာန လုပ်ဖော်ကိုင်ဖက်လည်းဖြစ်၊ သင်တန်းဆင်းဖက်လည်းဖြစ်သော ကိုအေးဇော်တစ်ယောက်တည်းသာ သူ့ကိုကြိုနေသည်။

''ဘယ်လိုဖြစ်တာလဲ၊ သူတို့ကော''

''သူတို့မလာနိုင်ဘူး၊ ငြိမ်းနေမကောင်းဘူး''

''မထူးပါဘူးကွာ၊ အိမ်ရောက်တော့လည်း သိရမှာပဲ၊ လွန်ခဲ့တဲ့ တစ်လခွဲလောက်က ငြိမ်း ဆိုင်ကယ်အက်ဆီးဒင့် ဖြစ်သွားတယ်၊ အဲဒါ ခြေထောက်နှစ်ချောင်းစလုံး အခု ကျောက်ပတ်တီးစည်းထားရတာ''

''ဟင်..ဒါဆို သူ့အနားမှာ သူ့ညီမတွေ

ပြုစုနေမှာပေါ့''

''ဘယ်ကလာ...ညီအစ်မနှစ်ယောက်က တစ်ပတ်ထဲကို လူချိန်းပြီး နှစ်ရက်၊ သုံးရက်ပဲ နေကြတယ်၊ သူနာပြုဆရာမနဲ့ အလုပ်သမားတစ်ယောက် ငှားထားတယ်၊ ချေးကလူ၊ သေးကလူ ကိုယ်ဖိရင်ဖိကျတော့ ဘယ်သူလုပ်ပေးမှာလဲ၊ စပါယ်ရှယ်နှာစ်တောင်မှ ၁၅ ရက်အတွင်း သုံးယောက်ပြောင်းတယ်၊ မင်းလည်း ပြန်လာခါနီးပြီ၊ စိတ်မကောင်းမှာစိုးလို့ဆိုပြီး အသိမပေးတာ''

''ဒုက္ခပါပဲ''

အေးဇော်က ပြုံးပြီး...

''မဒုက္ခပါဘူးကွာ၊ အခု ငြိမ်းအနားမှာ မဟာကရုဏာရှင် ဆရာမကြီးတစ်ယောက် ရောက်နေပြီးကတည်းက ငြိမ်းလည်း အဆင်ပြေနေပါပြီ''

''ဘယ်သူလဲ''

''မင်းအမေ''

''ဟာ''

ထူးစံ အိမ်ပြန်ရောက်တော့ ငြိမ်းကို တယုတယ ထမင်းခွံ့ကျွေးနေသော အမေ့ကို တွေ့လိုက်ရသည်။

ငြိမ်းကိုယ်မှာ ဆေးနှံ့တွေရော၊ ချွေးနံ့တွေပါ လိုင်နေသည်။ အမေပင် ငြိမ်းကို အဝတ်အစားလဲပေးသည်။ ရေပတ်တိုက်ပေးသည်။ ပွေ့ပွေ့ပိုက်နှင့်ပင် သေးတည်၊ ချေးတည်။ အမေရယ် ငြိမ်းပြောထားတဲ့ စကားတွေ စိတ်မနာရော့သလား။ ငြိမ်းကွယ်ရာရောက်တော့ အမေနှင့်ထူးစံ စကားပြောဖြစ်သည်။

''ဒီမှာသား။ မိခင်မေတ္တာအစစ်ဆိုတာ ကိုယ့်ဥမှကိုယ်ခင်၊ ကိုယ့်ရင်မှမွေးတဲ့ သားသမီးမှ သားသမီးမဟုတ်ပါဘူး။ အခု အမေမရှိတဲ့ ငြိမ်းကို မိခင်တစ်ယောက်အနေနဲ့ အမေပြုစုနေတာပါ''

''ပြီး...ငြိမ်းဟာ သားဘဝပဲ၊ သားဟာ အမေ့ဘဝ၊ ဒီတော့ သားဘဝ လိုအပ်ချက်တွေ ဖြည့်ဆည်းရမှာ အမေ့တာဝန်'' တဲ့။

မိဘနဲ့ သားသမီး အစုံအဆန် ပုံသဏ္ဌာန်ချင်းက မတူသည်ကို ထူးစံ ခွဲခြားမြင်လိုက်ရသည်။

ဘာပဲဖြစ်ဖြစ် ထူးစံ ခရီးအပြန်မှာ အမေ၏ မေတ္တာသင်္ကေတတစ်တွေနှင့် ဆီးကြိုနေခြင်းပင်။

မန္တယ်(ကလော)



သားအတွက်မဟုတ် အမေ့အတွက်ပါ



လူငယ်လေးတစ်ယောက်ကို သူသဘောဆန္ဒ မပါဘဲနဲ့ နွေရာသီစခန်းကို ပို့လိုက်တယ်။

''သားရယ်၊ ဟိုကျတော့ သားပျော်သွားပါလိမ့်မယ်''လို့ အဒေါ်ဖြစ်သူက ချော့တယ်၊ ဆက်ပြီးတော့လည်း ''အင်မတန် အံ့သြစရာကောင်းတဲ့ အနားယူအပန်းဖြေတဲ့သဘော၊ အားလပ်ရက်ရတဲ့ သဘောဖြစ်လိမ့်မယ်''လို့လည်း ပြောလိုက်ပါတယ်။

''သားအတွက်တော့ မဟုတ်ပါဘူး။ အမေ့အတွက်ပဲ ဖြစ်ပါလိမ့်မယ်''လို့ ကောင်လေးက အငေါ်တူးတူးနဲ့ ပြန်ပြောလိုက်ပါတယ်။

မောင်သီဟ

ಅಪರಿಚಿತನ ಪ್ರೀತಿಯಲ್ಲಿ ಬಿದ್ದಾಗ



''မန်းမရွေး ရွရွလေး''

''မန်းမရွေး ရွရွလေး''

အသက် ၆၀ ကျော်အရွယ်ရှိ ဦးကြီးတစ်ယောက်သည် သံပုံးငယ်တစ်ခုကို ကြိုးနှင့်လွယ်ပြီး အော်ရောင်သွားသည်။

''မန်းမရွေး ရွရွလေး''

အသံက သိပ်မကျယ်လှသော်လည်း စူးရှမှုက လွှမ်းမိုးနေသဖြင့် အနီးအနား တဝိုက်သို့ ပျံ့လွင့်သွားလေသည်။

နေက ခြစ်ခြစ်တောက်မျှ ပူလောင်နေသည်။ သို့သော် ဦးကြီးခမျာ တစ်ဝမ်းတစ်ခါး အတွက် မမောနိုင် မပန်းနိုင်ဘဲ အော်ဟစ်ရောင်းရလေသည်။

အတန်ကလေးကြာမှ အိမ်တစ်အိမ်က ကလေးတစ်ယောက်၏ အော်ခေါ်သံကို ကြားလိုက်ရသည်။

''လာပါအုံး မန်းမရွေး''

ဦးကြီးသည် ဈေးခေါ်သံကို ကြားလိုက်ရသဖြင့် ဘေးသို့ သမင်လည်ပြန်လှည့်ကြည့်လိုက်ပြီး အသံကြားရာအိမ်သို့ ဝင်လိုက်သည်။

''မန်းမရွေး တစ်ခုပေးပါ''

''ဩော်..ဒါ ကလေးတို့အိမ်ကိုး''

''ဟုတ်တယ် ဦးကြီး၊ ကျွန်တော်တို့ အိမ်''

၁၄ နှစ်အရွယ် လူငယ်လေး တစ်ယောက်သည် ပိုက်ဆံ တစ်ကျပ်တန် တစ်ရွက်ကို ထုတ်ပေးလိုက်သည်။ ဦးကြီးသည် သံပုံးထဲမှ မန်းမရွေးတစ်ကတ်ကို ယူလိုက်သည်။ ပြီးလျှင် အလိုက်သင့်ချိုးလိုက်ပြီး ကလေးငယ်ကို လှမ်းပေးလိုက်သည်။

လူငယ်လေးက မန်းမရွေး လှမ်းယူလိုက်ပြီး ဦးကြီးကို လှမ်းမေးသည်။

''ဦးကြီး စာတွေဖတ်တတ်ပြီလားဗျ''

''အေးကွ၊ ဖတ်တတ်ခါနီးပါပြီ၊ နည်းနည်းပါးပါးတော့ ပေါင်းဖတ်နိုင်ပါပြီ''

ဦးကြီးသည် လူငယ်လေးကိုပြောပြီး လမ်းမပေါ်သို့ ရောက်သွားပြန်သည်။

လမ်းထောင့်ချိုးသို့ ရောက်သောအခါ ဦးကြီးသည် ''မန်းမရွေး ရွရွလေး''ဟု တစ်ချက် အော်လိုက်ပြန်သည်။

အိမ်ထဲမှ လူငယ်လေးသည် တစ်ချက် ပြုံးလိုက်ပြီး မုန့်ကို တစ်ကိုက်ဖဲ့စားလိုက်သည်။ ပြီးလျှင် အိမ်ထဲတွင် ဆန်ရွေးနေသော သူ့အမေကို လှမ်းပြောလိုက်၏။

''အမေ...အဲဒါ သားတို့ကျောင်းဈေးမှာရောင်းတဲ့ မန်းမရွေးသည်ကြီးပေါ့၊ အဲဒီ မန်းမရွေးသည် ဦးကြီးက တကယ်သနားဖို့ကောင်းတယ်၊ စာမတတ်ဘူးတဲ့ဗျ၊ အဲဒါ မုန့်ရောင်းရင်း အားတဲ့အခါ စာပေါင်းပြီး ဖတ်နေတယ်၊ မသိရင် သားတို့ကိုမေးတယ်''

သားဖြစ်သူက ပြောလိုက်သောအခါ ဆန်ရွေးနေသော အမေဖြစ်သူက အံ့သြသွားလေသည်။

''အေးကွယ် ခမျာ စာမတတ်ရှာလို့ စာတတ်ချင်ဇောနဲ့ အားတဲ့အချိန်ကို စာကျက်နေတာ ဖြစ်မှာပေါ့၊ သနားပါတယ်ကွယ်၊ အဲဒါ သားတို့ အတုယူပေါ့''

အမေကပြောလိုက်သောအခါ သားဖြစ်သူက ဦးကြီးကို ပိုပြီးစိတ်ဝင်စားသွားမိလေသည်။

''ဦးကြီးငယ်ငယ်က စာမသင်ခဲ့လို့ပဲ ဆိုပါတော့၊ ခုမှ စာတတ်ချင်တာကလည်း ဦးကြီး အားကျလို့ပေါ့ကွာ၊ အင်း– တကယ်တော့ စာမတတ်ရင် အကန်းနဲ့ အတူတူပါပဲကွာ၊ မင်းတို့တစ်တွေလည်း စာကြိုးစားကြ၊ ဦးကြီးလည်း မကြာခင် ဘဝဆိုးက လွတ်မြောက်တော့မှာပါကွာ''

ညီညီနှင့် သူငယ်ချင်းတစ်သိုက်သည် မန်းမရွေး ချိုချိုမွေးမွေးကိုစားရင်း ဦးကြီး လို့ စာတတ်ချင်ရတာလဲ''

ညီညီက မေးလိုက်သောအခါ ဦးကြီး တစ်ချက်ပြုံးလိုက်မိသည်။

သူမျက်လုံးအစုံက ကျောင်းကစားကွင်းထဲတွင် ကစားနေကြသော ကလေးတစ်အုပ်စီသို့ လှမ်းကြည့်နေသည်။ ပြီးမှ...

''အေး..ဦးကြီးငယ်ငယ်က စာမသင်ခဲ့လို့ပဲ ဆိုပါတော့၊ ခုမှ စာတတ်ချင်တာကလည်း ဦးကြီး အားကျလို့ပေါ့ကွာ၊ အင်း– တကယ်တော့ စာမတတ်ရင် အကန်းနဲ့ အတူတူပါပဲကွာ၊ မင်းတို့တစ်တွေလည်း စာကြိုးစားကြ၊ ဦးကြီးလည်း မကြာခင် ဘဝဆိုးက လွတ်မြောက်တော့မှာပါကွာ''

ညီညီနှင့် သူငယ်ချင်းတစ်သိုက်သည် မန်းမရွေး ချိုချိုမွေးမွေးကိုစားရင်း ဦးကြီး

ဦးကြီးငယ်ငယ်က စာမသင်ခဲ့လို့ပဲ ဆိုပါတော့၊ ခုမှ စာတတ်ချင်တာကလည်း ဦးကြီး အားကျလို့ပေါ့ကွာ၊ အင်း- တကယ်တော့ စာမတတ်ရင် အကန်းနဲ့ အတူတူပါပဲကွာ

သည်ကနေလို ကျောင်းပိတ်ရက်မျိုးတွင် ဦးကြီးသည် အရပ်ထဲသို့ တစ်လမ်းဝင် တစ်လမ်းထွက်ကာ ဈေးရောင်းတတ်လေသည်။

ကျောင်းဖွင့်သောနေ့များတွင်တော့ ကျောင်းဈေးမှာ ရောင်းတတ်လေသည်။

\+ + + + + + + + +

ကျောင်းသားကလေး၏ အမည်မှာ ညီညီ ဖြစ်သည်။ သူသည် ၇ တန်း ကျောင်းသားတစ်ယောက်ဖြစ်၏။

တစ်နေ့ ကျောင်းမုန့်စားဆင်းချိန်တွင် ညီညီနှင့် ကျောင်းသားတစ်သိုက်သည် ဦးကြီးဆီမှ မန်းမရွေးဝယ်စားပြီး ဦးကြီးနှင့် စကားပြောနေကြသည်။

''ဦးကြီး၊ ဦးကြီးက ဒီအရွယ်ကျမှ ဘာ ပြောသမျှကို စိတ်ဝင်စားနေကြသည်။

ညီညီက ဆက်မေးပြန်သည်။

''ဦးကြီးငယ်ငယ်က ဘာဖြစ်လို့ စာမသင်ခဲ့ရတာလဲဟင်၊ ဦးကြီးအိမ်က မထားလို့လား''

ညီညီ့အမေးကို ဦးကြီးသည် သဘောကျပြီး ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။ ပြီးမှ ခေါင်းတညိတ်ညိတ်လုပ်ကာ ပြန်ဖြေသည်။

''ဦးကြီးအိမ်က ကျောင်းထားပါတယ်၊ ဦးကြီးအဖေကလည်း ပစ္စည်းဥစ္စာရှိပါတယ်၊ ဦးကြီးငယ်ငယ်က ကျောင်းအလွန်ပြေးတာကိုးကွ''

မန်းမရွေးသည်ကြီးက ပြောလိုက်သောအခါ ညီညီနှင့် ကျောင်းသားများက ရယ်ကြသည်။

''ဒါဆို ဦးကြီးက လွန်တာပေါ့နော်''

''အေးပေါ့၊ လွန်တာမှ မပြောပါနဲ့ တော့၊ ဟိုဘက်ကမ်းတောင် လွန်သွားသေးတယ်၊ အင်း–ဦးကြီးအဖေနဲ့ အမေလည်း ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဆုံးသွားပြီးတဲ့နောက်မှာ ဦးကြီးတစ်ယောက်တည်း မယောင်မလည်နဲ့ ကျန်ရစ်ခဲ့တယ်ကွဲ့၊ ဦးကြီးဟာ ကျန်ခဲ့တဲ့အိမ်လေးနဲ့ ငွေကို အရွယ်ရောက်တဲ့အထိ ထုခွဲပြီး စားနေခဲ့တယ်''

မန်းမရွှေးသည်ဦးကြီးမှာ သူအကြောင်းကို သူပြောရင်း ဆို့နင့်လာသည်။ အသံတုန်ရင်လာပြီး မျက်စိအစုံတွင် မျက်ရည်များ ဝေ့နေတ၏။ ဦးကြီးက စကားဆက်ပြန်သည်။

''နောက်တော့ ဦးကြီးက စာမတတ် ဘာမတတ်နဲ့ အသောက်အစားကလေးကလည်း ဖက်လာတော့ ဦးကြီးပစ္စည်းတွေကုန်တာပေါ့၊ နောက်ပြီး ကပ်မြွောင်စားတဲ့ သူငယ်ချင်းတွေက ဦးကြီးကို ဝိုင်းမြွောက်တာ၊ ခုလိုဘဝမျိုး ရောက်ခဲ့ရတာပဲ ဆိုပါတော့ကွယ်၊ အင်း . . . လူလောကကြီးမှာ စာမတတ် ပေမတတ်ရင် ဘာမှလုပ်လို့မရဘူးကွ၊ လူဘဝမှာ အရှုံးသက်သက်ပဲ၊ အောက်ကျနောက်ကျလည်း သိပ်ဖြစ်ရတယ်ကွဲ့''

ဦးကြီးသည် ညှိုးငယ်မောလျစွာ ရှိနေရာမှ သူရုပ်သွင်မှာ ရုတ်ခြည်းပြောင်းလဲကာ အားမာန်အပြည့် ဆောင်နေပြန်လေသည်။

''ဒါပေမဲ့ ဘာတဲ့၊ သြော်– စာတတ်မြောက်ရေးတို့ ဘာတို့ ခု ဦးကြီးတို့မြို့မှာ လုပ်ကြတော့ ဦးကြီးလည်း အဲဒီမှာ စာသင်သားတစ်ယောက် ဖြစ်ခဲ့တာပေါ့''

''ဒါတောင် စျေးရောင်းကတစ်ဖက်မို့ စာကို ကောင်းကောင်းမသင်နိုင်ဘူး၊ ဒီကြားထဲ အဆုတ်ရောဂါဖြစ်တာနဲ့ ဆေးရုံလည်း သွားရတယ်၊ ဒါကလည်း ဦးကြီးငယ်ငယ်က အရက်နဲ့ဆေးလိပ်ကို အလွန်အကျွံသောက်တာတို့ကြောင့် အဆုတ်ရောဂါ ဖြစ်တာပေါ့''

''ခုတော့ ဦးလည်း အရက်နဲ့ဆေးလိပ်ကို လုံးဝမသောက်တော့ဘူးကွယ့်၊ အင်း– မင်းတို့လည်း ဆေးလိပ်တို့ ဘာတို့ မသောက်ကြနဲ့နော်၊ ရောဂါရလိမ့်မယ်''

ဦးကြီးက သူလိုမဖြစ်စေရန် ကျောင်းသား ကလေးများကို စေတနာအပြည့်နှင့် ပြောလိုက်လေသည်။

ထိုအခါ ကလေးတစ်စုက ပြုံးကြသည်။ ထို့နောက် ချိုင်းဆိုသော ကျောင်းသားလေးက လှမ်းပြောသည်။

''ဦးကြီး ဟိုကောင် ညိုမောင်က ဆေးလိပ်သောက်တတ်တယ်ဗျ''

''မသောက်ကြနဲ့ကွယ်၊ အပြင်ပန်းမှာ စတိုင်ကျတယ်ထင်ပြီး သောက်တာ အထဲမှာ အဆုတ်ကျွမ်းတတ်တယ်ကွယ့်''

ဦးကြီးသည် ကျောင်းသူတစ်သိုက် မုန့်လာဝယ်သည်ကို လှမ်းရောင်းလိုက်ပြန်သည်။

ထိုအခါ ချိုင်းက မိန်းကလေးများကို လှမ်းနောက်သည်။

''တို့လည်း ကျွေးပါအုံး ဥမ္မာတို့ရ''

''သွား–ဘာလို့ကျွေးရမှာလဲ၊ အာလူးလူနောက်''

ဥမ္မာဆိုသည့် မိန်းကလေးက ပြန်ပြောလိုက်သည့်အခါ သူတို့သူငယ်ချင်းတစ်စုဟားတိုက်ရယ်မောလိုက်ကြသည်။

အင်း . . . လူလောကကြီးမှာ စာမတတ် ပေမတတ်ရင် ဘာမှလုပ်လို့မရဘူးကွ၊ လူဘဝမှာ အရှုံးသက်သက်ပဲ၊ အောက်ကျနောက်ကျလည်း သိပ်ဖြစ်ရတယ် . . .



ဦးကြီးက ပြုံးပြီးကြည့်သည်။

''အင်း . . .မင်းတို့ကလည်း အာဂ ကောင်လေးတွေပဲ''

''ဟင်း . .ဟင်း ဒီလိုပေါ့ ဦးကြီးရဲ့ ဒါနဲ့ ဦးကြီးရော ငယ်ငယ်က ချစ်သူတို့ ဘာတို့ မရှိဘူးလား''

ချိုဝင်းက မေးလာသည်။

''ဟ..ရှိတာပေါ့ကွ၊ ရှိတာမှ တကယ့် မေတ္တာနဲ့ ချစ်ကြိုက်ကြတာကလား။ ဒါပေမဲ့ မပေါင်းရပါဘူးကွယ်''

ဦးကြီးက ဆို့နှင့်ကြေကွဲစွာနှင့် ပြောရှာသည်။

''ဦးကြီးက စာမှမတတ်တာကိုးကွ''

ထိုအခါ နားထောင်နေကြသူများက တအံ့တသြဖြစ်ကာ လှမ်းမေးလိုက်သည်။

''ဟာ–ဦးကြီးကလည်း ဦးကြီးချစ်သူနဲ့ မပေါင်းရတာနဲ့ စာမတတ်တာနဲ့ ဘာဆိုင်လို့ တုံး''

''ဆိုင်မှ သိပ်ဆိုင်ပေါ့ကွာ၊ ဒီလိုကွဲ့ ဦးကြီးအဖေနဲ့ အမေလည်း ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဆုံးပြီးတဲ့ တစ်နှစ်လောက် အကြာမှာ ဦးကြီးရဲ့ချစ်သူက ဦးကြီးကို ချိန်းတယ်လေ''

''အလဲ့...ဦးကြီးဇာတ်လမ်းက ဘယ် ဆိုးလို့တုံး''

ချိုဝင်းက နောက်သည်။ ထိုအခါ ညီညီက လှမ်းတားသည်။

''ချိုဝင်းကလုပ်ပြီ၊ ဦးကြီးပြောတာကို နားထောင်စမ်းပါကွာ''

ဦးကြီးက စကားစကို ဆက်ပြန်သည်။

''အေးကွယ်...တစ်နေ့ ဦးကြီးချစ်သူက စာနဲ့ချိန်းတယ်၊ သူ့အိမ်က သူ့ကို လူတစ်ယောက်နဲ့ ပေးစားတော့မယ်တဲ့''

ထိုအချိန်တွင် ကျောင်းတက်ခေါင်းလောင်း ပထမအချက်ပေးသံကို အားလုံးကြားလိုက်ကြရသည်။

ဦးကြီးသည် ကျောင်းသားကလေးများကို မျက်လုံးဝင့်ကြည့်သည်။ သူ့အကြည့်တွင် ''မင်းတို့ ကျောင်းတက်ပြီကွယ့်၊ သွားကြ''ဟု ပြောနေသယောင်ဖြစ်သည်။

သို့သော် ကျောင်းသားကလေးများက

''ဦးကြီး ပြီးအောင်ဆက်ပြောပါအုံး၊ ဒါနဲ့ ဘာဖြစ်သွားသလဲ''

ဟု လှမ်းမေးကြသည်။

''အေး...တိုတိုပြောရရင် သူ့ကို အဲဒီ

ဦးကြီးက စာမတတ်တော့ သူငယ်ချင်းကို အရက်တိုက်ပြီး စာဖတ်ခိုင်းရတယ်၊ သူငယ်ချင်းကလည်း မူးမူးနဲ့ စာကိုဖတ်ပြတယ်

ည ၁၂ နာရီမှာ လာခိုးဖို့ ဦးကြီးကိုမှာတယ်ကွယ့်''

ဦးကြီးသည် တံတွေးတစ်ချက်ကို မျိုချလိုက်ပြီး သူ့စကားဆက်ပြန်သည်။

''ဦးကြီးက စာမတတ်တော့ သူငယ်ချင်းကို အရက်တိုက်ပြီး စာဖတ်ခိုင်းရတယ်၊ သူငယ်ချင်းကလည်း မူးမူးနဲ့စာကိုဖတ်ပြတယ်၊ မနက် ၆ နာရီမှာ စျေးကစောင့်နေလို့ ဖတ်ပြတယ်''

''အင်း...တကယ်တော့ ဒီကောင်ကလည်း စာမတတ်ရှာဘူး။ သူက အရက်သောက်ချင်တာနဲ့ ဟန်ဆောင်ပြီး ဖတ်ပြတာကိုး။ ဦးကြီးက တကယ်ထင်ပြီး မနက်ကို စျေးမှာသွားစောင့်နေတာပေါ့''

ဦးကြီးသည် သူနဖူးစမ္ပ ချွေးစေးများကို လက်နှင့်သုတ်လိုက်ပြီး စကားကိုဆက်ပြန်လေသည်။

''အဲမနက် ၆နာရီလောက်မှာပဲ ဦးကြီးချစ်သူနဲ့ မြို့က သတို့သားဟာ လူကြီးစုံရာနဲ့ ကားစီးလုံးဝှားပြီး စျေးထိပ်ကနေ သတို့သားရှိရာကို လိုက်သွားရှာတာပါပဲကွယ်၊ အင်း–ဦးကြီးချစ်သူက ဦးကြီးကိုမြင်တော့ တစ်ဖက်ကို မျက်နှာလွဲသွားတယ်၊ သူချိန်းထားတဲ့ည ၁၂ နာရီကိုမလာလို့ စိတ်နာသွားတယ်ထင်တယ်၊ သူက အဖြစ်မှန်ကိုမှ မသိပဲကိုး''

ဦးကြီးက ကြေကွဲဆို့နှင့်စွာနှင့် ပြောလိုက်သောအခါ ကျောင်းသားများသည် ဦးကြီးများမှ ကျောင်းဝင်းထဲသို့ စိတ်မကောင်းစွာနှင့် ပြေးဝင်သွားကြ၏။

သူတို့ခင်မင်သော ဦးကြီးကို ဘာမျှ ဆက်မမေးမိကြတော့ပေ။ ဆက်မေးရန်လည်း သူတို့တွင် အချိန်မရတော့။ ပြီး ဆက်မေးရန်လည်း အားနာဟန်တူလေပြီ။

သို့သော်...ဦးကြီး၏ ပညာရေးဆုံးရှုံးရုံများနှင့် ဆေးလိပ်၊ အရက်စွဲခဲ့ပုံများ။ ငယ်ငယ်ရွယ်ရွယ် ရည်းစားသနာ ထားခဲ့မိသော အမှားများကို သူတို့အတုယူရန် သင်ခန်းစာ ရရှိလိုက်ကြလေသည်။

ထို့နောက် ကျောင်းတက်ခေါင်းလောင်းသံ ဒုတိယအကြိမ်ကြားရပြန်သည်။

မကြာမီ ကျောင်းဝင်းထဲမှ စာအံသံများကို ဦးကြီး ကြားလိုက်ရသဖြင့် နားဝင်ချိုမြစိတ်ကြည်နူးမှု ဖြစ်သွားရသည်။

စောစောက ကြေကွဲမှုလွှမ်းရိပ် ဝေဒနာများလည်း ဘယ်ဆီသို့ လွင့်ပါးပျောက်ကွယ်သွားကြပြီမသိ။ ခဏချင်း ပြေပျောက်သွားရ၏။

ဦးကြီးသည် ခေတ္တအားလပ်သည့် အချိန်ကလေးအတွင်း၌ ပိုက်ဆံထည့်ရန် လွယ်ထားသော လွတ်အိတ်လေးထဲမှ စာအုပ်တစ်အုပ်ကို ထုတ်ယူလိုက်လေသည်။

ထိုစာအုပ်မှာ ပထမတန်း မြန်မာဖတ်စာ စာအုပ်ကလေးပင်ဖြစ်သည်။

သူသည် စာမျက်နှာများကိုလှန်၍ စာတစ်ပုဒ်ကို ဖတ်နေမိသည်။

''ကျောင်းမပျက်ပါနှင့်။
ကျောင်းတက်မှန်ပါစေ။
စာ ရက်ဆက်ကျက်ပါ။
အပျင်း မဖက်ပါနှင့်။
သို့မှသာ ပညာထက်မြက်မည်''

ဟူ၍ ဖတ်နေသည်။

ဦးကြီးသည် စာဖတ်နေရင်းမှ ကျောင်းသားလေးများ မုန့်စားဆင်းလာမည့် ခေါင်းလောင်းသံချိုကိုလည်း နားစွင့်နေမိပြန်လေသည်။

တကယ်တော့ ဦးကြီးခမျာ သူကိုယ်တိုင် စာကိုကောင်းမွန်စွာ မတတ်ရှာခဲ့သော်လည်း စာသင်ရာဌာနေဖြစ်သော ကျောင်းကလေးတွင် စျေးရောင်းနေရသဖြင့် စိတ်ချမ်းသာပြီး ကျေနပ်နေသည်ကတော့ အမှန်ပင် ဖြစ်နေပါသတည်း။

ရေနံမြေ မောင်မောင်ကြည်

ပိုးပန်းပွင့်

သင်္ကာဝိကား ရွှေကမ္ဘာကြီးဝင်ဝ...

(က)

ဆောင်းအကုန် နွေအကူးကာလ၊ မြူနှင်းများ ကြွေသလိုလို . . မြူခိုးများ ဝေသလိုလိုနှင့်။

နံနက်စောစော မြူငွေ့လက်ကျန်များကြောင့် နွေဦးက မပီပြင်သေး။ တနင်္ဂနွေနေ့ ရုံးပိတ်ရက်ဖြစ်၍ လူသူရှင်းနေသည်။ ကား၊ ဆိုင်ကယ်နှင့်



စက်ဘီးများလည်း ရုံးဖွင့်ရက်များလောက် ရှပ်ထွေးမနေ။ သည်နေ့ နားရက်ပေမယ့် ခပ်ဝေးဝေး ရွာတစ်ရွာသို့ လူနာသွားကြည့်ရဦးမည်။ ဖုန်းဆက်စဉ်က လာခေါ်ပါ၊ လိုက်ကြည့်ပေးမည်ဟု ပြောခဲ့သည်။ ဆရာဝန်များရှိလျက်နှင့် 'နန်း'ကိုမှ ခေါ်သည့် အကြောင်းကိုလည်း တွေးကြည့်ဖြစ်သည်။

အိမ်ရှေ့တွင်လာကြိုသည့် ကားလေးရပ်လိုက်သည်နှင့် နန်းလည်း ဆေးပစ္စည်းထည့်ထားသည့် ခြင်းငယ်နှင့်လျှောက်သွားသည်။ ဒရိုင်ဘာက ကားတံခါးဖွင့်ပေးသည်။ ကားနောက်ပိုင်းထိုင်ခုံတွင် ဝင်ထိုင်ပြီး ဒရိုင်ဘာဘေးခုံသို့ အကြည့်ရောက်သည်။ ကားလေးမောင်းထွက်ချိန်တွင်လည်း ရှေ့မှလူကလှည့်မကြည့်။ နန်းကို သူနှင့်မဆိုင်သလို နှုတ်ဆက်ဖော်တောင်မရ၊ ရွာလမ်း၏ အကွေ့အချိုးများစွာကို ကျော်လွန်ပြီး လယ်ကွင်းဘက်သို့ မောင်းနေသည့်ကား။ ဘယ်ရွာကို ဦးတည်သည်မသိ။ မီးခိုးရောင် မှန်လုံကားထဲမှ အားစိုက်ကြည့်သော်လည်း ရိပ်ရိပ်ပြေးနေသော သစ်ပင်များကိုသာ မြင်ရသည်။

''ဘယ်ရွာကို သွားမှာလဲ ရှင့်''

ငြိမ်မနေနိုင်တော့သည်နှင့် မေးမိတော့သည်။ ဒရိုင်ဘာက နောက်ကြည့်မှန်မှကြည့်ပြီး ဖြေသည်။

''ရောက်တော့မှာ ဆရာမလေးရဲ့၊ ရွာနှစ်ရွာကြားက အိမ်ကိုပါ''

ဖြေသံကြားရပါလျက်နှင့် နန်းရင်ထဲ မကျေနပ်သလိုလို။ ရှေ့မှလူကြီးထိုင်နေသော အမျိုးသား၏အဖြေကို ကြားချင်မိသလားမသိ။ ထိုလူထံ ဝဲ့ဝဲကြည့်မိသည်။ ဒရိုင်ဘာက–

''ကျွန်တော် ဘယ်အချိန်လာကြိုရမလဲဆရာ''

''စောင့်နေ မကြာဘူး''

ထိုအသံကြားရစဉ် နန်း၏ နှလုံးသွေးများရပ်တန့်သွားသလို ခံစားရသည်။ ဘုရားရေ...သူမသူ။ သည်လို မာကျောပြတ်တောက်သောအသံကို မမှတ်မိဘဲ ရှိပါ့မလား။ ဟုတ်ပါပြီ..မောင်ပါပဲ။ နန်းက ခွဲချန်ထားခဲ့သော မောင်ပေါ့။ ရင်ထဲ လှိုက်ခနဲ တုန်သွားသည်။ ကားပေါ်မှ ပြန်ဆင်းချလည်းမရ။ သူက အကြိုအစည်နှင့်လား။ မကြောက်ပေမယ့် ရင်ပူမိတာတော့ အမှန်။ နန်းအတွေးတွင် အတိတ်မှဖြစ်စဉ်များက တရိပ်ရိပ်တိုးဝင်ရောက်လာတော့သည်။

✣ ✣ ✣ ✣ ✣

(၁)

ကိုမျိုးဝေနှင့် နန်းခင်မိုးတို့ ချစ်သူစုံတွဲကို အများက အားကျသည်။ မော်လမြိုင် အ.ထ.က တွင် ကျောင်းတက်စဉ် စာထူးချွန်ခြင်းလည်း တူသည်။ နှစ်ယောက်လုံး ဖြူဖြူချောချော၊ အရပ်မြင့်မြင့်နှင့် ကွန်ဖြေရရ နေထိုင်ကြသဖြင့် သူတို့ကိုခင်ကြသည်။ တက္ကသိုလ်ဝင်တန်းအောင်တော့လည်း အမှတ်ကောင်းသဖြင့် တတ်လိုသည့် တက္ကသိုလ်ပညာရေးကို ရွေးချယ်ခွင့်ရသည်။

ကိုမျိုးဝေက မော်လမြိုင် တက္ကသိုလ်တက်မည်။ နန်းခင်မိုးက ဘားအံသူနာပြုသင်တန်းကျောင်းကို တက်မည်။ သည်လိုနှင့် စိတ်ဝမ်းကွဲရပြီ။

''နန်းတို့ရဲ့ ကရင်ပြည်နယ်မှာ နန်းရှိမှဖြစ်မှာလား။ မော်လမြိုင်မှာ တက္ကသိုလ်တက်ဖို့ ကုန်ကျစရိတ်အားလုံး မောင်တာဝန်ယူပါမယ်ဆို၊ သူနာပြုဘဝနဲ့ ပြည်နယ်မှာ အကျိုးပြုခွင့်ရချင် တယ်ဆိုတော့ မောင်နဲ့ဝေးလည်း အရေးမကြီးဘူးဆိုတဲ့ သဘောလား''

''မဟုတ်ဘူးလေ မောင်ရယ်...၊ တက္ကသိုလ်ဝင်တန်းအောင်တာ သတ်မှတ်ထားတဲ့ ရမှတ်မီလို့ ဒီကျောင်းကိုတက်ခွင့်ရတာပါ၊ ကိုယ့်ရပ်ကိုယ့်ရွာမှာ စရိတ်လည်း ကုန်ကျသက်သာပြီး မိဘနဲ့လည်း မခွဲရတော့ဘူးလေ၊ အမိုးက ပြောပြတယ်၊ ကိုယ့် မိဘမျက်စိအောက်မှာ ကျောင်းတက်နိုင်ဖို့ နိုင်ငံတော်က ဒီကျောင်းဆောက်ပေးထားတာတဲ့၊ နန်းက တက်ခွင့်လည်းရနေပြီတဲ့၊ အမိုးတို့ ဝမ်းသာနေတာကို နန်းက ဖျက်ဆီးရက်ပါ့မလား မောင်ရယ်...''

ခုံတန်းလျားလေးတွင် အတူတူထိုင်နေရာမှ မောင်က မတ်တပ်ရပ်သည်။ တစ်စုံတစ်ရာကို ဆုံးဖြတ်ချက် ချမည့်ဟန်ကြောင့် မောင့်မျက်ဝန်းက မှိုင်းညို့သွား။ ခေါင်းကိုမော့ အသက်ပြင်းတစ်ချက်ရှူပြီး မောင်က မာဆတ်ဆတ် ပြောသည်။

''အငြင်းပွားမနေချင်ဘူးနန်း။ မောင်က တက္ကသိုလ်တက်ရင်း နှစ်ယောက်အရေးကို ဆွေးနွေးချင်တာ၊ အဆောင်အတွက်လည်း ပြောထားပြီးပြီ၊ ကျောင်းဖွင့်အမီ ရောက်မလာခဲ့ရင်တော့ နန်းရဲ့ဆုံးဖြတ်ချက်ပဲလို့ မှတ်ယူပါ့မယ်၊ တစ်ခုတော့ ပြောခဲ့မယ်၊ အဲဒီဆုံးဖြတ်ချက်က မောင်နဲ့ နန်းတို့အတွက် မဟာတံတိုင်းလို့ မှတ်ယူလိုက်ပါ နန်း''

စကားဆုံးသည်နှင့် နန်းကို ကျောခိုင်းထွက်သွားသောမောင်။ နန်း၏အချစ်ကို စမ်းသပ်ခြင်းလား။ မောင့်အတ္တကို လှုပ်ဟပြခြင်းလား...မဝေခွဲနိုင်။ ရင်ထဲတွင် နာကျင်သလိုလို ကြေကွဲသလိုလို။ ယောကျ်ား တစ်

နန်းတို့ ကရင်လက်ဝှေ့သမားများ ကြိုးဝိုင်းပေါ်တွင် သုံးနေကျ စကားတစ်ခွန်းရှိသည်။ ထိုစကားကို မဆီမဆိုင် နန်း၏ နှုတ်မှ ခပ်ဖွဖွရွတ်ဆိုမိသည်။ "စိန်ခေါ်ပြီဆိုရင်လည်း ပဝါမကူ ရေမရွှဲကြေးပေါ့..မောင်

ပြည်နယ်အတွင်း ကျန်းမာရေးဝန်ဆောင်မှု ပေးခွင့်ရချိန်တွင် နန်းဘက်က ကျွမ်းကျင်မှုအပြည့် ရှိနေချင်သည်။

ယောက်ဖ၏ စိန်ခေါ်ခြင်းကို ရင်ဆိုင်နိုင်သည့် နှလုံးသားပိုင်ရှင်သည် နန်းခင်မိုးဖြစ်သည်ဟု ကြေညာရဲသည်။

နန်းတို့ ကရင်လက်တွေ့သမားများ ကြိုးပိုင်းပေါ်တွင် သုံးနေကျစကားတစ်ခွန်းရှိသည်။ ထိုစကားကို မဆီမဆိုင် နန်း၏ နှုတ်မှ ခပ်ဖွဖွရွတ်ဆိုမိသည်။

''စိန်ခေါ်ပြီဆိုရင်လည်း ပဝါမကူ ရေမရှူကြေးပေါ့ . . မောင်''

✣ ✣ ✣ ✣ ✣

(၈)

နန်းခင်မိုးဆိုလျှင် သူနာပြုသင်တန်းကျောင်းတွင် မသိသူမရှိ။ ဖြူသွယ်သွယ်၊ မျက်တောင်ကော့နှင့် နှုတ်ခမ်းဖူးဖူးလေးကလည်း စကားပြောတိုင်း ချိုငဲ့နှင့်။ စာသင်နှစ် သုံးနှစ်အတွင်း စာတော်သော၊ စေတနာ ပြည့်သော၊ လုပ်ငန်းကျွမ်းကျင်သော သူနာပြုအဖြစ် နာမည်ကောင်း ရနေသည်။ သင်ရိုးညွှန်းတမ်းပါအတိုင်း အဓိက ဘာသာရပ်များကို ထူးချွန်စွာ သင်ယူခဲ့သည်။ အခြေခံ သူနာပြု စောင့်ရှောက်မှု၊ မိခင်နှင့် ကလေး ကျန်းမာရေးပြုစုမှု၊ လူကြီးကျန်းမာရေး၊ ပြည်သူ့ကျန်းမာရေး၊ စိတ်ကျန်းမာရေး၊ သူနာပြု စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ပညာ စသည့် ဘာသာရပ်တိုင်း နန်းက ကြိုးစားသင်ယူခဲ့သည်။ အဆောင်ကြီးတစ်ခုတွင် စုပေါင်းနေထိုင်ပြီး အတူတူကျောင်းတက်သော နော်ဆေးမူနှင့် နော်ကြာမွေ့တို့က သတိပေးရစမြဲ။

''ကြိုးစားတာကို အားပေးပါတယ် နန်းရယ်၊ ဒါပေမဲ့ နန်းက အလွန်ကြိုးကို အားစိုက်နေတာပဲ၊ ဆေးမူအထင်တော့ ကိုမျိုးဝေကိုမေ့နိုင်ဖို့ အချိန်တွေကို ကျော်ဖြတ်နေတာလားလို့ပါ၊ ဒါမှမဟုတ် အနိုင်ယူဖို့ မြားသွေးနေတာလား''

''ဟုတ်ပရော . . ကိုမျိုးဝေက မော်လမြိုင်တက္ကသိုလ်မှာ ပျော်နေပြီပဲ၊ နန်းကိုသာသတိရရင် ရောက်လာပြီပေါ့၊ ခရီးကဝေးတာမှမဟုတ်ဘဲ၊ နန်းကသာ မနားမနေ ကွင်းဆင်း၊ လက်တွေ့လုပ်ခဲ့ ကိုမျိုးဝေကို သတိရတာ ပျောက်စေချင်လို့ မဟုတ်လား''

''သူတို့ထင်ကြေးနှင့် ပြောနေခြင်းကို နန်းက ခေါင်းခါငြင်းဆိုလိုက်သည်။ ဘယ်သူကိုမှ အတင်းကြိုးမေ့ရန် မကြိုးစား။ ရံဖန်ရံခါ သတိရမိလျှင်လည်း စိတ်ကိုဖြေနိုင်ပြီးသား။ ကိုယ့်လမ်းကိုယ် ရွေးခဲ့သူခြင်းဖြစ်၍ အာဃာတထားစရာလည်းမလို။ နန်း၏ ကြိုးစားမှုသည် နန်းအတွက်ဖြစ်သည်။ ပြည်နယ်အတွင်း ကျန်းမာရေးဝန်ဆောင်မှု ပေးခွင့်ရချိန်တွင် နန်းဘက်က ကျွမ်းကျင်မှုအပြည့် ရှိနေချင်သည်။ ဒါက နန်း၏ စေတနာအမှန်။ နန်းက ဖတ်လက်စ စာအုပ်ကို ဘေးချပြီး–

''ခုအချိန်မှာ ရပ်ကွက်၊ ကျေးရွာ၊ ဒေသန္တရဆေးပေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနတွေ၊ စက်ရုံအလုပ်ရုံတွေ၊ ကျောင်းတွေကိုသွားပြီး လက်တွေ့ ကွင်းဆင်းရတာ နန်းတို့အတွက် အထောက်အကူဖြစ်စေတယ်လေ၊ ဆေးမူတို့လည်း လုပ်ခဲ့ရသားပဲ၊ ဒီအလုပ်တွေက နန်းတို့လုပ်ငန်းခွင်ဝင်ရင် အကျိုးရှိမယ့် သင်ခန်းစာတွေပါ၊ ဒါကြောင့် သိချင်တာ၊ တတ်ချင်တာတွေ မေးရင်း လက်တွေ့လုပ်ငန်း တတ်ကျွမ်းပြီးသူတွေဆီက ပညာယူနေတာပါကွယ်၊ တလွဲမတွေးပါနဲ့နော်''

ချစ်သူကိုမေ့ရန် အကြောင်းမဲ့ အားထုတ်နေခြင်းဟု မမြင်စေလို။ ဒါကို သူငယ်ချင်းများ သိစေချင်ခဲ့သည်။ ခုမှ ပြောခွင့်ရသဖြင့် နန်းလည်း ကျေနပ်နေမိသည်။

''နန်းရဲ့ရင်ထဲမှာလေ . . ကိုမျိုးဝေကို အနိုင်ယူချင်တာမျိုးမရှိခဲ့ပါဘူး။ ဒါကိုတော့ ယုံစေချင်တယ်၊ နန်းကြိုးစားတာကိုယ့်ပြည်နယ်ကို ကိုယ့်ပညာနဲ့ ကျွမ်းကျွမ်းကျင်ကျင် အကျိုးပြုချင်တဲ့ဆန္ဒတစ်ခုတည်းပါ''

နန်း၏ စကားအဆုံးတွင် နော်ဆေးမူက လက်မထောင်ပြသည်။ နော်ကြာမွေ့မှာ မျက်နှာရှုံ့မဲ့၍ ခြေသလုံးများကို နှိပ်နယ်နေသည်။ ဒီနေ့ တော်တော် ခံစားလိုက်ရတယ်ဟု ညည်းတွားသည်။ ကျောင်းပတ်ဝန်းကျင်နှင့် အဆောင်သန့်ရှင်းရေးအတွက် အမှိုက်ရှင်း၊ ချွန်ယွယ်ပိတ်ပေါင်းရှင်းခြင်းများ လုပ်ရသောနေ့၊ ခပ်ပြည့်ပြည့် အားကောင်းမောင်းသန်ကြီးဟု မြွောက်ပေးပြီး မြက်ခုတ်ခိုင်းသည်။ သူငယ်ချင်းများထက် သူကပို၍ နာကျင်နေပြီ။

''နင်တို့ကို မကျေနပ်ဘူးဝေ့၊ ငါ့ကိုပဲ ပိုခိုင်းတာကို။ ဆေးလိမ်းပေးဖို့ကျတော့ မသိဟန်ဆောင်တယ်ဝေ့''

ပြုစုခံချင်သော နော်ကြာမွေ့ကိုကြည့်၍ ရယ်မိကြပြန်သည်။ သူကို စချင်၍ နော်ဆေးမူက ဆေးပုလင်းလေးမြွောက်ပြပြီး–

''ကဲပါကွာ . . . နော်ကူးမရုပ်ရှင်ထဲကလို မင်းသားလုပ်ပြီး သီချင်းဆိုပြ၊ ငါလည်း နှာစ်လုပ်ပြီး ဆေးလိမ်းပေးမယ်လေ၊ ဆိုလိုက်ပေတော့ . . . ကျယ်ကျယ်လေး''

''ဆိုပါဝေ့ . .''

''ကျယ်ကျယ်ဆိုပါဗျို့''

ဟု တစ်ဖက်ခန်းမှ ဝိုင်းပြောသည်။ နော်ကြာမွေ့ရင်ထဲ

ပျော်သလိုလိုဖြစ်လာပြီး သီချင်းတစ်ပိုင်းတစ်စကို ကျုံးအော်သည်။

''ဆရာမလေးရာ..လာပါဦးဗျာ . .ကျွန်တော့်ဝေဒနာမသက်သာ၊ ခေါင်းထဲက နာတာတာ..ရင်ထဲက အောင့်လို့သာ..ခြေသလုံးရိုး ပိုးထိုးသလိုပဲနာ...''

''ဝေး..ဟေး..ဟေး.. Good Good..''

''အသံကောင်းတယ်ဗျို့၊ ဆေးများများလိမ်းထည့်ပေးလိုက်ပါဗျို့''

နန်းတို့အုပ်စု တစ်ယောက်တစ်ခွန်း ဝိုင်းအော်လျက် ရယ်မော ပျော်ရွှင်ကြတော့သည်။

✣ ✣ ✣ ✣ ✣

(ဃ)

သည်လိုနှင့် သင်တန်းကာလ ပြီးမြောက်ခဲ့သည်။

သုံးနှစ်တာ သင်ကြားပြီး ကျောင်းမှပေးအပ်သည့် ဒီပလိုမာ လက်မှတ်ဖြင့် လုပ်ငန်းခွင်ဝင်ကြပြီ။ နော်ကြာမွေ့က သူမွေးရပ်ဖြစ်သည့် သံဖြူဇရပ် မြို့နယ်ထဲမှ 'ဝဲခမိရွာ'ရှိ တိုက်နယ်ဆေးရုံတွင် တာဝန်ကျသည်။ နော်ဆေးမူက 'ကျောင်းရွာ'တွင် တာဝန်ကျသည်။ နန်းကတော့ မွေးရပ်မြေ ကော့ကရိတ်ခရိုင် ကော့ဘိန်းမြို့နယ်တွင် တာဝန်ကျသည်။

တာဝန်ချိန်ရော၊ တာဝန်ချိန် ပြင်ပမှာပါ စေတနာပြည့်ဝသည့် ပြုစုကုသမှုကြောင့် နန်းကို ချစ်ကြသည်။ အားကိုးကြသည်။ သည်နေ့ ထူးထူးခြားခြား ဖုန်းလာကြောင်း အမိုးပြောပြတော့ နန်း စဉ်းစားရခက်နေသည်။ လူနာအမျိုးသမီးတစ်ဦးကို ပြုစုပေးရန်နှင့် တစ်လသာတာဝန်ယူပေးရန်၊ တနင်္ဂနွေတစ်နေ့တွင် လာကြိုမည်ဟုပြောသည်။

''အမိုးကလည်းလေ၊ နာမည်တော့ မေးလိုက်ရမှာ၊ လူနာက ဘယ်မှာလဲမသိဘဲနဲ့ အထိုင်ဖုန်းထဲမှာ နံပါတ်ပေါ်နေမှာပါ၊ နန်း ပြန်ဆက်လိုက်အုံးမယ်''

ကမ်းရိုးတန်းဖုန်းကို တပ်ထားသဖြင့် ဖုန်းနံပါတ်ပေါ်နေသည်။ ဖုန်းပြန်ခေါ်ကြည့်ရာ ဖုန်းလိုင်း ပိတ်ထားကြောင်းသာ ကြားရသည်။ စိတ်လျှော့လိုက်ပြီး တနင်္ဂနွေနေ့တွင် လူနာထံလိုက်ကြည့်ရန်သာဆုံးဖြတ်လိုက်တော့သည်။ သူနာပြုဆရာမတစ်ယောက်အနေနှင့် ဘယ်သူကိုမှ မျက်နှာမလွှဲချင်၊ ကိုယ်သင်ယူတတ်မြောက်သည့်ပညာနှင့် ကိုယ်ချင်းစာနာမှုကို လက်ကိုင်ပြု၍ လူနာအားပြုစုရန်သာ အဓိကဖြစ်သည်။

လူနာ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာသာမကဘဲ လူမှုရေးဆိုင်ရာ ပြုစုမှုများကိုပါ ဖြည့်ဆည်းဆောင်ရွက်ပေးရမည်မှာ သူနာပြုများ၏ အတတ်ပညာဖြစ်သည်။ တနင်္ဂနွေနေ့ ရုံးပိတ်ရက်တွင် လိုအပ်မည်ထင်သော ဆေးဝါးများ ထည့်ထားသည့် ကြိမ်ခြင်းငယ်ဖြင့်စောင့်နေလိုက်သည်။

✣ ✣ ✣ ✣ ✣

(c)

နန်း၏အတွေးများ အတိတ်သို့ လွှင့်ပါးနေစဉ် ကားလေးက တရိပ်ရိပ်ပြေးနေပြီ။ ထန်းပင်ထန်းရွက်များနှင့် မဲဇလီပင်ပျိုများကို ဖြတ်၊ ကွင်းပြင်ကျယ်ကြီးကို ဖြတ်ပြီး ခြံဝင်းကျယ်တစ်ခြံထဲသို့ ရောက်သည်။ အိမ်ထဲမှ အမျိုးသမီးကြီးတစ်ယောက် ထွက်လာပြီးကြိုသည်။ လူနာရှိသည့် အိမ်ဖြစ်၍များ တိတ်ဆိတ်နေသလားမသိ။ စကားသံ၊ သီချင်းသံ၊ ကလေးသံ၊ ခွေးသံ ဘာသံမှမကြားရ။

''ဆရာမ ဆင်းပါခင်ဗျာ''

ဒရိုင်ဘာက ကားတံခါးဖွင့်ပေးသည်။ နန်းဆင်းပြီးချိန်တွင် ရှေ့ခုံမှလူက ဆင်းပြီးနှင့်ပြီ။ ရှေ့မှဦးဆောင်လျှောက်သွားသည့် ထိုလူက အိမ်ကြီး၏ ဧည့်ခန်းရောက်သည်နှင့် ကုလားထိုင်တစ်လုံးကို ညွှန်ပြသည်။

''ထိုင်ပါအုံး ဆရာမလေး''

ပြောပြီး သူ နေကာမျက်မှန်ကိုချွတ်၊ ဦးထုပ်ကိုချွတ်၊ ခွေး



သုတ်သည်။ နန်းက သူကိုကြည့်ပြီး အံ့အားတသင့် မဖြစ်မိပါ။ သူက နန်း၏ရှေ့တွင်ရှိသော ကုလားထိုင်တွင် ဝင်ထိုင်ပြီး သူကိုယ်သူ မိတ်ဆက်သည်။

''ကျွန်တော် ကိုမျိုးဝေပါ''

''ဟုတ်ကဲ့ . .သိလိုက်ပါတယ်၊ ဘယ်အချိန်အထိ ဟန်ဆောင်မလဲလို့ပါ''

နန်းက ပြုံးမြမြနှင့် တုံ့ပြန်ပြောလိုက်သည်။ နန်းသိချင်နေသည်ကိုလည်း ဖြည်းဖြည်းညင်သာ မေးမိသည်။ လျှို့ဝှက်ချုပ်ဖျက်ပြီး ခေါ်စရာလိုလို့လားဟု မေးစဉ် သူပြုံးသည်။ မလိုက်မှာ စိုးလို့ပါဟု တိုးတိုးဖွဖွဖြေသေးသည်။ ထို့နောက် လူနာရှိရာ အခန်းသို့ ဦးဆောင်ခေါ်သွားသည်။ လူနာနေသော အခန်းဆိုသော်လည်း သန့်ရှင်းသပ်ရပ်ပြီး လှလှပပပြင်ဆင်ထားသည်။ အဲယားကွန်းနှင့်၊ တီဗီနှင့် စားပွဲ ငယ်ပေါ်တွင် စားစရာမုန့်ပုံးရှိသည်။ သစ်သီးအစုံကို ဗန်းလှလှလေးတွင် ပြင်ထားသည်မှာ စားချင်စရာ။

နံရံတစ်ဖက်တွင် ခုတင်တစ်လုံးရှိသည်။ မွေ့ယာထူထူ၊ အိပ်ရာခင်းလှလှပေါ်တွင် မိန်းကလေးလှလှလေးတစ်ယောက်။ တစောင်းလှဲအနေအထားဖြင့် အိပ်မောကျနေပုံမှာ လူနာနှင့် မတူ။ ခေတ္တအနားယူနေပုံနှင့် တူသည်။

ကိုမျိုးဝေက သက်ပြင်းနှင့် အတူ နန်းဘက်သို့လှည့်၍ ပြောသည်။

''သူက ညီမဝမ်းကွဲပါ။ ရန်ကုန်မှာ အဆောင်နေပြီး အီကို ဒုတိယနှစ်တက်နေတယ်၊ မိဘမျက်ကွယ်မှာဆိုတော့ စာကို မမက်ဘူး၊ သူငယ်ချင်းတွေနဲ့ အပျော်အပါးမက်ပြီး စိတ်ကြဆေးတွေသုံးတာလို့ သိရတယ်၊ စိတ်တွေ ဂယောင်ခြောက်ခြားဖြစ်လာလို့ အဆောင်ပိုင်ရှင်က အကြောင်းကြားတာ၊ စိတ်ရောဂါကု ဆေးရုံကြီးမှာ ကုသမှုသုံးလကြာခဲ့တယ်၊ အခု အနားယူ၊ ဆေးမှန်မှန်သောက်၊ ကျောင်းလည်း နားလိုက်ရပြီပေါ့။ ဒီရွာမှာ ကျွန်တော်တို့ အဒေါ်နဲ့ ထားပြီး ပြုစုနေတာ၊ အဒေါ့် စကားကို သူက နားမထောင်ချင်ဘူးလေ''

''ငယ်ရွယ်သူလည်း ဖြစ်တော့ မိဘရင်ခွင်နဲ့ဝေးရင် မှားတတ်ကြတယ်၊ ဒီလောက်နဲ့ အမှားရပ်သွားတာ တော်သေးတာပေါ့၊ တချို့လူငယ်တွေ မူးယစ်ဆေးနဲ့ ဘဝပျက်သွားကြတာပါပဲ၊ ကိုမျိုးဝေက နန်းကို ဘာပြောချင်တာလဲ၊ နန်း ဘာကူညီရမလဲ''

နန်းက စကားအဆုံး ကိုမျိုးဝေကို စေ့စေ့ကြည့်၍မေးလိုက်သည်။ ကိုမျိုးဝေက အိပ်ခန်းမှထွက်ပြီး ဧည့်ခန်းဘက်သို့ ပြန်လျှောက်သည်။ နန်းလည်း သူနောက်မှ အတွေးတစ်စဖြင့် လိုက်ခဲ့ရသည်။ ဧည့်ခန်းတွင် ထိုင်နေကြစဉ် အဒေါ်က မုန့်နှင့် ကော်ဖီပန်းကန်လာချပေးသည်။ သုံးဆောင်ပါဦးဟုပြောပြီး ပြန်လှည့်သွားသည်။ ကိုမျိုးဝေ၏ စကားသံကို နားစွင့်နေစဉ် . .

''ဒီလိုပါ နန်းရယ်...နန်းက ဆေးရုံကြီးမှာ ပို့စတင်မကျသေးလို့ ပုဂ္ဂလိကဆေးရုံမှာ အလုပ်ဝင်နေတာဆိုတော့ ညီမလေးကို ဆေးတိုက်တာ၊ ဆေးလိမ်းတာ အဖော်အဖြစ် သူကို စည်းရုံးပေးဖို့ပါ၊ သူပညာရေးအတွက် ဘယ်လိုကြိုးစားရမယ် ဆိုတာမျိုး သွန်သင်ရင်း ပြုစုကုသစေချင်တာပါ နန်းရယ်၊ ကိုယ်က နှစ်ပတ်တစ်ခါ လာပို့မယ်၊ သူမှာ အမေမရှိတော့ဘူး။ အဖေက နယ်မှာ စက်ရုံမှူး၊ ဒီတော့ နန်း ကူညီမယ်လို့ ကိုယ်ယုံကြည်ပါတယ်''

ကိုမျိုးဝေပြောသမျှကို ငြိမ်ငြိမ်လေး နားထောင်နေရာမှ ခေါင်းညိတ်ပြဖြစ်သည်။ အခုတော့ ဇွဲကပင်မြေက သူနာပြုလေးကို ယုံကြည်သတဲ့လား။ တစ်ချိန်က ''သူနာပြုတွေ ပေါလွန်းလို့၊ နန်းက သူနာပြုဖြစ်မှလား။ ကရင်ပြည်နယ်မှာ နန်းရှိမှ ဖြစ်မှာလား''ဟု ခါးသီးစွာ ပြောခဲ့သည့်စကား . .မေ့ထားလိုက်ပါပြီ။ နန်း၏ သူနာပြုပညာကို နားလည်လက်ခံပြီဆိုသည်ကို ကျေနပ်နိုင်ပါပြီ။

''ကိုမျိုးဝေကို ကူညီတယ်ဆိုတာထက် လူနာညီမလေးကို ကူညီတယ်လို့ နားလည်ပေးပါ ကိုမျိုးဝေ၊ နန်းတို့ သူနာပြုတွေရဲ့ လေးနက်တဲ့ ခံယူချက်နဲ့ စေတနာအားလုံးကို လူနာအတွက်ပဲ ထားပါတယ်၊ ညီမလေးကို ပြုစုဖို့ကိစ္စကို နန်းလက်ခံပါတယ်၊ မနက်ဖြန် တနလ်ာနေ့ကစပြီး ဒီအိမ်ကို လာခဲ့မှာပါ''

''ကျေးဇူးတင်လိုက်တာ နန်းရယ်၊ ကိုယ် ဝမ်းသာလိုက်တာ''

သူ လှိုက်လှဲဝမ်းသာနေသည်။ နန်းလက်ကို ဆွဲကိုင်တော့မလို ကိုယ်လေးညွတ်လာသေးသည်။ နန်းရင်ထဲ လှိုက်ခုန်သလိုလိုနှင့် နှလုံးသားတို့ ပူနွေးရှိန်းမြသွားသည်။

✣ ✣ ✣ ✣ ✣

(၉)

နှစ် ၆၀ ပြည့်၊ ကရင်ပြည်နယ်နေ့။ ဖားစည်သံများ ဝေနေပြီ။ ကရင်တစ်မျိုးသားလုံးကို ကိုယ်စားပြုသည့် ထို တူရိယာသံကို ကြားသည်နှင့် ကရင်လူမျိုးတို့၏ စိတ်ဓာတ်များ နိုးကြားတက်ကြွစမြဲ။ ဘားအံ၊ သံတောင်၊ လှိုင်းဘွဲ့၊ ကြာအင်းဆိပ်ကြီး။ ကော့ကရိတ်စသည့် ကရင်ပြည်နယ်မြို့များမှ ကရင်တိုင်းရင်းသားအားလုံး ပြည်နယ်နေ့ကို ဆင်နွှဲကြသည်။

နန်းတို့ သူငယ်ချင်းတစ်စု



ကျန်းမာကြိုခိုင်ရေးနဲ့
ပညာရေးက
ဆက်စပ်နေတာလေ၊ ကျန်းမာမှ
လူကောင်းလူတော်တွေ
ပေါ်ထွက်နိုင်မှာ၊ ညီမလေးလို
မပွင့်ခင်နွမ်း၊ မလန်းခင်
ကြွေတော့မလိုဖြစ်ရတာ၊
စိတ်ကိုရော၊ လူကိုရော
ဖျက်ဆီးတဲ့
မူးယစ်ထုံထိုင်း
ဆေးတွေကြောင့်...

ကရင်ရိုးရာဝတ်စုံ အကျီအနီလက်တို၊ ထဘီအနီနှင့် ပုဝါအဖြူကို ခေါင်းတွင်စည်းပြီး အစနှစ်ဖက်ကိုအရှေ့တွင်ချထားသည်။ ပြည်နယ်တစ်ခွင်လုံး အုန်းအုန်းကြွက်ကြွက် ပျော်ရွှင်နေသည့်အချိန် နန်းကတော့ မောင့်ကို လွမ်းတစိတ်ဖြင့် ဟိုယခင်က မောင်ဆိုပြဖူးသည့် ဒုံးအကသီချင်းကို ကြားယောင်နေသည်။ ထိုစဉ် ဇာတ်စင်ပေါ်မှ သီချင်းသံ လွင့်ပျံ့နေသည်။

''ဟေး...ထိခေါင်...ထိခေါင်...ထိခေါင်လားဒေ့...ရိုးသားတဲ့ ကရင်မလေးမို့...တို့အသည်းမှာ စွဲချစ်နေ...အပြစ်ရှိရင် ခွင့်လွှတ်ပါမေ...ကရင်မလေးကို ချစ်ခဲ့မိတာ...ဇွဲကပင်တောင်ကြီး အသိသက်သေ''

အို ဟုတ်ပါပြီကော၊ မောင်မှ မောင်အစစ်ပါပဲ။ သူဂစ်တာလေးနှင့် ဆိုတီးပြခဲ့သည့် သီချင်း။ ပွဲတော်ရက်ဖြစ်၍ အရောက်လာခြင်း ဖြစ်မည်။ နော်ဆေးမူက နန်းကိုလက်ဆွဲ၍

''နန်းရေ– အဲဒါ ကိုမျိုးဝေပဲ၊ သူရောက်နေတာကို မသိလိုက်ဘူး။ နန်းကို တောင်းပန်တဲ့သီချင်းနော်၊ ကြားလား...ကြားလား''

''ကြားပါတယ်ကွာ...သူဘာသာ သီချင်းဆိုတာပါ၊ နန်းနဲ့ မဆိုင်ပါဘူး''

နန်းက လူစုကြားမှ တိုးထွက်ပြီး ပွဲဈေးတန်းဘက်သို့ သွက်သွက်လျှောက်ခဲ့သည်။ အကြော်ဆိုင်တွင်ဝင်ထိုင်ပြီး အကြော်စုံနှင့် ကော်ဖီမှာထားပြီး နော်ကြာမွေ့က နင် ရင်ခုန်နေလားဟု မေးသည်။ ခုန်ပါဘူးဟု ခပ်ဆတ်ဆတ်ဖြေ၍ မျက်စောင်းဝေ့လိုက်သည်။ နာရီဝက်ခန့် ကြာတော့ အကြော်စား၊ ကော်ဖီ သောက်နှင့် စကားဖောင်ဖွဲ့နေသည့် နန်းတို့ရှိရာသို့ ကိုမျိုးဝေနှင့် သူငယ်ချင်းနှစ်ယောက် ရောက်လာသည်။ ကိုမျိုးဝေက နန်းအနားမှ ကုလားထိုင်တွင် ဝင်ထိုင်သည်။ ဒီဝိုင်းကို ကျွန်တော် ကျွေးမယ်ဟုပြောပြီး...

''အကြိုက်သာ စားကြနော်၊ ကျွန်တော် ကျွေးခွင့်ရချင်လို့ ရန်ကုန်ကနေ အရောက်လာတာပါ၊ ပွဲစီစဉ်တဲ့ သူငယ်ချင်းစောဘဌေးဆီမှာ ခွင့်တောင်းပြီး သီချင်းဆိုလိုက်တာလေ၊ သက်ဆိုင်သူတွေ ကြားပါစေလို့ပေါ့၊ ဇွဲကပင်တောင်ကြီးလည်း သိပါစေပေါ့''

ကိုမျိုးဝေ၏ ရယ်ဟစကား ကြောင့် နော်ဆေးမူနှင့် နော်ကြာမွေ့တို့က လက်မလေးထောင်၍ ထောက်ခံကြသည်။

နန်းက မျက်လွှာချထားပြီး တည်တည်လေးနေသည်။ ကိုမျိုးဝေက နန်း၏မျက်နှာနားသို့ ငုံ့ကြည့်သည်နှင့် နန်းက မျက်စောင်းဝေ့လိုက်သည်။ ရယ်သံများလည်း ဇွဲကပင်တောင်တန်းထိ လွင့်လွင့်ဝဲ ရှိလိမ့်မည်ထင်သည်။

✣ ✣ ✣ ✣ ✣

(ဆ)

ရက်သတ္တပတ် ၄ပတ်ပြည့်ပြီ။

လူနာမိန်းကလေး ပန်းဖြူနဲ့လည်း စိတ်ရောလူရော ကျန်



မာနေပြီ။ အဒေါ်ဖြစ်သူက ပန်းဖြူနွဲ့၏ပစ္စည်းများကိုသိမ်းဆည်းနေသည်။ နေကောင်းလျှင် ရန်ကုန်သို့ပြန်ရမည်ကို သိ၍ ပန်းဖြူနွဲ့လည်းပျော်နေသည်။ နန်း၏ လက်ဖဝါးလေးကို ဆွဲကိုင်လျက်–

''မမနန်းကို အရမ်းကို ကျေးဇူးတင်နေမိတယ်၊ ဖြူနွဲ့ကို ညီမလေးတစ်ယောက်လို ဆုံးမသွန်သင်တာ၊ စာတွေဖတ်ပြတာ၊ ပြုစုယုယတာတွေကို တစ်သက်မမေ့ပါဘူး၊ ဘားအံမြေက ကရင်တိုင်းရင်းသားတွေရဲ့ ဗေးမကူညီတဲ့ စေတနာကို ရင်ထဲမှာ အမြဲသိမ်းထားမှာပါ''

''ပန်းဖြူနွဲ့ရယ်၊ မမနန်းတို့က တိုင်းရင်းသားညီအစ်မ အရင်းတွေပါ၊ ဟိုးအရင်က ရေခြားမြေခြားနဲ့ ဆက်သွယ်ရေးလမ်းပန်းခက်ခဲလို့ ဆုံဆည်းကြဖို့ မလွယ်ဘူးလေ၊ အခုတော့ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးအားလုံးအတွက် ငြိမ်းချမ်းရေးရော၊ ဆက်သွယ်ရေးရော တိုးတက်နေပြီလေ၊ လမ်းတံတားတွေ၊ ရေရရှိရေးတွေ၊ ပညာရေးတွေ၊ သာသနာရေးတွေအားလုံး ဖွံ့ဖြိုးနေတာ ညီမလေးသိအောင် ပြောပြထားတယ်မဟုတ်လား၊ စာတွေဖတ်ပြထားလို့ သိသင့်သလောက် သိနေပြီနော်၊ မမနန်းတို့ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိတာဟာ ငြိမ်းချမ်းရေးပါပဲ၊ မမနန်းက သူနာပြုဖြစ်တော့ တိုင်းရင်းသားမခွဲခြားဘဲ ပြုစုမှာပါ၊ ကိုယ့်မြေကိုယ့်ဒေသမှာ ပြန်ပြီး တာဝန်ထမ်းတာကလည်း ပြည်နယ်တစ်ခွင်လုံး ကျန်းမာရေးစောင့်ရှောက်မှုကို ဝန်ဆောင်မှုပေးချင်လို့ပါပဲကွယ်၊ ပြည်နယ်မှာက လိုအပ်ချက် ပိုများတယ်လေ''

ရှည်လျားသော စကားအဆုံးတွင် ပန်းဖြူနွဲ့က နန်း၏ လက်ဖမိုးလေးကို ဆွဲယူနမ်းရှိုက်သည်။ ကြင်နာစွာပြုစုခဲ့သော လက်ဖဝါးလေး၏ပိုင်ရှင်သည် နှလုံးသားလည်း လှသည်ဟု တိုးတိုးဖွဖွပြောသေးသည်။ မွန်မြတ်သော စိတ်ဓာတ်ပါပဲဆိုသည့် အသံနှင့်အတူ ညှစ်ခန်းထဲ ရောက်လာသူက ကိုမျိုးဝေ။

''နန်း ပြောနေတာကို အကုန်ကြားပါတယ်၊ ကိုယ် အတွေးအခေါ်မှားပြီး နန်းကိုအပြစ်တင်သဘောနဲ့ ပြောခဲ့တာတွေကို ခွင့်လွှတ်ပါနန်း၊ တကယ်တော့ ကျန်းမာကြိုးစိုင်ရေးနဲ့ပညာရေးက ဆက်စပ်နေတာလေ၊ ကျန်းမာမှ လူကောင်းလူတော်တွေ ပေါ်ထွက်နိုင်မှာ၊ ညီမလေးလို မပွင့်ခင်နွမ်း၊ မလန်းခင် ကြွေတော့မလိုဖြစ်ရတာ၊ စိတ်ကို ရော၊ လူကိုရော ဖျက်ဆီးတဲ့ မူးယစ် ထုံထိုင်းဆေးတွေကြောင့် ပညာသင်နေတဲ့ ကျောင်းသူ၊ ကျောင်းသားတွေ အညွှန့်ကျိုးကြရတာ အများကြီးပဲ၊ ကျန်းမာရေး ဝန်ထမ်းကောင်းတွေက ပြုစုကုသပေးလို့ ပြန်ကောင်းလာတာလည်း ရှိပါတယ်၊ ဒါတွေကို ကျေးဇူးတင်ရမှာပါနန်း''

''ဟုတ်ကဲ့ပါ ကိုမျိုးဝေ၊ နယ်စပ်ဒေသတိုင်းမှာ ကျန်းမာရေးဝန်ထမ်းတွေ လိုအပ်တယ်ဆိုတာ လက်ခံရင် ဝမ်းသာလှပါပြီရှင်''

နန်းက စကားဝိုင်းကို အဆုံးသတ်၍ ထိုင်ရာမှထလိုက်သည်။ ကိုမျိုးဝေက အလျင်စလိုဖြင့် နန်း၏လက်ဖျားကို လှမ်းဆွဲသည်။ နှုတ်မှလည်း···

''နန်းပြောခဲ့တာတွေကို ကိုယ်က လက်ခံရုံနဲ့ မပြီးသေးဘူးလေ၊ ကိုယ့်စကားကိုလည်း နန်းက လက်ခံပေးရမယ်မဟုတ်လား''

''ဟင်··ကိုမျိုးဝေပြောတဲ့ ဘယ်စကားကိုလဲ''

''ကရင်မလေးကို ချစ်ခဲ့မိတာ ဇွဲကပင်တောင်ကြီး အသိသက်သေဆိုတာလေ''

''ဟာ···ဘာမှန်းလဲမသိဘူး၊ ဟိုမှာ ဖြူနွဲ့ကြည့်နေတယ်''

နန်း၏ မျက်လုံးအဝေ့ကို သူက ပြုံးစေ့စေ့ကြည့်နေသေးသည်။ နန်းကလည်း မျက်နှာတည်တည်ထားလျက် တစ်ခွန်းချင်း ပြောရပြီ။

''နန်း၏မွေးမြေကို စွန့်ခွာပြီး ဘယ်ကိုမှမသွားနိုင်တာဟာ ကိုယ့်မွေးရပ်ကိုပဲ တိုးတက်စေချင်တဲ့ အတ္တကြောင့်မဟုတ်ဘူး ကိုမျိုးဝေ၊ တခြားပြည်နယ်တွေ၊ တိုင်းတွေမိဖို့ နန်းတို့မှာ အများကြီး လိုအပ်သေးလို့ပါ၊ နန်းကို ချစ်တယ်ဆိုရင် ဇွဲကပင်တောင်ကြီးကိုလည်း ချစ်နိုင်မှဖြစ်မယ်လေ''

နန်း၏ စကားလုံးများတွင် နန်း၏ဘဝ၊ နန်း၏ဆန္ဒနှင့်၊ နန်း၏ စေတနာများစွာ ပါနေမည်။ အချစ်ထက် အရေးကြီးသော အကြောင်းအရာများစွာက နန်း၏ အသိတရားကို လွှမ်းမိုးထားသည် မဟုတ်လား။ ကိုမျိုးဝေ ပြုံးသည်။ ခေါင်းကို ညင်ညင်သာသာ ညိတ်သည်။

''ကိုယ်···အဲ···မောင် ကလေ နန်းကိုချစ်သလို၊ ဇွဲကပင်ကိုလည်း ချစ်တယ်၊ မောင် တတ်ထားတဲ့ အင်ဂျင်နီယာ အတတ်ပညာနဲ့ ဇွဲကပင်မြေက လမ်းတံတားတွေ ဆောက်လုပ်တဲ့နေရာမှာ ပါဝင်မယ်၊ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပါ့မယ်လို့ သစ္စာဆိုပါတယ်၊ နန်းမောင့်ကို ယုံကြည်လိုက်ပါနော်၊ နန်းနဲ့မောင်တို့ နှစ်ယောက်လုံး ဇွဲကပင်မြေကို မခွဲဘူးလို့ သစ္စာဆိုကြမယ်လေ''

မောင့်ကို ယုံကြည်စွာဖြင့် ရှက်ဝဲဝဲနှင့် ခေါင်းညိတ်မိတော့သည်။

နန်း၏ နှလုံးသားတွင် ကြည်နူးစိတ်များ ပြည့်လျှံနေသဖြင့် လက်ဖျားကို ရှုန်းဖယ်ရန်ပင် မေ့လျော့နေတော့သည်။

မိုးပန်းမွန်(ရာမည)





ထူးချွန်ထက်မြက် လိုသူများအတွက် လက်ဆောင်မွန်



——ကိုစော(ပထဝီဝင်)——

ထူးချွန်ထက်မြက်လိုသူများအတွက် စာပေရေးသားရာ၌ စာပေရေးသားမှု အမျိုးမျိုးအကြောင်းကို ရှင်းပြခဲ့ရာတွင် ဝတ္ထုဇာတ်ကြောင်းအရေးအသားအထိ ရှင်းပြခဲ့ပြီး ဖြစ်တယ်။ ယခုဆက်ပြီးတော့ ကျန်ရှိနေတဲ့ စာပေရေးသားမှုအချို့ကို ဆက်လက်ပြီး လူငယ်များ သိရှိ၊ မှတ်သား၊ ဗဟုသုတရရှိစေရန် ရှင်းပြပေးမှာ ဖြစ်တယ်။

စာပေအရေးအသားများမှာ **သုတေသနပြုစာတမ်းများ ရေးသား**ရာတွင် ခိုင်လုံသော အထောက်အထားများ ရှိရပေမည်။ သို့သော် တစ်ဖက်စီးနင်း ရေးသားမှုများကို ရှောင်ရပါမယ်။ သုတေသနစာတမ်းဆိုတာ စူးစမ်းရှာဖွေတွေ့ရှိရသော အကြောင်းအချက်များကို အထောက်အထားခိုင်ခိုင်လုံလုံနှင့် ကိုးကားချက်များပါ ပြည့်စုံစွာတင်ပြကြ ရတယ်။ သုတေသနစာတမ်းကို ပြုစုရေးသားရာတွင် သတိပြုရမည့်အချက်များမှာ–

၁။ အကြောင်းအရာနှင့်စပ်လျဉ်းသော ရှင်းလင်းချက်
၂။ အခြေခံဗဟုသုတ
၃။ ကိုယ်တွေ့သုတေသနပြုမှုဆိုင်ရာ လှုပ်ရှားချက်
၄။ သုတေသနပြုသော အကြောင်းအချက်နဲ့ လက်တွေ့သုတေသနပြုရာတွင် အသုံးပြုသော အသုံးအဆောင်များ
၅။ အစီအစဉ်
၆။ အကြောင်းအရာ စုဆောင်းရှာဖွေမှု
၇။ မိမိ၏ ဆုံးဖြတ်ချက်
၈။ စူးစမ်းရှာဖွေမှု၏ တန်ဖိုးများဖြစ်သည်။



သုတေသနပြုလုပ်တိုင်း စာပေကျမ်းဂန်နှင့် အခြားအထောက်အထားများကို ပြင်ဆင်ရှာဖွေထားရပါမယ်။ အကြောင်းအရာနှင့် သက်ဆိုင်သော မှတ်တမ်းများ ပြည့်စုံစွာရှိရပါမယ်။ ယင်းမှတ်တမ်းများ၏ တန်ဖိုးကို အဆုံးအဖြတ်ပေးနိုင်ရပါမယ်။ အလားတူ သုတေသနပြုချက်များနှင့်လည်း နှိုင်းယှဉ်ကြည့်ရပါမယ်။

ဝါဒဖြန့်မှု အရေးအသားတွင် ဆွဲဆောင်မှုရှိသော ရေးသားချက်များဖြင့် ရေးသားရမယ်။ အမှားကို အမှန်ဖြစ်လာအောင် (ဝါ) အမှန်ကို အမှားဖြစ်လာအောင် အကြောင်းအမျိုးမျိုးနှင့် ဆင်ခြေပေးရေးသားနိုင်ရမယ်။ ဒါကြောင့် ဒီရေးသားနည်းသည် တစ်ဖက်စီးနင်း ရေးသားနိုင်တယ်။ သို့သော် ရေးသားချက်တိုင်းသည် ယုတ္တိ၊ ယုတ္တာရှိရပါမယ်။

သတင်းစာသားရေးသားမှုသည် အစီရင်ခံစာတမ်းတစ်မျိုးပင်ဖြစ်သည်။ သတင်းစာ ရေးသားရာတွင် အကြောင်းငါးရပ်ကို သတိပြုရေးသားရပါမယ်။

၁။ အကြောင်းအရာတွင်ပါဝင်သော ဇာတ်ကောင်များ

၂။ အကြောင်းအရာ ဖြစ်ပေါ်သော အကြောင်းရင်း

၃။ အကြောင်းအရာဖြစ်ပေါ်သော နေရာဒေသ

၄။ အကြောင်းအရာဖြစ်ပေါ်သော နေ့စွဲနှင့် အချိန်နာရီ

၅။ အကြောင်းအရာဖြစ်ပေါ်ခြင်း အကျိုးအပြစ်တို့ကို ပါဝင်အောင် ရေးသားရပါမယ်။

ရသစာပေများ ရေးသားရာတွင် အဆင်ပြေပြစ်မှုရှိအောင် အောက်ပါအချက်များကို သတိပြုရေးသားရပါမယ်–

၁။ ထိန်းသိမ်းချုပ်ကိုင်ခြင်း

၂။ မဲတင်းညှိပေးခြင်း

၃။ သဘာဝယုတ္တိမှန်ကို သက်ရောက်စေခြင်း

၄။ အချိုးအစားကျန ပြေပြစ်စေခြင်း

၅။ ညီညွတ်စည်းလုံးခြင်း

၆။ ကာလဒေသနှင့် ဆက်စပ်လျော်ကန်စေခြင်းတို့ ဖြစ်တယ်။

ယခုလောက်ဆိုရင် စာအရေးအသားဆိုင်ရာ သိသင့်သိထိုက်သော အချက်အလက်၊ အကြောင်းအရာများကို သိသင့်သလောက်၊ သိတန်သလောက် သိရှိနေပြီလို့ ယူဆပါတယ်။ ဆက်လက်ပြီးတော့ လေ့လာသွားကြရန် လိုအပ်ပါတယ်။

တင်ပြခဲ့ပြီးသော စာပေရေးသားမှုအားလုံးတို့သည် အကြောင်းအရာနှင့် သက်ဆိုင်သော အကြောင်းအချက်များကို ရှာဖွေစုဆောင်းကြရပါမယ်။ ခိုင်လုံသော အထောက်အထား၊ အချက်အလက်၊ အကြောင်းအရာများသည် စာပေကျမ်းဂန်များတွင်သာ ရှိနိုင်ပါတယ်။ ဒါကြောင့် ထူးချွန်ထက်မြက်လိုသော လူငယ်တိုင်း ဖတ်ပါ။ မှတ်ပါ။ လေ့လာပါ။ တုပရေးသားကြပါလို့ တိုက်တွန်းရင်း ထူးချွန်ထက်မြက်သော ဆေးကျောင်းသား(ယခု ဆရာဝန်) မောင်ငြိမ်းချမ်းဝင်းရဲ့ စာစီစာကုံးတစ်ပုဒ်ကို ဖော်ပြပေးလိုက်ပါတယ်။






အကျွန်ုပ်ဝါသနာ

''ပန်းများတွင် လိပ်ပြာရှိရန်လို၏။ တောင်များတွင် စိမ့်စမ်းရှိရန် လို၏။ ရေကန်များတွင် ရေညှိရှိရန်လို၏။ လူများတွင် ဝါသနာရှိရန်လို၏''ဟူသော အဆိုအမိန့် တစ်ရပ်ကို ကျွန်တော်ဖတ်ဖူးပါသည်။ လူတိုင်းတွင် ဝါသနာကိုယ်စီရှိသင့်ပါသည်။ ဝါသနာဆိုသည်မှာ မိမိကိုယ်ပိုင်အားလပ်ချိန်အတွင်း စိတ်သန်ရာ အလုပ်တစ်ခုခုကို ပြုလုပ်နေခြင်းပင် ဖြစ်ပါသည်။ လူသည် စက်ရုပ်မဟုတ်ပါ။ တစ်ချိန်လုံး အလုပ်ပိနေလျှင် အသက်တိုဖွယ်ရာရှိပါသည်။ အားလပ်ချိန်တွင် မိမိဝါသနာပါသည့် အလုပ်တစ်ခုခု ပြုလုပ်နေခြင်းဖြင့် အပန်းလည်းပြေ၊ စိတ်လည်း ချမ်းသာစေပါသည်။

လူအမျိုးမျိုး စိတ်အထွေထွေ ဆိုသကဲ့သို့ ဝါသနာကလည်း အမျိုးမျိုးရှိပါသည်။ တံဆိပ်ခေါင်းစု၊ ပန်းပုထုလုပ်၊ စက်ချုပ်ဇာထိုး၊ ပန်းပင်ပျိုးသူ စသည်ဖြင့် ကိုယ်စိတ်ဝင်စားရာ ဝါသနာဖြစ်သည်။ ဂီတဝါသနာပါသူသည် ဆိုင်းသံဗုံသံကြားရုံဖြင့် ခြေလှုပ်၊ လက်လှုပ် ဖြစ်လာသည်။ အကဝါသနာပါသူသည် နတ်ကန္ဒားပွဲတွေ့ရုံဖြင့် ဝင်ခွေချင်ကြသည်။ မိမိဝါသနာအရင်းပါက သိကြားမင်းပင် တားဆီး၍မရဟု ဆိုကြပါသည်။

အကျွန်ုပ်ဝါသနာကား အဘယ်နည်း။ အားကစားလား။ အောင်ဆန်းကွင်းပင် မရောက်ဖူးပါ။ ပန်းချီလား။ တီကောင်ပင် မဆွဲတတ်။ ဂီတဆိုလို့ ဝေလာဝေး။ လေပင် မချန်တတ်။ စွဲစွဲမြဲမြဲလုပ်တတ်သော အလေ့အကျင့်ကို ဝါသနာဟုဆိုပါက စာဖတ်ခြင်းနှင့် စာအုပ်စုဆောင်းခြင်းသည် အကျွန်ုပ် ဝါသနာ ဖြစ်ပါတော့သည်။ စာဖတ်ခြင်း ဝါသနာကို အဘယ်ကစ၍ သန္ဓေတည်လာခဲ့သနည်း။ ကျွန်တော်တို့မိသားစုတွင် ''စည်သူစာပေ''ဟူသော စာအုပ်အငှားဆိုင် ဖွင့်ခဲ့ဖူး၏။ လေးတန်းကျောင်းသား ကျွန်တော်သည် ရုပ်ပြနှင့် မဂ္ဂဇင်းများကို အရုပ်ကြည့်လိုက်၊ စာဖတ်လိုက်နှင့်ပင် စာစွဲစပြုလာသည်။ အငှားဆိုင်ဖြုတ်လိုက်သောအခါ ကျွန်တော့်မှာ စာဖတ်ဝါသနာ ကျန်ရစ်ခဲ့သည်။ ထို့ပြင် ရုပ်ပြစာအုပ်များ အမွေရလိုက်သဖြင့် စာအုပ်စုခြင်းလည်း အဆစ်ပါလိုက်သေးသည်။ ဤသို့ဖြင့် ကျွန်တော်သည် လက်လှမ်းမီရာ စာအုပ်များကို ရှာဖွေဖတ်တတ်လာသည်။ အဖေ့စာအုပ်စင်ကို မွှေခွင့်ရသည်။ ဇာတ်ကြီးဆယ်ဘွဲ့ကို စွဲလန်းလာသည်။ ငါးရှောင်းဆယ်ကို နှစ်သက်သည်။

ကျွန်တော်သည် ကျောင်းသား တစ်ယောက် ဖြစ်ပါ၏။ ကျောင်းလည်းတက်၊ စာလည်း ကျက်ရသဖြင့် အားလပ်ချိန်မှာ နည်းပါးသည်။ သို့သော် အားသည်နှင့် တစ်ပြိုင်နက် စာအုပ်သာကောက်ကိုင်မိတော့သည်။ ထို့အတူ စာအုပ်များကိုလည်း ချစ်တတ်လာသည်။ ချစ်သဖြင့် အပိုင်လိုချင်





လာသည်။ စာအုပ်များ စုချင်လာသည်။ အပြင်းလည်းပြေ၊ ဗဟုသုတလည်းရသော လူငယ်စာစောင်များကို နှစ်သက်မိသည်။ လစဉ် ဝယ်စုချင်ပါသည်။ သို့သော် ကျွန်တော့် မုန့်ဖိုးငွေနှင့် အဘယ်မှာ ဝယ်နိုင်ပါမည်နည်း။ ရပ်ဝေးနေ ဦးလေးထံမှ မုန့်ဖိုးများများရပြီဆိုပါက စာမုဆိုးလိုက်ရန်သာ အားသန်နေပါတော့သည်။ မုဆိုးသည် သားကောင်ရရန် တောထဲမှာ ရှာဖွေရ၏။ စာမုဆိုးသည် စာကောင်းရရန် လမ်းဘေး အဟောင်းဆိုင်မှာ ရှာရလေသည်။ ဟောင်းသော်လည်း ကောင်းဖို့သာလိုပါသည်။ လမ်းဘေး စာအုပ်အဟောင်းဆိုင်ကို ''လမ်းဘေး တက္ကသိုလ်''ဟု ဆရာကြီးဇေယျက တင်စားဖူး၏။ အဖေသည် ကျွန်တော့်အား စာအုပ်ဟောင်း စာအုပ်ကောင်းများကို စျေးသက်သာစွာရနိုင်သော နေရာများကို ပြသခြင်းဖြင့် စာမုဆိုးသင်တန်းပေးခဲ့သည်။ ယခု ကျွန်တော် စာမုဆိုးလိုက်တတ်ပြီ။

မြို့ထဲရှိ စာအုပ်ဆိုင်ကြီးများသို့ရောက်လျှင် စာအုပ်ကောင်းများကို လိုချင်ဇောဖြင့် ငေးမောမိပါ၏။ စာအုပ်စျေးက ကြေးကြီးလှသည်။ မမိတဲ့ပန်းကို တုံးခုချမလှမ်းလိုတော့ပါ။ ငွေတစ်ပဲနှင့် ငါးကြင်းခေါင်းကို မကိုင်ရဲသဖြင့် ''လမ်းဘေးတက္ကသိုလ်''ကို သာ အားကိုးရပါသည်။ ဤသို့ဖြင့် ကျွန်တော့်မှာမရှိသေးသော တို့ကျောင်းသား။ မိုးသောက်ပန်း။ မင်္ဂလာမောင်မယ်နှင့် မြတ်မင်္ဂလာ စသည့်စာအုပ်များကို စျေးသက်သာစွာနှင့် ရှာရ၏။ တစ်ခါတစ်ရံ ပုံပြင်စာအုပ်များ၊ စာစီစာကုံးစာအုပ်ကောင်းများလည်း ရတတ်ပါသည်။ မုဆိုးလိုက်လိုလျှင် ဘော်တယ်ကုလားကိုလည်း မိတ်ဆွေဖွဲ့ထားရပါသည်။ မမျှော်လင့်ဘဲ ကျွန်တော် ပွပေါက်တိုးဖူး၏။ အမေက သတင်းစာအဟောင်းရောင်းခိုင်းရာ ထိုဆိုင်မှ ရွှေသွေးအထပ်လိုက်ကို ပိသာချိန်စျေးနှင့် ရလိုက်သည်။ မွှီရသည့်မျက်နှာ ဖြစ်သွားခဲ့ပါသည်။

လမ်းဘေးက စာအုပ်များသည် အသစ်မဟုတ်သဖြင့် အပြစ်အနာပါတတ်၏။ မျက်နှာဖုံးပြုတ်ခြင်း။ စာရွက်ပြဲခြင်း။ ဒဏ်ရာများရှိပါက စာအုပ်ဆရာဝန်လုပ်ရပါသေးသည်။ ပြဲနေသည်ကို ဖာရ၏။ ပြုတ်နေသည်ကို ချုပ်ရ၏။ ထိုအခါ ကတ်ကြေး၊ ကော်ဘူး၊ စူး၊ အပ်နှင့် ကြိုးတို့သည် ကျွန်တော်၏ စာအုပ်ချုပ်လုပ် ပြုပြင်ခြင်းဆိုင်ရာ ကိရိယာများ ဖြစ်ပါသည်။ စာအုပ်စုသူသည် စာအုပ်ချစ်သူလည်း ဖြစ်ရပါသည်။ လစဉ်ထုတ် စာစောင်များကို တစ်နှစ်စာရလျှင် ပေါင်းချုပ် ချုပ်ပြန်သည်။ စာအုပ်ဟောင်းတစ်အုပ်ကို ချုပ်လုပ်ပြုပြင်ပေးရသဖြင့် အသစ်ကဲ့သို့ ဖြစ်သွားပါက ခွဲစိတ်မှုလုပ်ငန်းကို အောင်မြင်လိုက်သော အထူးကုဆရာဝန်ကြီးပမာ ကျွန်တော့်မှာ ဝမ်းသာနေပါတော့သည်။

စာအုပ်စုဆောင်းခြင်း ဝါသနာပါသဖြင့် ကျွန်တော့်မှာ ကိုယ်ပိုင်စာကြည့်တိုက်ပမာ ဖြစ်လာပါသည်။ ''ငြိမ်းချမ်းစာဥယျာဉ်''ဟု အမည်ပေးထား၏။ ဥယျာဉ်မှူးတို့မည်သည် ဖူးပွင့်ဝေဆာနေသော ဥယျာဉ်ကိုကြည့်ရင်း ပီတိဖြစ်နေသကဲ့သို့ ကျွန်တော်သည်လည်း စာဥယျာဉ်ကိုမြင်လေတိုင်း ရင်ထဲမှာ ကြည်နူးနေမိပါသည်။ စာပေချစ်သော သူငယ်ချင်းများကိုလည်း ကျွန်တော်၏ စာဥယျာဉ်ကို ဖိတ်ခေါ်ပြီး မျှဝေဖတ်စေခြင်းဖြင့် အကျိုးပြုနိုင်ခဲ့ပါသည်။

ဝါသနာအလုပ်သည် စိတ်အပန်းဖြေနည်း တစ်မျိုးပင်ဖြစ်ပါသည်။ ဝါသနာပါတာ လုပ်နေရလျှင် ပင်ပန်းသည်ဟု မထင်။ စိတ်ပင် ချမ်းသာနေပါသည်။ စာအုပ်စုဆောင်းခြင်းသည် ကျွန်တော့်အတွက် စာပေဘဏ္ဍာတိုက်ကြီး တည်ဆောက်နေခြင်းဖြစ်ပြီး ပက်လက် ကုလားထိုင်ပေါ်တွင် မိမိနှစ်သက်သည့် စာတစ်အုပ်ကို အေးအေးဆေးဆေး ဖတ်နေရလျှင်မူ ကျွန်တော်သည် ငြိမ်းချမ်းသည့် နိဗ္ဗာန်ဘုံကလေးသို့ ရောက်နေသည်ဟုပင် ခံစားမိပါတော့သည်။

ကိုစော(ပထဝီဝင်)

ယခင်လများမှ ဇာတ်လမ်းအကျဉ်း

ကျိန်းအိုင်းယားဟူသော မိန်းကလေးသည် တစ်ကောင်ကြွက်၊ တစ်မျက်နှာဖြင့် ဂိတ်ရုက်တွင် အဒေါ်ဖြစ်သူနှင့် ငယ်စဉ်က အတူနေခဲ့ရသည်။ ထို့နောက် ''လိုဝုဒ် မိဘမဲ့ကျောင်း''သို့ အဒေါ်၏ အစီအမံဖြင့် သွားရောက်ခဲ့ရသည်။

ကျောင်းတာဝန်ခံ အုပ်ချုပ်သူမှာ ''ဘရောက်ကယ်ဟတ်(စ်)''ဆိုသူဖြစ်သည်။ သူက သဘောသကာယဆိုးသလောက် ကျောင်းအုပ်ဆရာမ ''မစ်(စ်)မာရီယာတင်ပယ်လ်''က သနားကြင်နာတတ်သူဖြစ်သည်။

လိုဝုဒ်ကျောင်းတွင် ကျန်းမာရေးချည့်နဲ့သော ကျောင်းသူ ''ဟယ်လင်ဘန်း(စ်)'' နှင့် မိတ်ဆွေဖြစ်သည်။ မကြာမီ အဆုတ်ရောဂါဖြင့် ဟယ်လင် ကွယ်လွန်ခဲ့သည်။

''ကျိန်း''သည် မိဘမဲ့ကျောင်းတွင် ၂နှစ်မျှကြာပြီးနောက် ဆက်၍ ဆရာမအဖြစ် တာဝန်ယူခဲ့ရပြန်သည်။ ဤတွင် အထီးကျန်ဘဝမှ ရုန်းထွက်နိုင်ရန်အတွက် အလုပ်လုပ်လိုကြောင်း သတင်းစာမှ ကြော်ငြာခဲ့သည်။

ကံအားလျော်စွာ ''သွန်းဖီးလ်''မှ အလုပ်ခန့်စာ ရောက်လာသည်။ လိုဝုဒ်ကျောင်း ကော်မတီသို့ နုတ်ထွက်စာတင်၍ ''သွန်းဖီးလ်''သို့ အလုပ်ဝင်ရန် ပြင်ဆင်လျက်ရှိသည်။

ဆက်လက်ဖတ်ရှုပါရန်
တာဝန်ခံစာတည်း

(ယခင်လမှ အဆက်)

သို့ဖြင့် တစ်လခန့်အကြာတွင် ကျောင်းကော်မတီထံမှ တရားဝင်ခွင့်ပြုချက် ရရှိခဲ့သည်။ ကျွန်မက ကျောင်း၏ ထောက်ခံချက် မိတ္တူ တစ်စောင်ကို မစ္စက်ဖယ်ယားဖက်စ်ထံသို့ ပေးပို့ခဲ့သည်။ (ထောက်ခံချက်မှာ ကျွန်မအပေါ် အမှတ်ပြည့် ပေးထားသည်။ ကျောင်းဆရာအဖြစ်နှင့် လည်းကောင်း၊ ကျောင်းသူအဖြစ်နှင့်လည်း ကောင်း ထူးချွန်ကြောင်း မှတ်ချက်ရေးထားသည်။) မကြာမီ ကျွန်မကို အလုပ်ခန့်ထားကြောင်းနှင့် အလုပ်ဝင်ရမည့်ရက်ကို သိတင်းနှစ်ပတ်ခွာလျက် ချိန်းလိုက်သည်။

အဆိုပါ သိတင်းနှစ်ပတ်မှာ အကုန်ပြန်လှသည်။ ကျွန်မမှာ အထုပ်အပိုးများကိုပြင်လျက် နောက်တစ်နေ့ မိုးအလင်းကို စောင့်ဆိုင်းနေမိသည်။ ကျွန်မဘဝ၏ တစ်ခန်းတစ်ကဏ္ဍသည် ဤညတွင်ဇာတ်သိမ်းပြီး နောက်တစ်နေ့ မိုးလင်းသည်နှင့် အခန်းတစ်ခန်းကို ကူးပြောင်းကရတော့မည်။ ယင်းသို့ စိတ်လှုပ်ရှားလျက်ရှိစဉ် ညည့်သည် တစ်ယောက်က တွေ့လိုကြောင်း လာပြောသဖြင့် အောက်ထပ်သို့ ဆင်းခဲ့သည်။

အောက်ထပ် ဆရာများ နားနေ

ေဖေဖ်ာ

ခ်စ္ခင္ရာသီဥတု



ဆောင်တွင် ဆံပင်အနက်၊ မျက်လုံးအနက် နှင့် ကြည့်ကောင်းသော အမျိုးသမီးကြီး တစ်ဦးကို တွေ့လိုက်ရသည်။

''မစ်(စ်)ဂျိန်း၊ မင်း မမကို မေ့နေပြီပေါ့လေ၊ ဟုတ်လား''

သူမက ကျွန်မဆီသို့ ထလာသည်။ ချက်ချင်းပင် ကျွန်မသူ့ကို မှတ်မိသွားသည်။ ဖက်လဲတကင်းလုပ်ရင်း သူနာမည်ကို ခေါ်မိသည်။

''ဘက်ဆီ၊ ဘက်ဆီ''

သူမနှင့်အတူ ဥနှစ်အရွယ် ယောကျ်ားလေးတစ်ဦး ပါလာသည်။

''ဒါ မမ သားလေ ဂျိန်း၊ ဘော်ဘီတဲ့''

ဘက်ဆီက ဂုဏ်ယူလျက် ပြောသည်။

''မမလေ ဂိတ်ရှက်က မြင်းရထား မောင်းသမား ရောဘတ်လီမင်ဒဲ့ အိမ်ထောင် ကျခဲ့တယ်၊ မမမှာ သမီးတစ်ယောက်လည်း ရှိသေးတယ်၊ မမ သူ့ကို ဂျိန်းလို့ နာမည်ပေး ထားတယ်''

သူမကလည်း ကျွန်မအကြောင်း သိချင်သည်။ ကျွန်မကလည်း ရိုဒ်မိသားစု အကြောင်း ကြားချင်သည်။

''မစ်(စ်)ဂျိန်း၊ မင်း လိုလှချေလား၊ မစ်(စ်)အယ်လစ်ဇာဆိုရင် မင်းထက် အများကြီးမြင့်တယ်၊ မစ်(စ်)ကျော်ဂျီယာနာတောင် မင်းကို မီတော့မယ်၊ သူတို့နှစ်ယောက်လုံး တစ်မျိုးစီလှကြပါတယ်၊ အေး–ဒါပေမဲ့ ညီအစ်မနှစ်ယောက် ခဏခဏရန်ဖြစ်ကြတယ်၊ ဂျွန်ရိုဒ်ကတော့ ယောင်ခြောက်ဆယ်ဖြစ်နေတယ်၊ သူဦးလေး သားချင်းတွေက ဥပဒေ ရေးရာတွေကို လိုက်စားစေချင်တယ်၊ ဒါပေမဲ့ သူက ဖြစ်မလာဘူး''


''မစ္စက်ရိုဒ်ကော''

''သူ နေကောင်းပါတယ်၊ ဒါပေမဲ့ မမ ထင်တယ်၊ သူသား ပိုက်ဆံဖြုန်းလွန်းလို့ စိတ် သောက ရောက်နေပုံရတယ်''

''ဘက်ဆီ၊ ရှင့်ကို ကျွန်မဆီ သူလွှတ် လိုက်တာလား''

''အို– ဘယ်ကလာ၊ မမ မင်းကိုတွေ့ ချင်နေတာ ကြာပြီ၊ မင်းဆီက စာလာတယ် သတင်းကြားတော့ မင်း တစ်နေရာကို ပြောင်းသွားတော့မယ်ဆိုတာသိလို့ မမ တမင်လာတွေ့တာ''

''ကဲ– တွေ့လိုက်တော့ ရှင် ကျွန်မကို စိတ်မပျက်သွားဘူးလားဟင်–ဘက်ဆီ''



အသက် ၁၀နှစ်အရွယ် မိန်းမပျိုတစ်ဦးအဖို့ လှသည်ဟုတော့ အထင်ခံလိုသည်။ သည်အတွက် ကျွန်မကိုယ်ကျွန်မ စိတ်ပျက်မိသည်။



''မပျက်ပါဘူးကွယ်၊ ဒါပေမဲ့ ဒီကျောင်းက အကျွေးအမွေး သိပ်မကောင်းဘူးထင်တယ်၊ မင်းက ငယ်တုန်းကလောက် မလှတော့ဘူး''

ဘက်ဆီ၏ အဖြေစကားကို ကျွန်မ ပြုံးမိသည်။ ရိုးရိုးသားသား သူပြောကြောင်း ကျွန်မသိသည်။ သို့သော် အသက် ၁၈နှစ် အရွယ် မိန်းမပျိုတစ်ဦးအဖို့လှသည်ဟုတော့ အထင်ခံလိုသည်။ သည်အတွက် ကျွန်မ ကိုယ် ကျွန်မ စိတ်ပျက်မိသည်။

ဘက်ဆီက ဆက်၍ ကျွန်မ စဒ္ဓရား တီးတတ်မတတ်မေးသည်။ ကျွန်မက အခန်း အလယ်မှ စဒ္ဓရားနှင့် တေးသွားတချို့ တီးပြလိုက်သည်။ ပုံဆွဲပညာကိုမေးပြန်ရာ နံရံမှ ကျွန်မလက်ရာ ပန်းချီကားတစ်ချပ်ကို လက်ညှိုးထိုးပြလိုက်သည်။ ဆက်ပြီး ပြင်သစ်စာ၊ ဇာထိုးပန်းထိုးနှင့် အချုပ်အလုပ် တတ်၊ မတတ်မေးပြန်ရာ ကျွန်မတတ်ကျွမ်းကြောင်း ပြောပြရာ ဘက်ဆီက ရိုဒ်မိသားစုနှင့်ယှဉ်လျက် ကျွန်မက ပိုတော်ကြောင်း ချီးမွမ်း စကားဆိုသည်။

''မမ မင်းကိုမေးစရာရှိတယ်၊ မင်း အဖေရဲ့ ဆွေမျိုး အိုင်းယားတွေအကြောင်း ဘာကြားသေးသလဲ''

''ဘာမှ မကြားမိဘူး''

''အေး– မမပြောရအုံးမယ်၊ လွန်ခဲ့တဲ့ ရ နှစ်လောက်က တစ်ခါ၊ မစ္စတာအိုင်းယား ဆိုတာ ဂိတ်ရှက်ကို လာသွားတယ်၊ မင်းနဲ့ တွေ့ချင်လို့တဲ့''

''မစ္စတာ အိုင်းယား လာသွားတယ်၊ ဟုတ်လား ဘက်ဆီ၊ သူက ဘယ်သူနဲ့ တူသလဲ''

''ကြည့်ရတာတော့ သားသားနားနား ပဲ၊ မင်းအဖေရဲ့ အစ်ကိုဖြစ်မယ်ထင်တယ်၊ မစ္စက်ရိဒ်က မိုင် ၅၀ လောက်ဝေးတဲ့ ကျောင်းမှာ မင်းရောက်နေကြောင်း ပြောလိုက်တော့ သူ အတော်စိတ်ပျက်သွားတယ်၊ သူက ဒီတစ်ရက် နှစ်ရက်အတွင်းမှာ ထွက်မယ့် သဘော်နဲ့ မမိမှာစိုးလို့ မင်းဆီ မရောက်နိုင်တော့ဘူးလို့ ပြောတယ်''

''ဘက်ဆီ၊ သူက ဘယ်သွားမလို့လဲ ဟင်''

''တော်တော်အလှမ်းဝေးတဲ့ ကျွန်းတစ် ကျွန်းလို့ ပြောတယ်၊ အဲဒီမှာ ဝိုင်သွားချက် မလို့တဲ့''

''မာဒေးရား များလား''

''အေး . . . အဲဒီနာမည်မျိုးပဲ''

''ဒါဆို သူထွက်သွားပြီပေါ့''

''အေး . . . သူ့အိမ်မှာ ကြာကြာမနေဘူး၊ မစ္စက်ရိဒ်ကလည်း သူ့ကို သဘောကျပုံမရဘူး၊ သူထွက်သွားတာနဲ့ မစ္စက်ရိဒ်က လူလည်ကုန်သည်ကြီးလို့ သမုတ်လိုက်တယ်၊ မမအထင်တော့ ဝိုင်ကုန်သည်နဲ့တူတယ်''

''ဟုတ်မှပေါ့၊ ဒါမှမဟုတ် အဲဒီလုပ်ငန်းက စာရေးဖြစ်ဖြစ်၊ ကိုယ်စားလှယ်ဖြစ်ဖြစ် နေမှာပေါ့''

ဘက်ဆီနှင့် ကျွန်မ အတန်ကြာမျှ ရှေးဟောင်း နောင်းဖြစ်များကို ပြောပြီးနောက် ဘက်ဆီ ပြန်သွားသည်။ နောက်တစ်နေ့ နံနက်တွင် လိုတန်၌ ဘက်ဆီနှင့် ခဏတွေ့ လိုက်ရသေးသည်။ ယင်းနောက် သူမက ဂိတ်ရှက်သို့၊ ကျွန်မက သွန်းဖီးလ်သို့ လမ်းခွဲခဲ့ကြတော့သည်။

အခန်း (၉)

ကျွန်မ သွန်းဖီးလ်ကိုရောက်တော့ အတော်မှောင်နေပြီ။ လိုက်ကာ တပ်ဆင်ထားသော ပြတင်းတံခါးတစ်ခုမှ မီးရောင်ကို

မြင်ရသည်။ တစ်ယောက်ထွက်လာပြီး မစွက်ဖယ်ယားဖက်စ်ရှိသည့်အခန်းကို ကျွန်မ အား ညွှန်လိုက်၏။ မစွက်ဖယ်ယားဖက်စ် သည် မီးလင်းဖိုတစ်ခုအနီး ထိုင်ခုံတွင်ထိုင် လျက် သိုးမွေးထိုးနေသည်။ သူမ၏ခြေရင်း တွင် ကြီးမားသော ကြောင်တစ်ကောင် ထိုင် နေသည်။

သူမသည် သေးသေးသွယ်သွယ်နှင့် ခန့်ညားသည့် အမျိုးသမီးကြီးတစ်ဦးဖြစ် သည်။ ကျွန်မကိုတွေ့သည်နှင့် ထလာပြီး ဝမ်းပန်းတသာ ကြိုဆိုသည်။ ကျွန်မကို သူမ၏ထိုင်ခုံတွင် ထိုင်စေ၏။ အိမ်စေတစ်ဦး ကိုခေါ်ပြီး ကျွန်မအတွက် ကော်ဖီ၊ လက်ဖက်ရည်တစ်ခုခုနှင့် အသားညှပ်မုန့်အချို့ကို ယူလာစေသည်။

''ဆရာမ၊ ချမ်းမှာပေါ့နော်၊ လာ... မီးဖိုနားကိုတိုးခဲ့၊ ကျွန်မ ဆရာမလေးရဲ့ လက်ဆွဲအိတ်ကို အခန်းထဲပို့ဖို့ သွားလုပ်လိုက်အုံးမယ်''

ပြောပြောဆိုဆိုနှင့် ထွက်သွားသည်။ ကျွန်မမျှော်လင့်ထားသည်မှာ အေးစက်စက် ခပ်မှန်မှန် ကြိုဆိုမှုကိုသာ။ ယခု ကျွန်မကို ကြိုဆိုပုံသည် ဧည့်သည်တစ်ဦးကို ဧည့်ခံနေ ပုံမျိုး ဖြစ်သည်။ သူမသည် ပြန်ဝင်လာပြီး ကျွန်မကို ဖော်ဖော်ရွေရွေနှင့်ပင် စကား စမြည် ပြောဆိုလျက်ရှိသည်။

''ဒီနေ့ည ကျွန်မ မစွဖယ်ယားဖက်စ်နဲ့ တွေ့ရမလား''

''မစွဖယ်ယားဖက်စ် ဟုတ်လား၊ သြော် မစ်(စ်)ဝါရင်ကို ပြောတာထင်တယ်၊ အဲဒီကလေးမပေါ့၊ ဆရာမ စာသင်ပေးရ မှာ''

''အို...ဒါဆို အဒေါ်သမီး မဟုတ်ဘူး ပေါ့''

''မဟုတ်ဘူး၊ အဒေါ်မှာ ကလေးမရှိ ဘူး၊ ဆရာမလေး ရောက်လာတာ အဒေါ် သိပ်ဝမ်းသာတယ်၊ အဒေါ်အဖို့ အပေါင်း အသင်းတစ်ယောက် တိုးလာတာပေါ့၊ ဒီအိမ် မှာရှိတဲ့ အစေအပါးတွေက ကောင်းပါတယ်၊ ဒါပေမဲ့ သူတို့နဲ့ စကားစမြည် ပြောလို့မရ တော့ ဆောင်းတွင်းဆိုရင် သိပ်အထီးကျန် နိုင်တာပဲ၊ ဘယ်လိုပဲဖြစ်ဖြစ် ကလေးမလေး 'အာဒီလာ ဝါရင်'ရောက်လာရင်တော့ အိမ် က ချက်ချင်းအသက်ဝင်လာတာပဲ၊ သူက ဆောင်းဦးပေါက်လောက်မှာ ရောက်ရောက် လာတတ်တယ်၊ အေးလေ၊ ဒီနေ့အဖို့တော့ ညကြီးမိုးချုပ် ဖြစ်နေပြီ၊ ဆရာမလေး ခရီး ပန်းလာမှာပေါ့၊ လာ...ဆရာမ နေရမယ့် အခန်းကို အဒေါ်လိုက်ပြမယ်''

ကျွန်မ သူမကို ကျေးဇူးတင်ရင်း သူမ နောက်မှ အပေါ်ထပ်ကိုလိုက်ခဲ့သည်။ အိမ် မှာ အခန်းများစွာဖွဲ့ထားပြီး အိမ်နှင့်မတူ။ ဘုရားရှိခိုးကျောင်းနှင့်ပင် တူသေးတော့၏။

ကျွန်မနေရမည့် အခန်းမှာ အတန် ငယ် ကျဉ်းသော်လည်း နေချင့်စဖွယ်ရှိ၏။ လိုဝှဒ်တွင် နေခဲ့ရသည့် အနေအထားနှင့် ယှဉ်၍ ကျွန်မ များစွာကျေနပ်မိသည်။ သို့ဖြင့် ကျွန်မဘဝ ကဏ္ဍသစ်အတွက် ပိတိ ဖြစ်ရင်း ကျွန်မ အိပ်ရာဝင်ခဲ့သည်။

နောက်တစ်နေ့တွင် ကျွန်မ၏အကျင့် အတိုင်း ရှိတာလေးနှင့် သေသေသပ်သပ် ဝတ်ဆင်လျက် အောက်ထပ်သို့ဆင်းခဲ့သည်။ ကျွန်မကိုယ်ကျွန်မ အရုပ်မဆိုးဟုဆိုနိုင်သော်လည်း မိန်းမချော မိန်းမလှတစ်ယောက် မဟုတ်မှန်းတော့ သိနေပါသည်။

သာယာသော အောက်တိုဘာနံနက်ခင်း ဖြစ်သည်။ ကျွန်မ အိမ်အပြင်သို့ထွက်၍ အိမ်ကို လေ့လာနေမိသည်။ အိမ်မှာ သုံးထပ်အမြင့်ရှိပြီး ကျောက်တုံးကြီးများဖြင့် တည်ဆောက်ထားသည်။ အိမ်၏နောက် ဘက်တွင် ၄က်သိုက်ဖွဲ့လျက်ရှိနေသော သစ်ပင်တန်း၊ အထူးသဖြင့် ဆူးရှိသော သစ်ပင်ကြီးများ ပေါက်ရောက်နေသည်။ ဤအပင်ကြီးများကြောင့် ဤဒေသကို **''သွန်းဖီးလ်''**ဟု ခေါ်ဟန်တူသည်။ ၎င်းမှ ဆက်ကြည့်သော် လိုဝှဒ်ရှိ တောင်ကုန်းများ လောက် မမြင့်လှသော တောင်ကုန်းငယ် များကိုတွေ့ရပြီး တစ်နေရာတွင် ရွာလေး တစ်ရွာကို မြင်နိုင်သည်။ သွန်ဖီးလ်ဂိတ်ဝမှ မဝေးလှသော တစ်နေရာတွင်မူ ဘုရားရှိခိုး ကျောင်းတစ်ခု၏ မျှော်စင်ရှိနေသည်။

ဤမျှ ကြီးမားသော အိမ်ကြီးတွင် မစွ ဖယ်ယားဖက်စ်လို အဘွားကြီးတစ်ဦး မည် သို့ နေထိုင်ပါလိမ့်ဟု ကျွန်မ တွေးတောနေ စဉ် မစွဖယ်ယားဖက်စ်သည် အိမ်တံခါး ပေါက်မှ ကျွန်မကို နှုတ်ဆက်လာသည်။

''မစ်(စ်)အိုင်းယား။ အစောကြီးထနေပါ လား။ ဘယ့်နှယ်လဲ၊ သွန်းဖီးလ်ကို သဘော ကျရဲ့လား''

ကျွန်မက သဘောကျကြောင်း အဖြေ



ပေးလိုက်သည်။

''ဟုတ်တယ်၊ နေရာလေးက သာယာ ပါတယ်''

သူမက ဆက်ပြောသည်။

''ဒါပေမဲ့ မစွတာရှိချက်စတာသာ ဒီမှာ အမြဲမနေဘူးဆိုရင်တော့ ပျက်စီးမှာပဲ၊ ဒီအိမ်၊ ဒီခြံအတွက် ပိုင်ရှင်ရှိဖို့ လိုတယ်လေ''

''မစွတာ ရှိချက်စတာ ဟုတ်လား။ သူက ဘယ်သူလဲ''

''သွန်းဖီးလ်ရဲ့ ပိုင်ရှင်လေ၊ ဆရာမ သူ့ နာမည် မကြားဖူးဘူးလား''

တကယ်တမ်းအားဖြင့် ကျွန်မ မကြား ဖူးပေ။ သို့သော် အဘွားကြီးမေးပုံက သူ့ အကြောင်းကို တစ်ကမ္ဘာလုံးက သိနေရမည့် ပုံစံမျိုးပင်။

''ကျွန်မက ဒီသွန်းဖီးလ်ကို အဒေါ်ပိုင် တယ် ထင်နေတာ''

''အဒေါ်ပိုင်မယ်၊ ဟုတ်လား။ ဘယ်က လာကွယ်၊ အဒေါ်က အိမ်ကို စောင့်ရှောက် ထိန်းသိမ်းရုံပဲ၊ အဒေါ့်အမောဘက်ကစပ်ရင် မစွတာ ရှိချက်စတာနဲ့ အဒေါ် အမျိုးတော် တာတော့ မှန်တယ်၊ ဒါပေမဲ့ အဒေါ့်ကိုယ်

အဒေါ် အိမ်စောင့်လိုပဲ သဘောထားလိုက်တယ်''

''ဒါဖြင့် ကျွန်မတပည့် ကလေးမလေး ကရော''

''မစ္စတာရိုချက်စတာက သူ အုပ်ထိန်းသူလေ၊ သူပဲ အဒေါ့်ကို ကလေးမလေး အတွက် ဆရာမရှာခိုင်းခဲ့တာ၊ ဟော– အတော်ပဲ၊ ဟိုမှာ ကလေးမ လာနေပြီ''

ကလေးမသည် ၈ နှစ်ခန့်ရှိပြီး ကျွန်မတို့ဆီ အပြေးလာနေစဉ် သူ့ဆံပင်က ခါးလယ် ရောက်နေသည်။ မစ္စဖယ်ယားဖက်စ်က နှုတ်ခွန်းဆက်လိုက်သည်။

''ကောင်းသော နံနက်ခင်းပါ မစ်(စ်) အာဒီလာ၊ မင်းကို စာသင်ပေးမယ့် ဟောဒီ ဆရာမနဲ့ လာစကားပြောပါအုံး''

ကလေးမလေးက သူ့အထိန်းကို ပြင်သစ်လို လှမ်းပြောသည်။

''သူတို့နှစ်ယောက်လုံးက ပြင်သစ်ကလား''ဟု ကျွန်မက မေးမိသည်။

''အထိန်းက ပြင်သစ်သူလေ၊ အာဒီလာက ဥရောပမှာမွေးတာ၊ လွန်ခဲ့တဲ့ ၆လလောက်ကမှ ဒီကိုရောက်လာတာ၊ ရောက်စတုန်းက အင်္ဂလိပ်စကား ဘယ်ပြောတတ်လိမ့်မလဲ၊ ခုတောင် စကားပြောရင် ပြင်သစ်လို ညှပ်ပြောလွန်းလို့ အဒေါ် သိပ်နားမလည်ဘူး၊ ဒါပေမဲ့ ဆရာမတော့ နားလည်နိုင်မယ် ထင်တယ်''

ကံအားလျော်စွာပင် ကျွန်မ အခက်အခဲ မရှိခဲ့။ နံနက်စာစားပြီးနောက် အာဒီလာက ဆောင်ဦးကာလအတွင်း အင်္ဂလိပ် ရေလက်ကြားကို ဖြတ်သန်းခဲ့ရသော သူမ၏ ခရီးစဉ်ကို လည်းကောင်း၊ လန်ဒန်သို့ ရောက်စ အခြေအနေကိုလည်းကောင်း ပြင်သစ်စကားဖြင့် ပြောပြရာတွင် ကျွန်မ ကောင်းစွာနားလည်နိုင်ခဲ့သည်။ မစ္စဖယ်ယားဖက်စ်က ကလေးမ၏ မိဘများအကြောင်း မေးစေရာ ကျွန်မက မေးမြန်းခဲ့သည်။

''ဟိုးအရင်တုန်းကတော့ ကျွန်မ မေမေနဲ့ အတူနေတယ်၊ ခုတော့ မေမေ မရှိတော့ဘူးလေ၊ မေမေရှိတုန်းက ကျွန်မကို အကသင်တယ်၊ အဆိုသင်တယ်၊ ကဗျာရွတ်တာတွေလည်း သင်တယ်၊ မေမေ့ဆီ ဧည့်သည်တွေလာလည်ရင် ကျွန်မကသီချင်းဆိုပြရတယ်၊ ကပြရတယ်၊ ကျွန်မ အခု ဆိုပြရမလားဟင်''

မိန်းကလေးက ကျွန်မအနီးသို့ လာရပ်သည်။ လက်နှစ်ဖက်ကို ပိုက်၊ မေးကို မော့လျက် အော်ပရာသီချင်းတစ်ပုဒ်ကို ဆိုလိုက်သည်။ ယင်းသီချင်းမှာ အပယ်ခံ အမျိုးသမီးတစ်ဦး၏ ဇာတ်လမ်းတစ်ပုဒ်ကို ဖွဲ့စပ်ထားခြင်း ဖြစ်သည်။ ဤမျှ ငယ်ရွယ်သော မိန်းကလေးတစ်ဦးအတွက် ဤသီချင်းမျိုး သီဆိုစေသည်မှာ ထူးတော့ထူးဆန်းနေပေသည်။ ဒါ့အပြင် မိန်းကလေးကလည်း အသက်အရွယ်နှင့်မလိုက်အောင် ပိုင်ပိုင်နိုင်နိုင် ဆိုသွားနိုင်သဖြင့် အံ့သြရပြန်သည်။ စင်စစ် မိန်းကလေးကို အကျအနသင်ပေးထားပုံရသည်။ သီချင်းဆုံးသည်နှင့် ကျွန်မက မေးလိုက်သည်။

''ဒီသီချင်းကို မင်းမေမေ သင်ပေးခဲ့တာလား''

''ဟုတ်တယ်၊ အဲဒီနောက် ကျွန်မ မဒမ် ဖရက်ဒရစ်တို့နဲ့ သွားနေခဲ့ရသေးတယ်၊ ခဏပဲ နေခဲ့ရတယ်၊ မစ္စတာ ဂိုချက်စတာက သူနဲ့ အင်္ဂလန်လိုက်ခဲ့မလားဆိုတာနဲ့ ကျွန်မ လိုက်ခဲ့တယ်၊ သူက အရင်ကတည်းက အိမ်ကို လာရင် ကျွန်မအတွက် အရုပ်လှလှ၊ အင်္ကျီလှလှလေးတွေ ဝယ်ပေးတတ်တယ်၊ ခုတော့ သူက အဝေးကိုသွားပြန်ပြီလေ''

ယင်းနောက် အာဒီလာနှင့် ကျွန်မ စာကြည့်ခန်းသို့ သွားကြသည်။ စာကြည့်ခန်းသည် ကျွန်မတို့အတွက် စာသင်ခန်းဖြစ်သည်။ စန္ဒရား၊ ပုံဆွဲရန် သုံးချောင်းထောက် စသည်ဖြင့် သင်ကြားမှုအထောက်အကူပစ္စည်းအတော်များများ စုံလင်သည်။ ကျွန်မအဖို့ တွေ့တွေ့ချင်း ဆောက်နှင့်ထွင်း မဖြစ်ရလေအောင် သင်ခန်းစွာ အလွယ်လေးများနှင့်သာ စတင်ခဲ့ပြီး နေ့ခင်းပိုင်းတွင် အာဒီလာကို ပြန်လွှတ်လိုက်သည်။

ကျွန်မက ခဲတံနှင့် ပုံဆွဲစာရွက်များကို ယူရန် အပေါ်ထပ်သို့ တက်မည်အပြုတွင် စာကြည့်ခန်းနှင့် ကပ်လျက်ရှိသည့်အခန်းမှ မစ္စဖယ်ယားဖက်စ်က ခေါ်သဖြင့် ကျွန်မ ဝင်သွားလိုက်သည်။ တူရကီဖြစ် ကော်ဖော ခင်းထားပြီး ခရမ်းရောင်လိုက်ကာ ကာထားသည့် အခန်းမှာ ခမ်းနားလှပလွန်းသဖြင့်



ကျွန်မ များစွာအံ့သြမိသည်။ မစွဖယ်ယားဖက်စ်က အခန်းအလယ်တွင်ရှိ လှပကောင်းမွန်သော စားပွဲရှည်ကြီးအနီးတွင် ရပ်နေသည်။

''ဒါ ထမင်းစားခန်းလေ၊ လေကလေးဝင်၊ နေရောင်ကလေးရဖို့အတွက် အဒေါ် အခုပဲ ဝင်လာတာ၊ မသုံးတာကြာတော့ အောက်စော်တောင် နံချင်တယ်၊ အခု အဒေါ် ပြတင်းပေါက်တွေဖွင့်လိုက်လို့ တော်သေးတယ်''

သူမက ထမင်းစားခန်းနှင့်တွဲလျက်ရှိသည့် အခန်းတစ်ခုကို ညွှန်ပြသည်။ အခန်းကို ကော်ဖောဖြူခင်းလျက် စားပွဲ၊ ကုလားထိုင်မှအစ ပရိဘောဂပစ္စည်းများမှာ အဖိုးတန်များချည်း ဖြစ်သည်။

''ဒီအခန်းတွေကို အကျအနကို ပြင်ထားတာပဲနော် အဒေါ်''

''ဟုတ်တယ်၊ အဒေါ် အမြဲတမ်း ဂရုစိုက်ပြီး ပြင်ထားရတယ်၊ မစွတာရိုချက်စတာက အချိန်မရွေးရောက်လာတတ်တယ်၊ သူလာရင်လည်း ဆိုင်းမဆင့် ဝုံမဆင့် ရုတ်တရက်ဆိုသလို ရောက်လာတတ်တယ်၊ ပြီးတော့ သူက ခမ်းခမ်းနားနား နေတတ် ထိုင်တတ်တယ်''

''အဒေါ် သူ့ကို သဘောကျရဲ့လား၊ သူက ဘယ်လိုနေလဲ''

''ဘာလို့တုံးကွဲ့၊ အေးလေ၊ သူက လူတော့ လူတစ်မျိုးပဲ၊ သူ တကယ်ပြောတာလား၊ နောက်တာလား၊ သဘောကျနေသလား၊ မကျဘူးလားဆိုတာ အကဲခတ်လို့ မရဘူး၊ ဒါပေမဲ့လေ သူဟာ ဒီအိမ်အပေါ်တော့ အင်မတန်ကောင်းတဲ့ အိမ်ရှင်တစ်ဦးပဲကွဲ့''

ဤမျှအထိသာ ကျွန်မသည် ကျွန်မ၏ အိမ်ရှင် မစွတာ ရိုချက်စတာနှင့် ပတ်သက်၍ သိခဲ့ရသည်။ လောလောဆယ်အားဖြင့်မူ ကျွန်မက ထိုကိစ္စကို ဘေးချိတ်ထားလိုက်သည်။ ထမင်းစားခန်းမှ ထွက်လာပြီးနောက် မစွဖယ်ယားဖက်စ် အပေါ်ထပ်သို့ တက်သွားသဖြင့် ကျွန်မပါ လိုက်တက်ခဲ့သည်။ သွန်းဖီးလ်၏ တတိယထပ်ကို ပြင်ဆင်ထားသည်မှာ ရှေးခေတ်ဟောင်း အောက်မေ့ဖွယ်ပင်။ ခေတ်မဆန်သော်လည်း ကြီးကျယ်ခမ်းနားလှသည်။

''အိမ်စေတွေ ဒီအခန်းတွေမှာ အိပ်ကြသလား''

''မအိပ်ကြပါဘူး၊ သူတို့အခန်းတွေက အိမ်ရဲ့နောက်ဘက်မှာ၊ ဒီအခန်းတွေမှာ ဘယ်သူမှ မအိပ်ကြဘူး၊ တချို့တလေကတော့ ပြောကြတယ်၊ တစ္ဆေသရဲရှိရင် ဒီအခန်းတွေမှာ ရှိနိုင်တယ်တဲ့''

''အင်း···ကျွန်မလည်း ဒီလိုပဲထင်မိတယ်၊ ဩ···ဒါနဲ့ ဒီအိမ်ကြီးမှာ သရဲရှိတယ်လို့များ ကြားဖူး၊ ကြုံဖူးလား''

ကျွန်မ စုံစမ်းမိသည်။

''ဟင့်အင်း၊ အဲဒီလိုတော့ မကြားမိဘူး၊ ဟိုး···အရင်ကတော့ ရိုချက်စတာ မိသားစုအတွင်း အစိမ်းသေ ရှိခဲ့ဖူးတယ်တဲ့၊ ဆရာမ အိုးပေါ်တက်ကြည့်အုံးမလား''

ကျွန်မက သူမနှင့်အတူ ထပ်ခိုးသို့သွားသော လှေကားအတိုင်း တက်ခဲ့သည်။ ထပ်ခိုးတံခါးပေါက်မှတစ်ဆင့် အိမ်ပတ်လည်သို့ သွား၍ရနိုင်သော အမိုးပြန့်သို့ ရောက်ခဲ့သည်။ ယခု ကျွန်မတို့သည် ကိုးသိုက်များနှင့် တစ်ပြေးညီတွင်ရှိနေသည်။ တစ်ခွင်တစ်ပြင်ကိုကြည့်သော် မဆုံးနိုင်သော ဥယျာဉ်များ၊ တောင်ကုန်းများကို ရှေ့တွင် မြေပုံတစ်ချပ် ခင်ထားသည့်နှယ် တွေ့မြင်နေရသည်။

ရှုခင်း၊ မြင်ကွင်းကို ကြည့်ကောင်းကောင်းနှင့် မည်မျှကြာအောင် ငေးနေမိသည်မသိ။ မစွဖယ်ယားဖက်စ်က အောက်သို့ ပြန်ဆင်းရန် သတိပေးသောအခါ အတန်ပင် မှောင်စပြုနေပြီဖြစ်သည်။ ကျွန်မတို့နှစ်ဦး အောက်ထပ်သို့ ပြန်ဆင်းလာစဉ် အသံတစ်သံကို အမှတ်မထင် ကြားလိုက်မိသည်။ ယင်းအသံမှာ ရယ်သံလိုလို၊ ညည်းသံလိုလို အသံတစ်မျိုးဖြစ်သည်။ ကျွန်မ ရပ်၍နားစွင့်ရာ အခန်းတိုင်းဆီမှ ပဲ့တင်ထပ်လာသော ရယ်သံဖြစ်ကြောင်း သတိပြုမိသည်။ သို့သော် ယင်းရယ်သံမှာ အခန်းတစ်ခန်းမှသာ ဖြစ်ရပေမည်။

ကျွန်မက ကျွန်မနောက်မှ လိုက်လာသော မစွဖယ်ယားဖက်စ်ကို မေးမိသည်။

''မစွဖယ်ယားဖက်စ်၊ အဲဒီရယ်သံကို ကြားမိလားဟင်၊ ဘယ်သူရယ်တာလဲ''

''အိမ်စေတစ်ယောက်ယောက် ဖြစ်နိုင်တယ်၊ နေအုံး၊ ဂရေ့စ်ပူးလ် ဖြစ်မယ်ထင်တယ်၊ သူက တစ်ခန်းခန်းမှာ အဝတ်ချုပ်နေတတ်တယ်၊ အဲဒါ တစ်ယောက်ယောက်နဲ့ စကားပြောရင်း ရယ်တာဖြစ်မယ်''

ရယ်သံကို ထပ်ကြားရပြန်သည်။

'ဂရေ့စ်' မစွဖယ်ယားဖက်စ်က လှမ်းခေါ်လိုက်သည်။ ပြန်ထူးသံ ကြားရလိမ့်မည်မဟုတ်ဟု ကျွန်မထင်ထားသည်။ ညနေပိုင်းမို့ တော်တော့်သည်။ ညကြီးမင်းကြီးဆိုလျှင် ကျွန်မ ကြောက်ဒူးတုန်မိမည်။ မည်သို့ဆိုစေ ကျွန်မတို့နှင့်နီးသည့် အခန်းတစ်ခန်းမှ အိမ်စေတစ်ဦး ထွက်လာသည်။ အသက် ၄၀ ခန့်၊ မျက်နှာရှင်းရှင်းနှင့် ကိုယ်လုံးတုတ်ခိုင်သည့် အမျိုးသမီးတစ်ဦးဖြစ်သည်။

''ဂရေ့စ်၊ သိပ်ဆူတယ်၊ ဒီအိမ်က စည်းကမ်းတွေ သိတယ်မဟုတ်လား''

အမျိုးသမီးကြီးမှာ မည်သို့မျှ စကားမဆိုဘဲ သူ့အခန်းထဲသို့ ပြန်ဝင်သွားသည်။

''သူ့ကို ဒီအိမ်မှာ အချုပ်အလုပ် အတွက် ထားတာ၊ အိမ်မှုကိစ္စတွေလည်း လုပ်ရတယ်''

မစွဖယ်ယားဖက်စ်က ကျွန်မကို ရှင်းပြနေသည်။

''ဒါနဲ့ ဆရာမ၊ ဆရာမရဲ့ တပည့်လေး အပေါ် ဘယ်လိုသဘောရလဲ''

အောက်ထပ်တွင် အာဒီလာက ကျွန်မ

သူက လူတော့ လူတစ်မျိုးပဲ၊
သူ တကယ်ပြောတာလား၊ နောက်တာလား၊
သဘောကျနေသလား၊ မကျဘူးလားဆိုတာ
အကဲခတ်လို့ မရဘူး၊ ဒါပေမဲ့လေ . . .

တို့ကို စောင့်နေသည်။ ညနေစာက အဆင်သင့် ပြင်ထားပြီးဖြစ်သည်။

အခန်း(၁၀)

သွန်းဖီးလ် အိမ်ကြီးနှင့်ပတ်သက်၍ ကျွန်မမှာ ရောက်ရောက်ချင်းဆိုသလိုပင် အထင်ကြီးခဲ့ရာ တစ်မျိုးပြီးတစ်မျိုး အထင်ကြီးစရာ ဖြစ်နေတော့သည်။ မစ္စဖယ်ယားဖက်စ်မှာလည်း စတွေ့စဉ်က ဖော်ရွေသကဲ့သို့ စိတ်သဘောထား ကောင်းမွန်သူသာ ဖြစ်ပေသည်။ ကျွန်မ၏တပည့် ကလေးမလေးသည် သွက်လက်ထက်မြက်သော ကလေးဖြစ်သည့်အတိုင်း မူလက စည်းပျက်ကမ်းပျက်ဖြင့် နေချင်သလို နေခဲ့ရာမှ ကျွန်မ၏ သွန်သင်မှုကြောင့် မသင့်လျော်သော အမူအကျင့်များကို အသေးအဖွဲက အစ ပြုပြင်လာရာ ယခုဆိုလျှင် နာယူတတ်သော၊ သိလွယ် တတ်လွယ်သော မိန်းကလေးအဖြစ် တိုးတက်ပြောင်းလဲလာခဲ့သည်။

အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလများ ကုန်ဆုံးခဲ့ပြီ။ ကျွန်မလည်း နေရာသစ်၊ လူသစ်များနှင့် နေသားတကျ ဖြစ်ခဲ့၏။ လမ်းလျှောက်သည့်အခါ လျှောက်လိုက်၊ ခေါင်မိုးပေါ်တက်၍ ပြင်ပလောကကို ကြည့်သည့်အခါ ကြည့်လိုက်နှင့် တင်းတိမ်ကျေနပ်နေမိသည်။ သို့သော် ကျွန်မမှာ အထီးကျန်ဘဝမှ မလွတ်မြောက်နိုင်သေးပေ။ စာသင်ချိန်မှလွဲ၍ နေ့စဉ် တစ်ဦးတည်း ပုံမှန်လူပ်ရှားနေရသည်သာ ဖြစ်သည်။ အိမ်မှ အလုပ်သမားများနှင့် အိမ်စေများမှာ သဘောသကာယ ကောင်းသည်ပင် မှန်သော်လည်း ကျွန်မနှင့် စကားစမြည် မပြောအားကြပေ။

ရထားထိန်း ဂျွန်၊ သူဇနီး ထမင်းချက်လီယာနှင့် အာဒီလာ၏အထိန်း ပြင်သစ်သူ ဆိုဖီတို့မှာ သူတို့အလုပ်နှင့်သူတို့ ရှုပ်နေကြသည်။ ဂရေ့ဗ်ပူးလ်၏ ရပ်သံ၊ ညည်းသံကို တစ်ခါတစ်ရံတွင် ကြားရတတ်သည်။ တစ်ခါတစ်ခါ ထမင်းစားပန်းကန်၊ သို့မဟုတ် ရေဇလုံတစ်ခုကိုကိုင်လျက် စိတ်မကောင်းဟန်ဖြင့် အခန်းထဲမှ ထွက်ထွက်လာတတ်သည်ကို ကျွန်မ သတိထားမိသည်။ ထို့ပြင် ဂရေ့ဗ်ပူးလ်သည် စကားနည်းသောသူလည်း ဖြစ်သည်။ ကျွန်မအဖို့ ဤအိမ်ကြီးတွင် စိတ်တူကိုယ်တူဆို၍ မစ္စဖယ်ယားဖက်စ်နှင့် အာဒီလာတို့ နှစ်ဦးကိုသာ ပေါင်းမိသည်။

ဇန်နဝါရီလ၏ တစ်နေ့။ ယင်းနေ့သည် နှင်းပုံးသော နေ့တစ်နေ့ဖြစ်သည်။ ယင်းနေ့ ညနေစောင်းတွင် မစ္စဖယ်ယားဖက်စ်၏ စာတစ်စောင်ကို စာတိုက်သို့ ကျွန်မ ထည့်ပေးမည်ဖြစ်ကြောင်းပြောပြီး စာကိုယူကာ တောင်ကုန်းထက်တွင်ရှိ 'ဟေး'ဟူသော ရွာကလေးသို့ထွက်ခဲ့သည်။ အိမ်မှ စာတိုက်ထိ ခရီးအကွာအဝေးမှာ ၂ မိုင်ခန့်ရှိရာ ညနေပိုင်း တစ်ပိုင်း အချိန်ဖြုန်းလိုသော ကျွန်မ အတွက် အဆင်ပြေလှသည်။

လမ်းတွင် နှင်းခဲများဖုံးနေသဖြင့် အတော်အတန် သတိထား၍လျှောက်ရသည်။ မျှော်စင်အောက်မှ ဖြတ်လာစဉ် သုံးနာရီထိုးသံကို ကြားမိသည်။ နွေးနွေးထွေးထွေး ဖြစ်လာအောင် ကျွန်မ အမြန်လျှောက်မိသည်။ တောင်ကုန်းထိပ် တစ်နေရာတွင် ခဲတွန်နား နေမိ၏။ ဤနေရာမှ လမ်းသွယ်လေးအတိုင်း ဆင်းသွားလျှင် 'ဟေး'ရွာသို့ရောက်မည်။ နွေအခါ၌ အလေ့ကျ နှင်းဆီပိုင်းများ ပေါက်တတ်ပြီး နွေနှင့် ဆောင်းအကူးတွင် ဘယ်ရီသီးများ တွေ့ရတတ်သည့် ဤနေရာ၌ ယခုမူ နှင်းခဲပုံးသော ချုံများသာ။ ဆောင်းတွင်း ကာလဖြစ်၍ စားကျက်မကောင်းသဖြင့် ကျွဲနွားများလည်း အသွားအလာကင်းနေသည်။ ထိုစဉ် ကျွန်မ၏အပေါ်ဘက် ခပ်လှမ်းလှမ်းဆီမှ အသံတစ်သံ ကြားရသည်။

ကျောက်တုံးနှင့် မြင်းခွာရိုက်မိသည့် အသံမျိုးဖြစ်သည်။ မကြာမီ လမ်းချိုးအကွေ့မှ အနက်နှင့် အဖြူကျားထားသော ဇရာမ ခွေးကြီးတစ်ကောင်ပေါ်လာပြီး ကျွန်မကို ဖြတ်သွားသည်။ တစ်ဆက်တည်းဆိုသလိုပင် မြင်းစီးသမားနှင့်အတူ မြင်းတစ်ကောင် ပေါ်လာသည်။ မီးလင်းကုတ်သို့ ဖြတ်လမ်းမှ သွားလိုသော ခရီးသည်ဖြစ်နိုင်သည်။ ကျွန်မ အဖို့မူ အသွားအလာနည်းသော လမ်းကျဉ်းလေးတွင် ရုတ်ခြည်းတွေ့လိုက်ရခြင်းဖြစ်၍ မြင်းစီးတစ္ဆေများလားဟု အကြောက်ပိုမိသည်။

ယင်းနောက် ခရီးဆက်မည်ဟု ကျွန်မ အထလိုက်တွင် အောက်ဘက်ဆီမှ ချော်လဲသံကို ကြားမိလိုက်သည်။ မြင်းရော လူပါ ရေခဲလမ်းပေါ်မှ ချော်ကျခြင်းဖြစ်သည်။ ခွေးက နောက်သို့ပြန်လှည့်ပြေးလာပြီး လဲကျနေသော မြင်းနှင့် လူရှိရာသို့ သွားဟောင်လိုက်၊ ကျွန်မဆီသို့ ပြေးလာလိုက် လုပ်နေသည်။ ခရီးသည်က ထရန်ကြိုးစားသည်။ ကျွန်မက သူ့ဆီသွားပြီး–

''ခိုက်မိသွားပါသလား၎င်း၊ ကျွန်မ ဘာလုပ်ပေးရပါမလဲ''ဟု မေးလိုက်မိသည်။

သူက ''ကျေးဇူးပြုပြီး ဘေးတစ်ဖက်မှာ လာရပ်ပေးပါကွာ''ဟု ပြောပြောဆိုဆို ကုန်းရုန်းထနေသည်။ မြင်းကိုလည်း အော်ငေါက်၍ ထခိုင်းသည်။

ထိုအချိန်အထိ အဆက်မပြတ်ဟောင်နေသော ခွေးကို ''ပိုင်းလော့၊ တိတ်စမ်း'' ဆိုသည်နှင့် ခွေးဟောင်ရပ်သွားသည်။ ထို အခါမှ ခရီးသည်က လမ်းဘေးအုတ်ခုံမြင့်တွင် မှီလျက်ထိုင်လိုက်သည်။

ကျွန်မက ရှေ့တိုးလိုက်သည်။

''ရှင်သိပ်နာနေတယ်၊ အကူအညီလိုတယ်ဆိုရင် ကျွန်မ ရွာသားတစ်ယောက်ယောက်ကို သွားခေါ်ပေးမယ်''

''ကျေးဇူးတင်ပါတယ်ကွာ၊ ဒါပေမဲ့ မလိုပါဘူး၊ အရိုးမကျိုးပါဘူး၊ ခြေထောက်နည်းနည်း ခေါက်သွားရုံလောက်ပါ''

သူက ခြေထောက်ထောက်ရန် ထပ်မံကြိုးစားသော်လည်း နာကျင်သွားဟန်ဖြင့် ပြန်ထိုင်ချလိုက်သည်။

လထွက်လာသဖြင့် ယခုအခါတွင်မှ ကျွန်မ သူ့ကို အကဲခတ်မိတော့သည်။ သူသည် မြင်းစီးဝတ်စုံကို ဝတ်ထားသည်။ မျက်နှာထား ခပ်တင်းတင်းအစားထဲက ဖြစ်သည်။ မျက်မှောင်ကို ကြုတ်ထားသည်။ အရပ်အမောင်း မနိမ့်မမြင့်ဖြစ်မည်။ အသက် ၃၅ နှစ်ခန့်ဖြစ်နိုင်သည်။ အကယ်၍သာ သူသည် ရုပ်ရည်ချောမောပြီး ငယ်ငယ်ရွယ်ရွယ် ဖြစ်နေလျှင် ကျွန်မ ဤမျှ သူ့ကို အကူအညီပေးဝံ့မည် မဟုတ်ချေ။

''ဒီလိုပုံနဲ့ ကျွန်မ ဘယ်သွားလို့ဖြစ်မလဲ၊ ရှင် မြင်းကိုစီးနိုင်တဲ့အထိတော့ စောင့်ကြည့်ချင်သေးတယ်''

သည်လိုပြောလိုက်တော့ သူက ကျွန်မကို ကြည့်သည်။ ပြီးမှ စကားပြန်သည်။

''ဒီအချိန်မျိုးမှာ မင်းအိမ်မှာ ရှိနေသင့်တယ်၊ မင်းဘယ်က လာတာလဲ''

''ကျွန်မ ဒီအောက်နားကတင်ပါ၊ ပြီး

ကျွန်မဘဝတွင် ပုံမှန်လှုပ်ရှားနေရာမှ ယခုကဲ့သို့
စိတ်ဝင်စားဖွယ်ရာ အတွေ့အကြုံကြောင့် ကျွန်မကျေနပ်မိသည်။
မျက်နှာအိမ်းတစ်ယောက်ကို တွေ့လိုက်ရချိန်လည်း စိတ်ဝင်စားမိသည်။

တော့ ဒီအချိန်မှာ ကျွန်မ သွားနေကျပါ၊ အခု ကျွန်မ 'ဟား'ရွာကို စာသွားထည့်မလို့''

''မင်းနေတာ အောက်နားက အိမ်ဆိုတော့ ဟိုအိမ်လား''

သူက သစ်ပင်တောတန်းများကြားမှ လှမ်းမြင်နေရသော သွန်းဖီးလ်ကိုညွှန်ရင်း မေးသည်။

''ဟုတ်တယ်၊ အဲဒီအိမ်ပဲ''

''အဲဒါ ဘယ်သူ့အိမ်လဲ၊ မင်းသိလား''

''မစ္စတာ ရိုချက်စတာရဲ့ အိမ်ပါ''

''မစ္စတာ ရိုချက်စတာကို မင်း သိသလား''

''ဟင့်အင်း။ ကျွန်မ သူ့ကို တစ်ခါမှ မတွေ့ဖူးသေးဘူး''

''မင်းက အိမ်စေတော့ ဟုတ်ဟန်မတူဘူး၊ မင်းက''

သူသည် စကားကိုရပ်လိုက်သည်။ ကျွန်မကို ဘာဟု သူ မဆုံးဖြတ်တတ်အောင် ဖြစ်နေသည်။

''ကျွန်မက ဆရာမပါ''

''အား···ဟုတ်ပြီ၊ ဆရာမ၊ ဆရာမ''

သူက ဆရာမဟူသော စကားကို ထပ်ကာ ဆိုကြည့်သည်။

''အေး···ငါမေ့နေတယ်၊ ဆရာမဆိုတာကို''

သူက ကျွန်မကို ထပ်ကြည့်ပြန်သည်။ တစ်ခဏအကြာတွင် နာကျင်နေသည့်ကြားမှ ကြိုးစားထရင်း–

''မင်း သူများတကာကို သွားခေါ်မနေပါနဲ့တော့၊ ဖြစ်နိုင်ရင် မင်းတတ်နိုင်သလောက် အကူအညီပေးပါ၊ ငါ တုတ်လို ထောက်ပြီး သုံးနိုင်အောင် ထီးတစ်ချောင်းလောက် မပါဘူးလား''

''မပါခဲ့ဘူး''

''အေး–ဒါဆို ငါ့မြင်းဇော်ကြိုးကိုဆွဲပြီး ငါ့ဆီခေါ်လာပေတော့၊ မင်း မြင်းကို မကြောက်ဘူး မဟုတ်လား''

ကျွန်မက လက်အိတ်ကိုချွတ်၍ မြင်းအနီးသို့တိုးသွားသည်။ မြင်းက သူ့အနားသို့ အကပ်မခံ။ ကျွန်မ အကြိမ်ကြိမ်ကြိုးစားသော်လည်း မြင်းဇော်ကိုဆွဲနိုင်ဖို့ထားဦး မြင်းနားသို့ပင် မကပ်နိုင်။ နောက်ဆုံး ခရီးသည်ကိုလူစိမ်းက–

''ကဲ···ဒီကိုလာ၊ အခြေအနေက မင်းမပါလို့မရဘူး''ဟုပြောပြောဆိုဆို ကျွန်မ ရောက်သွားသည်နှင့် ကျွန်မ၏ပခုံးကိုကိုင်ပြီး မြင်းဆီသို့လျှောက်ခဲ့သည်။ မြင်းဇော်ကြိုးကို မိမိရရကိုင်ပြီးနောက် ကြိတ်မှိတ်လျက် ကုန်းနှီးပေါ်သို့ တက်သည်။

''ကဲ–ငါ့ကျာပွတ်လေး ကမ်းလိုက်ပါအုံး၊ ဟို ကျောက်စွန်းနားမှာရှိတယ်''

ကျွန်မက သွားရှာပြီးပေးလိုက်သည်။

''ကျေးဇူးပဲကွာ၊ မင်းလည်း ခရီးဖင့်နေပြီ၊ စာထည့်ဖို့ သွားပေအုံးတော့၊ ငါလည်း ခရီးဆက်လိုက်အုံးမယ်''

သူက မြင်းကို အချက်ပေးလိုက်သည်နှင့် မြင်းက အပြေးထွက်သည်။ ခွေးကနောက်မှ ထက်ကြပ်လိုက်သည်။ ချက်ချင်းဆိုသလို သုံးဦးသား လမ်းကြားလေးမှ ပျောက်ကွယ်သွားတော့သည်။

ကျွန်မက ချွတ်ထားသော လက်အိတ်ကို ကောက်လျက် ရွာဆီသို့ ခရီးဆက်ခဲ့သည်။ ကျွန်မဘဝတွင် ပုံမှန်လှုပ်ရှားနေရာမှ ယခုကဲ့သို့ စိတ်ဝင်စားဖွယ်ရာ အတွေ့အကြုံကြောင့် ကျွန်မကျေနပ်မိသည်။ မျက်နှာစိမ်းတစ်ယောက်ကို တွေ့လိုက်ရချိန်လည်း စိတ်ဝင်စားမိသည်။ 'ဟား'ရွာသို့ရောက်သည်နှင့် စာထည့်ပြီး လာလမ်းအတိုင်း ပြန်လျှောက်ခဲ့သည်။ မြင်းစီးခရီးသည် လဲကျသည့်နေရာရောက်သည်တွင် တစ်စုံတစ်ရာ တွေ့လိမ့်မည်နှင့် မွေရှာမိသေးသည်။ ပြီးမှ သွန်းဖီးလ်ဘက်သို့ ဆက်လျှောက်ခဲ့သည်။

ကျွန်မ အိမ်အဝင်တွင် ထမင်းစားခန်းမကြီး၏ တံခါးနှစ်ချပ်ပွင့်နေကြောင်းနှင့် အခန်းတွင်းရှိ မီးဖိုအနီးတွင် လူတစ်စု ထိုင်နေကြကြောင်း သတိပြုမိသည်။ ကျွန်မက မစ္စဖယ်ယားဖက်စ် အခန်းသို့ သုတ်သုတ်ကလေး သွားလိုက်သည်။ မီးလင်းဖိုသာ တွေ့ရပြီး မီးထွန်းထားခြင်းလည်းမရှိ။ မစ္စဖယ်ယားဖက်စ်လည်း မရှိ။ သူမအစား မီးတောက်ကို စူးစိုက်ကြည့်ရင်း ထိုင်နေသော ခွေးကြီးကိုသာ တွေ့ရသည်။ ကျွန်မ လမ်းတွင် တွေ့ခဲ့ရသော ခွေးနက်ကျားကြီးပင် ဖြစ်သည်။

ကျွန်မက ရှေ့သို့တိုးသွားပြီး 'ပိုင်းလော့'ဟု ခေါ်လိုက်သည်။ ခွေးကြီးက ချက်ချင်းပင် ကျွန်မဆီရောက်လာသည်။ ကျွန်မက သူ့ခေါင်းကိုသပ်ပေးလိုက်ရာ အပြီးနှိုက်၍ ငြိမ်ခံနေသည်။ ကျွန်မက အပေါ်ထပ်သို့ တက်ရန် ဖယောင်းတိုင်လိုသဖြင့် ဘဲလ်တီးလိုက်သည်။ ထမင်းချက် လီယာ ဝင်လာသည်။

''ဒါ ဘယ်သူ့ခွေးကြီးလဲ''

''သခင်ကြီးနဲ့ အတူပါလာတာ''

''ဘယ်သူနဲ့''

''သခင်ကြီးနဲ့လေ၊ မစ္စတာ ရိုချက်စတာ အခုပဲရောက်တယ်''

''ဟုတ်လား။ မစ္စဖယ်ယားဖက်စ်လည်း သူ့ဆီမှာပဲပေါ့''

''ဟုတ်တယ်၊ မစ်(စ်)အာဒီလာရောပဲ၊ သူတို့ ထမင်းစားခန်းကြီးထဲမှာ ရှိနေတယ်၊ ဂျွန်က ဆရာဝန်သွားခေါ်တယ်၊ သခင်ကြီး ခိုက်မိလာခဲ့လို့တဲ့''

''ဩော် · · ·အေးအေး။ ကျွန်မကို ဖယောင်းတိုင်တစ်တိုင်လောက် ယူပေးစမ်းပါ၊ နော်···လီယာ''

လီယာက ဖယောင်းတိုင်ယူလာပေး

သည်။ မစ္စဖယ်ယားဖက်စ်လည်း ဝင်လာပြီး အကျိုးအကြောင်းပြောပြသည်။ မစ္စတာ ရှိချက်စတာထံသို့ ဆရာဝန်ရောက်လာပြီဖြစ်ကြောင်းပြောပြီး ကမန်းကတန်း ပြန်ထွက်သွားသည်။ ကျွန်မလည်း ခြေသံမကြားအောင် အပေါ်ထပ်သို့တက်ခဲ့ပြီး အဝတ်အစား လဲခဲ့တော့သည်။

အခန်း(၁၁)

ထိုညက ဆရာဝန်၏ ညွှန်ကြားချက်အရ စောစီးစွာအိပ်ရာဝင်ခဲ့ရသော အိမ်ကြီးရှင်မှာ နောက်တစ်နေ့ နေမြင့်မှပင် ထသည်။ သူရောက်လာသည့်အခါမှသာ လုပ်ငန်း ကိုင်ငန်းကိစ္စ စကားပြောဖို့ရှိသဖြင့် လယ်ငှား။ မြေငှားများ။ ပွဲစားများ သွန်းဖီးလ်သို့ ရောက်နေကြပြီ ဖြစ်သည်။

ယခုအခါမျိုးတွင် စာကြည့်ခန်းကို ဧည့်ခန်းအဖြစ် သုံးတတ်သဖြင့် ကျွန်မတို့၏ စာသင်ခန်းကိုလည်း အပေါ်ထပ်သို့ပြောင်းခဲ့ရသည်။ သွန်းဖီးလ်အိမ်ကြီးမှာ ယခုတော့ တစ်မူထူးနေသည်။ ဘုရားရှိရိုးကျောင်းကဲ့သို့ တိတ်ဆိတ်မနေတော့။ တံခါးခေါက်သံများ။ ဘဲလ်တီးသံများ။ ခြေသံများကို ဟိမှသည်မှ ကြားနေရသည်။ သွန်းဖီးလ်မှာ ယခုမှ ပြင်ပလောကနှင့် ဆက်စပ်မိသွားသည်။ ကျွန်မအဖို့မူ ဤအခြေအနေကို ပို၍သဘောကျမိသည်။

ထိုနေ့က အာဒီလာကို စာသင်ရသည်မှာ မလွယ်။ ကလေးမ ဂနာမငြိမ်ဖြစ်နေသည်။ ကျွန်မက သင်ခန်းစာကို ခဏရပ်လိုက်သည်နှင့် သူချစ်သော ''မွန်စီယာအက်ဒွပ်ဖယ်ယားဖက်စ် ဒီ ရိုချက်စတာ''၏ အကြောင်းကို ကရားရေလွှတ်ပြောနေတော့သည်။ သူပြောသည့်အထဲတွင် မစ္စတာ ရိုချက်စတာ ယူလာလေ့ရှိသော လက်ဆောင်ပစ္စည်းများအကြောင်း ပါသည်။

အနည်းငယ် မှောင်စပျိုးလာသည်နှင့် အာဒီလာကို အောက်ထပ်သို့ ဆင်းခွင့်ပြုလိုက်သည်။ ကျွန်မအဖို့မူ လိုက်ကာများကို ချထားလိုက်ပြီး တစ်ယောက်တည်း မီးဖို ဘေးတွင် ထိုင်နေခဲ့သည်။ ယင်းနောက် မစ္စဖယ်ယားဖက်စ် ဝင်လာသည်။

''မစ္စတာ ရိုချက်စတာက ဆရာမနဲ့ အာဒီလာကို ဧည့်ခန်းထဲမှာ သူနဲ့အတူ လက်ဖက်ရည် လာသောက်ပါတဲ့၊ ဆရာမ အဝတ်အစား လဲလိုက်ပါအုံးလား''

ကျွန်မက ထုံးစံရှိသလားဟု မေးသည်။ သူမက–

''ဟုတ်တယ်၊ အဒေါ်တော့ မစ္စတာ ရိုချက်စတာ ဒီမှာရှိနေရင် ညနေပိုင်းမှာ အဝတ်အစားလဲလေ့ရှိတယ်''ဟု ပြန်ကြားခဲ့သည်။

ကျွန်မ အခန်းတွင်းသို့ဝင်ပြီး အဝတ်အစားလဲလိုက်သည်။ အဝတ်အစားကောင်းဆို၍ ကျွန်မမှာ နှစ်စုံသာရှိသည်။ အကောင်းဆုံး တစ်စုံကိုချွန်၍ ဒုတိယအကောင်းဆုံးဖြစ်သည့် ပိုးဂါဝန်ကိုဝတ်သည်။ လက်ဝတ်လက်စားဟူ၍လည်း ခွဲခွာခါနီး အမှတ်တရအဖြစ် လိုဝှဒ်တွင် မစ်(စ်)တင်ပယ် ပေးခဲ့သော ပုလဲကုံးကို လည်တွင်ဆင်လိုက်သည်။ ပြီးနောက် မစ္စဖယ်ယားဖက်စ်နှင့်အတူ အောက်ထပ်သို့ဆင်းခဲ့သည်။

ဧည့်ခန်းအတွင်း စင်မြင့်ပေါ်တချို့၊ စားပွဲပေါ်တချို့ ဖယောင်းတိုင်များ ထွန်းထားသည်။ မီးလင်းဖိုအနီးတွင် ခွေးကြီးပိုင်းလေ့နှင့်အတူ ဒူးထောက်ထိုင်နေသော အာဒီလာကို တွေ့ရသည်။ မစ္စတာ ရိုချက်စတာမှာ ကုလားထိုင်တစ်လုံးတွင် မှီထိုင်လျက် ခြေထောက်တစ်ဖက်ကို ကူရှင်ပေါ်တင်ထားသည်။ သူက အာဒီလာနှင့် ခွေးကို စိုက်ကြည့်နေ၏။ ကျွန်မတို့ဝင်လာသည်ကို မသိကျိုးကျွန် ပြုနေသည်။ ကျွန်မက နဖူးကျယ်ကျယ်၊ မျက်မှောင်ကြုတ်လျက် မျက်နှာကို တင်းထားတတ်သော ခရီးသည်ကြီးကို အမှတ်ရမိသည်။ ဟုတ်ပါတယ်။ သူဟာ လောကကြီးကို မကျေနပ်တဲ့ လူစားမျိုးပါပဲ။

''မစ်(စ်)အိုင်းယား ရောက်ပါပြီရှင်''

မစ္စဖယ်ယားဖက်စ်က သူမ၏ ထုံးစံအတိုင်း ခပ်အေးအေးဖြင့် သတင်းပို့သည်။ သူက လုံးဝမကြည့်သေးဘဲ ခေါင်းကို အနည်းငယ် ညိတ်ပြသည်။

''မစ်(စ်)အိုင်းယား ထိုင်ပါစေ''ဟု ဆိုလျက် မျက်စိကမူ မီးလင်းဖိုကိုသာ ကြည့်မြဲကြည့်နေသည်။ ကျွန်မက ထိုင်လိုက်၏။ မစ္စဖယ်ယားဖက်စ်က တစ်နေ့လုံး သူလုပ်နေသော လုပ်ငန်းကိုင်ငန်းများအကြောင်းနှင့် ခြေထောက်တွင် ခိုက်မိသည့် ဒဏ်ရာအကြောင်းများကို မေးမြန်းပြောဆိုနေသည်။ မစ္စတာရိုချက်စတာကမူ စကားတစ်ခွန်းသာ ပြန်သည်။

''မဒမ်၊ ကျွန်တော် လက်ဖက်ရည်သောက်ချင်ပြီ''

သူမက အပြန်စီစဉ်လိုက်သည်။ လက်ဖက်ရည်ပွဲ အဆင်သင့်ဖြစ်သည်နှင့် ကျွန်မတို့ သုံးဦး စားပွဲတွင် ဝိုင်းထိုင်မိသည့်တိုင်အောင် မစ္စတာ ရိုချက်စတာက ထိုင်ရာမှ မထပေ။ မစ္စဖယ်ယားဖက်စ်က ကျွန်မကို လက်ဆင့်ကမ်းလျက် သူထံ လက်ဖက်ရည်ခွက် လှမ်းသည်။ ထိုစဉ် အာဒီလာက ပြင်သစ်စကားဖြင့် အော်ပြောလိုက်သည်။

''ဦး–သေတ္တာထဲမှာ မစ်(စ်)အိုင်းယား အတွက် လက်ဆောင်ပစ္စည်း ပါခဲ့တယ် မဟုတ်လား''

''ဘယ်သူ ပြောသလဲ''

သူက အငေါ်တူးတူးဖြင့်ပြန်မေးသည်။

''မစ်(စ်)အိုင်းယား။ မင်း လက်ဆောင်ပစ္စည်း တစ်ခုခုကို မျှော်ကိုးသလား။ မင်း လက်ဆောင်ပစ္စည်းဆိုတာကိုရော မက်မောတတ်သလား''

သူက ကျွန်မ၏ မျက်နှာပေါ်တွင် တစ်စုံတစ်ရာ တွေ့လိမ့်နိုးနှင့် ရှာဖွေကြည့်



အဲ ရှင်ဟာ ကျွန်မကို လက်ဆောင်ပေးလိုက်တာပါဗဲ၊ သူတို့တပည့် တိုးတက်တယ်လို့ ချီးမွမ်းတာဟာ ကျွန်မတို့လို ဆရာ၊ ဆရာမတွေအတွက် တန်ဖိုးအထားဆုံး ဆုလာဘ်လက်ဆောင်ပါပဲ . . .

နေသည်။

''ကျွန်မ ဒါတွေမသိပါဘူးရှင်၊ ဒါမျိုးနဲ့လည်း ကျွန်မ အတွေ့အကြုံနည်းခဲ့ပါတယ်''

''မစ်(စ်)အိုင်းယား။ မင်းက အာဒီလာနဲ့ မတူဘဲကိုး၊ သူကတော့ ငါ့ကိုမတွေ့လိုက်နဲ့၊ တွေ့လိုက်တာနဲ့ လက်ဆောင်ပေးဖို့ပဲ ပြောနေတော့တာပဲ၊ မင်းကတော့လည်း ဝေ့လည် ကြောင်ပတ်နဲ့''

''သူကတော့ ရှင်နဲ့ သိပေါင်းကျွမ်းပေါင်းကိုး၊ ကျွန်မကတော့ သူစိမ်းရှိသေးတာပဲ၊ ပြီးတော့ လက်ဆောင်တစ်ခုခု ရလောက်အောင်လည်း ကျွန်မ ဘာတစ်ခုမှ လုပ်မပေးရသေးဘူး''

''အို...အဲဒီလိုတော့ မဟုတ်ဘူးလေ၊ အာဒီလာဟာ အခု အရင်ကထက် အများကြီး တိုးတက်လာတယ်၊ အချိန်တိုအတွင်းမှာ မင်း သူ့ကို အတော်လေး ပြုပြင်ပေးနိုင်ခဲ့တာပဲ''

''ဟုတ်ကဲ့ရှင့်၊ အခု ရှင်ဟာ ကျွန်မကို လက်ဆောင်ပေးလိုက်တာပါပဲ၊ သူတို့တပည့် တိုးတက်တယ်လို့ ချီးမွမ်းတာဟာ ကျွန်မတို့လို ဆရာ၊ ဆရာမတွေအတွက် တန်ဖိုးအထားဆုံး ဆုလာဘ်လက်ဆောင်ပါပဲ''

''အင်း''

မစ္စတာ ရိုချက်စတာက ဘာမျှဆက်မပြောတော့ဘဲ လက်ဖက်ရည်ကို ဆက်သောက်နေတော့သည်။

လက်ဖက်ရည်ပိုင်း ပြီးသည်နှင့် မစ္စဖယ်ယားဖက်စ်က အခန်းထောင့်တစ်နေရာတွင်ထိုင်ရင်း သိုးမွေးထိုးနေသည်။ ကျွန်မနှင့် အာဒီလာကို မီးလင်းဖိုအနီးသို့ ခေါ်လိုက်ပြီး အာဒီလာကို ခွေးနှင့်ဆော့နေစေသည်။ မစ္စတာ ရိုချက်စတာက ကျွန်မဘက် လှည့်မေးသည်။

''မင်း ဒီအိမ်ရောက်တာ သုံးလရှိပြီနော်''

''ဟုတ်ကဲ့ရှင့်''

''ဘယ်က လာတာလဲ''

''လိုဝုဒ်ကျောင်းကပါ''

''အာ . . .ကုသိုလ်ဖြစ် ကျောင်းပဲ၊ အဲဒီမှာ ဘယ်လောက်ကြာလဲ''

''ရှစ်နှစ်''

''ရှစ်နှစ်တောင် ဟုတ်လား၊ ဒါကြောင့် မင်းက သူများနဲ့ မတူပါဘူးလို့၊ မနေ့ညက မင်းကိုတွေ့လိုက်ရတော့ ပုံပြင်ထဲက နတ်သမီးလေး တစ်ယောက်လားလို့၊ နေပါအုံး၊ မင်း မိဘတွေက ဘယ်သူတွေများလဲ''

''ကျွန်မမှာ မိဘ မရှိတော့ပါဘူး''

''မင်း သူတို့ကို မမှတ်မိတော့ဘူးလား''

''မမှတ်မိတော့ဘူး''

''မဟုတ်တော့ဘူး ထင်တယ်၊ ငါ မင်းကို ဘာများ လုပ်ခဲ့မိလို့လဲ၊ လမ်းပေါ်မှာ မင်း ရေခဲတုံးတွေ ချထားခဲ့တာ''

ကျွန်မက ခေါင်းခါပြသည်။

''နတ်သမီးပုံပြင်တွေက အင်္ဂလန်မှာ လွန်ခဲ့တဲ့ နှစ် ၁၀၀ ကျော်ကတည်းက ခေတ်ကုန်ခဲ့ပါပြီ။ နွေအခါ၊ ဒါမှမဟုတ် ကောက်ရိတ်သိမ်းချိန်မျိုးမှာ ဒီရေခဲဆိုတာကို အစအနတောင် ရှင်တွေ့နိုင်မယ် မဟုတ်ပါဘူး''

မစ္စဖယ်ယားဖက်စ်က သိုးမွေးထိုးနေရာမှ ကျွန်မတို့နှစ်ဦး၏ စကားဝိုင်းကို အုံ့ဩသလို ကြည့်နေသည်။

''ကဲ . . .ကောင်းပြီ၊ မိဘတွေမရှိကြတော့ဘူးဆိုတော့ ဆွေမျိုးသားချင်းတွေကော ဘယ်သူတွေလဲ''

''ဆွေမျိုးလည်း မရှိဘူး''

''ဟေ...ဒါဆို မင်း ဒီကိုလာဖို့အတွက် ဘယ်သူက ထောက်ခံချက်ပေးသလဲ''

''ကျွန်မက ကြော်ငြာထည့်တယ်၊ မစ္စဖယ်ယားဖက်စ်က ကျွန်မဆီ စာလှမ်းရေးတယ်''

''ဟုတ်တယ်၊ အဒေါ်တော့ အဲဒီလို လှမ်းခေါ်လိုက်မိတာကိုပဲ ကိုယ့်ကိုယ်ကိုယ် ကျေနပ်နေမိတယ်''

သူမအပိုင်း ရောက်လာသည်နှင့် အဘွားကြီးမှာ စကားဝိုင်းထဲ ဝင်လာတော့သည်။

''မစ်(စ်)အိုင်းယားဟာ အဒေါ်အတွက် အဖော်ကောင်းတစ်ဦး ဖြစ်သလို အာဒီလာအတွက် ဆရာကောင်းတစ်ဦး ဖြစ်တယ်''

''အဒေါ် သူ့ကို သိပ်ချီးမွမ်းခန်း ဖွင့်မနေပါနဲ့၊ ကျွန်တော် ကြည့်ပါအုံးမယ်၊ ကျွန်တော့်မြင်း ချော်လဲအောင် လုပ်တာတော့ သူပဲ''

မစ္စတာ ရိုချက်စတာက အဘွားကြီး၏ စကားကို ပိတ်လိုက်သည်။

''မစ်(စ်)အိုင်းယား၊ အပေါင်းအသင်းတွေရော ဘယ်သူတွေရှိလဲ''

''ကျွန်မ လိုဝုဒ်ကျောင်းက ဆရာနဲ့ တပည့်တွေပဲ ရှိတယ်၊ နောက်ပြီး ဒီ သွန်းဖီးလ်မှာနေတဲ့ လူတွေပဲ ကျွန်မအပေါင်းအသင်းရှိတာ''

''စာတော်တော်များများ ဖတ်သလား''

''ကျွန်မ လက်လှမ်းမီသရွေ့ပဲ ဖတ်ဖူးတယ်''

''မင်းဘဝဟာ သိလရှင်တစ်ယောက်နဲ့ ဘာထူးသေးသလဲ၊ မင်း လိုဝုဒ်ရောက်တော့ အသက် ဘယ်လောက်ရှိသလဲ''

''ဆယ်နှစ်''

''အဲဒီမှာ ရှစ်နှစ်နေခဲ့တယ်ဆိုတော့ ခု မင်းအသက် ၁၈နှစ်ပေါ့၊ ငါသာ မတွက်တတ် မချက်တတ်ရင် မင်းအသက်ကိုသိဖို့ မလွယ်ဘူး၊ စန္ဒရား တီးတတ်သလား''

''အနည်းအပါးပါ''

''အေးပေါ့လေ၊ ဒီလိုပဲ ဖြေရမှာပဲ၊ စာကြည့်ခန်းထဲကို သွား၊ ငါက အမိန့်ပေးတာ အကျင့်လိုဖြစ်နေတော့ ခွင့်လွှတ်ကွာ၊ အဲစာကြည့်ခန်းထဲကိုသွား၊ တံခါးကိုဖွင့်ထားပြီး သံစဉ်တစ်ပုဒ်လောက် တီးပြစမ်းပါ''

ကျွန်မက သူ့အမိန့်အတိုင်း တီးပြလိုက်သည်။ တစ်ခဏအကြာတွင် သူအော်ပြောသည်။

''တော်ပြီဟော့၊ မင်းလက်သံ မဆိုးပါဘူး၊ အေး···သိပ်တော့ မကောင်းလှသေးဘူး''

ကျွန်မက စန္ဒရားခုံမှထပြီး ဧည့်ခန်းသို့ ပြန်လျှောက်ခဲ့သည်။ မစ္စတာ ရိုချက်စတာက စကားဆက်ပြန်သည်။

''ဒီမနက်က အာဒီလာ ပုံကြမ်းတချို့ ယူလာပြတယ်၊ မင်းလက်ရာလို့ ပြောတယ်၊ တခြား မင်းဆွဲထားတဲ့ ပုံတွေ ပြစမ်းပါအုံး''

ကျွန်မက ကျွန်မ၏လက်ရာ ပန်းချီကားများကို ယူလာ၍ပြသော် မစ္စဖယ်ယားဖက်စ်နှင့် အာဒီလာတို့ အနားတိုးလာသည်။

''ကဲ···နေကြစမ်းပါအုံး၊ ကျွန်တော်ပြီးတော့မှ ကြည့်ကြ''

ယင်းနောက် သူက ကားချပ်တစ်ခုချင်းကို အသေအချာကြည့်သည်။ ယင်းအထဲမှ ကားသုံးကားကိုရွေး၍ ဘေးကိုချထားသည်။ ပြီးနောက် ထိုပန်းချီကား သုံးချပ်ကို ထပ်ပြန်တလဲလဲ ကြည့်နေပြန်သည်။ ထိုအထဲမှ ရေဆေးဖြင့်ဆွဲထားသော ပုံတစ်ပုံမှာ ဤသို့ဖြစ်သည်။

နောက်ခံတွင် မုန်တိုင်းဆင်နေသော ပင်လယ်ပြင်နှင့် တိမ်မည်းညိုကို ပြထားသည်။ အနီးကပ်အဖြစ် လှိုင်းလုံးကြီးများကို ခြယ်ပြထားပြီး မှိုင်းပျပျအဝေးတစ်နေရာတွင် တစ်ဝက်တစ်ပျက်ပေါ်နေသော သင်္ဘော ရွက်တိုင်၊ ယင်း ရွက်တိုင်ပေါ်တွင် ရောမ ဒုက်မည်းကြီး၊ တစ်နည်းအားဖြင့် ပင်လယ် ဒုက်ကြီးတစ်ကောင် နားနေသည်။ နှုတ်သီးတွင် ရတနာစီခြယ်ထားသော လက်ကောက်တစ်ဖက်ကို ချီထားသည်။ ဒုက်ကြီး၏ အောက်ရွက်တိုင်ရင်းတွင် ရေနစ်နေသူ တစ်ဦး။ လှပသော လက်တစ်ဖက်က ပေါ်နေသည်။

မစ္စတာ ရိုချက်စတာသည် ကျွန်မ လက်ရာ ပန်းချီကားသုံးချပ်ကို အတန်ကြာ အကဲခတ်ပြီးနောက်–

''မင်း ဘာစိတ်ကူးနဲ့ ဒီလိုပုံတွေ ဆွဲတာလဲ၊ မင်းအတွေးတွေက တော်တော် ဆန်းကြယ်တယ်၊ ဒီလို လေပြင်းကို ခြယ်တတ်အောင် ဘယ်သူသင်ပေးသလဲ၊ အေးလေ၊ ထားလိုက်ပါတော့''

ကောက်ကာငင်ကာပင် သူက နာရီကို ကြည့်လိုက်သည်။

''၉ နာရီတောင် ထိုးနေပြီပဲ၊ အာဒီလာ၊ အိပ်ရာဝင်ဖို့ကောင်းပြီထင်တယ်၊ မက်(စ်) အိုင်းယား''

အာဒီလာက သူ့ကို နှုတ်ဆက်နမ်းနမ်းပြီး သွားရန်ပြင်သည်။ မစ္စဖယ်ယားဖက်စ်က သိုးမွေးထိုးနေသည်ကို လက်စသတ်လျက်၊ ကျွန်မက ပန်းချီကားဖိုင်တွဲကို ပြန်သိမ်းလျက် အခန်းမှထွက်ခဲ့ကြသည်။

ယင်းနောက် တစ်ချိန်တွင် မစ္စဖယ်ယားဖက်စ်အခန်း၌ သူမနှင့်ဆုံမိစဉ် ကျွန်မ တို့၏ အိမ်ကြီးရှင်နှင့်ပတ်သက်၍ ကျွန်မ မှတ်ချက်ကို ပြောပြမိသည်။

''အဒေါ်ပြောတော့ မစ္စတာ ရိုချက်စတာကို လူတစ်မျိုးဆို၊ တကယ်ပဲ အဒေါ်ရေ၊ တစ်မျိုးမှ တကယ့်လူတစ်မျိုး''

''အဒေါ့်အဖို့တော့ ထူးပြီးမဆန်းတော့ပါဘူးကွယ်၊ ရိုးနေပါပြီ၊ ဒီလိုဖြစ်ရတာကလည်း သူမှာ အဆင်မပြေတာလေးတွေ ရှိခဲ့လို့ပဲ''

''ဘာတွေများ အဆင်မပြေဖြစ်ခဲ့လို့လဲ''

''မိသားစုကိစ္စ ဖြစ်မှာပေါ့ကွယ်'

''သူမှာ မိသားစုမရှိဘူးဆို''

''အေးလေ၊ အခုတော့ မရှိဘူး၊ အရင်က ရှိခဲ့မှာပေါ့၊ ဒါမှမဟုတ် သူ ဆွေမျိုးသားချင်းနဲ့ ပတ်သက်ရင် ပတ်သက်မှာပေါ့၊ အမွေကိစ္စနဲ့ သူတို့ညီအစ်ကိုနှစ်ယောက် မပြေမလည်ဖြစ်ခဲ့ကြသေးတယ်၊ ခုတော့ သူ အစ်ကိုဆုံးတာ ၉ နှစ်ရှိပါပြီ။ သူလည်း စိတ်လေသွားတယ်၊ တစ်နေရာရာကို အခြေချတယ်ရယ်လို့ မရှိဘူး၊ သွန်းဖီးလ်မှာလည်း ကြာကြာနေလေ့မရှိဘူး''

''သူက ဘာကြောင့် သွန်းဖီးလ်မှာ မပျော်တာလဲ''

''သူ့စိတ်ထဲမှာ တောကျတယ် ထင်ချင် ထင်မှာပေါ့လေ''

အဖြေမှာ ဝေ့လည်ကြောင်ပတ်နိုင်သည်ဟု ကျွန်မထင်သည်။ မစ္စဖယ်ယားဖက်စ်တစ်ယောက် မစ္စတာ ရိုချက်စတာ၏ သွန်းဖီးလ်တွင် မပျော်ပိုက်နိုင်သည်နှင့် ပတ်သက်၍ မပြောတတ်နိုင်၍ပဲလား။ မပြောချင်၍ပဲလား မသိ။ သေချာသည်ကား ဤကိစ္စကို အကျယ်အကျယ် မဆွေးနွေးလို။ သို့ဖြင့် ကျွန်မလည်း နောက်ပိုင်း မေးမြန်းစူးစမ်းမှု မပြုတော့ပေ။

(ဆက်လက်ဖော်ပြပါမည်)

မောင်သီဟ





ဝင်ရောက်ကြည့်ရှုလေ့လာနိုင်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏

လုပ်ငန်းဆောင်ရွက်ချက်များ၊ ဌာနအသီးသီးမှ

နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းများ၊

မြို့တော်သတင်းများ၊

အွန်လိုင်းမှတစ်ဆင့် လျှောက်ထားနိုင်သည့်

မြို့ပြ/မြေယာဝန်ဆောင်မှုများအား

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ website ဖြစ်သည့်

www.ycdc.gov.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း

ကြာမျိုးဝိတ်ခါခြင်း

City Magazine အား
နိုင်ငံတစ်ဝန်းရှိ ပြန်ကြားရေးဝန်ကြီးဌာန၊
ပြန်ကြားရေးနှင့် ပြည်သူ့အက်ဆံရေးဦးစီးဌာနခွဲ
မြို့နယ်တကြည့်တိုက်များနှင့်
ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ
မြို့နယ်အသီးသီးသို့ ပြန့်ဝိုထုတ်ဝေလျက်ရှိပါသည်။
လျှောနှုန်းချိုသာပြီး အရည်အသွေးပြည့်မီတဲ့ မိတ်ဆွေတို့ရဲ့
ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို
City Magazine မှာ
အခုပဲကြော်ငြာထည့်ပြီး
ရန်ကုန်မြို့တော် အနှံ့မှာရှိတဲ့ လျှပ်ကူးထွက်ကို
သိမ်းပိုက်ကြပါဗို့

ဆက်သွယ်ရန်လိပ်စာ
City Magazine
ဗဟာဘီလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ကြည့်မြင်တိုင်မြို့နယ်၊
Ph-0973091587, 09420170940